

www.burmeseclassic.com
ဗိုလ်တာရာ
ရဲဘော်သုံးကျိပ်
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နဂါးပွက်တောင်

BURMESE CLASSIC

ပိုလ်တာရာ
( ရဲဘော်သုံးကျိပ် )

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စီစဉ်သူ | ဆက်ထွန်းလင်း(စက်မှုတက္ကသိုလ်) |
| စာမူခွင့်ပြုချက် | ၅၈၁၅၉၁၀၆၁၂ |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၀၀၂၃၃၀၂၀၈ |
| ထုတ်ဝေသူ | ဦးချစ်ညွှန့် (ဇင်ရတနာစာပေ) အမှတ် ၂၀၅–က၊ (၄)လမ်း၊ မြို့သစ်၊ က–ခ ရပ်ကွက်၊ အင်းစိန်။ |
| ပုံနှိပ်သူ | ဦးစံလှမောင် (မြ–၀၈ရ၀၉) (စန္ဒာဝင်းပုံနှိပ်တိုက်) ၁၂၂၊ ၄၉ လမ်း(လယ်)၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ☎ ： ၂၉၇၃၄၇ |
| ထုတ်ဝေသည့်လ | ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၄၀၀-ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ဖေအောင်၏ရဲဘော်ရဲဘက်များ

ပုလဲဖြူရောင် နှင်းရည်လူးထားသည့် ကမ္ဘောဇလေပြည်သည် စိမ်းရင့်ရောင်ထင်းရှူးတောပြင်ကို ဖောက်ထွင်းကာ တရှဲရှဲအသံများ မြည်ထွက်ပွဲတင်ထပ်စေပြီး၊ နက်မှောင်နေသော ကတ္တရာစေးခင်းထားသည့် ကားလမ်းမကြီးတစ်လျှောက်ဝယ် အသင့်နေရာယူလျက်ရှိတော့သည်။

တောင်ကုန်းထိပ်ရှိ ပင်စည်ပင်ကိုင်းထက်ဆီက အောင်လောင်ငှက်ကြီးနှစ်ကောင်၏ အချီအချ အော်မြည်သံများက ထင်းရှူးတောပြင်ကို လှုပ်ရှားမှုအသံများအဖြစ် တဝေါဝေါပေါ်ထွက်စေတော့သည်။

တောင်စောင်းတစ်လျှောက်မှ ဝါးပလွေကြီးတစီစီမှုတ်ကြကာ ဘာသာဘာဝ တောင်သူတို့ရိုးရာ ယာခင်းစောင့်ရင်း၊ နွားကျောင်းရင်း သာယာနာပျော်ဖွယ်ကောင်းလှသော ရှမ်းသီချင်းသံက ချစ်သီချင်းသံများဖြင့် တောင်ယာထဲတစ်လျှောက်ဆီက သီဆိုတီးမှုတ်သံများကလည်း တကယ့်ကမ္ဘောဇနယ်မြေ၏ သာယာအေးချမ်းမှုကို ပေါ်လွင်ဂုဏ်ပြုနေပါသည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ထိပ်ဆီမှ တချို့တချို့ တဝေါက်ဝေါက်ပဲ့တင်သံများ ရိုက်ခတ်နေသည့် ဂျီတစ်ကောင်၏ ဟောက်သံများကလည်း တောင်၏ရှုခင်းသာယာမှုကို ဖြည့်စွက်သော ဂီတသံများအဖြစ်နှင့် ညံညံစီစီ ပေါ်ထွက်နေပါတော့သည်။

ရှေ့ဆုံးမှ လင်းရိုဟာကားနှစ်စီးနောက်မှ ထရပ်ကားကြီးနှစ်စီးဖြင့် တပျော်တပါး ခရီးထွက်ရာမှ နေရပ်ဌာနေသို့ ပြန်လာကြသည့် ယောကျ်ားတစ်စုကို ကတ္တရာစေးလမ်းအပေါ်တွင် တစ်နာရီ မိုင်လေးဆယ်နှုန်းဖြင့် တရိပ်ရိပ်ပြေးနေသော ကားလေးစီးပေါ်တွင် တွေ့မြင်လိုက်ကြပေလိမ့်မည်။ ရှေ့ဆုံး လင်းရိုဟာကားပေါ်တွင် အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်ခန့်ထင်ရသော ရုပ်ဆင်းနုပျိုလျက် အင်မတန်ကျန်းမာရေးနှင့်ပြည့်စုံပုံရသည့် သက္ကလတ်အနွေးထည် အစိမ်းရင့်ရောင်၊ တောလိုက်ဝတ်စုံများ ဝတ်ဆင်လာကြသော ခေါင်းဆောင်နှင့်တူသည့် လူရွယ်နှစ်ဦး ကားနောက်ခန်းတွင် သီချင်းတကျော်ကျော် ဆိုသူက ဆို၊ ရယ်မောရင်း စကားပြောသူက ပြောနှင့် ပြည့်စုံလုံလောက်သော သက္ကလတ်အနွေးထည်ကိုယ်စီ ဝတ်ဆင်ထားသည့် အလုပ်ကြမ်းသမားများနှင့်တူစေသည့် ပြည်ထောင်စုသားပေါင်းစုံ လူရွယ်လူငယ်တစ်စု၏ အခြေအနေမှာလည်း သူတို့၏ဘဝကို ကျေနပ်ပျော်ရွှင်မှုများဖြင့် နှစ်သိမ့်ရင်ဆိုင်နေရပုံ တွေ့ရပါလျက်၊ လင်းရိုဟာကား၏ စတီယာရင်ကို ကြခြေရရ မှင်သေသေ ကိုင်တွယ်မောင်းနှင်နေသော ခေါင်းဆောင်၏မျက်နှာမှာ အင်မတန်တည်ကြည်လှသလို ယောကျ်ားပီသလှပေသည်။

ကျယ်ဝန်းသော မဟာနဖူးပြင် ခပ်ပေါပေါ၊ မျက်လုံး၊ နှုတ်ခမ်းတောက်ပသလောက် စူးရှထက်မြက်သော မျက်လုံးကြီးနှစ်လုံးဖြင့် ဖြောင့်စင်းပေါ်လွင်သော နှာတံ၊ စေ့စပ်ပြီးအချိုးကျလှသည့် ပါးစပ်၊ လေးထောင့်ဆန်ဆန်မျက်နှာနှင့် ဖြူစင်သောအသားအရေတို့မှာ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘရက် မြင်တွေ့လိုက်ရသော အမျိုးသမီးများအဖို့ နောက်တစ်ကြိမ် ဝေးငိုင်၍ ယောက်ျားပီသသည့် ချောမောလှပသော အနီမျက်နှာပိုင်ရှင် ယောက်ျားကို မုချ တစ်ချက် ထပ်မံ၍ထူးကဲသော ဆွဲဆောင်ချက်ကြောင့် ကြည့်ရှုငေးမောနေစ်သက်ရပေမည်သာတည်း။

ထိုယောက်ျားပီသလှသော မျက်နှာပိုင်ရှင်၏ကိုယ်အင်္ဂါအချိုးအဆက်များကို ထိုသူ၏သက္ကလတ်အင်္ကျီအထူအောက်မှပင် ယောက်ျားပီသမှု၊ ကိုယ်အင်္ဂါထွားကျိုင်းသန်မာမှုကို ပိုင်နိုင်စွာ သရုပ်ပေါ်စေလေသည်။ အလေးမ,ခြင်း၊ ဗန်တိုဗန်ရှည် ပညာကောင်းများ လိုက်စားမှုကြောင့် သက်သေခံအဖြစ်နှင့် အကြောဖြိုင်းဖြိုင်းထကာ တုတ်ခိုင်သော လက်မောင်းဝန်းနှစ်ဘက်နှင့်တစ်ဆက်တည်း ကြွက်သားအမြောင်းတွေဖြစ်ပြီးကာ လက်မောင်းနှစ်ဘက် ဘေးကြွက်သား ဖုထွက်၍နေသည်။ အထက်လက်မောင်းရင်းနှစ်ဘက်နှင့် မို့မောက်နေသော ပခုံးစွန်းနှစ်စွန်းစသည်တို့ဖြင့် တုတ်ခိုင်နေသော လည်တိုင်အောက်ဝယ် တကယ့်ကျန်းမာရေးနှင့် ပြည့်စုံလှသော ကာယဗလသမားတစ်ဦး၏ မူလပကတိရုပ်သွင်ကို ပေါ်လွင်နေဟန်ရှိတော့သည်။

ထိုသူ၏ဘယ်ဘက်ဘေးတွင် ဇိမ်နှင့်ထိုင်ရင်း စီးကရက်တစ်လိပ်ကို ပါးစပ်တွင်ခဲရင်း သာယာလှသော ရှုမျှော်ခင်းတွေကိုကြည့်တိုင်း သူ၏ရောင်းရင်းကို လှည့်၍စကားပြောလိုက်နှင့် လိုက်ပါလာသော အနည်းငယ် ဝသယောင်ယောင်ဖြစ်ပြီး၊ ယောက်ျားပီသလှသော ကိုယ်ခန္ဓာအရပ်အမောင်းနှင့်ပုဂ္ဂိုလ်မှာလည်း တစ်နည်းအားဖြင့် ကြည့်၍တင့်တယ်စေပါသည်။

ထိုပုဂ္ဂိုလ်သည် သူ၏ရောင်းရင်းအား စကားပြောရာမှ ကားနောက်ပိုင်းအတွင်းသို့ တစ်ချက်ခေါင်းငဲ့ကာ ကချင်ဘာသာနှင့် ခပ်ကျယ်ကျယ် လေးငါးခွန်းလှမ်း၍ပင် ပြောပြန်သေးသည်။ ထိုသူ၏



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပျော့ပျော့နေထိုင်တတ်ပုံနှင့် လက်အောက်ငယ်သားတို့နှင့် လက်ရေတစ်ပြင်တည်း ရင်းရင်းနှီးနှီးနေထိုင်တတ်ပုံကို အကွင်းသားသရုပ်ဖော်လျက်ရှိခြင်းသာ ဖြစ်ပါသည်။

မိမိတို့၏အကြီးအကဲနှစ်ဦးအနက် တစ်ဦးဆီမှ ထိမိလှသော ပျက်ရယ်မောစရာစကားများကြောင့် နောက်ပိုင်းမှ ရဲဘော်တစ်သိုက်မှာ ဝါးခနဲ ဟားခနဲ ခွက်ထိုးခွက်လန်ရယ်မောလိုက်ကြလေသည်။

"ဟုတ်တယ်၊ ဒူးဝါးကြီးအိမ်က မိန်းမတွေတောင် အတိတ်နိမိတ်တွေ တစ်ခုခုပြနေလောက်ပြီဗျ . . . ဒီကောင်က မနေ့ညကမှ အိမ်က ကလေးတွေလွမ်းလို့ မအိပ်နိုင်ဘူးတဲ့ ဒူးဝါးကြီး . . ."

ကချင်မောင်တစ်ဦးက ကချင်ဘာသာနှင့် စတင်၍ပြောလိုက်ရာ ဓာတ်သိအချင်းချင်း ရဲဘော်များသည် တဟားဟားနှင့် ဒုတိယအကြိမ် ပွဲကျသွားပြန်တော့သည်။

ကားမောင်းသည့်ပုဂ္ဂိုလ်က ရှေ့သို့ တန်းတန်းကြည့်လိုက်ပြီး-

"ငါတို့ရဲဘော်တစ်တွေ ဒီတစ်ခါ အိမ်ကို အစောဆုံးပြန်ရတဲ့အခါပါပဲကွာ . . . အရက်ဆယ့်ရှစ်ရက်တည်းပဲ ကြာတဲ့ကိစ္စပါ၊ မင်းတို့အားလုံး အိမ်ရောက်ရင် ဝမ်းနှုတ်ပစ်ရမယ်၊ ချွေးလဲထွက်အောင် ကျန်းမာရေး ကစားကြရမယ်၊ ရာသီဥတုဒေသနယ်မြေအပြောင်းအလွဲမှာ ခံနိုင်မှုရှိအောင် လေ့ကျင့်ခန်းနဲ့ ပင်ကိုယ်ဓာတ်ကောင်းအောင် စီစဉ်ကြရမယ်ဟေ့ . . ."

နေထိုင်မှုကိစ္စအတွက် သတိပေးလိုက်ရာ လက်အောက်ငယ်သား ရဲဘော်များသည် တညီတညွတ်တည်း . . .

"ဟုတ်ကဲ့ . . . ဗိုလ်ကြီးဒူးဝါး၊ ကျွန်တော်တို့ နားလည်ပါပြီ"

ကချင်ဘာသာ၊ ရှမ်းဘာသာ၊ တရုတ်ဘာသာများဖြင့် ကိုယ့်အမျိုးအနွယ်အလိုက် ဝန်ခံအသိအမှတ်ပြုလိုက်ကြပါသည်။

ဥမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို အိမ်ပြန်ရောက်ရင် သိုင်းပညာ ဗန်တိုပညာ၊ ခရာဇူခဲ့စူး ဂျပန်သိုင်းတွေကို ဆက်လက်သင်ပေးရလိမ့်မယ်၊ သေနတ်ပစ်ခတ်နည်းတွေ၊ လုံ့စွပ်ထိုးနည်းတွေကတော့ မင်းတို့တတ်ခဲ့ကြပြီ" လို့ ဗိုလ်ကြီးဒူးဝါးဆိုသူကပင် ထပ်မံ၍ သူ၏ရှေ့လုပ်ငန်းအစီအစဉ်များကို ပြောကြားလိုက်ပြီး၊ သူ၏ဘေး၌ထိုင်နေသော ရှောင်းရင်းအား . . .

"တို့တစ်တွေ ခုတစ်ချီ သေနတ်ကောင်းကောင်း အားရအောင်မပစ်ခဲ့ရဘူး ဇော်လ၊ ပင်ဒါနှစ်ကောင်ရဖို့အရေးမှာ လုံလုံခြုံခြုံအသံမပြုရဘဲ ကြိုးစားပြီးစောင့်ခဲ့ရလို့ သိပ်ပြီးပင်ပန်းခဲ့တယ်"

သူတို့ပြန်ခဲ့သည့်ခရီးကို ပြောပြလိုက်ပြီး . . .

"အလွန်ရှားပါးတဲ့ ပင်ဒါနှစ်ကောင်ကို တို့တော်လှန်ရေးအစိုးရအနေနဲ့ လက်ခံရရှိရင် ဘယ်လောက်ဝမ်းမြောက်ဝမ်းသာကြမလဲကွာ၊ သိပ်ရှားပါးပြီး တန်ဖိုးရှိတဲ့ ဝက်ဝံကြားနှစ်မျိုးတွေပဲ ဇော်လ"

သူတို့၏ကြိုးပမ်းအောင်မြင်မှုကို ပို၍သတိရမိပုံဖြင့် ပြောကြားလိုက်ရာ ဒူးဝါးဇော်လသည် စီးကရက်ကို ဖွာထုတ်လိုက်ပြီး . . .

"ပင်ဒါဝက်ဝံကြားတစ်ကောင်ကို အင်္ဂလိပ်စတာလင်ပေါင်နဲ့ ငါးထောင်တစ်သောင်းအထိပေးပြီး ဝယ်ယူရတယ်၊ တကယ်တော့လဲ ကမ္ဘာပေါ်မှာ သိပ်အရှားပါးဆုံးသတ္တဝါမျိုးဆက်ဖြစ်ပြီး၊ တရုတ်ပြည်နဲ့ ဟိမဝန္တာတောင်တန်း သိပ်မမြင့်တဲ့ တောင်ခေါင်းတစ်လျှောက်နဲ့ ထူထပ်တဲ့ ဝါးတောထဲမှာသာ တွေ့ရှိရတဲ့ ပင်ဒါကောင်တွေ ကိုဖေအောင်၊ တစ်ခုတော့ ငါဝမ်းအသာဆုံးဖြစ်မိတယ်၊ ရန်ကုန်တိရစ္ဆာန်ရုံမှာ သွားကြည့်ခဲ့ရတဲ့အခါ ဒီလိုအင်မတန်ရှားပါးတဲ့သတ္တဝါမျိုးကို တို့အစိုးရအနေနဲ့ နိုင်ငံခြားတိရစ္ဆာန်ရုံတွေက အလိုက်ပေးပြီး တိရစ္ဆာန်ချင်း လဲလှယ်ရယူဖို့သာ တွေ့ရတယ်၊ တကယ့်ငွေကြေး တန်ရာတန်ဖိုးကလဲ မပေးနိုင်တော့တဲ့ အရေးပါ အရာရောက်တဲ့ ရှားပါးလှတဲ့ သားကောင်တွေကို အိမ်နီးနိုင်ငံချင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ နယ်မြေမှာရှိတယ်ဆိုတာ သတင်းသာကြားရပြီး အကောင်အထည် မမြင်ခဲ့ရဘူးကွာ . . . ခုလိုရှားပါးတဲ့ဝက်ဝံကျား အထီးအမနှစ်ကောင်ကို ရန်ကုန်တိရစ္ဆာန်ရုံကို ပို့နိုင်ဖို့ မင်းတို့ငါတို့လူစုရဲ့ မအိပ်မနေကြိုးပမ်းမှုတွေကို ကျေနပ်ဖို့ကောင်းပါပြီ ဖေအောင်၊ ပြီးတော့ ငါ့အနေနဲ့ ရန်ကုန်တိရစ္ဆာန်ရုံမှာ နောက်ထပ်ပြီး သားကောင်တွေစုံအောင် ရှာဖွေပို့ချင်သေးတယ်၊ တကယ့်ခေတ်ကြီးနဲ့အမီလိုက်နိုင်တဲ့ တိရစ္ဆာန်ရုံကြီးတစ်ရုံ မြင်တွေ့ရဖို့ တို့တစ်တွေ ကြိုးစားပေးဖို့လိုတယ်"

သူ၏ရည်ရွယ်ချက်နှင့်ဆန္ဒကို ပြောပြလိုက်သည်။

"ဟုတ်တယ် ဇော်လ၊ ရန်ကုန်တိရစ္ဆာန်ရုံကို သွားကြည့်တိုင်း မြန်မာပြည်က ရိုးရိုးကျားတွေသာ တွေ့ရတယ်၊ ကမ္ဘာမှာ ထင်ရှားတဲ့ မြန်မာပြည်အနောက်ဘက်စောင်းက ဘင်္ဂလားကျားကြီးမျိုးတွေ တစ်ကောင်မှမတွေ့ရသေးဘူး၊ ပြီးတော့ ကြံ့ကြီးကြီးမားမားတွေကိုလဲ မတွေ့ရသေးဘူး၊ အဲဒီနယ်မြေကို အကြောင်းသင့်ခဲ့ရင် တစ်ခေါက်လောက်တော့ မင်းတို့ငါတို့ရဲဘော်တစ်စု သပ်သပ်သွားပြီး ဒီအကောင်တွေကို စုံစမ်းလေ့လာပြီး အရှင်ဖမ်းနိုင်ဖို့ စီစဉ်လုပ်ဆောင်ချင်သေးတယ်ကွာ"

သမီးယောက်ဖနှစ်ဦး သူတို့၏စိတ်ဓာတ်ညီမျှမှုကို ပေါ်လွင်စွာဖြင့် တိုင်ပင်နှီးနှောလိုက်ကြပါသည်။ ဒူးဝါးဇော်လနှင့် ဗိုလ်ဖေအောင်သည် ကျောင်းနေစဉ်ကပင် စိတ်တူသဘောတူ ခင်မင်ရင်းနှီးခဲ့သည့်အလျောက် ခေါင်းပြတ်တောင်သိုက်ကြီး၏ဘဏ္ဍာရွှေငွေများ ရှာဖွေခဲ့သည့်အခါတွင် ဒူးဝါးဇော်လ၏နှမရင်း ဒေါက်တာနန်းရင်နှင့် ချစ်ကျွမ်းသက်ဝင် သဒ္ဒါယှဉ်ခဲ့ကြကာ ခေါင်းပြတ်တောင်သိုက်ခရီးအဆုံး၌ ဖူးစာရှင်တို့နှစ်ဦးအဖို့ တရားလမ်းဝင် အကြင်လင်မယားအဖြစ်ကို တည်ဆောက်ခဲ့ကြသလို၊ "ဒူးဝါးဖေအောင်" နှင့် "ဒူးဝါးဇော်လ" ဟူသော သမီးယောက်ဖတစ်တွဲ၏ ပြည်ထောင်စုနိုင်ငံသားတို့အဖို့ အရေးကိစ္စကြုံခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရှေ့ဆုံးမှ အားကိုးအားထားပြုရမည့် ပုဂ္ဂိုလ်နှစ်ဦးအဖြစ်ကို လုပ်ငန်းစဉ်အားဖြင့် ပြည်ထောင်စုသားများ၏အရေးအကြောင်းနှင့် ဆက်မနေးတမ်း သွေးမအေးတမ်း လုပ်ဆောင်စွန့်စားမှု၊ လုပ်ဆောင်ပြသခြင်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားတို့၏ အချစ်တော်ပုဂ္ဂိုလ်များအဖြစ် ခံယူရရှိအပ်ကြပေ၏။

ကားတန်းကြီးသည် ကတ္တရာစေးလမ်းမပေါ်ဝယ် သွက်လက်စွာမောင်းနှင်ခဲ့ကြပြီး ကွတ်ခိုင်ကားလမ်းဆင်းများအတိုင်း ရစ်ကာပတ်ကာဆင်းခဲ့ကြရ၏။ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသော တောမြို့ကလေးတစ်မြို့အတွင်းသို့ လှည့်ကာဝင်ရောက်ခဲ့ကြသည်။ မြို့ကလေးအတွင်းမှ မြို့ခံပုဂ္ဂိုလ်များနှင့် ဈေးသည်များအားလုံးအဖို့ ရှေ့ဆုံးမှလင်းရိုဗာကားအတွင်းမှ ပုဂ္ဂိုလ်နှစ်ဦးအား ဝမ်းမြောက်ဝမ်းသာများဖြင့် ခေါင်းပေါင်းများ၊ ဦးထုပ်များ၊ ထီးများ မြှောက်ကာမွှေ့ယမ်း၍ လေးစားရိုသေခြင်း၊ ချစ်မြတ်နိုးခြင်းအကြောင်းပြုလျက် ကြွေးကြော်နှုတ်ဆက်လိုက်ကြသည်။

"နမ်းဟူး ဒူးဝါးကြီးဇော်လ . . . ဗိုလ်ကြီးဒူးဝါး . . ."

စသည်ဖြင့် ပြည်ထောင်စု၏အချစ်တော်နှစ်ဦး၏ ဂုဏ်ပုဒ်စိသေသများကိုဖော်ထုတ်ကာ နှုတ်ဆက်အလေးပြုလိုက်ကြသည်။ ကားတန်းကြီးသည် နမ်းဟူးမြို့ကလေး၏အတွင်းပိုင်းကို ဖြတ်ကျော်ကာမြို့၏အစွန် တောင်ကုန်းမြင့်မြင့်ဒေသဆီသို့ မောင်းနှင်ခဲ့ကြပြီး၊ သာယာစိုပြည်သော သစ်ပင်ပန်းမန်၊ ဝါးပင်များဖြင့် လှပအကွက်ချကာ စိုက်ပျိုးထားသည့် ခြံကြီးနှစ်ခြံရှိရာသို့ တစ်ရှိန်ထိုးမောင်းနှင်ကာ ကားဟွန်းသံရှည်ရှည် သုံးချက်ပေးလိုက်သည်။ တစ်ခဏ၌ ကားများအတွင်းမှ ရဲဘော်များ၏ ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်နှုတ်ဆက်သံများ ညီညာပြိုင်ဆိုင်စွာ ထွက်ပေါ်လာသကဲ့သို့ ခြံကြီးနှစ်ခြံအတွင်းမှ လှုပ်လှုပ်ရှု



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများနှင့် အိမ်ထောင်ရှင်တို့ အဖို့ ဝမ်းမြောက်ဝမ်းသာသော လှုပ်ရှားမှုများ၊ နှုတ်ဆက်သံများနှင့် ဆူညံလှုပ်ရှားသွားပါတော့သည်။ ခြံကြီးနှစ်ခြံကား ဘေးချင်းစည်းရိုးချင်း ကပ်လျက်တည်ရှိနေကြသလို၊ လက်ျာဘက်ခြံ၏ထိပ်ရှိ "နန်းဟောဝန်" ဟူသော ကမ္ပည်းကို ရုတ်တရက် ခပ်ဝေးဝေးမှပင် တွေ့ရှိနိုင်ပေ၏။ အစိမ်းရင့်ရောင် အောက်ခံဆေးသားပေါ်ဝယ် အဝါရောင်စာလုံးများဖြင့် အထက်က မြန်မာအက္ခရာ၊ အောက်က အင်္ဂလိပ်အက္ခရာများဖြင့် ခန့်ညားစွာရေးမှတ်ထားသည့် ခြံကြီး၏အမည်သည်ပင် ပြည်ထောင်စု သားများ၏ သွေးစည်းရေးအတွက် အင်မတန် ထူးခြားပြောင်မြောက်လှ သော နာမည်အက္ခရာများပင် ဖြစ်စေတော့သည်။

ကားတန်းကြီးသည် နန်းဟောဝန်ခြံထဲသို့ အရှိန်မှန်မှန်နှင့် မောင်းနှင်ဝင်ရောက်ခဲ့ပြီး နှစ်ထပ်တိုက်ဖြူရှေ့ ဆင်ဝင်အောက်ဝယ် ရှေ့ဆုံးမှ လင်းရိုဗာကားက စက်ကိုအရှိန်သတ်ကာ ထိုးရပ်လိုက်သည်။ အောက်၌လှုပကြောဲရှင်းသလောက် ခေတ်ဆန်ဆန်ဝတ်ဆင်ထားသော မိန်းမငယ်နှစ်ဦးနှင့် ကလေးငယ်များကို လက်ဆွဲလျက် ဆင်ဝင်တံခါးဝ တစ်လျှောက်မှ ဖြုန်းဖြုန်းဒိုင်းဒိုင်း ထွက်ပေါ်လာကြပါသည်။

ဝဝတုတ်တုတ် ချစ်စရာမျက်နှာကလေးဖြင့် အသက်ခြောက်နှစ်ခန့် ယောက်ျားကလေးတစ်ဦးက ကားရှေ့ပိုင်းမှ တံခါးဖွင့်ကာ ဆင်းလာ၏။ ဒူးဝါးဖေအောင်၏လည်ပင်းကို လွှားခနဲခုန်၍ဖက်လိုက်ရာ ဗိုလ်ဖေအောင်သည် စွေ့ခနဲ လမ်းခုလတ်က ဆီးကြို၍ဖမ်းပွေ့လိုက်ရင်း သူ၏ရင်ခွင်တွင်းသို့ ပွေ့ချီထားလိုက်ရင်း . . .

"လူကလေး ကျော်မင်းအောင်၊ နေကောင်းရဲ့လား"

ပါးချင်းကပ်ကာ သားဦး ကျော်မင်းအောင်ကို မေးလိုက်ရာ ဗိုလ်ဖေအောင်၏သားဦး ကျော်မင်းအောင်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းတယ် ဖေဖေ၊ ညီလေးနဲ့ သားသား သိပ်လွမ်းနေကြတယ်ဗျ"

သူ၏ဖခင်လည်ပင်းကိုဖက်ကာ အားရပါးရပြောလိုက်ပါသည်။ ဒေါက်တာနန်းရင်၏ရင်ခွင်တွင်းမှ တစ်နှစ်သားကလေးသည်လည်း သူ၏ဖခင် ဗိုလ်ဖေအောင်ဆီသို့ လက်ကလေးနှစ်ဘက်ကို ဆန့်တန်းကာ တစာစာအော်ဟစ်ဆန္ဒပြနေရှာပါသည်။

"လာ . . . လာ . . . လူကလေးရဲကျော်အောင် . . ."

ဗိုလ်ဖေအောင်သည် ဒုတိယသားငယ်ကို ညာဘက်လက်ဖြင့် သူ၏ဇနီးချောလက်တွင်းဆီမှ လှမ်း၍ချီပွေ့လိုက်ပြီး ဒေါက်တာနန်းရင်အား . . .

"မောင်တို့ ပင်ဒါဝက်ဝံနှစ်ကောင် ရလာတယ်၊ အထီးအမတစ်စုံပဲ"

အရေးတကြီးပြောလိုက်သည်။

ဗိုလ်ဖေအောင်တို့နှစ်ယောက်နည်းတူ ဇော်လ၏ချစ်ဇနီးနှင့်ကလေးများကလည်း ဒူးဝါးဇော်လ၏အဘေးတွင် ထိုင်လိုက်ကြသည်။ ဒူးဝါးဇော်လ၏လည်ပင်းနှင့် ခါးစလွယ်တွင် တက်သူတက်၊ လက်မောင်းနှစ်ဘက်ကို တွဲလွဲခို၍စီးသူစီးနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍နေကြသလို ရှစ်လခန့်သားငယ်ကို ဒူးဝါးဇော်လက သူ၏ရင်ခွင်တွင်ပွေ့ကာ တဖျော်တပါး တွေ့နိုင်ပေ၏။

ကချင်မောင်၊ မြန်မာမောင်တို့၏ အိမ်သူ့ဇနီးနှင့် ကလေးများသည်လည်း အပြေးအလွှားရောက်ရှိလာကြပြီး သူတို့၏လက်များကို တွယ်ကပ်၍ တစုတဝေးကြီး နှုတ်ဆက်မေးမြန်းနေကြပြန်ပါသည်။

"သိပ်ကောင်းတာပေါ့ မောင်၊ ဒီတစ်ချီ မောင်တို့ညီအစ်ကိုရဲဘော်နှစ်ယောက် ခရီးထွက်ခဲ့တာ အင်မတန် လာဘ်ကောင်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုရမယ်၊ ပင်ဒါဝက်ဝံဟာ တကယ်တော့ ကမ္ဘာမှာ သိပ်ရှားပါးပြီး ထူးဆန်းတဲ့သတ္တဝါတစ်မျိုးပဲကိုး"

ဒေါက်တာနန်းရင်က ထရပ်ကားကြီးပေါ်မှ လူအားနှင့်ခိုင်း၍ သယ်ချနေကြသလောက် အိမ်ရှည်ရှည်ကြီးဆီသို့ လှမ်းကြည့်နေကြရင်း လိုက်၍ဝေဖန်လိုက်ပါသည်။

"ဩော် . . . ဒါထက်မောင်၊ မောင့်ရဲ့စာတွေလဲ တစ်ပုံကြီး ရောက်နေတယ်၊ အရေးကြီးတဲ့လက္ခဏာပါတဲ့ စာသုံးလေးစောင်ကို မြင်ပါတယ်၊ ပြီးတော့ . . . မြမြဝင်းဆီက နောက်ထပ်စာတစ်စောင်လဲ ရောက်နေတယ်"

ခပ်ပြုံးပြုံးမျက်နှာကလေးဖြင့် သူမ၏ဇနီး ချစ်လင် ဗိုလ်ဖေအောင်ကို လှမ်းပြီးပြောလိုက်ရာ . . .

"ကောင်းပြီ နန်း၊ နောက်မှ အေးအေးဆေးဆေးဖတ်ကြရအောင်"

ဤတွင် စတင်ပြောကြားလိုက်ပြီး ဝက်ဝံကြားနှစ်ကောင် ထည့်လာသည့် ကြောင်အိမ်ကြီးကို တိုက်၏နောက်ပိုင်း သီးသန့်ကြောင်အိမ်ဆီသို့ သယ်ဆောင်သွားကြရန် အမိန့်ပေးလိုက်ပြီး၊ မောင်လှအောင်အား သေနတ်တစ်လက်၊ ခဲယမ်းမီးကျောက်များ စနစ်တကျ တိုက်ချွတ်စစ်ဆေးရန်နှင့် ရရှိသည့်ရိက္ခာများကို စာရင်းယူပြီး ခရီးထွက်ဖို့ ကုန်ကျစရိတ်၊ ဆီဖိုးမှစ၍ လမ်းပြကူလီစရိတ်များကို စာရင်းပြုလုပ်ရန် အမိန့်ပေးလိုက်ပြီး ဒူးဝါးဇော်လနှင့်အတူ တိုက်အောက်ဧည့်ခန်းအတွင်းသို့ သားသမီးများ ခြံတွင်းဝင်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီအဖြူမှာ သေသပ်စွာဝတ်ဆင်ထားသည့် မီးပြသုံးဦးသည် ဗိုလ်ဖေအောင်တို့အား ကော်ဖီပူပူတွင် အသားသွတ်မုန့်ချပ်များကို တည်ခင်းကျွေးမွေးလိုက်ပြီး အလုပ်လုပ်နေကြသည့် ရဲဘော်များဆီသို့လည်း ပူပူနွေးနွေးကော်ဖီနှင့် စားသောက်စရာများဖြင့် ဂရုတစိုက်သွားရောက်ကျွေးမွေးလိုက်ကြသည်။

ဗိုလ်ဖေအောင်၏ညာလက်ရုံး မောင်လှအောင်နှင့် ကချင်ရဲဘော်သုံးဦးတို့လည်း အမဲပစ်သေနတ်များကို ဂရုတစိုက် တိုက်ချွတ်နေသလို၊ လောရှူနှင့် တိဘက်ရဲဘော် ကုန်ဘားတို့တစ်စုက ပင်ဒါဝက်ဝံကြားကိုရှာဖွေရင်း အမဲပစ်ရာမှ ပစ်ခတ်ရရှိခဲ့သည့် ဆတ်ဖားနှစ်ကောင်နှင့် ဝက်ဝံညိုသုံးကောင်၏အရေကို စနစ်တကျအောက်ခံ၍နေလှန်းရန် ဖြန့်ခင်းနေကြသလို၊ ဒေါက်တာနန်းရင်ကိုယ်တိုင် သားရေများကို အမွေးကျွတ်မထွက်စေရန် ကျောက်ချဉ်ရေနှင့် အခြားဆေးရည်များ ရောနှောထားသည့် ဆေးရည်များဖြင့် ဆွတ်ဖျန်းပေးရင်း ဂရုတစိုက် စီစဉ်လုပ်ဆောင်နေသည်ကို တွေ့ရပေ၏။

မော်တော်ကား လေးစီးကို ရေ ဆေးကြောသုတ်သင်သူက သုတ်သင်လျက်ရှိကြသည်။ ရဲဘော်များနှင့် မိုးကာတဲရှိ ဆေးဝါးရိက္ခာများကို ထမ်းပိုးကာ တိုက်နောက်ဖေးဆီရှိ ဂိုထောင်ထဲတွင် ပြန်လည်သိုလှောင်ရန် အလုပ်များနေကြသည့် ရဲဘော်များကိုလည်း တစ်ဆက်တည်း တွေ့နေရပေ၏။

စပို့ရှပ်လက်တိုကို ဝတ်ထားသော ဗိုလ်ဖေအောင်ကိုယ်တိုင်ပင် မောင်လှအောင်တို့လူစု သေနတ်လက်နက်များ တိုက်ချွတ်ရာဆီသို့ ရောက်ရှိလာပြီး၊ လိုအပ်သောကိစ္စများကို ထပ်မံညွှန်ကြားချက်ပေးလိုက်ပြီး၊ သူကိုယ်တိုင် အရေးကြီးသော သေနတ်ကြီးများကို ဆီထည့်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းအချက်အချာနေရာပိုင်းများကို တိုက်ချိတ်ကာ လုပ်ကိုင်ပေးနေပါသည်။

"ဟောဒီရိုင်ဖယ်ကို အရောင်တင်ဆေး သုတ်ထားလိုက်၊ သိပ်ပြီးအရောင်အဆင်းပျက်နေပြီ"ဟူ၍တစ်ဖုံ . . .

"ဟောဒီသေနတ်ကြီးဒင်ကို အပူအငွေ့ပေးပြီး ခြစ်ရာအစင်းရာတွေကို ပျောက်အောင်လုပ်ဟေ့ . . . သေနတ်လွယ်ကြိုးတွေကိုဖြေပြီး နေရောင်မှာ နှစ်ရက်သုံးရက်ပြထား၊ နှင်းတွေရိုက်ပြီး သားရေကြိုးတွေ အငွေ့ပျံနေအောင်"

စသည်ဖြင့် ဗိုလ်ဖေအောင်သည် သေနတ်လက်နက်များနှင့် ပတ်သက်၍ အသေးစိတ်ပါမကျန်တမ်း အမိန့်များပေးအပ်နေပြန်ပါသည်။

ဗိုလ်ဖေအောင်၏ နှစ်လုံးပြူး ဆင်ပစ်ရိုင်ဖယ်ကြီးတစ်လက်ကို ပြောင်လက်အောင်တိုက်ချွတ်နေသော လက်မောင်းကြီးနှစ်ဘက်မှာ ကြည့်၍ကြက်သီးထဖွယ်ကောင်းလာအောင် ကြွက်သားအမြောင်းကြီးများဖြင့် ကျားကျားလျားလျား တွေ့မြင်နေရပါသည်။

မကြာမီ သူ့ဆီသို့ တာဝန်အသီးသီးလုပ်ဆောင်ပြီးကြသော ရဲဘော်များက မိမိတို့ လုပ်ဆောင်ပြီးစီးသည့် တာဝန်များအရ အကျိုးအကြောင်းနှင့် စာရင်းများကို လာရောက်ပို့အပ်ရင်း အလုပ်ဝတ္တရားပြီးစီးကြောင်း သတင်းပို့လာကြသည်။

ရဲဘော်များကို မိမိတို့နေအိမ်များသို့ ပြန်ခွင့်ပြုလိုက်ကြပြီး အရေးပေါ် သုံးစွဲရန် ရဲဘော်တစ်ယောက်လျှင် ငွေတစ်ရာကျပ်စီ ဒေါက်တာနန်းရင်အား ထုတ်ပေးရန် ဗိုလ်ဖေအောင်က အမိန့်ပေးလိုက်ပြန်ပါသည်။

သူတို့ရော၊ သူတို့ခေါင်းဆောင်နှင့် သူ၏လက်ရှောက်ငယ်သား ရဲဘော်များ၏ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန် တစ်ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး သဒ္ဓါရှိမှု၊ ရိုသေကိုင်းရှိုင်းမှု၊ ရဲဘော်ပီသမှုများကြောင့် ဗိုလ်ဖေအောင်၏ နန်းဟောဝန်ခြံကြီး၏သတင်းကောင်းမှာ လေယူရာ၌ ပန်းပွတ်မှုန်နံ့တွေ တသင်းသင်းမွှေးကြိုင်ပျံ့နှံ့သည်ပမာ သတင်းကောင်းတော်ဒြပ်ကောင်းများ မင်္ဂလာသတင်းစကားများမှာ နန်းဟူးမြို့ကလေးသာမက ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းကချင်ပြည်နယ်နှင့်တကွ ရန်ကုန်နေပြည်တော်အထိပင် ပျံ့နှံ့ကျော်ကြားနေလေပြီတကား။

ရောင်းရင်းရဲဘော်လည်းဖြစ်၊ သမီးယောက်ဖအရင်းလည်းဖြစ်ကြသည့် ဗိုလ်ဖေအောင်နှင့် ဒူးဝါးဇော်လတို့နှစ်ဦးနှင့် ဒေါက်တာနန်းရင်နှင့် ဇော်လ၏ဇနီး၊ သားသမီးများပါ စားပွဲကြီးတစ်ခုတွင် စုဝိုင်းကာ ကော်ဖီနှင့်မုန့်များကို စားသောက်ကြရင်း ရက်နှစ်ဆယ်ခန့် ကွဲကွာခဲ့သည့်အချိန်ကာလကို အတိုးချကာ စုစုဝေးဝေး တပျော်တပါး စားသောက်ကြရင်း အကြောင်းအရာမျိုးစုံကို ရာသီဥတုအကြောင်းပါမကျန် ပြောဆိုတိုင်ပင်နေကြကာ ညီညွတ်သော၊ စည်းလုံးမှုရှိသော မိသားစုအဖြစ်ကို ဖော်ထုတ်တွေ့မြင်နေရလေ၏။

## မမေ့နိုင်သောသူတစ်ယောက်

အတော်ကလေးအေးမြသော ရှမ်းပြည်နယ်မြောက်ပိုင်း၏ညတစ်ည၊ သို့မဟုတ် နှင်းမှုန်များ တဖြိုက်ဖြိုက်ကျဆင်းနေသော ညခုနစ်နာရီအချိန်ကာလ . . .

ဗိုလ်ဖေအောင်သည် ဆွယ်တာလက်ရှည် အပြာရင့်ရောင်ကို ဝတ်ထားလျက် စာရေးစားပွဲတွင် သူ၏ခရီးထွက်မှုနှင့် ဒေသရာသီဥတု



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ၊ ခရီးလမ်းပန်း၊ တွေ့ရှိခဲ့ရသည့် သားကောင်များ၏အခြေအနေကို အမှတ်တရမှတ်တမ်းများ ရေးမှတ်နေတော့သည်။

ဒေါက်တာနန်းရင်သည် ချစ်လင်အနီးမှ ထိုင်လျက် ဗိုလ်ဖေအောင်အဖို့ ဖတ်ရှုရန် သတင်းစာနှင့် အရေးကြီးသော ဗိုလ်ဖေအောင် လေ့လာမှုနှင့်ပတ်သက်သည့် သတင်းလွှာများကို ခဲတံ နီပြာတံကြီးနှင့် အကြောင်းအရာများကို မျဉ်းတားရန်အတွက် သတင်းစာများကိုပေးအပ်ရန် ချစ်လင်၏ အရိပ်အခြည်ကိုကြည့်ကာ အသင့်စောင့်ကြိုနေရှာပါသည်။

မှတ်တမ်းစာအုပ်ထူကြီးတွင် ရေးဖွယ်ရာများ ရေးမှတ်ကာ မှတ်တမ်းတင်လိုက်ပြီးသည့်ကာလတွင် ဗိုလ်ဖေအောင်သည် စားပွဲအစွန်းလောက်တွင် အရန်သင့်ပြင်ဆင်ထားသည့် ဟောလစ်တစ်ခွက်ကို နှစ်နှစ်ခြိုက်ခြိုက်သောက်ချလိုက်ပြီး တရုတ်မြေကရားမှ တရုတ်လက်ဖက်ရည်တစ်ခွက်ကိုပါ ငှဲ့သောက်ချလိုက်ပြီး . . .

"ကဲ . . . ရောက်တဲ့စာတွေကိုဖတ်ပြီး၊ နောက်ကို အရေးကြီးတဲ့ ကောက်နုတ်ချက်တွေ ပြောပြစမ်းပါဦး နန်းရယ်"

ချစ်သက်ထား၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လိုက်ပြီး ပက်လက်ကုလားထိုင်ပေါ် သို့ လဲလျောင်းချလိုက်လေသည်။

"မောင်ရေ . . . ဟူမွလင်းမှာ စခန်းချနေတဲ့ မောင့်ရဲ့ရဲဘော်ကာနယ်မင်းဒင်ဆီက စာတစ်စောင်ရယ်၊ ပြီးတော့ မြမြဝင်းဆီက စာတစ်စောင်ရယ်၊ အရေးကြီးတဲ့စာနှစ်စောင်အဖြစ် တွေ့ရတယ်၊ ကာနယ်မင်းဒင်ဆီကစာရဲ့သဘောက သူတို့ ချင်းတွင်းမြစ်အထက်ပိုင်း ဟူမွလင်းမှာတောင် အင်မတန် ပုစ်ခတ်လို့ကောင်းတဲ့ ကျားကြီးတွေ ဒါမှမဟုတ် ဘင်္ဂလားကျားကြီးတွေ သိပ်ပေါတာတွေ့နေရတဲ့သတင်းရယ်၊ ပြီးတော့ ကြံ့တစ်အုပ်ကိုလဲ အရန်သင့်တွေ့ထားတဲ့အကြောင်းနဲ့ သတင်းစာ

www.burmeseclassic.com



ဖြတ်ပိုင်းသုံးခုနဲ့ ထူးဆန်းတဲ့သတင်းတွေကို စွန့်စားတာလဲ သပ်သပ်ပါလာတယ် မောင်၊ သူ့အနေနဲ့ သိပ်အရေးကြီးနေသလို မောင်တို့ရဲ့ အကူအညီကို သိပ်လိုလားနေတဲ့လက္ခဏာတွေလဲ ဖတ်ရှုမိတယ်"

ခပ်ဝဲဝဲအသံကလေးဖြင့် ဒေါက်တာနန်းရင်က ချစ်ခင်ပွန်း ဗိုလ်ဖေအောင်အား လုပ်ငန်းစဉ်သဘောအရ အစီရင်ခံနေခြင်းဖြစ်ပါသည်။

ဗိုလ်ဖေအောင်သည် တိတ်ဆိတ်စွာဖြင့် နားထောင်နေရင်း တစ်ချက်တစ်ချက် မျက်လုံးနှစ်လုံးမှိတ်ကာ အိပ်ငိုက်သလိုလို လေးလေးနက်နက် စဉ်းစားခန်းဝင်နေသလို အသွင်ပြောင်းနေလေသည်။

ဒေါက်တာနန်းရင်သည် ဆက်လက်၍ . . .

"ပြီးတော့ မြမြဝင်းဆီကစာမှာ မောင့်ဆီကို သူက စာသုံးစောင်တိတိ ထည့်လိုက်တာ၊ တစ်စောင်မှပြန်စာမရခဲ့လို့ မောင့်အတွက် နေထိုင်မကောင်းများဖြစ်နေသလားဆိုတဲ့ သူ့ရဲ့အသက်သခင် ကျေးဇူးရှင်ပီပီ စိတ်ပူပန်မှုကြောင့် မြမြဝင်းကိုယ်တိုင် ရှမ်းပြည်နယ်မြောက်ဘက်ကို ခုနစ်ရက်အတွင်း ခရီးထွက်လာမယ်ဆိုတဲ့အကြောင်းကြားစာ ဖြစ်ပါတယ် မောင်"

ဒေါက်တာနန်းရင်က မြမြဝင်း၏စာအဓိပ္ပာယ်ကို ပြောပြလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"ဒါဖြင့် သိပ်ဂွပဲ နန်း . . . ဒီကလေးမ မောင်တို့ဆီမလာရင် ပိုကောင်းတယ်"

အဓိပ္ပာယ်ပါပါနှင့် ခပ်ပြတ်ပြတ်ဖြေကြားလိုက်ရာ ဒေါက်တာနန်းရင်အဖို့ အားတုံ့အားနာရှိသွားသည့်မျက်နှာကလေးဖြင့် . . .

"တစ်ဆိတ်သည်းခံပါ မောင်၊ နန်း တောင်းပန်ပါရစေ၊ မိန်းမသားတစ်ယောက်ကို ဒီလောက်ပြစ်ပြစ်ခါခါ ပြတ်ပြတ်သားသား မောင်



www.burmeseclassic.com

www.burmeseclassic.com



သဘောထားတာဟာ သဘာဝမကျဘူးလို့ နန်းအနေနဲ့ ထင်မိပါတယ် မောင်၊ သူ့ခမျာ သူနဲ့ သူ့ဖခင်ကြီးအသက်ကို ဘေးအန္တရာယ် ဒုက္ခတွေကြားထဲက သတ္တိရှိရှိနဲ့ ဝင်ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်ကို တွေ့ချင်မြင်ချင်လွန်းလို့ စာသုံးလေးစောင်ပေးပြီး ခင်တွယ်ရှာခဲ့တယ်၊ ဒါပေမယ့် မောင်က အမျိုးသမီးတွေနဲ့ဆက်ဆံရေးမှာ အင်မတန် ကင်းရှင်းပြတ်သားတဲ့ အယူအဆနဲ့ အကြောင်းတစ်စုံတစ်ရာမပြန်ခဲ့လို့ ဟိုက အမျိုးသမီးကလေး စိတ်ဆင်းရဲပူပန်မှုနဲ့ ရှမ်းပြည်နယ် တက်လာမှာကို မောင်က လက်မခံချင်ဘူး၊ သဘောမကျချင်ဘူးဆိုတာကတော့ သိပ်စိမ်းကားရက်စက်လွန်းပါတယ် မောင်ရယ်၊ နန်းတို့ကချင်မျိုးတွေမှာလဲ တစ်ဦးနဲ့တစ်ဦး ညှို့ဝတ်ကျေပွန်မှု၊ ယဉ်ကျေးမှုတွေကိုလဲ ရှိသေလေးစားရတဲ့အတွက်ကလဲ ရှိပါတယ် မောင်ရယ်"

ခေတ်ပညာတတ်အမျိုးသမီးပီပီ လိမ်လိမ်မာမာနဲ့ ဗိုလ်ဖေအောင်ကို မြမြဝင်းအား လာရောက်လည်ပတ်ခွင့်ပြုပါရန် တောင်းပန်ဖျောင်းဖျနေရှာပါသည်။ ဗိုလ်ဖေအောင်သည် အတန်ကြာအောင် ငြိမ်သက်နေရာမှ မျက်လုံးနှစ်လုံးကို ဖွင့်လိုက်ပြီး . . .

"မောင်စဉ်းစားနေတာက ဗိုလ်မင်းဒင်သတင်းပို့ချက်မှာပါတဲ့ ကိုးတောင်ကျားကြီးတွေဆီ စိတ်ရောက်နေမိတယ်၊ ဒီအကောင်ကြီးတွေကို ဘယ်လိုနည်းနဲ့ ရအောင်ပစ်ခတ်ဖို့နဲ့ တစ်ကောင်အရှင်ဖမ်းဆီးမိဖို့ တွက်ကိန်းတွေချနေမိတယ် နန်း"

သူ၏စိတ်ကူးသန်ရာကိစ္စကို ပြောကြားလိုက်ပြီး တစ်ချက်အညောင်းဆန့်လိုက်ပြီးနောက် . . .

"မြမြဝင်းအကြောင်း နန်း ဘယ်လောက်သိသလဲ . . . သူ့ရဲ့စိတ်ဓာတ်အခြေအနေကိုကော နန်း ရိပ်မိရဲ့လား၊ သံယောဇဉ်ဆိုကတည်းကကို မခင်တွယ်တာ ကောင်းပါတယ် နန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မြမြဝင်းအကြောင်း လှည့်၍ဖြေကြားလိုက်ရာ ဒေါက်တာနန်းရင်သည် ခပ်ပြုံးပြုံးမျက်နှာကလေးဖြင့် . . .

"သိပါတယ် မောင်၊ မောင် ဘာကိုရည်ရွယ်ပြီးပြောတယ်ဆိုတာလဲ နန်း ရိပ်မိပါတယ်၊ မြမြဝင်းက နန်းထက် အသက်လေးငါးနှစ်ငယ်ရှာပါတယ်၊ ပြီးတော့ မောင့်ကို နန်းသိသလောက်ပြောရရင် အတော်သံယောဇဉ်ကြီးသလို၊ မောင့်ခြေရင်းမှာ ခြေဆုပ်လက်နက် အလုပ်အကျွေးပြုပါရစေဆိုတာတွေလဲ ဖူးဘာက အကုန်ပြန်ပြောပြလို့ သိရတယ်၊ မောင်က ခါးခါးသီးသီးငြင်းပယ်လိုက်တာလဲ ဖူးဘာတို့လူစု ပြောပြီးသိပ်ရယ်မောကြတယ်၊ 'မိန်းမဘက်မှာ သိပ်ရှင်းလင်းပြတ်သားပြီး ရိုးသားတဲ့ လူကွ . . . နန်းရင်ရဲ့'တဲ့၊ ကျောင်းတုန်းကလဲ ဒီလိုစိတ်ဓာတ်ပဲ၊ ပညာရေးနဲ့ ကျန်းမာရေးတို့ကို ခုံမင်နှစ်သက်နေတဲ့ လူပျိုကြီးတဲ့"

သူမ၏အစ်ကို ဇော်လ၏ ပြောပြချက်များကို ပြန်ပြောပြနေရှာပါသည်။

"တကယ်တော့လဲ မောင် . . . သူ့ခမျာ မောင့်ရဲ့မေတ္တာကိုသိပ်မျှော်လင့်နေရှာတာကလား၊ သနားစရာပါပဲကွယ် . . . မိန်းမချင်းကိုယ်ချင်းစာမိပါတယ်၊ ခေတ်ပညာတတ် ငွေကြေးပြည့်စုံပြီး ဆွေကြီးမျိုးကြီးထဲက ရုပ်ချောတဲ့အမျိုးသမီးတစ်ဦးရဲ့ ကြုံရရင်ဆိုင်နေရရှာတဲ့ကံကြမ္မာကို နန်းတော့ သနားကရုဏာသက်မိပါတယ် မောင်၊ မောင့်အနေနဲ့လဲ တတ်နိုင်သလောက် မြမြဝင်းကို စိတ်ချမ်းသာရအောင်ဖျောင်းဖျ၊ ကရုဏာသက်သင့်ပါတယ် မောင်"

မြမြဝင်းဘက်မှ လျှောက်လဲချက်များကို စီကာပတ်ကုံးတင်သွင်းလိုက်ရာ ဗိုလ်ဖေအောင်သည် စကားတစ်ခွန်းမှမပြောတော့၍ခေါင်းကို တွင်တွင်ကြီးခါယမ်း၍ပြလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်က ကျည်ဆန်တွေ နောက်ထပ်ပို့ဖို့ကိစ္စ အကြောင်းကြားစာ ဖတ်ပြီးပြီလား နန်း၊ .၄၅ မဂ္ဂဇင်းရိုင်ဖယ်တစ်လက်ရော၊ .၂၂ အိုင်းပါဝါတစ်လက်ကိစ္စနဲ့ စာရပြီလား" စသည်ဖြင့် သူ၏လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် လက်နက်ကောင်းများအကြောင်းကို စိတ်ကူးရောက်သွားမိပြန်ပြီး၊ သေနတ်နှင့်ကျည်ဆန်များဘက်သို့ လှည့်၍ မေးမြန်းလိုက်ရပေ၏။

ဒေါက်တာနန်းရင်အဖို့ သက်ပြင်းကလေးချလိုက်ရင်း သူမ၏သံမဏိစိတ်ဓာတ်ပိုင်ရှင် ချစ်လင်၏တည့်မတ်ခိုင်မာသောသဘောထားကို တစ်ဖက်တစ်လမ်းက ကြိတ်၍ချီးကျူးလေးစားမိသလို၊ တစ်နည်းတစ်လမ်းကလည်း မြမြဝင်းအတွက် စိတ်မကောင်းနိုင်ရှာတော့ချေ။

သို့ရာတွင် ဒေါက်တာနန်းရင်သည် သူမတို့၏နေအိမ်သို့ ဧည့်ကောင်းစောင်ကောင်းတစ်ဦးအဖြစ် လာရောက်တည်းခိုမည့် မြမြဝင်းအား မလွှဲမသွေလက်ခံရန်ကိုစ္စကိုမူကား ရတိပြတ်ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

လေချိုသွေးလိုက်သည့်ကာလတွင် အဓအေးဓာတ်တွက အပြည့်ပါလာသော အချိန်သမယဝယ် ဗိုလ်ဖေအောင်သည် ချစ်သက်ထားဒေါက်တာနန်းရင်၏ရွှေလက်ကိုဆွဲကာ . . .

"ကိုင်း . . . အိပ်ကြရအောင်၊ သွားတိုက်တံပွတ်တံနဲ့ ဆေးကိုကျေးဇူးပြုပြီးထုတ်ပေးပါဦး နန်း၊ သားနှစ်ယောက်လဲ အိပ်ပျော်နေကြပြီထင်ပါရဲ့"

သူတို့အိပ်ခန်းကျယ်ကြီးဆီသို့ စောင်းငဲ့ကာကြည့်ရှုရင်း မေးမြန်းလိုက်တော့သည်။

ထွန်းလင်းတောက်ပသော နေရောင်ခြည်များသည် မြို့ကြီး၏ရှေ့ပိုင်းကွက်လပ်တစ်ခုဆီသို့ ထိုးကျနေပါသည်။ မြက်ခင်းပြင်ပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



အတ္တလတ်စွပ်ကျယ်လက်တိုများဖြင့် ကျားကျားလျားလျား ကျန်းမာရေးလေ့ကျင့်ခန်းဆင်းနေကြသည့် ဖူးဝါးဖေအောင် ခေါ် ဗိုလ်ဖေအောင်၏ ရဲဘော်သုံးဆယ့်နှစ်ယောက်ကို တွေ့နိုင်ပေ၏။ သူတို့၏ရှေ့ ခုံမြင့်တစ်ခုပေါ်တွင် စွပ်ကျယ်လက်ပြတ်ကိုဝတ်ထားပြီး၊ ဘောင်းဘီတို၊ အဝတ်မိနပ်ဖြူစီးထားသော အင်မတန်ထွားကျိုင်းပြီး၊ ကြွက်သားအမြောင်းအမြောင်းထွက်နေသော ကိုယ်လုံးကိုယ်ပေါက်နှင့် အဖွဲ့ခေါင်းဆောင်ဗိုလ်ဖေအောင်ကိုယ်တိုင် သူ၏ရဲဘော်များ၏ ကာယဗလတောင့်တင်းခိုင်မာမှုအတွက် နံနက်ပိုင်းကျန်းမာရေးလေ့ကျင့်ခန်းဆင်းနေခြင်း ဖြစ်ပါသည်။

"ခြေဖျားထောက်၊ လက်နှစ်ဘက် ဘေးဆန့်တန်းလေ့ကျင့်ခန်းစလုပ်၊ အမှတ်စဉ် တစ်၊ နှစ်၊ သုံး၊ လေး" စသည်ဖြင့် သူ၏ပါးစပ်မှ အမိန့်ပေးရင်း သူကိုယ်တိုင် လေ့ရှူလိုက်ခြင်းနှင့် ပခုံးကြွက်သားများ လှုပ်ရှားမှုလေ့ကျင့်ခန်းကို လုပ်ဆောင်ပြသရင်း ဗိုလ်ဖေအောင်က လှုပ်ရှားခုန်လွှားလိုက်သလို သူ၏ရဲဘော်များကလည်း ညီညီညာညာ စိတ်အားထက်သန်စွာဖြင့် လှုပ်ရှားကစားလိုက်ကြပါသည်။

မိနစ်နှစ်ဆယ်ပြီးသည့်နောက်တွင် ဗိုလ်ဖေအောင်သည် သူ၏ရဲဘော်များကို သိုင်းဗန်တိုအခြေခံပညာရပ်ကို ဆက်လက်၍သင်ကြားပြသနေပြန်ပါသည်။

"တစ်ဖက်ရန်သူကို စတင်တိုက်ခိုက်တဲ့နေရာမှာ အဓိက,က တစ်ဖက်ရန်သူရဲ့ ပျော့ကွက်၊ နာကွက် အချက်အချာတွေကို ရွေးရမယ်၊ ရှေ့တည့်တည့်မျက်နှာချင်းဆိုင် တိုက်ဆိုင်မှုနေရာမျိုးမှာဆိုရင် ရန်သူအထိနာစေတဲ့ အချက်အချာ လေးဌာနရှိတယ်"

"ခွန်ပန် . . . ရှေ့လေးလှမ်းထွက်ရပ် . . ."



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်ရာ ခွန်ပန်အမည်ရှိ ကချင်ရဲဘော်က ရှေ့သို့ သွက်လက်စွာဖြင့် လေးလှမ်းထွက်၍ရပ်လိုက်သည်။

"မှတ်ထား . . . ဟောဒီနေရာတွေဟာ ရန်သူအဖို့ အထိနာစေနိုင်တဲ့ နေရာကောင်းတွေဖြစ်တယ်"

ဗိုလ်ဖေအောင်က ပြောပြလိုက်ရင်း ရှေးဦးစွာ ခွန်ပန်၏မေးစေ့ တည့်တည့်၊ ထို့နောက် လည်တိုင်၊ တတိယ ရင်ဝ၊ စတုတ္ထ ခွဆုံနေရာ တို့ကို ထိုးသတ်ရန် နေရာကောင်းအဖြစ် ညွှန်ပြလိုက်သည်။

"ရန်သူကို တိုက်ခိုက်တဲ့အခါမှာ ထာဝစဉ် ကိုယ့်မျက်စိက ရန်သူ့မျက်စိကို အမြဲပဲအစဉ်အကဲခတ် စူးစိုက်ကြည့်ရှုနေရမယ်၊ လက်နှစ်ဘက်၊ လက်သီး၊ လက်ခေါက်၊ လက်ဝါးစောင်း၊ တံတောင်ဆစ်၊ လက်ချောင်းတွေကို သူ့နေရာနှင့်သူ ပိုင်နိုင်စွာ အသုံးချ အသုံးပြုတတ်ရမယ်၊ နောက်တစ်ချက်က ခြေဖျားနဲ့ ဒူးတို့ကို လက်နက်လိုအသုံးပြုတတ်ဖို့ လိုတယ်၊ ခေါင်းကိုလဲ အရေးရှိက တစ်ဖက်ရန်သူရဲ့နာကွက်ထဲတွင် နှာရောင်၊ မျက်လုံး၊ အရှိက်နေရာတွေကို ရိုက်ပစ်ဖို့ တိုက်သတ်ဖို့ အသုံးပြုတတ်ရမယ်"

စသည်ဖြင့် ကိုယ်ခံသိုင်းပညာရပ်များကို စတင်သင်ကြားပြသနေပါတော့သည်။

"တစ်ဖက်ရန်သူကို ဖော်ပြထားတဲ့နေရာတွေကို မှန်းပြီးရွှေ့ပြီး လက်သီး၊ တံတောင်ဆစ်၊ ခြေဖျား၊ ဒူးတွေ အသုံးပြုပြီး တိုက်ခိုက်နည်း ကိုယ်တွေ့သင်ကြားကြရမယ်၊ ပထမ လက်သီးကို အသုံးပြုတိုက်ခိုက်နည်း၊ ထိုးသတ်တဲ့အခါမှာ လက်သီးနောက်က ကိုယ့်ရဲ့အလေးချိန်ပါ တစ်ပါတည်းပါသွားအောင် ထိုးသတ်ရမယ်၊ ဒီကိုကြည့် . . . ဟောဒီလို ထိုးကြည့်ကြ"

www.burmeseclassic.com



ပြောပြလိုက်ပြီး သူ၏ညာလက်တံလက်သီးကို သူ၏ကိုယ်အလေးချိန်ပါ ပါအောင် ခပ်စိုက်စိုက် သုံးလေးချက်ထိုးသတ်ပြလိုက်ပြီး ဗိုလ်ဖေအောင်က သူ၏ရဲဘော်များကို ရှေ့တည့်တည့်တွင် မျက်နှာမူရာသို့ ငါးကြိမ်တိတိ ထိုးသတ်ခိုင်းလိုက်သည်။

အခြေအနေကို စောင့်၍အကဲခတ်နေသော ဗိုလ်ဖေအောင်က တစ်ဦးစီ၏လှုပ်ရှားမှုကို မျက်စိရှင်ရှင်နှင့် အကဲခတ်ကာ . . .

"ဟုတ်ပြီ . . . ခွန်လူက ကိုယ်ကို သိပ်ရှေ့မစိုက်စေနဲ့"

"ဒီကောင့်ရဲ့လက်သီး တန်းတန်းစိုက်ထိုးပေး"

စသည်ဖြင့် ကြပ်မတ်အမိန့်ပေးလိုက်ပြန်တော့သည်။

ဗိုလ်ဖေအောင်သည် သူ၏လက်ရွေးစင်ရဲဘော်များ၏ ကျန်းမာရေးကိုယ်ခံ သိုင်းဗန်တိုဗန်ရှည်ပညာရပ်များကို စိတ်ပါဝင်စားစွာ ပြသနေစဉ်တွင် ဆလွန်းကားအဖြူတစ်စီးသည် တငြိမ့်ငြိမ့်နှင့် ခြံတွင်းသို့ ဝင်ရောက်လာပါတော့သည်။ ခြံထဲတွင် သားငယ်များဖြင့်လမ်းလျှောက်နေသော ဒေါက်တာနန်းရင်သည် သူတို့တိုက်ဘက်သို့မောင်းနှင်လာသော ဆလွန်းကားဖြူကို အံ့အားသင့်ကြည့်နေရာမှ ကားရှေ့ပိုင်းဆီက လက်ကိုင်ပဝါဖြူနှင့်လက်တစ်ဖက်ထွက်လာပြီး ဝှေ့ယမ်းနှုတ်ဆက်လိုက်သည်ကြောင့် ဧည့်သည်တစ်ဦး ဆိုက်ရောက်လာသည့်ကိစ္စကို နားလည်သဘောပေါက်မိလာသည်။ ကားဖြူကလေးသည် ဒေါက်တာနန်းရင်တို့အနီးသို့ ဆိုက်ရောက်လာပြီး ကားရှေ့ပိုင်းတံခါးကို ဖွင့်သံနှင့်အတူ အသက်အစိတ်ခန့် အမျိုးသမီး ခပ်ချောချောတစ်ဦး ဆင်းလာပြီး ရွှင်ပြုံးသောမျက်နှာဖြင့် . . .

"ဒေါက်တာနန်းရင်ထင်ပါရဲ့ရှင်၊ ကျွန်မ မြမြဝင်းပါ"

သူမ၏နာမည်ကို စတင်ဖော်ထုတ်ကာ မေးမြန်းနှုတ်ဆက်လိုက်ရာ၊ ဒေါက်တာနန်းရင်သည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး သူမ၏ညာဘက်လက်ကို ကမ်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မြမြဝင်း၊ နန်းရင်ပါ၊ ကျွန်မတို့ သိပ်မျှော်နေမိကြပါတယ်ရှင်"

ဝမ်းမြောက်ဝမ်းသာစွာဖြင့် မြမြဝင်း၏ညာဘက်လက်ကိုဆွဲကာ နှစ်ဦးသားနှုတ်ဆက်လိုက်ကြပြီး . . .

"မောင်တော့ သူ့ရဲဘော်တွေကို ကျန်းမာရေးကိုယ်တိုင်ထွက်ပြီး ပြနေလေရဲ့ မြမြဝင်း၊ ဟောဟိုမှာ . . ."

ခပ်လှမ်းလှမ်းရှိကွင်းပြင်၌ လှုပ်လှုပ်ရွရွ သိုင်းသင်နေကြသည့် လူတစ်စုဆီသို့ လက်ညှိုးနှင့်ညွှန်ကာ ပြသလိုက်သည်တွင် မြမြဝင်းက အနေးတကြီး မျှော်၍ကြည့်လိုက်ရှာပါသည်။

ဗိုလ်ဖေအောင်အဖို့ ကားတစ်စီး ခြံတွင်းသို့ဝင်ရောက်လာသည်ကို ရိပ်ခနဲမြင်လိုက်သော်လည်း သူ၏လုပ်ငန်းစဉ်ကိုသာ ဂရုစိုက်ပြီး လုပ်ကိုင်နေသူပီပီ နောက်ပိုင်းသို့ တစ်ချက်ကလေးမှ လှမ်း၍မကြည့်ဘဲ သူ၏အလုပ်ကိုသာ ပြီးစီးအောင်လုပ်ကိုင်နေသဖြင့် ဒေါက်တာနန်းရင်နှင့် မြမြဝင်းတို့နှစ်ဦးက သူ့ဆီသို့ အာရုံစိုက်နေခြင်းကို သတိမပြုမိခဲ့ချေ။

နာရီဝက်ကျော်ကျော်ကြာသည့်ကာလမှပင် ဗိုလ်ဖေအောင်သည် သူတို့၏သိုင်းလေ့ကျင့်ခန်း ပြီးဆုံးခဲ့သည်တွင် တန်းစီ၍နေစဉ်ကာလတွင် လုပ်ကိုင်စရာကိစ္စများအကြောင်း သတိပေးပြောကြားပြီး တန်းဖြုတ်လိုက်လေသည်။

"ဟော . . . မောင်ပြန်လာပြီ မြမြဝင်း"

ဒေါက်တာနန်းရင်က ကျော်မင်းအောင်ကို ပွေ့ချီကာ၊ အိမ်အောက်ထပ်ဧည့်ခန်းတွင် လှည့်လည်၍ သားကောင်ကြီးငယ်များ၏ ဦးခေါင်းနှင့်ချိုများကို တအံ့တသြကြည့်ရှုနေရှာသည့် မြမြဝင်းထံသို့ လှမ်း၍ပြောကြားလိုက်ရာ မြမြဝင်းသည် သူမ အလွန်တွေ့ချင်ရှာသော

www.burmeseclassic.com



သူမ၏အသက်သခင် ဗိုလ်ဖေအောင်ဆီသို့ ခပ်သွက်သွက်လျှောက်လာရင်း . . .

"နေကောင်းရဲ့လားအစ်ကို"

တုန်ရီသောအသံကလေးဖြင့် လှမ်း၍နှုတ်ဆက်လိုက်ရာ ဗိုလ်ဖေအောင်သည် ချွေးစိုနေသောကိုယ်လုံးနှင့် "ဩော်"ဟူသော အံ့အားသင့်သွားသည့် အသံရှည်ကြီး ဆွဲလိုက်ပြီးမှ . . .

"နေကောင်းပါတယ် မြမြဝင်း . . . ခုတင်က ကားတစ်စီးဟာ မြမြဝင်းစီးလာတဲ့ကားကိုး၊ ဘယ့်နဲ့လဲ . . . ဦးရောနေကောင်းရဲ့လား၊ တစ်ခါတစ်ခါတော့ သတိရပါတယ်လေ"

အင်မတန်တည်ငြိမ်အေးဆေးသောအသံကြီးဖြင့် နှုတ်ဆက်လိုက်ပြီး ဒေါက်တာနန်းရင်ဘက်သို့ လှည့်၍ . . .

"နန်းရေ . . . မြမြဝင်း နေရေးထိုင်ရေးကို နန်းစီစဉ်ပေးပါကွယ်"

ပြောကြားလိုက်ကာ မြမြဝင်း၏ဖွံ့ဖြိုးတောင့်တင်းလာသော အပြောင်းအလွဲရှိသည့်ကိုယ်ကာယကို တစ်ချက်အကဲခတ်လိုက်ပြီးနောက်-

"မြမြဝင်းကျန်းမာရေးက အရင်ကထက် ပိုကောင်းလာတယ်လို့အစ်ကိုထင်မိတယ်၊ အလုပ်အကိုင်ရော ဘာလုပ်သေးသလဲ၊ တက္ကသိုလ်မှာပဲ ဆက်ပြီးဆရာမလုပ်သေးသလား"

ရင်းနှီးစွာဖြင့် လှမ်း၍မေးမြန်းလိုက်ရာ . . .

"ဖေဖေက သူ့အနားကမခွာရဘူးဆိုတာနဲ့ မြမြဝင်း ဘာအလုပ်မှမလုပ်ရပါဘူး အစ်ကို၊ အိမ်မှာ အချိန်အားရတိုင်း ကျန်းမာရေးစာစားတယ်၊ အစ်ကို့ရဲ့တကယ့်စွန့်စားခန်းတွေမှာ ပါဝင်နိုင်အောင် အကြမ်းခံနိုင်မှုတွေရနေတဲ့ လေ့ကျင့်ခန်းတာတွေကိုလဲ ခဏခဏ လုပ်ခဲ့ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ရည်ရွယ်ချက်ကို စတင်လမ်းခင်းလိုက်သည့် ပဏာမစကားမျိုးသည် သွက်လက်စွာဖြင့် ပြောကြားလိုက်ရင်း သူမ၏ဖခင်ဆီမှ စာတစ်စောင်ကို ဗိုလ်ဖေအောင်လက်ဝယ် ပေးအပ်လိုက်သည်။

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် မြမြဝင်း၊ အစ်ကို့ကို ခဏခွင့်ပြုပါဦး၊ ရေချိုးပြီး အဝတ်ကလေးလဲပါရစေ၊ ပြီးတော့ လက်ဖက်ရည်သောက်ကြရအောင်"

နှုတ်ဆက်ကာ တိုက်အပေါ်ထပ်သို့ လှော်ခနဲ လှော်ခနဲ လှေကားနှစ်ထစ်ကျော် သုံးထစ်ကျော် ခုန်လှော်း၍ ကျားကျားလျားလျား တက်သွားပါတော့သည်။

သူမနှင့်စတင်တွေ့ဆုံသည့်ကာလက ရုပ်ရည်ရှင် ကာယဗလလျင်မြန်သွက်လက်မှုများကို ပကတိအတိုင်း တွေ့ရှိလိုက်သည့် မြမြဝင်းအဖို့ ကျေနပ်ဝမ်းမြောက်စွာဖြင့် သူမ၏အနီးရှိ ဒေါက်တာနန်းရင်အား-

"အစ်ကိုကြီးကတော့ တကယ့်ကာယဗလသမားကြီးပဲ၊ ရုပ်ကလဲ တစ်စက်မှမကျတဲ့အပြင် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်သားကလေးလိုပဲ၊ လှုပ်ရှားမှုတွေဟာ သိပ်သွက်လက်တယ် ဒေါက်တာ၊ ဖေဖေကဖြင့် ခဏခဏ အစ်ကို့ရဲ့ကျေးဇူးကြီးမားမှုကိုပဲ တဖွဖွပြန်ပြန်ပြီးပြောနေရှာတယ်၊ ငါ့တူကြီးကို ငါမသေခင် တစ်ခေါက်လောက်တော့ မြင်ချင်တွေ့ချင်ရှာတယ်လို့လဲ တောင့်တနေရှာပါတယ်ရှင်"

ခပ်တိုးတိုးလှမ်း၍ပြောလိုက်ရာ ဒေါက်တာနန်းရင်သည် သူတို့နံနက်စာစားသောက်ရန် လက်ဖက်ရည်ပွဲကို စားပွဲထိုးနှစ်ဦးနှင့်အတူ ကူညီပြင်ဆင်နေရာမှ . . .

"ဟုတ်ပါတယ် မြမြဝင်း၊ မောင်က ကျန်းမာရေးကို သိပ်ဂရုစိုက်တယ်၊ သူ့ကျန်းမာရေးပြည့်စုံသလိုပဲ သူ့ရဲ့ရဲဘော်တွေကို အစပ်ကား အအားမထားဘူး၊ ကျန်းမာရေးကစားခိုင်းတယ်၊ သိုင်းဗန်ဒိုပညာတွေ



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးတယ်၊ တစ်လမှာတစ်ကြိမ် သေနတ်ပစ်လေ့ကျင့်ခန်းတွေ လုပ်ခိုင်းတယ်၊ မြေပုံဖတ်နည်းတွေ သင်ကြားပေးတယ်၊ မောင်ဟာ အကြောင်းမရှိဘဲ ခရီးမသွားချင်ဘူး၊ မလွဲသာတဲ့အကြောင်းရှိမှ သူ ကိုယ်တိုင် ခရီးထွက်လေ့ရှိတယ်၊ ရှမ်းရော၊ ကချင်တွေကပါ မောင့်ကို မြန်မာတစ်ယောက်ရယ်လို့ မမှတ်ယူတော့ဘူး၊ 'ဒူးဝါးကြီး'၊ 'ဒူးဝါးဗိုလ်ကြီး' လို့ သိပ်ဂုဏ်ပြုအမွှမ်းတင် ခေါ်ဝေါ်နေကြတယ်၊ ဖူးဘာ (အစ်ကို) ဇော်လကလဲ မောင့်ကြောင့် သူ့အဖို့ အင်မတန်လူသိများတယ်၊ အား အတော်တောင့်တယ်၊ အားကိုးအားထားရတယ်ဆိုပြီး သိပ်လေးစားတယ်၊ ကျွန်မယောင်းမအနေနဲ့လဲ မောင့်ကို သိပ်ရိုသေတယ်"

ပြောပြလိုက်လေသည်။

ကုလားထမင်းချက်တစ်ဦးကလည်း မပီကလာ ပီကလာ မြန်မာ စကားဖြင့် . . .

"ဗိုလ်ကြီးနော် . . . ဆာမိ . . . အားကြီးဂျစ်တယ်၊ ဗိုလ်ကြီး စကားပြောတယ်နော်၊ ဆာမိနဲ့အားလုံးလူတွေ ကောင်းကောင်းနားထောင် တယ်၊ ဗိုလ်ကြီးက ဆာမိကို လခမပေးဘဲရှိတယ်၊ ဆာမိ ကောင်းကောင်း အလုပ်အများကြီးလုပ်မယ်၊ ဆာမိ ဗိုလ်ကြီးနဲ့ အတူတူနေရရင် ကိစ္စ မရှိဘူး၊ ဆာမိ ခု ပိုက်ဆံမလိုချင်တော့ဘူး၊ အားကြီးပျော်တယ်၊ ဝမ်းသာ တယ် မိန်းဆပ်"

ဝင်ရောက်၍ စားသောက်စရာပန်းကန်များ ချပေးနေရာမှ ရုတ်တရက်ပြောလိုက်ရာ ဒေါက်တာနန်းရင်နှင့် မြမြဝင်းတို့နှစ်ယောက် စလုံး တခစ်ခစ်နှင့် ရယ်မောသွားစေပါသည်။

"ဒါပဲကြည့်ပေတော့ မြမြဝင်း၊ မောင်က သူ့ရဲဘော်အားလုံး ကို စားသောက်နေထိုင်ရေးမှစပြီး မျှမျှတတရှိအောင် စီစဉ်ပေးတယ်၊ မျက်နှာလိုက်တာကို သိပ်မုန်းတယ်၊ တာဝန်ကျေပွန်တဲ့လူ၊ သူ့စကား



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ကို နားထောင်ရိုသေတဲ့ရဲဘော်ကို သိပ်ချီးမြှောက်လေးစားတယ်၊ ခြံထဲကရဲဘော်တွေဆိုရင် လစဉ်အပြင် အကြောင်းကိစ္စရှိရင် အပိုဆုငွေ အဖြစ်နဲ့ သပ်သပ်ထုတ်ပေးသေးတယ်၊ တစ်လကို နှစ်ကြိမ်လောက်စီ ခြံထဲမှာ ရုပ်ရှင်ခေါ်ခေါ်ပြီး ရုပ်ရှင်ပြ၊ ပျော်ရွှင်မှုတွေ စီစဉ်ပေးတယ်၊ ကျန်းမာရေးအဖွက် ကိုယ်တိုင် ရဲဘော်နှစ်ယောက်နဲ့တွဲပြီး တာဝန်ယူ ထားရတယ်၊ ခြံထဲက ကလေးတွေကို မြို့တွင်းမှာရှိတဲ့ အလယ်တန်း ကျောင်းကို အသွားအပြန် ကားနဲ့သုံးခေါက်စီ ပို့ပေးရတယ်"

ဒေါက်တာနန်းရင်က သူမ၏ချစ်လင် တာဝန်ယူထားရသည့် နန်းပေဟဝန်ခြံကြီးအတွင်းမှ ရဲဘော်ရဲဘက်များ၏ နေထိုင်မှုအဆင့်အတန်း ကို မြမြဝင်းအား ပြောပြလိုက်ရှာပါသည်။

"ဒီတော့ မောင့်အဖို့ ရဲဘော်တွေဟာ ငွေကြေးလုပ်ခကို သတိ မရတော့ဘူးပေါ့၊ ဒီလောက်စေတနာသဒ္ဓါကောင်းပြီး ရဲဘော်ရဲဘက် စိတ်ဓာတ်ရှိတဲ့ ခေါင်းဆောင်ဆီမှာ အသက်ပေးပြီး အမှုထမ်းချင်တာလဲ အံ့သြစရာမရှိပါဘူးနော် ဒေါက်တာ"

မြမြဝင်းက ကော့ရှန်းနေသော မျက်တောင်အောက်မှကြည့်ရင်း တောက်ပသည့်မျက်လုံးရွဲကြီးများဖြင့် ပြောလိုက်ပါသည်။

အထက်ထပ်မှ စစ်ချီသီချင်းတစ်ပုဒ်ကို လေချွန်၍ စပို့ရှပ်၊ တရုတ်ဘောင်းဘီရှည်အပြာရင့်၊ ဟတ်ရှူးဖိနပ်အနက်တစ်ရန်ကိုစီးလျက် ဆင်းလာသည့် ဗိုလ်ကြီးဖေအောင်၏ အေးဆေးတည်ငြိမ်သောမျက်နှာ ကို အမျိုးသမီးနှစ်ဦးနှင့် စားပွဲထိုးများအား တန့်ခနဲဖြစ်သွားအောင် ခရီး ဦးကြိုပြုလိုက်ပါသည်။

"စားနှင့်ကြရောပေါ့ နန်းရယ်၊ ကလေးတွေကို ကြိုထားကျွေး ထားနှင့်ပါလားကွယ်"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်သည် သူ၏ရင်သွေးနှစ်ဦးကို ခေါင်းငုံ့ကာ ကြည့်ရင်း ပြောကြားလိုက်ရာ မြမြဝင်း၏လက်တွင်းမှ ကျော်မင်းအောင်က . . .

"ဖေဖေစားမှစားမယ်"

ရုတ်တရက် လှမ်း၍ပြောလိုက်ရာ ရယ်သောအသံများ ပေါ်ထွက်လာပါတော့သည်။

## ဖိတ်ခေါ်ချက်နှင့် သတင်းဂယက်များ

ညဌက်တစ်ကောင်၏ တကျက်ကျက်အော်မြည်သံများကို နားထောင်ရင်း ဗိုလ်ဖေအောင်သည် ထိုနေ့အဖို့ သူ့ရှေ့မှောက်သို့ရောက်ရှိလာသည့် အရေးကြီးသောစာများကို ဖတ်ရှုလေ့လာရန် စာကြည့်ခန်းအတွင်းမှ ကုလားထိုင်ကို ဆွဲ၍၊ ညင်သာစွာထိုင်ချလိုက်သည်။

ထို့နောက် တောက်ပြောင်နေသော စာရေးစားပွဲကြီးပေါ်မှ စာအိတ်ရှည်ကြီးကို ရှေးဦးစွာဆွဲယူလိုက်ပြီး စာအိတ်အတွင်းပိုင်းအခြေအနေကို တစ်ချက်အကဲခတ်လိုက်ပြီးမှ စာအိတ်ကို ဆင်စွယ်ဓားမှောက်ကလေးဖြင့် ဖောက်လိုက်လေသည်။ အထပ်လိုက်သောလက်ရေးနှင့်တစ်မျိုး၊ လက်နှိပ်စက်ဖြင့်တစ်ဖုံ ရိုက်နှိပ်ထားသည့် စာရွက်တစ်ထပ်ကြီးကို တွေ့လိုက်ရပြီး၊ ဗိုလ်ဖေအောင်သည် အပေါ်ဆုံးအလွှာမှ လက်ရေးနှင့်ရေးသားထားသည့် သူမှတ်မိခဲ့သည့်လက်ရေးနှင့် ဟန်အမူအရာပါရှိသည့် စာတစ်စောင်ကို ဆွဲထုတ်ကာ စိတ်ပါဝင်စားစွာ စတင်၍ဖတ်ရှုလိုက်တော့သည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဖေအောင်

ခ-လ-ရ (    )

ဟုမ္မလင်းမြို့။

အစဉ်သတိရစွာဖြင့် . . .

မင်းအတော်နေနိုင်တဲ့လူပဲကွာ ဖေအောင် . . .

စာရေးရေးချင်း မင်းကိုစပြီး ငါအပြစ်တင်လိုက်ရမှာပဲ၊ ငါ့ဆီက ဒီစာနဲ့ဆိုရင် သုံးစောင်ရှိပြီ၊ မင်းဆီက ပြန်စာရနိုးနိုးနဲ့ ရေးလိုက်ရတဲ့စာတွေ၊ ငါ့အခြေအနေကို ထပ်တလဲလဲ ရေးလိုက်ရဦးမယ်၊ စစ်ရေးက တစ်ဖက်၊ နယ်ကိုအုပ်ချုပ်ရတာက တစ်ဖက်၊ ပြီးတော့ ငါမရှင်းနိုင်တဲ့ ပြဿနာတွေကို လိုက်ပြီးရှင်းရင် စိတ်ညစ်ရတာကတစ်မျိုးနဲ့ကွာ။ မင်းဆီကို ရဲဘော်ရဲဘက်ပီပီ အကူအညီတောင်းလိုက်ရပြန်ပြီဟေ့ . . . မင်း ဒီစာကိုရလျှင်ရချင်း ဆက်ဆက်လိုက်ခဲ့ဖို့ ထပ်လောင်းတိုက်တွန်းပါရစေ၊ ပူးတွဲပါ သတင်းစာဖြတ်ပိုင်းတွေနဲ့၊ ရဲတပ်ဖွဲ့က အစီရင်ခံချက်တွေ၊ ပြီးတော့ မင်းရဲ့သတင်းတို့နဲ့ နာမည်ကိုကြားကတည်းက သိပ်အားကိုးယုံကြည်နေကြတဲ့ နာဂအမျိုးသားခေါင်းဆောင်ကြီးတွေရဲ့ လက်မှတ် ကိုယ်တိုင်ထိုးပြီး အကူအညီတောင်းလိုက်တဲ့စာတွေကို တစ်လွှာစီတစ်ရွက်စီဖတ်ပြီး မင်းလုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းစဉ်နဲ့ ပြင်ဆင်မှုတွေကို ပြင်ဆင်ပြီး ငါ့တပ်ရင်းကို အမြန်ဆုံးလိုက်ခဲ့ပါ . . . ဖေအောင် . . .

ဒီစာရေးချိန်မှာ အလိုလိုအဓိပ္ပာယ်မဖော်နိုင်တဲ့ လူသေမှု၊ လူပျောက်မှုတွေတောင် ဖြစ်ပွားသွားပြီ၊ အများထင်ကြေးကလဲ လူသားစား ကျားတွေ သောင်းကျန်းမှုက ဆက်တိုက်ဆက်နေကြတယ်၊ ငါကတော့ တစ်မျိုးထင်တယ် သူငယ်ချင်း၊ မင်းရောက်မှ မင်းနဲ့ ငါ ညှိနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ကြဖို့ သတင်းတွေစုထားတယ်၊ မင်းနဲ့ ငါ ဖက်ဆစ်တော်လှန်ရေး မစမီကာလ နှစ်ယောက်သား ပျော်ပျော်ပါးပါးနဲ့ မြန်မာ့တပ်မတော်ရဲ့ တာဝန်ကို ထမ်းဆောင်ရင်း၊ ဆင်တွေ၊ ကျားတွေ ပစ်ခဲ့ရတဲ့ အတွေ့ အကြုံကနေပြီး၊ ခု လူသေမှု၊ လူပျောက်မှုတွေဟာ သိပ်သက်ာမကင်း ဖြစ်နိုင်တဲ့ အထောက်အထားတွေ ရထားမိလို့ပဲ။

တစ်နယ်လုံး သိမ့်သိမ့်တုန်နေအောင် ကျားသောင်းကျန်းမှု သတင်းတွေကိုလဲ ဖတ်ကြည့်ပေတော့ . . .

ဖေအောင် . . . ခက်နေတာက ဟုမ္မလင်းနဲ့ လူသားစစ်စစ်က နာမည်ကြီးနေတဲ့ တမန်သီနယ်နဲ့ သိပ်မဝေးလေတော့ ဒီနေရာမှာ အတွေးအခေါ် သိပ်ရင့်သန်နေတဲ့ တို့မြန်မာပြည်ထောင်စုသားတွေအဖို့ သောင်းကျန်းနေတဲ့ ကျားဟွေဟာ လူကျားတွေ၊ ဒါမှမဟုတ် သမန်းကျား တွေ ဖြစ်ရမယ်ဆိုပြီး အတိုင်းအဆမရှိစတမ်း ကြောက်ရွံ့တုန်လှုပ်နေ ကြတယ်၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းတွေတော့ ဖြောင့်ဖြောင့်မလုပ် နိုင်တဲ့ အခြေအနေမျိုး ဆိုက်ရောက်လာလို့ မင်းကို ငါ့အနေနဲ့ အားကိုး အားထားရဆုံး ရဲဘော်ပီပီ စာရေးအကြောင်းကြားလိုက်ရတာပါပဲကွာ၊ နယ်မဖွံ့ဖြိုးသေးတဲ့ နာဂတွေရဲ့ အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်တဲ့ သဘောနဲ့လဲ မင်း ဆက်ဆက်လိုက်ခဲ့စေလိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ တို့မြန်မာသခင်တွေသာမက အခြားအခြားသော ပြည်ထောင်စု တိုင်းရင်းသားတွေရဲ့ အားကိုးရာ၊ အားထားရာ၊ မှီခိုရာ ကချင်မ,လှလှ ပညာတတ်တစ်ဦးကို ရယူထားတဲ့ ပြည်ထောင်စုအချစ်တော် ဒူးဝါး ဖေအောင်ကြီး ဖြစ်နေတာကိုးကွ . . . သူငယ်ချင်းရေ။

ဆက်ဆက်အမြန်ဆုံးလိုက်လာပါ၊ ဒါမှမဟုတ်ရင် မင်းဆီ ငါ ကိုယ်တိုင် လာခေါ် ရရင် သိပ်ကောင်းမှာမဟုတ်တော့ဘူး၊ စစ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တုန်းက မင်းအအိပ်ကြီးနေတာကို ငါလာပြီးနှိုးတာ ရုတ်တရက်မနိုးတော့ ခါတ်ဆီလောင်းပြီး မင်းခြေထောက်ကို မီးရှို့နှိုးတာမျိုးမဖြစ်ချင်နဲ့ . . . ဖေအောင်"

မင်းရဲ့တော်လှန်ရေးရဲဘော်
မင်းဒင်
ဒု-ဗိုလ်မှူးကြီး

စာကို ဆုံးအောင်ဖတ်လိုက်ပြီး ဗိုလ်ဖေအောင်၏မျက်နှာမှာ ပြုံးယောင်သန်းလာသလို၊ ဂျပန်ခေတ်က ရဲဘော်ရဲဘက်များပီပီ စားအတူ၊ သွားအတူ လုပ်ကိုင်ဆောင်ရွက်အမှုထမ်းခဲ့ရပုံမှာ တရေးရေး မြင်ထင်လာပြန်တော့သည်။ သူ့အပါအဝင် စာရေးသူ ဗိုလ်မင်းဒင်တို့နှင့် မင်္ဂလာဒုံဗိုလ်သင်တန်း ပထမအပတ်တွင် ဂျပန်ဆရာတို့၏ ပါးရိုက်နားရိုက်အထဲတွင် ဖိ၍အမျိုးမျိုး အကန့်အကြောက် အရိုက်အနှက်ခံရင်း စစ်ပညာကို ရယူခဲ့ရသည့် မဟာဒုက္ခရဲဘော်ဘဝတွေကို တသီကြီး မြင်ထင်လာတော့သည်။

ထို့နောက် နာဂခေါင်းဆောင်ကြီးများ၏ လက်မှတ်ထိုးမင်၊ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် စာရွက်နှစ်ရွက်ကို အနည်းငယ် ဖတ်ရှုလိုက်ပြန်သည်။ စာ၏အကျဉ်းချုပ်အဓိပ္ပာယ်မှာ သူတို့နယ်မြေတွင် လူသားစား ကျားတစ်အုပ် သောင်းကျန်းမှုကြောင့် တောင်ယာ ပဲခင်းလုပ်ငန်းစဉ်များ ရပ်ဆိုင်းထားရမလိုဖြစ်ပြီး အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း၊ သူတို့နယ်မြေအတွင်းသို့ ပြည်ထောင်စုအစိုးရ၏ထောက်ပံ့ ပြန်နှင့် စေလွှတ်ခဲ့သည့် ကချင်အမျိုးသမီးသူနာပြုဆရာမနှစ်ဦး၊ လူဝင်မှု ဌာနမှ အရာရှိတစ်ဦးနှင့် အဖွဲ့ဝင်များမှာ လူသားစားကျားများ၏

www.burmeseclassic.com



နှောင့်ယှက်မှုကြောင့် ပျောက်ဆုံးနေပုံသတင်းများကို ဖော်ပြကာ ဗိုလ်ဖေအောင်အား သူတို့နယ်မြေသို့ မလာလျှင်မဖြစ်ကြောင်း ဖိတ်ခေါ်မေတ္တာရပ်ခံချက်စာတမ်း ဖြစ်ပါသည်။

စာဖတ်ခဲ့သူ ဗိုလ်ဖေအောင်အဖို့ မရှောင်လွှဲနိုင်သည့် ပြဿနာတစ်ရပ်အဖြစ် စိတ်ထဲတွင် လက်ခံစပြုလိုက်ရပေ၏။

တတိယစာလွှာမှာ ရဲဘော်နှင့် နယ်အုပ်ချုပ်ရေးဘက်မှ ရရှိစုဆောင်းထားသည့် သတင်းများ၊ ကာယကံရှင်များ၏ တိုင်တန်းချက်များ၊ ထောက်လှမ်းချက်များနှင့်တကွ သတင်းစာဖြတ်ပိုင်းငါးခုနှင့် နယ်တာဝန်ခံအရာရှိများ၏ အကူအညီတောင်းခံချက်များပင် ဖြစ်ပါတော့သည်။

တစ်ဖန် . .

သတင်းစာဖြတ်ပိုင်းများကို အမှတ်စဉ်အတိုင်း ဂရုတစိုက်ဖတ်ရှုလိုက်ရာ . . .

**"လူသားစားကျားများအန္တရာယ်"** ဟူသော စာလုံးမည်းကြီးများနှင့် အစချီလျက် ဟုမ္မလင်းသတင်းစာတစ်စောင်မှ . . .

ဟုမ္မလင်းမြို့နယ် အနောက်ပိုင်း စီမာလောင်း၊ နာဂရွာတွင် လွန်ခဲ့သောဆယ်ရက်ခန့်မှစ၍ အမြဲ ညစဉ် လူသားစားကျားများ သောင်းကျန်းကြလျက်၊ အထူးသဖြင့် ရွာသူရွာသားများကို ကျွဲနွားများထက် ပိုမိုနှိပ်စက်ဒုက္ခပေးလေ့ရှိကြောင်း၊ စီမာလောင်းရွာသူကြီး နာဂအမျိုးသား 'ထန်လင်းဟီး'သည် ဒီဇင်ဘာလ ငါးရက်နေ့ညတွင် သူ၏အိမ်အပြင်သို့ အခင်းထွက်၍ သွားရာတွင် ပြန်မရောက်လာ၍ ရွာသူရွာသားများက လှူစု၍ မီးတိုင်များဖြင့် လိုက်၍၊ ညချင်းရှာဖွေရာတွင် လူ့သားစားကျားအုပ်များ၏ခြေရာနှင့် သွေးကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရသည်ဆိုကြောင်း၊ ရွာသူကြီး၏အလောင်းကိုမူ ယခု
တိုင် ရှာဖွေ၍မတွေ့သေးကြောင်း။

စသည့် လူသားစားကျားများ၏ လှုပ်ရှားသောင်းကျန်းမှုသတင်း
ကို ဖတ်လိုက်ရပြီး၊ ခဲတံနီဖြင့် အထူးသတင်းမှ မှတ်ချက်ချထားသည့်
သတင်းစာဖြတ်ပိုင်းတစ်ခုကို ကောက်ကာငင်ကာ ဖတ်လိုက်ရာတွင်
အရေးကြီးသော ကြေးနန်းသတင်းဖြင့် ခေါင်းစဉ်တပ်လျက် . . .

သူနာပြုဆရာမနှစ်ဦးနှင့် လူဝင်မှုအရာရှိအဖွဲ့ဝင်များ ပျောက်
ဆုံးနေခြင်း၊ လူသားစားကျားအုပ်ကြီးက ကိုက်ချီသွားခြင်းလော ဟူသော
ခေါင်းစဉ်ကြီးများနှင့် သတင်းထူးကို စတင်ကာပင် ဖတ်လိုက်ရလေ၏။

သတင်းပိုင်းကို ဆက်၍ဖတ်လိုက်ရာတွင် ဟုမ္မလင်းမြို့နှင့်
တမန်သီမြို့ကြား အလယ်ဗဟိုတွင် တည်ရှိနေသော နတ်မှော်စခန်းတွင်
ဒီဇင်ဘာလ နှစ်ဆယ့်တစ်ရက်နေ့က ထူးခြားလှသော အရေးပါအရာ
ရောက်သည့် အစိုးရအကူတပ်များကို ကျားချီသွားသည့် တုန်လှုပ်စရာ
အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဟုမ္မလင်း လ-အ-က ရုံးသို့
သတင်းရောက်ရှိလာကြောင်း။

ထိုနေ့ည ဆယ့်နှစ်နာရီအချိန်တွင် နတ်မှော်စခန်းတစ်ဝိုက်
တွင် ထူးထူးခြားခြား ခွေးဟောင်သံများကြောင့် စခန်းရှိ အမှုထမ်း၊ အရာ
ထမ်းများ အထူးဂရုစိုက် စောင့်ရှောက်နေကြသည်ဆိုကြောင်း။ သို့ရာ
တွင် နံနက်လင်းသည့်ကာလ၌ နတ်မှော်စခန်းတွင် တာဝန်နှင့်ရောက်ရှိ
နေသည့် ဦးသိန်းဖေ ခေါင်းဆောင်သော လူဝင်မှုအရာရှိနှင့် အခြား
အရာရှိတစ်ဦး ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ နတ်မှော်စခန်းတွင်
ရှိကြသည့် အရာထမ်း၊ အမှုထမ်းများ၏ ဇနီး၊ သားသမီးများအတွက်
စောင့်ရှောက်ပြုစုရန် စေလွှတ်လိုက်သည့် ဆရာမ လှိုင်စီနှင့် လက်ထောက်
ဆရာမကလေး ကြာခွန်ကိုပါ ပျောက်ဆုံးနေသည်ကို စခန်းရဲမှူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးသိန်းမောင်တို့က တွေ့ရှိရသည်ဆိုကြောင်း၊ ပျောက်ဆုံးနေသော ပုဂ္ဂိုလ်များ၏ အိမ်ခြံတစ်ပိုက်နှင့် အိမ်ပေါက်ဝများတွင် ကျားအုပ်ကြီး၏ ခြေရာများ တွေ့ရှိရသည်ဆိုကြောင်း၊ နတ်မော်စခန်းရှိ အလုပ်သမားများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ရွာသူရွာသားများအဖို့ နေ့ခင်းတွင် အိမ်ပြင်သို့မထွက်ရဲအောင်ရှိသည့် လူသားစားကျားအုပ်ကြီးအန္တရာယ် ကြောင့် များစွာစိုးရိမ်ကြောက်ရွံ့နေကြရသည်ဆိုကြောင်း။

စသည်ဖြင့် တုန်လှုပ်စရာသတင်းဆိုးများကို ဗိုလ်ဖေအောင်က ဖတ်ရှုလိုက်ရပြီး၊ အနည်းငယ်သက်ပြင်းချလိုက်မိရှာပါသည်။

"မောင် . . . ကော်ဖီပူပူ အဆင်သင့်ရှိနေပြီ"

ဒေါက်တာနန်းရင်၏ချစ်စရာအသံ ခပ်ဝဲဝဲကလေးကြောင့် ဗိုလ်ဖေအောင်သည် သူဖတ်လက်စ သတင်းစာဖြတ်ပိုင်းများနှင့် စာများကို ဒေါက်တာနန်းရင် လက်သို့ လွှဲအပ်ပေးခဲ့ပြီး၊ အနီးရှိ ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူ့ဆီသို့ အကူအညီတောင်းချက်များနှင့် စပ်လျဉ်းသည့် ပြဿနာများ၊ သတင်းများ ကို လေးလေးနက်နက် စဉ်းစားခန်းဝင်ပါတော့သည်။

အတန်ကြာအောင် ဒေါက်တာနန်းရင်က စာရွက်စာတမ်းများ ကို ဖတ်ရှုလိုက်ပြီးနောက် . . .

"မောင့်အတွက်တော့ မလွဲမရှောင်သာတဲ့ ပြဿနာတစ်ရပ် ရောက်လာပြီပေါ့ မောင်၊ ပြည်ထောင်စုသား နာဂအမျိုးသားတွေအတွက် နန်းဖြင့် ဒီသတင်းတွေဖတ်ပြီး အလိုလိုသနားကရုဏာစိတ်တွေ ပေါ်လာ တော့တယ် မောင်၊ ဒီပြဿနာကိုသိနိုင်ဖို့ နန်းလဲ ဒီတစ်ခေါက် လိုက်ခွင့် ပြုပါ မောင်၊ တောင်းပန်ပါရစေ မောင်ရယ်"

သူမကိုယ်တိုင် လိုက်ပါဖို့အရေးအခင်းအတွက် စတင်ကာ တောင်းပန်လိုက်ရာ ဗိုလ်ဖေအောင်သည် အသာငြိမ်ငြိမ်နေပါတော့သော



www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ်ဖြင့် လက်ဝါးကာ၍ပြသလိုက်ရင်း ဆိတ်ငြိမ်စွာဖြင့် ဆက်လက်၍ နက်နက်နဲနဲ စဉ်းစားနေပြန်တော့သည်။

နာရီဝက်ခန့်ကြာမှ ဗိုလ်ဖေအောင်သည် ပက်လက်ကုလားထိုင်ပေါ်မှ တုံ့ခနဲထကာ အခန်းနံရံတွင် ချိတ်ဆွဲထားသည့် မြန်မာပြည်မြေပုံကြီးရှိရာသို့ သွားရောက်၍ နယ်မြေဒေသအခြေအနေကို လေ့လာကြည့်ရှုလိုက်ပြန်သည်။ ထို့နောက် စာကြည့်ခန်းထဲတွင် လေးငါးခေါက်လျှောက်၍စဉ်းစားပြီးကာလတွင် ဒေါက်တာနန်းရင် အသင့်စီမံထားသည့် ကော်ဖီတစ်ခွက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်ချလိုက်တော့သည်။

"နန်းရေ . . . ဟုမ္မလင်းကိစ္စဟာ သိပ်မရိုးဘူး၊ အစီပွာယ်သိပ်မမှန်ဘူး၊ လူသားစားကျားဆိုရင် အများဆုံးအုပ်ဖွဲ့ရင် နှစ်ကောင်သုံးကောင်အင်အားပဲ ရှိရမယ်၊ တစ်ညတည်း လူလေးငါးယောက်ကို အလစ်ဝင်ပြီး ဘာသံမှမကြားရဘဲ၊ အသံတစ်စုံတစ်ရာမကြားရဘဲ ဆွဲသွားတတ်ဖို့က အင်မတန်စဉ်းစားစရာဖြစ်နေတယ်၊ ကျားခြေရာတွေ တွေ့တယ်ဆိုပြန်တော့ ပိုပြီးပြဿနာကို ရှုပ်ထွေးအောင်ဖြစ်သွားပြန်တယ်"

စတင်ကာ ဟုမ္မလင်းပြဿနာကို အကိုးအကားများဖြင့် ဝေဖန်လိုက်ပြီး . . .

"ဒီ့ပြင် နိုင်ငံရေးအခြေအနေအရ စဉ်းစားစရာပြဿနာတွေပါရှိနေတော့ ဟုမ္မလင်းကိစ္စဟာ သိပ်မရိုးဘူးလို့ ပြောနိုင်ပါပြီ နန်းရယ်"

တစ်စုံတစ်ရာပြဿနာကို စဉ်းစားမိပုံဖြင့် ထပ်မံ၍ ဗိုလ်ဖေအောင်က ချစ်ဇနီးအား ပြောကြားလိုက်ပြီး . . .

"ကောင်းပြီလေ . . . မင်းဒင်ရဲ့မရမကခေါ်နေတဲ့ ကိစ္စတွေ၊ အကူအညီတောင်းချက်တွေနဲ့ သနားစရာ မနိုးကြားသေးတဲ့ နာဂအမျိုးသားတွေအတွက် မောင့်အနေနဲ့ သွားဖို့စီမံရတော့မှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရည်ရွယ်ချက်သဘောထားများကို ပြောလိုက်ပြီး ချစ်သက်ထား ဒေါက်တာနန်းရင်၏မျက်နှာကလေးကို ဗိုလ်ဖေအောင်က အင်မတန်နက်နဲလှသောအကြည့်မျိုးဖြင့်အားရပါးရစိုက်၍ ဗိုလ်ဖေအောင်၏ စူးရှထက်မြက်သော မျက်လုံးကြီးများ၏ဒဏ်ကို ဒေါက်တာနန်းရင်သည် အတော်ကလေး တင်း၍ခံလိုက်ရသလို . . .

"ဘာလဲ . . . မောင် ဘာတွေပြောချင်လို့လဲဟင်၊ မောင် ဒီလိုကြည့်တာမျိုး ဒီမြင်လူတွေအဖို့ ကြာရှည်မခံနိုင်ဘူးနော်၊ မောင် ဘာပြောချင်လို့လဲကွယ်"

ခပ်တိုးတိုးကလေး တစ်လုံးချင်းပြန်၍မေးလိုက်သည်တွင် ဗိုလ်ဖေအောင်သည် ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး . . .

"မောင် ဝေခွဲမရတဲ့ပြဿနာက နန်းအတွက်ပါပဲ၊ မောင် ချီတက်ရမယ့်ခရီးလမ်းမှာ နန်းပါဝင်ဖို့ ကောင်း,မကောင်း၊ သင့်,မသင့် ဆိုတဲ့ ဆုံးဖြတ်ပေးဖို့အချက်ပဲ"

ပြတ်သားသောအသံကြီးဖြင့် ပြောကြားလိုက်ကာ . . .

"မောင့်,စွန့်စားရမယ့်လုပ်ငန်းမှန်သမျှ နန်း အမြဲတမ်းပါစေချင်တယ်၊ နန်းရဲ့ရှေ့ထောင့်ကနေပြီး ဆေးဝါးကုသရေးမှစပြီး မှတ်စုမှတ်တမ်းများ မှတ်သားဖို့၊ ရင်းနှီးပြီး ပညာတတ်ပုဂ္ဂိုလ်တစ်ဦးလိုနေတယ်၊ နန်း . . . မောင်နဲ့လိုက်ဖို့ အင်မတန်ကိုလိုနေတာ အမှန်ပဲ၊ ဒါပေမယ့် နောက်တစ်ဆင့်တိုးပြီး စဉ်းစားပြန်တော့၊ နောက် ဒီနေရာမှာ နန်းမရှိရင် ရပ်ရွာလူထုရဲ့ကျန်းမာရေးကိစ္စကစပြီး တပည့်ကျော်တွေရဲ့ အိမ်ထောင်သည်တွေ၊ သားမယားတွေကို အုပ်ချုပ်ဖို့၊ စီမံခန့်ခွဲဖို့ကိစ္စတလဲ တကယ်လိုနေတယ်၊ ပြီးတော့ လူလားမမြောက်သေးတဲ့ ကျော်မင်းအောင်တို့ညီအစ်ကိုနှစ်ယောက်ကို ဂရုတစိုက်ထိန်းသိမ်းပေးဖို့ကလဲ လိုပြန်တယ်၊ ပြီးတော့ မောင်သွားရင် ဇော်လ ပါရလိမ့်မယ်၊ ဇော်လ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်နဲ့ သားမယားကိုလဲ နန်းအနေနဲ့ ဆက်ပြီးကြည့်ရှုစောင့်ရှောက်ရဦးမယ်၊ ဇော်လမိန်းမဟာ ရိုးတယ်၊ သစ္စာရှိတယ်၊ ဖော်ရွေတယ်၊ ဒါပေမယ့် ခေတ်ပညာကျတော့ သိပ်မမြင့်ရှာဘူး၊ အစစအရာရာ နန်းကိုတိုင်ပင်ပြီးမှ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်တယ်ဆိုတာ မောင် သိပါတယ်။

ကိုင်း . . . နန်းဖာသာ စဉ်းစားပြီး နန်း လိုက်ဖို့မလိုက်ဖို့အဖြေပေးတော့၊ မောင် ဘာမှအဆုံးအဖြတ်မပေးဘူး"

ခါးထောက်ကာ လက်တွေ့သမားကြီးက ရှင်းရှင်းနှင့်ဘွင်းဘွင်းပြောချလိုက်ပါတော့သည်။

ဒေါက်တာနန်းရင်သည် ချိုတုံချတုံဖြစ်၍နေသော မျက်နှာကလေးဖြင့် . . .

"မောင်က ခွင့်ပြုရင် နန်း ဒီမှာပဲနေရစ်တော့ဖို့ . . ."

စကားစကိုမသတ်နိုင်ဘဲ စတင်၍ပြောလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"ကောင်းတယ်၊ မောင်လဲ သဘောကျတယ်၊ ဒီခရီးလမ်းမှာမောင်လဲ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးဘူး၊ အန္တရာယ်တွေ အများကြီးရှိချင်ရှိလိမ့်မယ်၊ နန်း မလိုက်တာ အကောင်းဆုံးပဲ၊ အားနွဲ့တဲ့အမျိုးသမီးတွေကို တစ်ယောက်မှမခေါ်သွားဖို့လဲ ခုတင်က စဉ်းစားနေတုန်းမှာအဖြေပေးလာခဲ့တယ် နန်း"

ဗိုလ်ဖေအောင်သည် အဆုံးအဖြတ်ပေးလိုက်သည်တွင် . . .

ဒေါက်တာနန်းရင်က . . .

"မောင့်အမိန့်အတိုင်း နန်း နေရစ်ပါ့မယ် မောင်"

အနူးအညွတ်ဝန်ခံလိုက်ရှာပါသည်။

"တစ်ဆိတ် စကားပြောခွင့်ပေးပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမျှော်လင့်သော အမျိုးသမီးတစ်ဦး၏ အရေးတကြီးအသံကြောင့် ဗိုလ်ဖေအောင်တို့ဇနီးမောင်နှံက အသံထွက်ပေါ်လာရာ တံခါးဝသို့ လှမ်း၍ကြည့်လိုက်သည်တွင် ကန္တ့ကလျအမူအရာဖြင့် မြမြဝင်း၏မျက်နှာကလေးကို တွေ့မြင်လိုက်ကြရသည်။

တစ်လှမ်းချင်း က္ကန္ဒြေရရခြေလှမ်းကလေးများဖြင့် စာကြည့်ခန်းထဲသို့ မြမြဝင်း ဝင်ရောက်လာပြီး . . .

"ခုတင်က အစ်ကိုနဲ့ မမတို့ အချီအချ ဆွေးနွေးတဲ့စကားသံတွေ ကြားရလို့ မြမြဝင်း အိပ်မပျော်သေးတာနဲ့ အခန်းထဲက ထွက်လာခဲ့မိပါတယ်၊ အစ်ကို့ဆွေးနွေးတင်ပြချက်တွေကို မြမြဝင်း အစအဆုံးနားထောင်မိပါတယ် အစ်ကို၊ ခုလို အစ်ကို့ရဲ့အမိန့်မရဘဲ ကိုယ်နဲ့မသက်ဆိုင်တဲ့ကိစ္စကို နားထောင်မိတာ မြမြဝင်းမှာ အပြစ်ရှိပါတယ် အစ်ကိုနဲ့ မမနန်း၊ ဒါပေမယ်လို့ စွန့်စားရတဲ့ လုပ်ငန်းစဉ်နဲ့ မြမြဝင်းတို့ဆွေမျိုးသားချင်းတစ်ဦးဖြစ်တဲ့ နာဂလူမျိုးတွေရဲ့ အရေးအကြောင်းတွေကြားမိတော့ မြမြဝင်း မနေနိုင်တော့ပါဘူးဆိုတာ အစ်ကို့ကို ပြောဝံ့ပါတယ်၊ အစ်ကိုနဲ့ မမနန်းတို့ ရင်ထဲအသည်းထဲမှာ ကိန်းဝပ်နေတဲ့ ပြည်ထောင်စုသားတွေ ချစ်မြတ်နိုးတဲ့ မေတ္တာစိတ်ဓာတ်တွေကလဲ မြမြဝင်းရင်ထဲအသည်းထဲမှာ ရှိနေပါတယ်၊ ဒါဟာ အမှန်တရားသက်သေပါပဲ အစ်ကိုနဲ့ မမနန်း၊ ဒါကြောင့် နှစ်ဦးစလုံးရဲ့ရှေ့မှောက်မှာပဲ ရဲရဲဝံ့ဝံ့နဲ့တောင်းပန်ပါရစေ၊ အစ်ကိုတို့ချီတက်မယ့် ဟုမ္မလင်းနယ်မြေကို မြမြဝင်းအစ်ယောက် ကိုယ့်တာဝန်ကိုယ်ယူတဲ့သဘောနဲ့ လိုက်ပါရစေလို့ ခွင့်တောင်းပါတယ် အစ်ကိုနဲ့ မမနန်း"

ရှင်းလင်းပြတ်သားစွာဖြင့် ခိုင်မာသော သူမ၏ ယုံကြည်ချက်ကိုပါ ရှေ့တင်၍တောင်းဆိုလိုက်သော မြမြဝင်း၏အသံကလေးမှာကြည်လင်သိမ်မွေ့လှပေတကား။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်အဖို့ ရတဲ့စကားတစ်လုံးကို အလွယ်တကူမပေး တတ်သူပီပီ ပြတ်သားစွာ ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ မတ်မတ်ကြီး ရပ်ကာ စဉ်းစားနေတော့၏။

သို့ရာတွင် ဒေါက်တာနန်းရင်၏အခန်း၌မူကား . . .

"မြမြဝင်းကို နန်းရင်နေရာက ဝင်ပြီးယူနိုင်ဖို့ နန်း လေးလေး နက်နက် တောင်းခံပါတယ် မောင်"

တချီတည်းထောက်ခံအရေးဆိုလိုက်ရှာပါသည်။

ဗိုလ်ဖေအောင်သည် . . .

"မြမြဝင်း လိုက်ဖို့မသင့်ပါဘူး"

ခပ်ပြတ်ပြတ်အသံဖြင့် ကန့်ကွက်လိုက်သည်တွင် မြမြဝင်း သည် မျက်နှာကလေးပျက်သွားရှာပြီး . . .

"ဘာဖြစ်လို့လဲ အစ်ကို၊ အကျိုးအကြောင်း တစ်ဆိတ်သိပါ ရစေ အစ်ကိုရယ် . . ."

ဝမ်းနည်းတဲ့အသံကလေးများဖြင့် ထပ်မံ၍တောင်းပန်လိုက် ရာ . . .

"ခု အစ်ကိုတို့သွားရမယ့်နေရာဟာ သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ်ရှိသလို၊ အစ်ကို ကြိုတင်စဉ်းစားမိတာက နာဂတွေရဲ့အန္တရာယ် ကလဲ ရှိတယ်၊ ပြဿနာသိပ်မသေးဘူး၊ နောက် မြမြဝင်း ဟိုတုန်းက အစ်ကိုတို့အနေနဲ့ မြမြဝင်းကို သေတွင်းက လိုက်ကယ်တင်ခွင့်ရတာက တစ်မျိုး၊ ခုကိစ္စမှာ တကယ့်အကြံအစည်နဲ့စီမံထားတဲ့ ရန်သူ့နယ်မြေ ရန်သူ့တောင်ချောက်တွင်းကို ကိုယ့်အသက်တွေ စတေးခံပြီး ကံချွန်မှ သတ္တိခပ်ရှိရှိ ရဲဘော်အားကိုးနဲ့ သွားရတာ တစ်မျိုးစီ၊ နောက် စဉ်းစား မိရဲ့လား မြမြဝင်း၊ ပြန်လမ်းရှိချင်မှရှိမှာဗျ၊ နိမိတ်နဲ့ အတိတ်တို့ဆိုတာ အစ်ကို့အနေနဲ့ နည်းနည်းမှယုံကြည်တဲ့လူစားမဟုတ်လို့ ခုလိုပြောင်ဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောလိုက်ရတာပါလေ၊ ယောက်ျားရင့်မကြီးတွေတောင် ပြန်လမ်းမရှိတဲ့ခရီးလမ်းမှာ မြမြဝင်ကို ခုနယ်ထဲ အမျိုးသမီးတစ်ဦးထီးထီးငုတ်ငုတ် တစ်ယောက်တည်းပါလာရင် ကောင်း,မကောင်း၊ သင့်,မသင့်ကို မြမြဝင်းပဲ ဝေဖန်ဆုံးဖြတ်ပါတော့လေ"

လက်တွေ့သမားကြီးပီပီ ဗိုလ်ဖေအောင်က ပြုံးရယ်ရင်း ခပ်ဘွင်းဘွင်းနှင့် ခပ်ပြတ်ပြတ်ပြောလိုက်ပြန်ပါသည်။ သာမန်ပုဂ္ဂိုလ်တို့အဖို့ ဗိုလ်ဖေအောင်၏စကားနိဂုံးကို မည်သို့မျှပင် ပြန်ချေပ,ရန် စောဒကတက်ရန် အခွင့်အလမ်းမရှိတော့ချေ။ သို့ရာတွင် အင်မတန်မှတ်ဉာဏ်ကောင်းလှသော မြမြဝင်းသည် အစဉ်ပြုံးရွှင်သောမျက်နှာကလေးဖြင့် သူမခေါင်းကလေးကိုကော့၍ အားပြုလိုက်ပြီး . . .

"မြမြဝင်းအနေနဲ့တော့ အစ်ကို ပေးအပ်ခဲ့တဲ့ ကတိစကားကို အကြွင်းမဲ့ယုံကြည်ခဲ့လို့ ခုလိုလိုက်ဖို့ခွင့်တောင်းတာပါပဲ"လို့ ပြန်၍အရေးဆိုလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"ဆိုစမ်း . . . အစ်ကို ဘယ်လိုကတိပေးခဲ့သလဲ မြမြဝင်း"

အံ့အားသင့်သွားပုံဖြင့် ပြန်၍မေးလိုက်ရာ မြမြဝင်းသည် . . .

"တိဘက်ပြည်ကအပြန် လေယာဉ်ပျံပေါ်မှာ တစ်ယောက်တည်းမို့ နောက်ထပ် စွန့်စားခန်း, စွန့်စားစရာပေါ်လာရင် မြမြဝင်းအတွက် အစ်ကိုနဲ့အတူ စွန့်စားစရာပြဿနာများပါဝင်နိုင်ရင် အစ်ကိုအသိပေးမယ်ဆိုတဲ့ကတိလေ"

ခပ်ပြုံးပြုံးမျက်နှာကလေးဖြင့် မြမြဝင်းက ပြောလိုက်ရင်း . . .

"ဘယ့်နဲ့လဲ အစ်ကို၊ မှတ်မိရဲ့မဟုတ်လား၊ မြမြဝင်း ကြားဘူးပါတယ်၊ အစ်ကိုဟာ ပေးအပ်တဲ့စကားတစ်ခွန်း ကတိတစ်လုံးကို သိပ်တန်ဖိုးထားတယ်ဆိုတဲ့ သတင်းဟာ မှန်ပါပေလို့ မြမြဝင်း ရင်ထဲကကြိတ်ပြီးဆုတောင်းလိုက်ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်အဖို့ အင်းခနဲအသံကြီးဖြင့် သက်ပြင်းချသံကြီး ထွက်ပေါ်လာပြန်ပါသည်။ ဒေါက်တာနန်းရင်ကလည်း . . .

"လိုက်ပါစေ မောင်ရယ်၊ မြမြဝင်းလဲ ခေတ်ပညာမှာ ထိပ်တန်းက တတ်ကျွမ်းတဲ့ အမျိုးသမီးတစ်ဦးပဲ မဟုတ်လား၊ မှတ်စုမှတ်စရာကိစ္စတွေနဲ့ ဘူမိဗေဒဘက်ဆိုင်ရာမှာ စိတ်ချရတဲ့ အမျိုးသမီးအဖြစ် တိဘက်နယ်စပ်အရေးမှာလဲ လက်တွေ့ပဲမဟုတ်လား၊ အစ်ကိုတို့အနေနဲ့ အဘက်ဘက်ပြဿနာတွေကို ချက်ချင်းအောင်မြင်နိုင်ခဲ့တဲ့ အရည်အချင်းတွေရှိပြီးသား မဟုတ်လားမောင်"

ဝင်ရောက်၍ အကြောင်းအကျိုးပြကာ တိုက်တွန်းလိုက်ရာ-ဗိုလ်ဖေအောင်သည် . . .

"ကောင်းပြီလေ မြမြဝင်း၊ အစ်ကိုပေးခဲ့တဲ့ကတိစကားကို အစ်ကိုစောင့်ရှောက်ရသေပါတယ်လေ၊ မြမြဝင်း လိုက်နိုင်ပါတယ်၊ ဖြစ်လောက်တဲ့အသက်ဘေးအန္တရာယ်ကိစ္စမှန်သမျှကို ကိုယ့်တာဝန်ကိုယ် ယူကြရလိမ့်မယ်၊ ရှင်းရှင်းပဲပြောလိုက်ပါရစေ"

"စိတ်ချပါ အစ်ကို။ မြမြဝင်း အားလုံးပြဿနာတွေကို တာဝန်ယူတယ်၊ သွေးမကြောင်တဲ့ မြန်မာမတစ်ဦးပါ အစ်ကို"

ခပ်တိုးတိုးလေသံကလေးဖြင့် မြမြဝင်းက ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ချင်းတွင်းကိုဆန် ကျားရန်ကိုဖြိုခွင်း

နန်းဟောဝန်ခြံကြီးအတွင်း လှုပ်လှုပ်ရွရွနှင့် အလုပ်လုပ်နေကြပါပြီ။

ဒူးဝါးဇော်လသည် ပြုံးရွှင်သောမျက်နှာထားကြီးဖြင့် မြမြဝင်းအား သူ၏ချစ်ဇနီးနှင့် ရင်းရင်းနှီးနှီးမိတ်ဆက်ပေးခဲ့ပြီးနောက် ဗိုလ်ဖေအောင်နှင့် ရဲဘော်ဟောင်းတို့လူစုဆီသို့သွား၍ . . .

"ဒီတစ်ခါမှ အမဲကြီးတွေ၊ ဘင်္ဂလားကျားကြီးတွေကို အားရပါးရ ပစ်ရမှာကွ၊ အရင်တစ်ခေါက်တုန်းက သေနတ်သံ လေးငါးချက်ကြားရပြီး၊ လက်ယားမပြေခင် ပြန်လာခဲ့ရလို့ ငါ့စိတ်ထဲမှာ မချင့်မရဲဖြစ်နေခဲ့တာဟေ့"

သူတို့ခရီးတက်ရမည့် အစီအစဉ်များကို ဝမ်းသာအားရစွာဖြင့် အော်ဟစ်ပြောချလိုက်သည်။ ဗိုလ်ဖေအောင်သည် ကြေးနန်းစာတစ်စောင်ကို ကောက်ကာငင်ကာ ရေးလိုက်ရင်း . . .

"ဂျီအောင် . . . ကားတစ်စီး အသင့်ထုတ်ထားပါ၊ ပေးလိုက်တဲ့ ကြေးနန်းစာကို လားရှိုးသွားပြီးရိုက်ပေတော့"

စတင်ကာ ဗိုလ်မှူးကြီးမင်းဒင်တို့ထံသို့ပို့ရန် ကြေးနန်းကို အပြီးရေးသားလိုက်ပြန်ပါသည်။

**ပါတီဝင်အဖွဲ့ဝင်များ အမြန်လာဖို့စီစဉ်နေသည်။**
**ဖြစ်ပွားရာဒေသတစ်လျှောက် သတင်းအတိအကျ**
**ကြိုတင်စုံစမ်း၊ ခြေရာလက်ရာမပျက်စေနဲ့၊ နာဂ**
**ခေါင်းဆောင်များကို ဤသတင်းပြောကြားလိုက်၊**
**ဗိုလ်ဖေအောင်**

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com



ဟူသော ကြေးနန်းရိုက်ရန်စာကို ဂျီအောင်က ဗိုလ်ဖေအောင်ထံမှ ရှိသေစွာယူဆောင်ခဲ့ပြီး တိုက်အပြင်ဘက်ရှိ အရန်သင့်ရပ်ထားသည့် လင်းရိုဗာကားဆီသို့ အပြေးထွက်သွားတော့သည်။

"လှအောင်၊ ခွန်ဆူ၊ လမန်းနော်၊ လောရှူ လေးယောက် ငါ့ဆီလာကြစမ်းဟေ့"

လှမ်း၍အမိန့်ပေးလိုက်ရာ သွက်လက်စွာဖြင့် ရဲဘော်လေးဦးသည် ဗိုလ်ဖေအောင်ရှေ့မှောက်တွင် ညီညီညာညာရင်ဘောင်တန်း၍ ရပ်လိုက်ကြသည်။

"အားလုံးအသင့်ပါ ဗိုလ်ကြီး"

မောင်လှအောင်က ဦးဆောင်၍ သတင်းပို့လိုက်ရာ မြေပုံကြီးဆီသို့ အာရုံစိုက်နေသည့် ဗိုလ်ဖေအောင်သည် . . .

"ကောင်းပြီ . . . ထိုင်ကြ . . ."

အမိန့်ပေးလိုက်ပြီး . . .

"ချီတက်ရေးအဖွဲ့မှာ အဖွဲ့ငယ်လေး ဖွဲ့ဖွဲ့ပြီးထားတယ်၊ မင်းတို့လေးဦးက ငါပေးအပ်တဲ့တာဝန်တွေကို အတိအကျယူကြရမယ်"

အစချီကာ စနစ်ကျသော အစီအစဉ်အရ လုပ်ငန်းစဉ်ကိုခွဲခြား၍ပြောပြကာ တာဝန်စတင်ပေးအပ်လိုက်ပါသည်။

"လှအောင်နဲ့ တို့ဒုတိယခေါင်းဆောင် ခွန်ပန်းတို့ဦးစီးတဲ့တပ်ဖွဲ့က လက်နက်ခဲယမ်းမီးကျောက်နဲ့ ဆေးဝါးတွေကို တာဝန်ယူရမယ်၊ ခွန်ဆူးနဲ့ လဂျီဆန်းတို့က ရိက္ခာနှင့် နေရေးထိုင်ရေး၊ စခန်းချရေးအတွက် တာဝန်သပ်သပ်ယူကြရမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ သိပြီ . . . စိတ်ချပါ ဗိုလ်ကြီးခင်ဗျား"

သွက်လက်စွာဖြင့် ပြောကြားသံများ ပေါ်ထွက်လာကြသည်။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"လောရှုနဲ့ ကုန်းဘားတို့အဖွဲ့က ခရီးလမ်းမှာ လမ်းပြကောင်း ကောင်းရှာဖို့အတွက် တာဝန်ယူရမယ်"

"အေး . . . ကောင်းပြီ ဗိုလ်ကြီး၊ တို့ . . . သိပြီ"

လောရှုသည် ကျေနပ်စွာဖြင့် ပြောကြားလိုက်ပြန်သည်။

"လပန်နော်နဲ့ သာဂရတို့အဖွဲ့က ဆက်သွယ်ရေးတပ်တွေနဲ့ ကျန်တဲ့အဖွဲ့ဝင်တွေကို အုပ်ချုပ်ကြရမယ်၊ ကြားရဲ့လားဟေ့"

ဗိုလ်ဖေအောင်က ဖောင်တိန်တစ်ချောင်းနှင့် စာအုပ်တွင် ရေးမှတ်ရင်းပြောလိုက်ရာ . . .

"သိပါပြီ ဗိုလ်ကြီးဒူးဝါး"

တာဝန်ယူရမည့် ရဲဘော်နှစ်ဦးက သံပြိုင်ခပ်ကျယ်ကျယ် ပြောကြားလိုက်ကြသည်။

"ကောင်းပြီ၊ မင်းတို့ လက်ရှိစာရင်းတွေနဲ့ နောက်ထပ်ထုတ် ရမယ့် ကျန်ရိက္ခာ၊ ဆေးဝါး၊ မိုးကာတဲစာရင်းတွေ၊ ဓာတ်ဆီစာရင်းတွေ လုပ်ပြီး ငါ့ဆီကို နက်ဖြန်နံနက် ဆယ်နာရီအရောက် ပို့ကြ၊ ခွန်ဆူးနဲ့ လဂျီဆန်းတို့က တို့တစ်တွေမှာ ဖိနပ်တွေ စုံ့မစုံ၊ အနွေးထည်တွေ အရန် သင့် ရှိ့မရှိ ပြန်စစ်ကြ၊ မင်းတို့အားလုံး သွားနိုင်ကြပြီ"

ဗိုလ်ဖေအောင်က သွားခွင့်ပြုလိုက်လေသည်။

"တို့နည်းနည်းနောက်ကျသွားတယ် ဇော်လ၊ ငါလဲ ကိုယ့်ကိစ္စ တွေ မပြီးသေးလို့ ခပ်ဆိုင်းဆိုင်းလုပ်နေမိတာ ဗိုလ်မှူးမင်းဒင် ငါ့ကို စိတ်ဆိုးတဲ့စာတွေ ရေးလိုက်တယ် ဇော်လ"

ဗိုလ်ဖေအောင်သည် တရုတ်လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့ရာမှပြောလိုက်ရာ ဒူးဝါးဇော်လသည် . . .

"သွားမှကောင်းမှာပေါ့ကွ ဖေအောင်၊ တို့ကိုအားကိုးလို့ ခဏ ခဏလှမ်းမှာနေတာကို၊ ရာသီဥတုအခြေအနေကလဲ မဆိုးဝါးတော့ပါ ဘူးလေ၊ နွေဘက်ရောက်လာပြီဥစ္စာပဲ"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"အနွေးထည်အပိုယူလာဖို့ ငါပြောပြီးပြီ၊ တရုတ်ပြည်နယ်စပ်လောက် မချမ်းပေမယ့် ရခိုင်ရိုးမနယ်မြေလဲ အတော်ချမ်းတယ်၊ ဂျပန်ခေတ် ဗမာ့တပ်မတော်တုန်းက တို့ရဲဘော်တွေ တောင်ကုတ်တစ်လျှောက်ကို ရောက်ခဲ့ရသေးတယ်"

သူတို့၏ဗမာ့တပ်မတော်ကြီးရာဇဝင်တစ်လျှောက်တွင် အမှုထမ်းရင်း ရောက်ရှိခဲ့ရသည့် နယ်ပယ်များအကြောင်းကို ထည့်သွင်းပြောဆိုလိုက်ပါသည်။ ငါးရက်ခန့်အချိန်ကာလအတွင်း ပြင်ဆင်စရာကိစ္စများ ပြင်ဆင်နေကြသလို၊ မြမြဝင်းအနေဖြင့် စာရင်းအင်းများကို ကြပ်မတ်ကိုင်တွယ်သော တာဝန်ဝတ္တရားများကို လုပ်ဆောင်နေရပေသည်။

ခုနစ်ရက်မြောက်သောနေ့တွင် ဟုမ္မလင်းစခန်းရှိ ဗိုလ်မှူးမင်းဒင်ဆီမှ သံကြိုးစာတစ်စောင် ပြန်လည်ရရှိခဲ့လေသည်။

**ဗိုလ်တင်ငွေနှင့် အထူးသယ်ယူရေးသဘော်**
**မုံရွာသို့ ၂၇ ရက်နေ့အရောက် စေလွှတ်ပြီး**
**အသင့်စောင့်ကြို**

**မင်းဒင်**

ဟူသော ခပ်တိုတိုနှင့်လိုရင်းအဓိပ္ပာယ်ပါသည့် ကြေးနန်းစာကို ဗိုလ်ဖေအောင်က ဖတ်လိုက်ရပြီး၊ သူတို့လူစု ချီတက်မည့်ပစ္စည်းများနှင့် လူအင်အားအတွက် ကားအစီးအရေအတွက်ကို တွက်ချက်လိုက်ရပေ၏။

"ဇော်လ . . . တို့ ပစ္စည်းကိရိယာအစုံအလင် ယူသွားရင် ပိုကောင်းမယ်ကွ၊ ကိုယ့်ပစ္စည်းနဲ့ကိုယ်ဆိုတော့ အားမနာရတော့ဘူးပေါ့ကွာ၊ မင်းသဘောက ဘယ်လိုရသလဲ ဇော်လ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်က မြေပုံချပ်ကြီးများကိုထပ်ကာ ဖိုင်တွဲအတွင်းသို့ ထည့်သွင်းလိုက်ရင်း တိုင်ပင်လိုက်ရာ . . .

"ကောင်းတာပေါ့ ဖေအောင်၊ တို့ပရိသတ်ကလဲ တပ်စုတစ်စု တင်းတင်းရှိနေတယ်မဟုတ်လား၊ ရိက္ခာအခြေအနေတွေနဲ့ ကြာကြာခံမယ့် အစားအသောက်တွေ များများဆွဲခဲ့ဖို့ လိုမယ်၊ နာဂနယ်မြေမှာ အစားအသောက် သိပ်ရှားတယ်လို့ ကြားရတယ်"

အကြံပေးလိုက်ပြန်ပါသည်။

သုံးရက်မြောက်သောနေ့ နံနက်ပိုင်းတွင် ဗိုလ်ဖေအောင်၊ ဇော်လ၊ မြမြဝင်းတို့ဦးဆောင်သော အဖွဲ့ဝင်များသည် လင်းရိုဗာကားနှစ်စီး၊ ထရပ်ကားနှစ်စီးကို မောင်းနှင်ကာ လားရှိုး-မန္တလေးကားလမ်းမှ တစ်ဆင့် မန္တလေးသို့ ဆင်းလာခဲ့ကြပြီး၊ တစ်ဖန် မန္တလေးမှ မုံရွာမြို့ဆီသို့ တရိပ်ရိပ်မောင်းနှင် ခရီးထွက်လာခဲ့ကြသည်ကို တွေ့မြင်လိုက်ရပေ၏။

ညနေ ခြောက်နာရီခန့်တွင် မုံရွာမြို့သို့ တန်း၍ဝင်ရောက်နိုင်ခဲ့ပြီး၊ မြစ်ဆိပ်ဆီသို့ တချိုးတည်းမောင်းနှင်ခဲ့သည်တွင် မြစ်ဆိပ်၌ အဆင်သင့်ဆိုက်ကပ်ထားသည့် 'မုဆိုးကြီး'အမည်ရှိ သင်္ဘောတစ်စင်းကို တွေ့လိုက်ရပြီး၊ ဆိပ်ကမ်းပေါ်သို့ အရေးတကြီးဆင်းလာသည့် ဗိုလ်အဆင့်အတန်းရှိသော မြန်မာ့တပ်မတော်မှ အရာရှိတစ်ဦးနှင့် တပ်ကြပ်နှစ်ဦးတို့ကို ဗိုလ်ဖေအောင်တို့က တွေ့မြင်လိုက်ရပေ၏။

"ကျွန်တော် လက်ဖနင်-တင်ငွေ ဖြစ်ပါတယ်၊ ဗိုလ်မှူးမင်းဒင်က အကြိုလွှတ်လိုက်တဲ့အဖွဲ့ပါခင်ဗျား"

သူကပင် စတင်၍ ဗိုလ်ဖေအောင်တို့လူစုရှိရာသို့ ချဉ်းကပ်လာကာ နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဗိုလ်တင်ငွေ . . . ကျုပ်က မေအောင်ပါ၊ ဟောဒါက ဒူးဝါးဇော်လနဲ့၊ ဟောဒီအမျိုးသမီးက ဒေါ်မြမြဝင်း ဖြစ်ပါတယ်"

ဗိုလ်ဖေအောင်က သူတို့အဖွဲ့ခေါင်းဆောင်များ၏နာမည်နာမများကို ဖော်ထုတ်ကာ ဗိုလ်တင်ငွေအား မိတ်ဆက်ပေးလိုက်ရပေ၏။ ဗိုလ်တင်ငွေသည် ဗိုလ်ဖေအောင်အား ရိုသေလေးစားမှုအနေဖြင့် ခြေစုံရပ်ကာ အလေးပြုလိုက်ပြီး . . .

"ဗိုလ်ကြီးလိုရာခိုင်းစေဖို့ ကျွန်တော် တာဝန်ယူပါရစေ . . . ဗိုလ်ကြီးရဲ့သတင်းဟာ မြန်မာပြည် တောင်ကြိုတောင်ကြားပါမကျန် အောင် ကျော်ကြားကြီးမားပါပေတယ်၊ ဗိုလ်မှူးအနေနဲ့ ဗိုလ်ကြီးတို့အလိုရှိတာတွေ မဆိုင်းမတွ လုပ်ကိုင်ပေးအပ်ဖို့ ကျွန်တော်နဲ့အဖွဲ့ဝင်များကို ဗိုလ်ကြီးအုပ်ချုပ်မှုအောက်ကို ပေးအပ်ပါရစေခင်ဗျား"

ဗိုလ်ဖေအောင်သည် အေးဆေးသောမျက်နှာဖြင့် . . .

"ကျေးဇူးတင်ပါတယ် ဗိုလ်တင်ငွေ၊ ကျွန်တော့်ရဲဘော်တွေ ပစ္စည်းတွေကို သင်္ဘောပေါ် ဒီနေ့ည အရောက်တင်ပေးပါလိမ့်မယ်၊ မနက်အစော သင်္ဘောထွက်နိုင်အောင် စီမံပေးဖို့လိုပါတယ်၊ ဗိုလ်မှူးမင်းဒင် သိပ်မျှော်နေတော့မယ်"

ပြောကြားလိုက်ပြီး သူ၏ရဲဘော်များအား ကားနှစ်စီးပေါ်မှ တင်ဆောင်လာသည့် လက်နက်ပစ္စည်း ကိရိယာရိက္ခာများကို မုဆိုးကြီး သင်္ဘောပေါ်သို့ လူအင်အားနှင့်ချီ၍ ရွှေ့ပြောင်းတင်ဆောင်စေလိုက်သည်။

ဗိုလ်တင်ငွေနှင့်အဖွဲ့ဝင်များသည် ညစာစားသောက်ရေးအတွက် သင်္ဘောပေါ်တွင် အသင့်ပါရှိလာသည့် ထမင်းဟင်းများကို အမြန်စီစဉ်စေပြီး၊ ဗိုလ်ဖေအောင်အား . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သင်္ဘောအလုပ်သမားတွေကို သယ်ယူခိုင်းရင် ဖြစ်ပါတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးရဲဘော်တွေ သိပ်ပင်ပန်းနေပုံမပေါ်ခင်ဗျား"

စတင်ကာ တောင်းပန်လိုက်ရာ ဗိုလ်ဖေအောင်က . . .

"ဒီလိုသယ်ယူပို့ဆောင်ရေးကိစ္စမှာ ကျွန်တော့်ရဲဘော်တွေကို သပ်သပ်ခိုင်းစေတာက ကျွန်တော်တို့ယူဆောင်လာတဲ့ ပစ္စည်းအမျိုးအမည်တွေကို ကျွန်တော်တို့ရဲဘော်တွေသာ သိကြတော့၊ ဒီပြင်က အကြောင်းမသိတဲ့ အလုပ်သမားတွေ သယ်ယူခိုင်းရင် ထိခိုက်ပျက်စီးသွားမှာစိုးလို့ပါ ဗိုလ်တင်ငွေ"

ဖြေရှင်းပြောပြလိုက်ပြီး . . .

"လာဗျာ . . . သင်္ဘောအထက်ထပ်မှာတက်ပြီး စကားပြောကြရအောင်"

ဗိုလ်ဖေအောင်က ခေါ်ယူကာ လေးဦးသား လေတဟူးဟူးတိုက်ခတ်နေသည့် သင်္ဘောအထက်ထပ်တွင် ကြိမ်ကုလားထိုင်များဖြင့် ထိုင်ရင်း မြန်မာပြည်၏ ပူပြင်းလှသော ရာသီဥတုဒဏ်ကို လေပြေအေးဖြင့် အစားထိုးဖြေရှင်းရင်း စကားပြောဆိုနေကြလေသည်။

သင်္ဘောပေါ်တွင် အပြီးလိုက်ပါလာသော စားပွဲထိုးလေးဦးသည် ပင်မှည့်ဘိလပ်ရည်၊ သစ်သီးမျိုးစုံ၊ အားလူးကြော်များဖြင့် ဝိုင်းဝိုင်းလည်အောင် ဧည့်ခံပြုစုရင်းနေကြသလို၊ ဗိုလ်ဖေအောင်သည် စပို့ရှပ်တစ်ထည်ကိုဝတ်လျက် ဒူးဝါးဖော်လအဖို့ စွပ်ကျယ်လက်ပြတ်တစ်ထည်နှင့် မြမြဝင်းအဖို့ နံ့သာရောင်ပိုးအင်္ကျီကလေး ဝတ်ဆင်ကာ အတော်နေသားထိုင်သားကျနေသည့်အဖြစ်ကို တွေ့ရပေ၏။

"ကျွန်တော်တို့ ကားလေးစီးကို ဘယ်မှာအပ်ခဲ့ရမလဲ ဗိုလ်တင်ငွေ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်က သူတို့ကားလေးစီးကို စိတ်ချလက်ချ အိပ်နိုင်ရန် နေရာကိုမေးမြန်းလိုက်ရာ . . .

"မုံရွာမှာရှိတဲ့ တပ်ရင်းကိုအပ်ခဲ့တဲ့၊ ဗိုလ်မှူးက ကြေးနန်းနဲ့ ကြိုတင်အကြောင်းကြားထားပါပြီ ဗိုလ်ကြီး၊ စိတ်ချပါ . . . သူတို့အားလုံး တာဝန်ယူကြပါလိမ့်မယ်"

ဗိုလ်ဖေအောင်ကို အာမခံချက်နှင့်ပြောကြားလိုက်ပြီး . . .

"နောက်ထပ်နာဂရွာတွေမှာ ကျားတွေထပ်ပြီးဆွဲကြပါတယ် ဗိုလ်ကြီး၊ ခေတ်ပျက်သလိုဖြစ်နေတဲ့ အရေးအခင်းကြောင့် ဗိုလ်ကြီးတို့ အလာကို တပ်ရင်းမှူးက သိပ်မျှော်လင့်နေပါတယ်ခင်ဗျား"

ဗိုလ်ဖေအောင်သည် ပင်မှည့်ရည်ဖန်ခွက်ကို ကိုင်လျက် လေးနက်စွာစဉ်းစားနေရာမှ . . .

"ကျားဆွဲတဲ့နေရာတွေမှာရှိတဲ့ ဂျပန်ရစ်ခဲ့တဲ့နေရာတွေနဲ့ အိမ်တွေကို ခြေရာလက်ရာမပျက်ဖို့ အရေးကြီးတယ် ဗိုလ်တင်ငွေ၊ ရှိမှရှိပါဦးမလား၊ ဗိုလ်မှူးမင်းဒင်ဆီတော့ ကြေးနန်းနဲ့ရိုက်ပြီး အကြောင်းကြားထားခဲ့တယ်၊ ကျုပ်အနေနဲ့တော့ သိပ်မသင်္ကာချင်ဘူးဗျို့ . . . ဟား . . . ဟား . . . တောထဲက ကျားမဟုတ်ဘဲ လူကျားဖြစ်နိုင်စရာအကြောင်းတွေ စဉ်းစားမိလို့ပဲ ဗိုလ်တင်ငွေ"

ဗိုလ်ဖေအောင်၏ပါးစပ်မှ အင်မတန်အံ့သြစရာစကားများ ထွက်ပေါ်လာမှုကြောင့် ဒူးဝါးဇော်လကရော၊ မြမြဝင်းနှင့် ဗိုလ်တင်ငွေတို့၏မျက်နှာတွေမှာ များစွာအံ့အားသင့်သွားကြောင်းအမူအရာတွေ ပေါ်လာတော့၏။

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ခြေရာလက်ရာတွေမပျက်အောင် ဗိုလ်မှူးကြီး အားလုံးစီစဉ်ကာကွယ်ထားပါတယ်၊ သူလဲ ဗိုလ်ကြီးလို ကျားဆွဲတဲ့ ကိစ္စကို သိပ်မသင်္ကာဘူးလို့ ကျွန်တော်တို့ကို ပြောဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင်ငွေက ပြောကြားလိုက်သည်။

"ကောင်းပြီလေ . . . အချင်းဖြစ်ပွားတဲ့နေရာတွေ ကိုယ်တိုင်ရောက်ရင် ပိုပြီးသံသယရှင်းသွားမှာပါပဲ၊ ကျားတွေ၊ ဆင်တွေနဲ့ တစ်သက်လုံး ပစ်လားခတ်လားလုပ်ကိုင်လာတဲ့လူတစ်ယောက်ပဲ၊ ကျားအကြောင်း၊ ကျားဆိုးဓလေ့တွေကို ကျကျနနကြီးသိခဲ့တဲ့အချက်တွေကိုထောက်ပြီး၊ ဟူမွလင်းနယ်မှာ ဖြစ်ပွားတဲ့ကိစ္စဟာ မရိုးဘူးလို့ ခေါင်းထဲမှာ သံသယအဖြေတွေ ပေါ်ခဲ့တယ်"

စတင်ကာ သူ သံသယရှိခဲ့ပုံများကို နိဒါန်းပျိုးလိုက်ပြီး . . .

"ဟုတ်တယ် ဇော်လ၊ ဘယ်လိုကျားဖြစ်ဖြစ် . . . လူသားစားတဲ့ ကျားဆိုးပဲဖြစ်ဖြစ်၊ ဂုဏ်ဒြပ်ရှိတဲ့လူ၊ အာဏာရှိတဲ့လူနဲ့ ရွာအလယ်မှာ နေတဲ့လူကို ဘယ်ကလာ ရွေးချီရသလားကွာ . . . လူသားစားကျားဟာ ရွာစွန်ရွာဖျားမှာနေတဲ့လူ၊ ချောင်ကျကျနေတဲ့အိမ်တွေကလူကို အလစ်ချောင်းပြီး ဆွဲလေ့ရှိတယ်၊ ခုကြားရတဲ့သတင်းအတိုင်းဆိုရင် အဓိပ္ပာယ်တစ်မျိုးစီ ဖြစ်မနေဘူးလား၊ ဒါ စဉ်းစားစရာအချက်တစ်ချက်ထဲမှာ ပါတယ် မြမြဝင်း"

ဗိုလ်ဖေအောင်က သူ၏ထင်မြင်ချက်နှင့်ယူဆပုံများကို ပြောပြလိုက်ရာ . . .

မြမြဝင်းကလည်း ခေါင်းကလေးညိတ်လျက် . . .

"ခိုင်လုံတဲ့အကြောင်းအချက်တွေပါပဲ အစ်ကို၊ လူကျားပဲဖြစ်ဖြစ်၊ တကယ့်ကျားအစစ်ပဲဖြစ်ဖြစ် အစ်ကိုတို့ဦးဆောင်တဲ့အဖွဲ့နဲ့ ရင်ဆိုင်ရရင် အမြန်ဆုံး အစစ်အမှန်အဓိပ္ပာယ်ပေါ်သလို၊ မုချရှင်းလင်းပြီး ကျွန်မတို့ သေနတ်ပြောင်းဝအောက်မှာ စင်းစင်းကျဆုံးရမယ်ဆိုတာ မြမြဝင်းလက်ဦးမဆွကတည်းက ယုံကြည်ထားတယ်"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာသောအသံကလေးဖြင့်ပြောလိုက်ရာ ဒူးဝါးဖေအောင်သည် ကျေနပ်နှစ်သက်စွာဖြင့် မြမြဝင်း၏ နှုတ်မှဖွင့်ဟချက်ကို ထောက်ခံသောအားဖြင့် . . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ မှန်တယ်၊ သားကောင်ပဲဖြစ်ဖြစ်၊ ဘယ်လောက်ကြီးတဲ့အကောင်ပဲဖြစ်ဖြစ်၊ ကျုပ်တို့သေနတ်တွေနဲ့ တွေ့ရင်ဖြင့် အသက်ထွက်သွားစေရမယ်"

အားတက်သရောထောက်ခံလိုက်ပါသည်။

အေးမြသာယာသော ညနေခင်းကို အမှောင်ထုက စတင်ကာလွှမ်းခြုံ၍ ညဉ့်ဦးယံအခြေသို့ ဖန်တီးလိုက်ပေပြီတကား။

တဖျတ်ဖျတ်ရေလှိုင်းခတ်သော ချင်းတွင်းမြစ်ရေစီးသံများကို ဗိုလ်ဖေအောင်တို့လူစုက လေတဟူးဟူးတိုက်ခတ်နေသည့်အခင်းများပေါ်တွင် အိပ်စက်ကာ အနားယူခဲ့ကြပေပြီတကား။

နံနက်ငါးနာရီအချိန်တွင် သင်္ဘောစက်နှိုးသံများ တညံညံပေါ်ထွက်လာပြီးနောက်ပိုင်းတွေ "မုဆိုးကြီး"သင်္ဘောသည် မုံရွာဆိပ်ကမ်းမှ အထက်သို့ စတင်ကာ ဆန်တက်ခုတ်မောင်းခဲ့လေသည်။

နံနက်(၇)နာရီအချိန်တွင် ဗိုလ်ဖေအောင်တို့လူစုသည် သင်္ဘောအလယ်ထပ် စားသောက်ခန်းတွင် လေးဦးသား နံနက်စာကို စတင်စားသောက်လိုက်ကြသည်။ ဗိုလ်ဖေအောင်၏ရဲဘော်များကို ဗိုလ်တင်ငွေ၏ စီမံမှုကြောင့် နံနက်ခြောက်နာရီအချိန်ကပင် လက်ဖက်ရည်ချို၊ ကြက်ဥကြော်၊ ပေါင်မုန့်၊ ထမင်းကြော်၊ လက်ဖက်ရည်ကြမ်း စသည်တို့ဖြင့် ပြည့်စုံလုံလောက်စွာ ကျွေးမွေးခဲ့သည်ကြောင့် ဗိုလ်ဖေအောင်၏အဖွဲ့သားများသည် သင်္ဘောဦးနှင့် ပဲ့ပိုင်းတွင် လေညှင်းခံရင်း သီချင်းတကျော်ကျော်နှင့် အပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် ရှုမျှော်ခင်းများကို တအံ့သြသြနှင့် ကြည့်ရှုနေကြလေသည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်တို့လေးဦးသားသည် ပေါင်မုန့်၊ ကြက်ဥကြော်၊ ဝက်အူချောင်းကြော်များကို စားသောက်ကာ စကားတပြောပြောနှင့် ချင်းတွင်းမြစ်၏ရှုမျှော်ခင်းကောင်းများကို ကြည့်ရှုလျက် မနေ့က ပင်ပန်းခဲ့သမျှ ယနေ့အဖို့ ကောင်းစွာအနားယူရင်း သင်္ဘောကြီးပေါ်ဝယ် လမ်းလျှောက်လိုက်၊ စာဖတ်လိုက်နှင့် လိုက်ပါလာခဲ့ကြသည်။

"ဘယ့်နှဲ့လဲ မြမြဝင်း၊ မနေ့ညက အိပ်လို့ပျော်ရဲ့လား"

ဗိုလ်ဖေအောင်သည် လေတဟူးဟူးတိုက်ခတ်သည်ကြောင့် နက်မှောင်သောဆံစကလေးများ လေထဲ၌ပျံ့ဝဲနေရှာသလို အနည်းငယ် မိတ်ကပ်ခြယ်လှယ်ထားသည့် ချစ်စရာကောင်းလှသော မြမြဝင်းအား သင်္ဘောကုန်းပတ်မှ သံတိုင်ကိုမှီ၍ရပ်နေရာမှ မေးလိုက်ရာ မြမြဝင်းသည် နေကာမျက်မှန်ကလေးကို သူမ၏မျက်နှာမှချွတ်လိုက်ပြီး . . .

"မနေ့ညက သိပ်ပြီးအိပ်ကောင်းပါတယ် အစ်ကို၊ ခရီးပန်းလာလို့ထင်ပါရဲ့၊ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တချိုးတည်း အိပ်ပျော်သွားတော့တယ်"

ရွှင်ပြုံးစွာဖြင့်ပြောလိုက်ပြီး အနီးရှိ အဆင်သင့်ချထားသော လက်ဖက်ရည်ကြမ်းအိုးမှ လက်ဖက်ရည်ကြမ်း သုံးပန်းကန်ကိုငှဲ့ကာ ဒူးဝါးဇော်လနှင့် ဗိုလ်ဖေအောင်တို့ဘက်သို့ တရိုတသေ ပေးအပ်လိုက်ရှာပါသည်။

"ဖေအောင်ရေ . . . ရေလမ်းမှာ တစ်ညတော့အိပ်ရလိမ့်မယ် ထင်တယ်၊ ရေလမ်းမှာ အပျင်းပြေ ပစ်စရာခတ်စရာကလေးများ တွေ့ရင် သိပ်ကောင်းမှာပဲ၊ ဒါမှမဟုတ် တို့ကောင်ကလေးတွေ လုပ်ကိုင်နေကြ သလို ငါးမျှားတံပဲ ဆွဲရမလားပဲကွာ"

မှန်ပြောင်းတစ်လက်ကို လည်ပင်းတွင် သားရေကြိုးနှင့်ချိတ် ဆွဲထားကာ၊ ပါးစပ်တွင် စီးကရက်တစ်လိပ်ကိုခဲထားသည့် ဒူးဝါးဇော်လ



www.burmeseclassic.com

www.burmeseclassic.com



က သူ၏သူငယ်ချင်းယောက်ဖကို လှမ်း၍တိုင်ပင်လိုက်ရာ ဗိုလ်ဖေအောင်သည် လက်ဖက်ရည်ကြမ်းကို သောက်ချပြီးနောက် . . .

"ရေလမ်းမှာ ပစ်စရာခတ်စရာဆိုရင် အတောင်နဲ့ငှက်တွေပဲ ပစ်ရဖို့မြင်တယ်၊ ဒါပေမယ့် . . . ကလေးဝမြို့ကျော်သွားရင် မြစ်ဘေး တစ်ဖက်တစ်ချက်ကို သတိထားကြည့်ရလိမ့်မယ်၊ မြစ်ဆိပ်ကို ရေသောက် ဆင်းတဲ့ သားကောင်မျိုးစုံကို ခပ်လွယ်လွယ်နဲ့ ပစ်ခတ်ဖို့ကြုံနိုင်တယ် ဇော်လ"

ရှေ့ရေးကိုကြိုတင်၍စဉ်းစားထားပြီးသူပီပီ ပစ်ခတ်ရေးကိစ္စကို ပြောကြားလိုက်ပါသည်။

ညနေနှစ်နာရီခန့်တွင် ဗိုလ်ဖေအောင်သည် မှန်ပြောင်းတစ်လက်နှင့် ချင်းတွင်းမြစ်၏ဝဲယာတစ်လျှောက်ကို ကြည့်ရှုနေရာမှ ဒူးဝါး ဇော်လအား အိပ်ရာမှနှိုးလိုက်ပြီး . . .

"ဟေ့ . . . ဇော်လ၊ ရေဘဲတွေ . . . ပစ်ချင်ရင်၊ အုပ်ကြီး သင်းကြီးဖွဲ့လို့ကွ"

အရေးတကြီးပြောလိုက်ရာ အပစ်အခတ်ဝါသနာကြီးလှသော ဇော်လသည် ပက်လက်ကုလားထိုင်ပေါ်မှ ရုတ်တရက်ထ၍ မှန်ပြောင်းနှင့် ဗိုလ်ဖေအောင်ညွှန်ပြသော သောင်ပြင်ရေးရေးဆီသို့ ကြည့်လိုက် တော့သည်။

"ဟာ . . . ဘဲအုပ်ကြီးတွေပါကလား၊ ကိုင်း . . . အပျင်းလဲပြေ၊ ဟင်းစားလဲရအောင် ပစ်ကြရအောင်ဟေ့" ဟု ဝမ်းသာနေသည့် အသံကြီးဖြင့်ပြောလိုက်ရင်း ကချင်ရဲဘော်နှစ်ဦးကို ကချင်ဘာသာဖြင့် လှမ်း၍အမိန့်ပေးလိုက်ရာ မက်နမ် . ၁၂ ဗို့ သေနတ်နှစ်လက်နှင့် ကျည်ဆန်အစီတ်ထုပ်နှစ်ထုပ်ကို ကချင်ရဲဘော်နှစ်ဦးက လာ၍ရောက် ပေးအပ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်သည် မာလိန်မှူးအား စက်ကိုလျှော့၍မောင်း စေပြီး၊ လှုပ်လှုပ်ရွရွဖြစ်နေသည့် ရေဘဲအုပ်ကြီးနှင့် ကိုက်သုံးရာခန့် အရောက်တွင် သင်္ဘောကို တဖြည်းဖြည်းချင်း သောင်စပ်ဆီသို့ အသာ ကပ်ခိုင်းလိုက်သည်။

သောင်ပြင်နှင့်သင်္ဘောသည် ကိုက်တစ်ရာခန့်အရောက်တွင် သင်္ဘောကုန်းပတ်ပေါ်တွင် စုပြုံ၍ကြည့်နေကြသည့် ပရိသတ်များ အနက် ဗိုလ်ဖေအောင်က ဇော်လအား . . .

"မင်းစပြီးပစ် . . . အပုံမှာ ငါလိုက်ပစ်မယ်"

အချက်ပေးလိုက်ရာ သောင်ပြင်ဖွေးဖွေးတွင် အစာစားရင်း နေပူစာလှုံနေကြသည့် ဟောက်ဒင်ဘဲကြီးအုပ်ကို ဇော်လက . ၁၂ ဗို့ နှစ်လုံးပြူးနှင့်လှမ်း၍ ချိန်ရင်း ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်တိတိ ပစ်ခတ် ချလိုက်ရာ ဘဲအုပ်ကြီးသည် ဝေါခနဲ အထက်သို့ အားယူကာပျံအတက် တွင် ဗိုလ်ဖေအောင်၏နှစ်လုံးပြူးသေနတ်သံများသည် ဆင့်ကာဆင့်ကာ ထွက်ပေါ်လာတော့သည်။

သေနတ်သံခြောက်ချက်စဲသွားသည့်နောက် ရေပြင်ပေါ်၌ တဖျတ်ဖျတ်နှင့် ဟောက်ဒင်ဘဲအုပ်ကြီးတွေသည် ကျည်ဆန်ထိမှန်ကာ လူးနေတော့သည်။ ရာဘာလှေကလေးတစ်စင်းကို သင်္ဘောအောက်ထပ် မှ ရေပြင်ပေါ်သို့ လွှားခနဲကျလာပြီး၊ ဗိုလ်ဖေအောင်၏ရဲဘော်ထဲမှ ရေဘက်တွင်ကျွမ်းကျင်သော မောင်ဝင်းတင်၊ အညာသား ဘခိုင်တို့ နှစ်ဦးသည် လှော်တက်မြိုင်မြိုင်နှင့် ရေဘဲများဆီသို့ အပြင်းလှော်ခတ် ကာ ဟောက်ဒင်ဘဲကြီးများကိုဆွဲယူကာ ခြောက်ယောက်စီး ရာဘာလှေ ဝမ်းထဲသို့ ပစ်ထည့်နေတော့သည်။ မကြာမီ ရာဘာလှေကလေးသည် သင်္ဘောဘေးသို့ ပြန်၍ဆိုက်ကပ်ခဲ့နိုင်သည်။ ရေဘဲကြီးများကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ချင်း သဘော်ပေါ်သို့ ပစ်၍တင်ပေးလိုက်ပြီး ရာဘာလှေကလေးကို သဘော်ပေါ်သို့ ကြိုးနှင့်ဆွဲ၍ တင်ယူလိုက်ကြသည်။

တစ်ကောင်လျှင် သုံးလေးပိဿာအချိန်စီးသော ဟောက်ဒင်ဘဲကြီးများကို ဗိုလ်ဖေအောင်နှင့် ဇော်လတို့က ကိုင်တွယ်၍ကြည့်ရှုလိုက်ကြပြီး၊ စုစုပေါင်း ရေဘဲ အကောင်နှစ်ဆယ်ကို ပစ်ခတ်ရရှိသည့်အတွက် သူတို့အဖွဲ့ဝင်များအဖို့ ထိုနေ့ညစာတွင် အိမ်ကြက်သားဟင်းအစား ရေဘဲသားဟင်းကို မျှော်လင့်လာမိကြပါသည်။

"ငါးကောင်တော့ မပုပ်အောင်စီစဉ်ထားကြပါ။ ငါ့သူငယ်ချင်းမင်းဒင်ကို ကျွေးလိုက်ကြရအောင်"

သူ၏ထမင်းချက်ရဲဘော်များကို ဗိုလ်ဖေအောင်က အမိန့်ပေးလိုက်ပြီး သေနတ်တိုက်ချွတ်ဖို့ကိရိယာများနှင့် သမီးယောက်ဖနှစ်ယောက်သည် သေနတ်နှစ်လက်ကို စိတ်ရှည်လက်ရှည် တိုက်ချွတ်သုတ်သင်လိုက်ကြသည်။

သူတို့အလုပ်ပြီးချိန်လောက်တွင် ရဲဘော်များက လက်ဖက်ရည်ကြမ်းနှင့်အတူ ငါးကြော်၊ ဘူးသီးကြော်များကို တခမ်းတနား လာရောက်တည်ခင်းပေးရင်း . . .

"ငါးက ကျွန်တော်တို့ရဲဘော်တွေရဲ့ ဒီနေ့မနက်က လက်ရာပါပဲ ဗိုလ်ကြီး"

ပြောကြားလိုက်ကြသည်နှင့် ဗိုလ်ဖေအောင်သည် . . .

"ကျေးဇူးပါပဲကွာ . . . လာကြဟေ့ . . . မြမြဝင်း . . . ဗိုလ်တင်ငွေ . . . ခရီးသွားရင်း အစားကောင်းစားပြီး ဖိမ်ကျကျအနားယူရမယ်၊ ခုသက်သာပေမယ့် ဟိုရောက်ရင် သိပ်ခရီးပန်းရင်ပန်းမယ်၊ မုဆိုးဆိုတာ ကျားတွေလိုပဲ တွေ့တုန်းကြုံတုန်း ဝအောင်စားထားပြီး ဘာမှမတွေ့ရင်၊ ရှာမရရင် ငတ်ကြတာပဲလေ"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသုံးဦးကိုခေါ် ယူကာ တပျော်တပါး လက်ဖက်ရည်ကြမ်းကို ငါးကြော်၊ ဘူးသီးကြော်အမျိုးများဖြင့် တပျော်တပါးစားသောက်လိုက်ကြလေသည်။ မြမြဝင်းအဖို့ အင်မတန်ကြည်နူးပျော်ရွှင်စရာခရီးလမ်းတွင် သူမ၏အသက်သခင်ကျေးဇူးရှင်နှင့်အတူ စိတ်တိုင်းကျခရီးထွက်ခဲ့ရသည့်အတွက် ပျော်၍မဆုံးနိုင်စတမ်း နှစ်ထောင်းအားရ ကျေနပ်နေရှာတော့သည်။

## မှခိုးအတွေ့အကြုံမှ သဲလွန်စသို့

"ဟူမွလင်းမြို့ကိုရောက်ဖို့ မိုင်သုံးမိုင်လောက်ပဲ လိုတော့တယ် ဗိုလ်ကြီး"

ဗိုလ်တင်ငွေသည် ဒုတိယညလွန်မြောက်ပြီးနောက် နံနက်ဆယ်နာရီခန့်တွင် နံနက်စာစားချိန်အရောက်တွင် ထမင်းစားပွဲ၌ စုရုံး၍ နေရာမှ ပြောလိုက်ပါသည်။

ဗိုလ်ဖေအောင်သည် မြစ်ကမ်းတစ်ဖက်တစ်ချက်ကို သာမန်မျက်စိနှင့် ဟိုဟိုဒီဒီ တစ်စုံတစ်ရာကို ရှာဖွေကြည့်နေသလို၊ မြမြဝင်းအဖို့ ကင်မရာတစ်လုံးနှင့် ရှုမျှော်ခင်းကောင်းတွေကို မလွတ်တမ်းဓာတ်ပုံရိုက်ကူးနေရှာသကဲ့သို့ ဒူးဝါး၊ ဇော်လအဖို့ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ပက်လက်ကုလားထိုင်ပေါ်တွင် ဇိမ်နှင့်လဲလျောင်းရင်း ဖတ်ရှုနေခိုက်ဖြစ်ကြပါသည်။

"ဗိုလ်မှူးမင်းဒင် . . . သိပ်မျှော်နေရှာမှာပဲဗျို့"

"ဗိုလ်တင်ငွေ . . . တောက သိပ်ကောင်းတယ်၊ ဒီဘက်ကိုတစ်ခေါက်မှ အမဲပစ်မရောက်ဘူးပေမယ်လို့ ဘယ်လိုသားကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ငယ်တွေ နေကြမယ်ဆိုတာတော့ တောင်အခြေအနေကို ကြည့်ပြီး ကျုပ် ပြောနိုင်တယ် ဗိုလ်တင်ငွေ"

မြစ်၏အနောက်ဘက်ကမ်းကို စိုက်၍ကြည့်လိုက်ရာမှ အမှတ်တမဲ့ ပြောလိုက်သည်။ ဗိုလ်ဖေအောင်သည် မြစ်ကမ်းစပ်၊ ကိုင်းတောနှင့် ဝါးပင်များကြားကို စူးစူးစိုက်စိုက်ကြည့်လိုက်ရာမှ . . .

"အမ်မာ . . . ဆတ်တစ်ကောင်ပါလား၊ ရေဆိပ်မှစောင့်ပြီး ကျုပ်တို့ဆီကို ခပ်မော့မော့ကြည့်နေတယ်၊ ဗိုလ်တင်ငွေ . . မြင်ရဲ့လား"

သူက လက်ညှိုးနှင့်ထိုး၍ပြလိုက်ရာ သင်္ဘောနှင့်ကိုက်သုံးရာခန့်အကွာ တောစပ်တွင် ညိုသန်းသန်းခြောက်စထောင်ချိုကားကြီးနှင့် ဆတ်ဖားကြီးတစ်ကောင်၏သဏ္ဌာန်ကို ရေးရေးတွေ့မြင်၍နေရသည့် ဗိုလ်တင်ငွေသည် . . .

"ဟုတ်တယ် ဗိုလ်ကြီး၊ သင်္ဘောနဲ့ သိပ်ဝေးမယ်၊ မှန်ဖို့ အတော်ခဲယဉ်းလိမ့်မယ်ခင်ဗျာ"

သူ၏အထင်နှင့်ပြောလိုက်ရာ ရိုင်ဖယ်တစ်လက်ကို လှမ်း၍ဆွဲထားပြီးဖြစ်သည့် ဗိုလ်ဖေအောင်သည် ရိုင်ဖယ်၏နောက်မှန်ချိန် ကိုက်သုံးရာမှန်ကွက်ကို မ,၍တင်လိုက်ပြီး . . .

"မှန်ကောင်းပါရဲ့ ဗိုလ်တင်ငွေ၊ ကျုပ်လက်ထဲက ရိုင်ဖယ်ဟာ . ၃၀၃ မက်နမ်ရိုင်ဖယ်ဖြစ်သလို၊ အဝေးပစ်အတွက် သိပ်တန်းတဲ့ မဂ္ဂဇင်းရိုင်ဖယ်မျိုးပဲ၊ ကြည့်ဗျို့ . . . ဆတ်သားလေးဘာလေး စားကြရအောင်"

ပြောလိုက်ပြီး ဗိုလ်မဖေအောင်သည် သင်္ဘောကုန်းပတ်လက်တန်းနောက်မှ ခြေစုံရပ်ကာ ရိုင်ဖယ်ကို သူ၏ညာဘက်ပခုံးတွင် ခပ်တင်းတင်း ဆွဲကပ်ကာ အသက်အောင့်၍ထားလိုက်ပြီးနောက်၊ မရှေးမနှောင်း စက္ကန့်ပိုင်းအတွင်းတွင် ရိုင်ဖယ်၏မောင်းကွင်းကို ညင်သာစွာဖြင့်ဖျစ်ညှစ်လိုက်ရာ . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်းခနဲ' ရိုင်ဖယ်သံ မြည်ဟည်းထွက်သွားသလို ခပ်မော့မော့ လှမ်း၍ကြည့်နေသည့် ဆတ်ထီးကြီးသည် ပက်ခနဲ နောက်သို့ ပစ်၍ ကျသွားတော့၏။

"တန်းလိုက်တဲ့လက်နက်ဗျာ . . . တကယ်အံ့သြစရာပါပဲ ကလား"

ဗိုလ်တင်ငွေ၏ပါးစပ်မှ ခုန်ပေါက်ကာထွက်ပေါ်လာပြီး သဘော်တစ်စင်းလုံး လှုပ်လှုပ်ရွရွဖြစ်သွားတော့၏။

"မှန်တယ်ဟေ့ . . . မှန်တယ်၊ လှေကြီးချဟေ့ . . . "

ရဲဘော်များ၏အော်ဟစ်၍အချက်ပေးသံများနှင့်အတူ သဘော်၏ ဘယ်ဘက်ကုန်းပတ်ပေါ်မှ ဟောခနဲ သစ်သားလှေကြီးတစ်စင်း ရေပြင်ပေါ်သို့ ထိုးကျလာပြီး ရဲဘော်ရှစ်ယောက်တို့သည် လှော်တက်များနှင့်အတူ လျင်မြန်လှသောလှုပ်ရှားမှုများဖြင့် လှေဝမ်းထဲသို့ လွှားခနဲ အရှိန်များနှင့်ရောက်ရှိကာ တစ်ခဏအတွင်း၌ အနောက်ဘက်ကမ်းခြေဆီသို့ အပြင်းလှော်ခတ်သွားကြသည်ကို တွေ့ရပေ၏။

"ဗိုလ်ကြီးရာ . . . တယ်လီဆိုက်မှန်ပြောင်းမပါဘဲ ဗလာသက်သက် ချိန်ကွင်းမျိုးနဲ့ သဘော်ခုတ်နေတဲ့ကုန်းပတ်ပေါ်ကနေပြီး ဒီလောက်မှုန်မွှားမွှားမြင်ရတဲ့ပစ်မှတ်ကို ထိအောင်ပစ်နိုင်တာ ကျွန်တော့် တစ်သက်မှာ ဒီတစ်ခါပဲ ကိုယ်တွေ့မျက်မြင်မို့လို့ ယုံရတော့တယ်ဗျာ"

ဗိုလ်တင်ငွေက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြွေးကြော်လိုက်ရင်း မှန်ပြောင်းကိုအသုံးပြုကာ ကမ်းခြေသို့ နီးကပ်သွားသော ရဲဘော်များ၏ လုပ်ပုံကိုင်ပုံများကို ကြည့်လိုက်ပြန်ပါသည်။

"ဘာဆန်းလို့လဲ ဗိုလ်တင်ငွေ၊ လက်ဖြောင့်သလို သေနတ်အမျိုး ကောင်းဖို့လိုတယ်ဗျ၊ .၃၇၅ မက်နမ်ရိုင်ဖယ်ဟာ ယမ်းအား အင်မတန်ကောင်းပြီး၊ ယမ်းချိန်သုံးရာဂရိမ် ထည့်ထားတယ်၊ သာမန်



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်တွေဟာ အထက်က ဝိုက်ပြီးစွေပြီးမှ ပစ်ကွင်းရှိရာ ကျလေ့ရှိတယ်၊ မက်နမ်ကျည်ဆန်ဟာ ပစ်ကွင်းရှိရာကို တန်းတန်းဝါးလုံးထိုးသွားလေ့ရှိတယ်၊ ဒါကြောင့် ပိုမိုပစ်မှတ်ကို အမှန်များတယ်"

စိတ်ရှည်လက်ရှည်နှင့် ရိုင်ဖယ်များ၏ကျည်ဆန်၏စွမ်းရည်ကို ပြောပြနေသည်တွင် မြမြဝင်းနှင့် ဗိုလ်တင်ဌေး၊ ရဲဘော်များသည် စိတ်ပါဝင်စားစွာ နားထောင်နေသည်ကို တွေ့ရပေ၏။

"ချိန်ပစ်လို့ထိမှန်ခြင်းကို လက်တန်းတယ်၊ လက်ဖြောင့်တယ်လို့ အဓိကမဆိုနိုင်ဘူး ဗိုလ်တင်ဌေး၊ အပြေးလှုပ်ရှားနေတဲ့ပစ်ကွင်းနဲ့ သားကောင်တွေကို တည့်မှန်အောင်ပစ်နိုင်တဲ့ လက်နက်သမားကိုသာ တကယ်လက်ဖြောင့်တယ်လို့ ချီးမွမ်းရလိမ့်မယ်"

ဗိုလ်ဖေအောင်သည် သေနတ်ပစ်ခတ်ခြင်းအကြောင်းကို ဆက်လက်၍ပြောပြလိုက်ရင်း . . .

"တစ်ခါတစ်ခါ တောထဲက အင်မတန်သေးငယ်တဲ့ ဂျီသတ္တဝါတွေဟာ သေနတ်သမားရှိနေမှန်းသိရင် သူတို့ရဲ့ကိုယ်သေးသေးကလေးကို မြေကြီးနဲ့ကပ်ပြီး သူ့လည်ပင်းနဲ့ခေါင်းဟာ မြေပြင်နှင့်မျဉ်းပြိုင်တန်းနေအောင် တစ်နာရီ မိုင်သုံးဆယ်နှုန်း အမြန်ပြေးထွက်လေ့ရှိတယ်၊ နိမ့်ချီတစ်ခါ ကျချီတစ်လှည့်သဘောမျိုး ခုန်လွှားပြေးလေ့ရှိတဲ့ ဂျီကိုမှန်အောင် မနည်းကြိုးစားပစ်ခတ်ရတယ်၊ သိပ်မလွယ်လှတဲ့ ပစ်ခတ်နည်းမျိုးပဲ ဗိုလ်တင်ဌေး"

သူ၏တောတွင်းကိုယ်တွေ့သေနတ်ပစ်ခတ်ရမှု ခက်ခဲပုံများကို ဗဟုသုတအဖြစ်ဖြင့် ပြန်၍ပြောပြနေပါသည်။ ဒူးဝါးဇော်လသည် စာအုပ်ကို စားပွဲပေါ် သို့ အသံချလိုက်ပြီး ဆတ်ကြီးကိုတင်ဆောင်လာသည့် လှေဆီသို့ ငုံ့၍ကြည့်လိုက်ပြီးနောက် . . .

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အလေးချိန် ရှစ်လက်မထက်မအောက်ဘူးကွ ဖေအောင်၊ မင်းခေါ်လာတဲ့ကောင်ကလေးတွေတော့ ဆတ်သားရော၊ ရေဝမ်းဘဲသားရော မြိုင်လို့လှိုင်လို့နေပြီပေါ့ကွာ"

အားရပါးရပြောချလိုက်ပါသည်။

သဘော်ပေါ်မှရဲဘော်များက လှေအတွင်းမှ သွေးတလူးလူးနှင့် ဆတ်ဖားကြီးကို လူအားနှင့်ချည်၍ ကြိုးများဖြင့်ထိန်းကာ ဆိုက်ထားသော သဘော်အောက်ထပ်သို့ အရောက်တင်ယူလိုက်ကြသည်။ လှေကြီးကို နောက်ဆုံးပိတ်အချိန်ကာလတွင် သဘော်ပေါ်သို့ ညာသံပေးကာ တပျော်တပါးနှင့်ဆွဲတင်ကာ သဘော်ကို ဆက်၍မောင်းလိုက်ကြလေသည်။

"လည်တိုင်ရင်းတည့်တည့်ကဝင်ပြီး ညာဘက်လက်ပြင်နောက်ကို တစ်ချက်တည်းဖောက်ထွက်သွားတာပဲ ဗိုလ်ကြီး"

ရဲဘော်လှမောင်က သဘော်ပေါ်သို့တက်လာပြီး ဆတ်ကြီးအား ကျည်ဆန်ထိမှန်ပုံကို သတင်းပို့လိုက်ပါသည်။

"လုပ်ကွာ . . . လောလောလတ်လတ် ဆတ်အသည်းနှလုံးကို မဆလာနဲ့လှိမ့်ကြော်တဲ့ဟင်းတစ်ခွက်တော့ . . ."

ဗိုလ်ဖေအောင်က ဆတ်ဝမ်းတွင်းသားဟင်းတစ်ခွက်ကို အမြန်ဆုံး စီမံရန် ရဲဘော်လှမောင်ကို လှမ်းကာအမိန့်ပေးလိုက်ပြန်သည်။

များမကြာမီ မွှေးကြိုင်သောမဆလာနံ့တသင်းသင်းနှင့် အငွေ့တထောင်းထောင်းထွက်နေသည့် ဆတ်ဝမ်းတွင်းသားကြော်ပန်းကန်တစ်ချပ်ကို ရဲဘော်လှမောင်ကိုယ်တိုင် ကိုင်ဆောင်လာပြီး အခြားဟင်းရံများကို ရဲဘော်လေးငါးဦး သယ်ဆောင်လာပြီး နံနက်စာ စားသောက်ရေးအတွက် ထမင်းဝိုင်းပြင်ဆင်လိုက်ကြသည်။ 'မုဆိုးကြီး' သဘော်သည် ချင်းတွင်းမြစ်အတွင်း နှစ်ကွေ့ကျော်ခန့် ဆန်တက်ခဲ့သည့်နောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အသံရှည်ဆွဲ၍ အချက်ပေးခုတ်မောင်းလာသည့် မော်တော်တစ်စင်း၏ အသံကို ဗိုလ်ဖေအောင်တို့က ကြားလိုက်ရပေ၏။ မကြာမီ မိနစ်ပိုင်း အတွင်း၌ တပ်မတော်သားများ စီးနင်းလိုက်ပါလာသော မော်တော် တစ်စင်းကို တွေ့လိုက်ရပြီး၊ မော်တော်ဦးပိုင်းတွင် ထင်ရှားသောအရာရှိ တစ်ဦးနှင့် အရာရှိငယ်များကို ဗိုလ်ဖေအောင်တို့လူစုက တွေ့လိုက်သည် တွင် ဗိုလ်တင်ဌွေသည် မှန်ပြောင်းနှင့်လှမ်း၍ကြည့်လိုက်သည့်တစ်ခဏ၌-

"ဗိုလ်မှူးကြီးပါလာတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးတို့အဖွဲ့ကို လာ ကြိုတာခင်ဗျ"

အရေးတကြီးပြောကြားလိုက်ရာ ဗိုလ်ဖေအောင်က သူတို့ သင်္ဘောမှ အချက်ပေးဥဩကို သုံးကြိမ်ဆွဲ၍မှုတ်ရန် အမိန့်ပေးလိုက် ပါသည်။

မကြာမီ . . . သင်္ဘောနှင့် မော်တော်တို့ ဆုံမိကြသောအခါ မော်တော်ပေါ်မှ ဒု-ဗိုလ်မှူးကြီးမင်းဒင်က ဦးထုပ်ကိုချွတ်ကာ ဝှေ့ယမ်း နှုတ်ဆက်ရင်း . . .

"ဟေ့ . . . ဖေအောင်၊ မျှော်လိုက်ရတာကွာ . . . လာမှလာပါ့ မလားလို့"

လှမ်း၍နှုတ်ဆက်လိုက်ရာ ဗိုလ်ဖေအောင်လည်း . . .

"လာမယ်ဆိုရင် လာမှာပေါ့ မင်းဒင်ရာ"

ပြောကြားရင် သင်္ဘောအောက်ထပ်သို့ဆင်းကာ ဗိုလ်မင်းဒင် ကို ကြိုဆိုလိုက်ရှာပါသည်။ ဗိုလ်မင်းဒင်နှင့်အဖွဲ့ဝင်အရာရှိများသည် 'မုဆိုးကြီး'သင်္ဘောပေါ်သို့ ကူးပြောင်းတက်ရောက်ခဲ့သည်တွင် ဗိုလ် မင်းဒင်သည် ဗိုလ်ဖေအောင်၏လည်ပင်းကို လှမ်း၍ဖက်လိုက်ရင်း . . .

"ခုတင်က ရိုင်ဖယ်သံတစ်ချက် ကြားပါတယ်ကွ၊ ဘာပစ်တာ လဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းလိုက်သဖြင့် . . .

"ဟောဟိုပုံပိုင်းမှာ ဖျက်နေကြလေရဲ့၊ ဆတ်ဖားတစ်ကောင် ရလာတယ် မင်းဒင်၊ မင်းမှာလဲ ဝလှချည်လား၊ နိချူတိုက်က အိနာဘား တန်ချို့ ကျနေတာပဲ"

ဂျပန်ခေတ် မဂ်လာဒုံဗိုလ်သင်တန်းတွင် သူတို့၏တပ်ခွဲ-နှစ်မှ နည်းပြဂျပန်ဆရာတစ်ဦးကို အမှတ်ရမိပုံဖြင့် ဗိုလ်ဖေအောင်က အစ ပျိုး၍ ဗိုလ်မင်းဒင်၏ ဗိုက်ခပ်စူစူကို ကြည့်၍ပြောလိုက်ရာ . . .

"ဒီအကောင် တွေ့တွေ့ချင်းလုပ်ကရော့မယ်၊ မင်းနဲ့ငါ့ကို နားရင်းအုပ်တဲ့ ကျေးဇူးရှင် အိနာဘားကို သတိရနေတယ်ထင်တယ်၊ အဲဒီတုန်းကကွာ . . . ထမင်းတစ်ပန်းကန် ခိုးစားမိတာနဲ့မကာမိအောင် မင်းနဲ့ငါ အဆော်ခံလိုက်ရတာ၊ ငါ့ကြောင့် မင်း သက်သက်အချခံရတာ ဖေအောင်၊ ခိုးတာက ငါ။ ခိုးပြီး မင်းကိုကျွေးမိတာနဲ့ မင်းပါ အဆော်ခံ ရတာ၊ ခုအထိ သတိရတိုင်း ငါဖြင့်ရယ်မိသေးတယ်"

နှစ်ယောက်သား ဂျပန်ခေတ်က ဗမာ့တပ်မတော်ကြီး တည် ထောင်ကြိုးပမ်းခဲ့ရပုံများကို အမှတ်တရ ပြောကြားလိုက်ကြပြီး ဗိုလ် မင်းဒင်က ရှေ့ဆောင်ကာ သဘော်အပေါ်ထပ်သို့ တက်ရောက်လာ ကြသည်။

ဗိုလဖေအောင်ကပင် ဦးဆောင်၍ . . .

"မင်းဒင်ရေ . . . ဟောဒါက ငါ့ရဲ့ရဲဘော်နဲ့ ယောက်ဖတော် တဲ့ ဒူးဝါးဇော်လကွ၊ ဟောဒီက အမျိုးသမီးက မြမြဝင်း ဖြစ်ပါတယ်၊ တို့အဖွဲ့ခေါင်းဆောင်ပုဂ္ဂိုလ်တွေပဲ မင်းဒင်"

စတင်ကာမိတ်ဖွဲ့ပေးလိုက်ရာ ဒု-ဗိုလ်မှူးကြီးမင်းဒင်သည် ခမ်းမြောက်ဝမ်းသာနှင့် ဇော်လနှင့် မြမြဝင်းတို့ကို လက်ဆွဲ၍နှုတ်ဆက် လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်အင်အားတောင့်တင်းပြီး ခေတ်ပညာတတ်ပုဂ္ဂိုလ်ကျော်တွေ၊ နာမည်ကြီးတဲ့စွန့်စားရေးအဖွဲ့ဝင်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံမိတ်ဆွေဖြစ်ရတာကို ကျွန်တော့်အနေနဲ့ အင်မတန်ဂုဏ်ယူသလို၊ အများကြီး အားတက်ဝမ်းမြောက်ပါတယ်ခင်ဗျာ"

လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ရင်း ဆက်လက်ပြောကြားသည်။

"ကျွန်တော်ရင်ဆိုင်နေရတဲ့ပြဿနာဟာ အခုလို လူကြီးမင်းတွေနဲ့ စတင်တွေ့ဆုံလိုက်ရတဲ့အတွက် ကျွန်တော့်အဖို့ အများကြီး စိတ်သက်သာမှု၊ စိတ်ချမ်းသာမှု ရရှိသွားပါပြီ၊ ဘာမှအားနာစရာမရှိပါဘူး၊ လိုတာခိုင်းပါ၊ တောင်းကြပါ၊ လူကြီးမင်းတို့ရဲ့အဖွဲ့ခေါင်းဆောင်ဗိုလ်ဖေအောင်နဲ့ ကျွန်တော်ဟာ ဂျပန်ခေတ်ကစပြီး တစ်တပ်တည်း၊ တစ်ကျောင်းတည်း နေလာကြတဲ့ ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ကြသလို၊ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းတက်တဲ့အခါမှာ တစ်ခြင်ထောင်တည်းနှစ်ယောက် အိပ်လာကြတဲ့ ရောင်းရင်းရဲဘော်စစ်တွေ ဖြစ်ကြပါတယ်၊ ပြောမနာဆိုမနာ ဆဲမနာကြတဲ့ ညီအစ်ကိုအရင်းတွေလို တစ်ဦးနဲ့တစ်ဦး ချစ်ခင်လေးစားကြတဲ့ ရဲဘော်ဟောင်းတွေ ဖြစ်ကြပါတယ်"

စသည်ဖြင့် ရင်းနှီးစွာဖြင့် အတိတ်ကဖြစ်ရပ်များကို ပြန်ပြောင်းပြောဆိုကာ ဇော်လ၊ မြမြဝင်းတို့နှင့် ခင်မင်မှုကို ဖန်တီးလိုက်သည်။

"ဟော့ . . . မင်းဒင်၊ မင်းတို့ ဟိုမှာ ရဲဘော်ဘယ်လောက်များသလဲ၊ တပ်စုနှစ်စုလောက် ရှိကြသလား၊ ဆတ်သားကို အချိန်မီ ထမင်းဝိုင်းလိုက်ရအောင်လို့"

ဗိုလ်ဖေအောင်က ဗိုလ်မင်းဒင်၏လူအင်အားကို မေးလိုက်ရာ ဗိုလ်မင်းဒင်က . . .

"ဟုတ်တယ်၊ တပ်စုနှစ်စုနဲ့ အရာရှိလေးဦးကွာ၊ ဒါထက် အခုအထိ မင်းအနေနဲ့ ဆတ်ဝမ်းတွင်းသားကိုစားဖို့ တစ်ခုခုမစီမံသေးဘူးလား ဖေအောင်၊ ငါတော့ ဆာနေပြီဟေ့"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"စားရပါစေမယ် မင်းဒင်၊ မင်းတို့အကြောင်းသိတဲ့အကောင် မဟုတ်လား၊ ဝမ်းတွင်းသားတွေ ကြော်ထားပြီးပြီ၊ ကိုင်းဟော့ . . . ထမင်းစားကြရအောင်၊ ကျန်တဲ့ရဲဘော်တွေကို ငါ့ရဲဘော်တွေနဲ့ တစ်ပွဲတည်းရောကျွေးဖို့ ကြည့်ပြီး၊ အမြန်ဆုံးစီစဉ်ကြ"

ဗိုလ်ဖေအောင်သည် ရဲဘော်လှမောင်အား အမိန့်ပေးလိုက်လေသည်။

ဗိုလ်မင်းဒင်သည် . . .

"ဒီအကောင် ခုလို သိတတ်လိမ္မာတတ်လွန်းလို့ ချစ်ရတာကွ၊ ငါ မှတ်မိသေးတယ်၊ ပျဉ်းမနားဘက်မှာ ဗမာ့တပ်မတော်တုန်းက အမှုထမ်းရင်း မင်းက တောဝက်ကြီးတစ်ကောင်ကို ပစ်ပစ်ပြီးချင်း ဗိုက်ခွဲဆုတ်ပြီး သွေးသံရဲရဲနဲ့ အသည်းတွေနှလုံးတွေကို မဆလာနဲ့နယ်ပြီး တောထဲမှာပဲ ပါလာတဲ့ဒယ်ပိုင်းကလေးထဲမှာ ကြော်ပြီးစားတာတွေလေ"

သူငယ်ချင်းနှစ်ယောက် ပူးပူးကပ်ကပ်ထိုင်ချလိုက်ခဲ့ပြီး စားပွဲကြီးနဲ့ တစုတဝေး နံနက်စာကို စားသောက်လိုက်ကြသည်။

"သိပ်ကောင်းတဲ့ဟင်းတွေကွာ . . . ရေဘဲသားရော၊ ဆတ်ဝမ်းတွင်းသားကြော်ရော၊ ပဲပုတ်ကြော်ရော စုံလို့၊ ဒီထမင်းမျိုး တွေ့ခဲစားခဲတယ် ဖေအောင်"

ဗိုလ်မင်းဒင်က အားရပါးရစားသောက်ရင်း ပြောလိုက်တော့သည်။

"မင်းဒင် . . . မင်းတို့လူ ကျားစားတာ ခြေလေးချောင်းနဲ့လား ခြေနှစ်ချောင်းနဲ့လားကွာ၊ ငါတော့ သိပ်မသင်္ကာချင်ဘူး သူငယ်ချင်း"

ဗိုလ်ဖေအောင်က အဓိပ္ပာယ်ရှိရှိနှင့် လှမ်း၍မေးလိုက်ရာ ဗိုလ်မင်းဒင်သည် သူ၏လက်အောက် ဗိုလ်မှူးတစ်ဦးကို လှမ်း၍ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူးလား ဗိုလ်မှူးသိန်းဆွေ၊ ကျုပ်တို့သူငယ်ချင်းတွေဟာ အင်မတန် အတွေးအခေါ်ကောင်းသလို၊ အကင်းပါးကြပါတယ်လို့၊ ဘယ့်နဲ့လဲ . . . ကျုပ်ထင်မြင်ချက်နဲ့ တထပ်ထဲကျမနေဘူးလား"

"ကောင်းတယ်ဟေ့ . . . ငါတို့နယ်မြေမှာ ခြိမ်းခြောက်ဒုက္ခပေးနေတဲ့ ကျားဆိုးတွေ၊ ကျားစုတ်တွေတော့ တို့လူတွေ ဆုံမိပေါင်းမိတဲ့ အခါမှာ မူလဇာတိရုပ် မုချပေါ်ကြတော့မယ်"

စားပွဲကို လက်ဖဝါးဖြင့်ပုတ်၍ စိတ်လိုက်မာန်ပါ ကြွေးကြော်လိုက်ကြသည်။ ဆက်လက်၍ . . .

"နယ်လူထုနဲ့ နာဂအမျိုးသားတွေအနေနဲ့တော့ သိပ်ကြောက်ရွံ့တုန်လှုပ်နေကြတယ်၊ ဘာကြောသေးလို့လဲကွာ . . . လွန်ခဲ့တဲ့ လေးရက်နေ့ညက 'တောင်ပေါင်ရွာ' နာဂလူကြီးတစ်ဦးရဲ့သမီးပျိုကို ကျားဆွဲသွားပြန်ပြီဟေ့"

သတင်းထူးတစ်ပုဒ်ကို ဗိုလ်မင်းဒင်က ပြောပြလိုက်ပြီး . . .

"ထုံးစံအတိုင်း ကျားခြေရာတွေကတော့ဒင်းကြမ်းပဲ ဖေအောင်"

ဗိုလ်ဖေအောင်သည် ဟင်းချိုတစ်ဇွန်းကို သောက်ချပြီးနောက်

"ကျားခြေရာတွေ ဒင်းကြမ်းပြည့် တွေ့တယ်ဟုတ်လား၊ ခြေခွက်ချင်းကော တူရဲ့လား၊ တစ်ရှယ်တည်းပဲလား၊ ဆွဲရာချီရာတွေ ဒရွတ်တိုက်ဆွဲသွားတဲ့ စွပ်ကြောင်းရာတွေကိုရော တွေ့သလား၊ သွေးစသွေးနတွေ ကျန်ရစ်ခဲ့သေးသလား၊ ပြောစမ်းကွာ . . ."

အင်မတန်ထက်မြက်သောမျက်လုံးကြီးများဖြင့် ဗိုလ်မင်းဒင်ကို လှမ်း၍ကြည့်လိုက်ရင်း မေးမြန်းလိုက်ရာ ဗိုလ်မင်းဒင်က . . .

"ခြေရာချင်းကတော့ ခပ်ဆင်ဆင်ပဲ၊ ကျားချီသွားတဲ့စွပ်ကြောင်းရာကို မတွေ့ရလို့ ငါသိပ်အံ့သြတာပေါ့ ဖေအောင်၊ မင်းနဲ့ငါနဲ့ ဂျပန်ခေတ်တစ်ခေတ်လုံး ကျားရော၊ ဆင်ရော အတော်များများပစ်ခတ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ပိုသက်ာမကင်းဖြစ်နေတာပေါ့ကွာ၊ သွေးကြောင်းဆိုလို့လဲ ဘာမှ မတွေ့ရဘူး၊ ပြီးတော့ သားအဖနှစ်ယောက်ကိုချီသွားတဲ့ အိမ်ခန်းတွေထဲကို ဝင်ကြည့်တဲ့အခါမှာ ရှန်းကန်ရာတွေလဲ တစ်ချက်တလေမှ မတွေ့ရဘူး ဖေအောင်၊ ဘယ်လောက်မသင်္ကာစရာလဲလို့"

သူကိုယ်တိုင်တွေ့နေခဲ့ရသည့်အတွက် သတင်းများကို စီကာပတ်ကုံး ပြောပြလိုက်သည်တွင် ဗိုလ်ဖေအောင်သည် . . .

"ကျားဝင်ဆွဲတဲ့အခါမှာ ဒီပြင်ကျန်ရစ်တဲ့ အိမ်သူအိမ်သားတွေ တစ်ယောက်မှမနိုးဘူးလား၊ ခွေးတွေဘာတွေ ဟောင်သေးသလား မင်းဒင်"

ပြန်၍မေးခွန်းထုတ်လိုက်ရာ . . .

"ရွာအပြင်ဘက်မှာတော့ လေးငါးချီ ခွေးတွေစုပြီးဟောင်တယ်ပြောတယ်၊ တချို့ခွေးတွေ အမြီးကုတ်ပြီး ရွာထဲကို ပြန်လာကြတယ်ပြောတယ်၊ ကျန်ရစ်ခဲ့တဲ့ အိမ်သူအိမ်သားတွေ မနက်ကျမှ မနည်းနှိုးယူရတယ်ဆိုပဲ၊ အတော်ကလေးတော့ စဉ်းစားစရာပဲ ဖေအောင်၊ ဒါကြောင့် မင်းတို့အကြံဉာဏ်နဲ့ လုပ်အားအကူအညီတွေကိုရအောင် အတင်းလှမ်းခေါ်ရတာပါကွာ"

ဗိုလ်မင်းဒင်က ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်သည် . .

"ပကတိတောထဲက ကျားချီတာ မဟုတ်ဘူး မင်းဒင်၊ ခြေနှစ်ချောင်းနှင့်ကျားတွေ ဝင်ချီတာဖြစ်နိုင်တယ်၊ ဒါထက် ခြေရာခြေကြောင်းတွေ မပျက်ရအောင် မင်း စီမံထားခဲ့ရဲ့လားကွာ၊ နည်းနည်းပါးပါး ကြည့်ရုံနဲ့ ငါ့ဆီက အဖြေမှန်ထွက်နိုင်ပါလိမ့်မယ်၊ သိပ်တော့စိတ်ပူမနေနဲ့ သူငယ်ချင်း၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တိုင်ပင်ပြီး အဖြေမှန်ရရင် တရားခံအစစ် မုချပေါ်မယ်ဆိုတာ ငါယုံကြည်ထားပါတယ် မင်းဒင်"

"အေးကွာ . . . ဒါကြောင့် ငါမပြောလား၊ မင်းတို့ အင်အားတောင့်တင်းတဲ့အဖွဲ့ကြီးကို ငါတွေ့တွေ့ရချင်း ငါစိတ်ညစ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းပျောက်ကွယ်သွားလို့ ဟုမ္မလင်းရောက်ရင် မင်းတို့လူကြီး ပိုင်း ငါ့အိမ်မှာတည်းကြကွာ၊ မင်းရဲဘော်တွေတော့ သီးသန့်ရိပ်သာမှာ ကျယ်ကျယ်ဝန်းဝန်း နေရာချထားပေးပါ့မယ်၊ ငါ့အိမ်က နှစ်ထပ်တိုက်ကွ၊ အကျယ်ကြီးပါ၊ မင်းတို့ကြိုက်သလို စခန်းချနိုင်ပါတယ် ဖေအောင်"

နေရေးထိုင်ရေးအတွက် ကြိုတင်၍ ဗိုလ်မင်းဒင်က ပြောလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"တို့ညှော်သည်တွေများနေလို့ မင်းမိန်းမက နှုတ်ခမ်းစူနေပါဦးမယ် မင်းဒင်၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းတုန်းကလို စိတ်မျိုးရှိပါ့မလားကွာ"

လှမ်း၍မေးလိုက်ရာ ဗိုလ်မင်းဒင်သည် . . .

"ဒီအကောင် လုပ်ကရော့မယ်၊ မင်းနဲ့ငါဟာ တစ်ယောက်နဲ့တစ်ယောက် မိန်းမထက်ချစ်လို့ ရဲဘော်ရဲဘက်တွေ ဖြစ်လာကြတာ ကလားကွာ၊ ငါ့အမျိုးသမီးမြင့်မြင့်ဟာ စိတ်သဘောကောင်းပါတယ်ကွာ၊ မင်းစိတ်ကြိုက်ဖြစ်စေရမယ်၊ ငါ မင်းနဲ့လာပြီး တစ်အိပ်ရာတည်းအိပ်မယ်ကွာ၊ ကျေနပ်ရဲ့လား ဖေအောင်"

ချစ်ရဲဘော်များပီပီ အားမနာတမ်း ပြောကြားလိုက်ရာ ဇော်လနှင့် မြမြဝင်းတို့အဖို့ တခစ်ခစ်ရယ်မောသွားစေတော့သည်။

"မင်းကို ငါ သက်သက်စနေတာ မင်းဒင်၊ မင်းကို ငါ အရင်တုန်းကလို ခဏခဏစိတ်ဆိုးအောင်၊ စိတ်တိုအောင် မစ,ရတာ ကြာခဲ့ပြီမို့ကွ"

ဗိုလ်ဖေအောင်သည် ရယ်မောရင်းပြောလိုက်မှ ဗိုလ်မင်းဒင်သည် . . .

"မင်းဟာ . . . ငါ့ကို တစ်သက်လုံး နှိပ်စက်ဒုက္ခပေးသည့် အကောင်ပါ၊ မရဘူး . . . မင်းနဲ့တစ်အိပ်ရာတည်း ငါအိပ်မယ်ဟေ့၊ တို့ရဲဘော်ချင်း ကွဲနေတာ ဆယ်နှစ်ကျော်ပြီကွာ"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပြီး ဆတ်အသည်းတစ်တုံးကိုခတ်ရင်း အားရပါးရ စားသောက်လိုက်ပါသည်။

သင်္ဘောကြီးနှင့် မော်တော်ကလေးသည် ရှေ့ဆင့်နောက်ဆင့် ကပ်၍မောင်းနှင်ခဲ့ကြပြီး၊ နေ့ နှစ်နာရီခန့်အချိန်တွင် ဟုမ္မလင်းမြို့ခြေသို့ ချဉ်းကပ်ခဲ့လေသည်။ မိနစ်ပိုင်းအတွင်း လူနေအိမ်ခြေအနေတော်နှင့် မြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိသည့် ဟုမ္မလင်းမြို့ကလေးကို ဗိုလ်ဖေအောင်တို့လူသိုက် စတင်ကာတွေ့ရှိလိုက်ရပေ၏။ သင်္ဘောကမ်းသို့ဆိုက်ကပ်ပြီး ထိုကာလတွင် ဗိုလ်မင်းဒင်အုပ်ချုပ်သောတပ်ရင်းမှ စစ်ကားများ တသီကြီးတွေ့လိုက်ရလေ၏။ ဗိုလ်ဖေအောင်သည် ဇော်လနှင့် မြမြဝင်းတို့ကို ခေါ်ဆောင်ကာ ဗိုလ်မင်းဒင်နှင့်အတူ သင်္ဘောကုန်းပတ်ပေါ်မှ ဟုမ္မလင်းမြို့ကမ်းခြေသို့ စတင်၍တက်ရောက်ခဲ့ကြသည်တွင် လာရောက်ကြိုဆိုကြသည့် စစ်ဘက်၊ နယ်ဘက် အရာထမ်း အမှုထမ်းများနှင့် နာဂအမျိုးသားများအပါအဝင် မြို့နေပရိသတ် တော်တော်များများ တွေ့ရှိလိုက်ရသည်တွင် 'မုဆိုးကြီး'သင်္ဘောနောက်ပိုင်းတွင် ဗိုလ်ဖေအောင်က စတင်တွေ့မြင်လိုက်ရသည့် လူစိမ်းမျက်နှာစိမ်း ပရိသတ်များကို တစ်ချက် လေးလေးနက်နက် အကဲခတ်လေ့လာလိုက်လေသည်။

ကြိုဆိုကြသည့် အရာရှိ၊ အမှုထမ်း၊ ပရိသတ်များကို ဗိုလ်ဖေအောင်နှင့်အဖွဲ့ဝင်များက လိုက်လံနှုတ်ဆက်ရင်း အလုပ်ရှုပ်နေချိန်ဝယ် . . . ပရိသတ်နောက်ပိုင်း ချောင်ကျကျ၌ သီးသန့်အဖွဲ့ကလေးကို သပ်သပ်ခွဲနေသလို မယောင်မလည်နှင့် အကဲခတ်နေပုံရသည့် ကုလားလူမျိုးနှစ်ဦးနှင့် နာဂအမျိုးသားတစ်စုကို ဗိုလ်ဖေအောင်အနေဖြင့် အထူးဝရုစိုက်၍ အကဲခတ်ကြည့်ရှုလိုက်သည်။ ဒူးဝါးဇော်လနှင့် မြမြဝင်းတို့က ရိပ်မိလိုက်ကြပြန်ပါသည်။ ကုလားနှစ်ဦးနှင့် နာဂတစ်စုသည် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဖေအောင်တို့လူစု၏မျက်နှာကို အဓိပ္ပာယ်တစ်မျိုးနှင့် စူးစူးစိုက်စိုက်ကြည့်ရှုရင်း သူတို့အချင်းချင်း ခပ်တိုးတိုး တစ်စုံတစ်ရာပြောကြားလိုက်သည်ကို ဗိုလ်ဖေအောင်က ကောင်းစွာမှတ်သားထားလိုက်ပြန်သည်။

ဂျစ်ကားသုံးစီးနှင့် လင်းရိုဗာကားနှစ်စီး၊ ထရပ်ကား ခြောက်စီးပေါ်သို့ ပရိသတ်လူအင်အားခွဲ၍ အမြန်ဆုံး ပစ္စည်းတင်ဆောင်ကာ မြစ်ဆိပ်မှ ဗိုလ်မင်းဒင်၏ကြိုတင်စီစဉ်ထားသည့်အတိုင်း သူ၏နှစ်ထပ်တိုက်အကျယ်ကြီးတွင် ဗိုလ်ဖေအောင်တို့ လူကြီးသုံးဦးကို နေရာချထားပေးပြီး၊ ကျန်ရဲဘော်များကို သီးသန့်ရိပ်သာတွင် ချောင်ချောင်လည်လည်နေရာချထားလိုက်ကြသည်။ ဗိုလ်ဖေအောင်သည် မှန်ပြောင်းကိုထုတ်ကာ ဗိုလ်မှူးမင်းဒင်နေအိမ်အပေါ်ထပ်မှနေ၍ တစ်မြို့လုံးအခြေအနေကို ကျကျနန လေ့လာကင်းထောက်လိုက်ပြန်ပါသည်။

တပ်ရင်းရုံးရှိရာသို့ မြို့တွင်းမှလာနိုင်သည့်လမ်းဘက်၌ သဘောဆိပ်တွင် တွေ့ရှိရသည့် ကုလားနှစ်ဦးနှင့် နာဂတစ်စုကို မှန်ပြောင်းအတွင်းမှနေ၍ ဗိုလ်ဖေအောင်က တွေ့ရှိလိုက်သည်တွင် သူတို့၏ထူးခြားလှသည့်အမူအရာများကို ခပ်ဝေးဝေးက မြင်နိုင်ခွင့်ရသဖြင့် ဗိုလ်ဖေအောင်အဖို့ စောင့်၍လေ့လာအကဲခတ်ခွင့်ကို ဗိုလ်ဖေအောင်မှာ ရယူစေတော့သည်။

ကုလားနှစ်ဦးသည် ချောင်ကောင်းကောင်းမှနေ၍ တပ်ရင်းဝန်းအတွင်း အဝင်အထွက်မှန်သမျှကို ချောင်းမြောင်းကာအကဲခတ်နေသည်ကို တွေ့ရပေ၏။

"ဟော့ . . . မင်းဒင်၊ ခဏဟော့ . . ."

ဗိုလ်ဖေအောင်က လှမ်း၍ ဗိုလ်မှူးမင်းဒင်ကို ခေါ်ယူကာ မှန်ပြောင်းကိုပေးအပ်ပြီး ကုလားနှစ်ဦးနှင့် နာဂတစ်စု၏ ထူးခြားစွာလုပ်ကိုင်ပြောဆိုနေပုံကို ပြသပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကောင်တွေကို ကျကျနနသတိထားရမယ်၊ သဘော်ဆိပ်မှာလဲ ဒီအကောင်တွေဟာ တို့ကို သဲသဲမဲမဲကြည့်ပြီး အချင်းချင်းတိုင်ပင်နေကြတယ်၊ ဒီနေရာမျိုးအထိ စွန့်စွန့်စားစားလုပ်ပြီး လိုက်လာတာဟာ အဓိပ္ပာယ်ရှိတယ်ကွ"

ပြောကြားလိုက်ရာ ဗိုလ်မှူးမင်းဒင်က . . .

"မသင်္ကာရင် ငါဖမ်းလိုက်မယ်လေ၊ ပြီးတော့ ကြိုက်သလို အစ်ပြီး စစ်ကြရအောင်"

အရေးကကြီးပြောကြားလိုက်ရာ ဗိုလ်ဖေအောင်က ခေါင်းခါ၍ ပြလိုက်ပြီး . . .

"ခုစောသေးတယ်ကွ၊ ဒီအကောင်တွေကို အသာမသိချင်ယောင်ဆောင်ပြီး မွေးထားရဦးမယ်၊ ပိုင်လောက်မှ သူတို့လုပ်ပုံကိုင်ပုံတွေ မှန်းဆလို့ရလောက်မှ မလွတ်တမ်းဖမ်းကြရအောင်၊ မင်းကြိုတင်သိထားဖို့ ငါသတိပေးတာပဲ"

ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ဗိုလ်မှူးမင်းဒင်ကတော်နှင့် အိမ်သားများက အဖျော်ယမကာ၊ မုန့်များကို လာရောက်တည်ခင်း ဧည့်ခံကျွေးမွေးသည်ကြောင့် နှစ်ယောက်သား စကားကိုဖြတ်ကာ ဧည့်ခန်းဆီသို့ ကြွရောက်ရလျှောက်ဝင်ခဲ့ရလေ၏။

"မင်းဒင်ရေ . . . နက်ဖြန်မနက်ကစပြီး အလုပ်စလုပ်နိုင်ဖို့ စီစဉ်ကွာ . . . အချင်းဖြစ်ပွားတဲ့နေရာတွေကို ငါ အမြန်ဆုံးသွားချင်တယ်"

ဗိုလ်ဖေအောင်က သူ၏ဆန္ဒကို ကြိုတင်ပြောကြားလိုက်မိသည်။

❧ ❧

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## လူများလော နတ်များလော

အိမ်ခြေ ခြောက်ဆယ်ခန့်ရှိ တစ်အိမ်နှင့်တစ်အိမ် ခပ်ကျဲကျဲ ဆောက်လုပ်ထားသည့် တောင်ပေါ် နာဂရွာကလေး . . .

ဟုမ္မလင်းမြို့နှင့် နတ်မော်စခန်းကြား ချင်းတွင်းမြစ်အနောက် ဘက်ကမ်းခြေတွင် တည်ရှိခဲ့သည့် လူသားစားကျားရန်ကို ကြောက်ရွံ့ နေကြသလို မိရိုးဖလာစွဲလမ်းမှုများအကြောင်းပြုလျက် နတ်နှင့် သမန်း ကျားများကို ကြောက်ရွံ့နေကြသည်။ အင်မတန်ရိုးသားလှသည့် နာဂ ရွာကလေး သို့မဟုတ် တောစပ်တွင် ရွာစည်းရိုးတစ်ဆက်တည်းရှိနေ သည့် လယ်ယာကိုင်းခင်း အနည်းငယ်သာရှိနေသည့် ပြည်ထောင်စု သွေးချင်းသားချင်းတစ်စုနေထိုင်ရာ ရွာကလေးပင် ဖြစ်ပါသည်။

ဗိုလ်မင်းဒင်နှင့် ဗိုလ်ဖေအောင်တို့က ဦးဆောင်၍ နောက်ပါ အဖွဲ့ဝင်များနှင့် ကားများပေါ်သို့ ပစ္စည်းနှင့် ရိက္ခာတို့ကို တင်ဆောင် ကာ နေ့စဉ်နှင့်အမျှ ဟုမ္မလင်းနယ်လူထုကို တုန်လှုပ်ခြောက်ခြားစေ သည့် ကျားဆိုးများအရေးကို စုံစမ်းရန် ချီတက်လာခဲ့ကြခြင်းသာ ဖြစ် ပါသည်။

တောင်ပေါ်ရွာသူရွာသားများသည် အားကိုးအားထားရာ ဗိုလ်မှူးမင်းဒင်တို့လူစု ရောက်ရှိလာသည်ကို အဝေးကပင် တွေ့မြင်ရသည် တွင် အူယားဖားယားနှင့် ရွာပြင်သို့ထွက်၍ ခရီးဦးကြိုပြုလာကြသည်။

"ဖေအောင်ရေ . . . . ကျားခြေရာတွေကို ဟိုမှာမြင်ရတဲ့ တောစပ်နဲ့တစ်ဆက်တည်းဖြစ်နေတဲ့ ခြေသွားလမ်းကလေးအတိုင်း ရွာအပြင်မှာ အများကြီး စပြီးတွေ့ရတဲ့နေရာကွ"

ဗိုလ်မင်းဒင်က ပြောကြားလိုက်ရာ . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် မင်းဒင်၊ ခြေရာတွေ မူလအတိုင်း မပျက်အောင် စီစဉ်ထားတယ်မဟုတ်လား၊ သွားကြည့်ရအောင် မင်းဒင်"

"စိတ်ချပါ ဖေအောင်၊ ငါ့လူတွေက ကျားခြေရာတွေမပျောက်ရအောင် ဘေးပတ်လည်က ငုတ်တွေစိုက်ပြီး အပေါ်က သက်ကယ်တွေကို မိုးထားကြတယ်၊ နှင်းမရိုက် လေမတိုက်ရအောင်လို့ပဲ၊ သူငယ်ချင်းကြိုက်သလိုမြင်ရကြည့်ရပါစေ့မယ်"

မင်းဒင်က ရှေ့ဆောင်ကာ ရွာပြင်နှင့်တော စပ်ဆက်ရာ ခြေလမ်းကလေးဆီသို့ ခေါ်ဆောင်သွားပါသည်။ မကြာမီ ခြေလမ်းကလေးအနီးသို့ ချဉ်းကပ်ခဲ့ကြသည်တွင် သက်ကယ်မိုးထားသည့် ကျားခြေရာများကို အသာ တစ်လှာချင်းခွာ၍ ဗိုလ်ဖေအောင်နှင့် ဖော်လတို့က ကြည့်လိုက်ရာ ကျားခြေရာနှင့်တူသည့် ခြေရာများစွာကို စတင်ကာ တွေ့ရှိလိုက်ရပေ၏။

ရှေ့ပိုင်းတွင် အဖုကလေး လေးလုံးနှင့် နောက်ပိုင်းနှင့်ကပ်လျက် ဖနောင့်ကြီးနေရာအဖြစ်ဖြင့် အဖုကြီးတစ်ဖုကို ကပ်လျက်တွေ့ရပြီး၊ လုံးပတ် ငါးလက်မပတ်လည်ခန့်စီရှိသည့် ကျားခြေရာများကို ဗိုလ်ဖေအောင်သည် ကျားခြေရာနှစ်ခုစီ ယှဉ်တွဲလျက်တွေ့ရသည့်နေရာတစ်ခုပေါ်သို့ သူ၏လက်တွင်းမှ ထင်းရှူးသားပေတံတစ်ချောင်းနှင့် အသာကပ်၍ အကွာအဝေးတိုင်းထွာကြည့်ရှုလိုက်၏။ ခြေရာတစ်ခုနှင့်တစ်ခုအကြား တစ်ပေခွဲခန့်စီ ကွာနေသည်ကို တွေ့ရသလို၊ ခြေရာခွက်ချင်းမှာလည်း တစ်ပုံစံတည်းလိုလိုဖြစ်နေသည်ကို တွေ့လိုက်ရပေ၏။ ဗိုလ်ဖေအောင်က ပြုံးကာ ဗိုလ်မင်းဒင်နှင့် ဖော်လတို့ဆီသို့ တစ်ချက်လှမ်း၍ကြည့်လိုက်ပြီး မြေကြီးအနီးသို့ သူ၏မျက်နှာကို ထိလုခမန်းကပ်၍ တစ်စုံတစ်ရာကို လေးနက်စွာကြည့်လိုက်ပြန်သည်။ ထိုအရာကား ကျားခြေရာ ရှေ့နှင့်နောက်ပိုင်းတွင် မထင်မရှားတွေ့ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြောင့်ဖြောင့်အရေးတက်ချင်းနှစ်ခုပင် ဖြစ်ပါသည်။ ခြောက်လှမ်းခန့် အထိ ဗိုလ်ဖေအောင်က ခြေရာစဉ်အတိုင်း လိုက်၍ကြည့်လိုက်ပြီး အသာခေါင်းညိတ်လိုက်တော့၏။ ထို့နောက် ဗိုလ်ဖေအောင်သည် ကျား များ တောစပ်မှကပ်၍ထွက်ခဲ့သည့် တောစပ်အတွင်းသို့ တစ်လှမ်းချင်း ဆင်းကာ သစ်ပင်သစ်ကိုင်း၊ ပင်စည်များတစ်လျှောက်ကို အရေးတကြီး ကြည့်ရှုအကဲခတ်လိုက်ပြန်သည်။ ဆူးပင်တစ်ပင်၏ငါးပေခန့်မြင့်သော နေရာတွင် ဝါကျင့်ကျင့်အမွေးများ တဖုတ်လုံးငြိတွယ်ကျန်ရစ်ခဲ့သည်ကို တွေ့မြင်လိုက်ရသည်တွင် ဗိုလ်ဖေအောင်သည် ထိုအမွေးများကို အသာ အယာ လက်ချောင်းများဖြင့် ခပ်ဖွဖွကိုင်ကာ သူ၏မျက်စိနှစ်လုံးအနီးသို့ ကပ်၍ကြည့်ရှုလိုက်ပြီး သူ၏ပလတ်စတစ်အိတ်ကလေးထဲသို့ ထည့် လိုက်သည်။ ပေကြိုးတစ်ချောင်းနှင့် ကျားမွေးများတွေ့ရသည့်နေရာကို မြေပြင်မှစ၍ တိုင်းထွာကြည့်ရှုပြီးသည်တွင် မြေပြင်မှ အမြင့်ငါးပေ တစ်လက်မရှိသည်ကို တွေ့မြင်မှတ်သားလိုက်ရပေ၏။

"ရိုပ်မိပါပြီ မင်းဒင်၊ ငါ့တစ်သက်မှာ ဒီလောက်အရပ်မြင့်မား တဲ့ ငါးပေအထိမြင့်တဲ့ကျားဆိုးကို ဒီတစ်ခါမှပဲ ကံအားလျော်စွာ လာတွေ့ ရတယ်၊ အံ့ပါတယ်ကွာ . . ."

ပြုံးရယ်ရင်း ဗိုလ်ဖေအောင်က ခပ်တိုးတိုးပြောလိုက်လေသည်။

"တို့ပစ်ခဲ့တဲ့ကျားကြီးတွေဆိုရင် အမြင့်ဟာ လေးပေပဲ၊ ခုတွေ့ ရတဲ့ ကျားမွေးဟာ ငါးပေလောက်ဆိုတော့ အတိုင်းအဆအရ ဒီကျားမျိုး ပြောရရင် အလျားဆယ့်လေးတောင်လောက် ရှိလိမ့်မယ်"

ဒူးဝါးဇော်လသည် အမိပ္ပာယ်ပါပါနှင့်ပြောလိုက်သည်တွင် မြမြဝင်းသည် ဗိုလ်ဖေအောင်နှင့် ဇော်လတို့ပြောသည့်ကျားမျိုးသည် မည်သည့်ကျားမျိုး ဖြစ်လိမ့်မည်နည်း ? လူစင်စစ်ကဖြစ်လေ သမန်း



www.burmeseclassic.com

www.burmeseclassic.com



ကျားများ ဖြစ်မည်လော ? ဟူသော အတွေးမျိုးဖြင့် အစဉ်းစားရကျပ်နေ ရှာပါတော့သည်။

"ဘယ်လိုလဲ ဖေအောင်၊ မင်းမြင်တာပြောစမ်းကွာ . . . ဘယ်လိုကျားမျိုးလဲ သူငယ်ချင်း"

စီးကရက်တစ်လိပ်ကို ပါးစပ်တွင်ရှိုက်ဖွာနေသော ဗိုလ်မင်းဒင် က အသာကပ်၍ လေသံနှင့်မေးလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"ခြေလေးချောင်းနဲ့ တောထဲကကျားလဲ မဟုတ်ဘူး၊ လူစင်စစ် ကနေပြီး တစ်မုဟုတ်ချင်း ကျားဘဝကိုကူးတဲ့ သမန်းကျား (ဝါ) လူကျား လဲ မဟုတ်ဘူး မင်းဒင်၊ ခြေရာလက်ရာတွေအားလုံး ဆက်စပ်ကြည့်ရပုံ ကတော့ ကျားယောင်ဆောင်တဲ့လူတွေလက်ချက်ကွ၊ ကြည့်ပါလား . . . ကျားခြေရာစဉ်တွေမှာ တစ်ပုံစံတည်း၊ ပထမတွေ့ရတဲ့အချက် မင်းတို့ ငါတို့ မကြာခဏပစ်ဘူးတွေ့ဘူးတဲ့ကျားတွေဟာ အရွယ်အစားအတိုင်း ကျားခြေရာ အကြီးအငယ်တွေ တစ်မျိုးစီတွေ့ရတယ်မဟုတ်လား၊ ခုတွေ့ရတဲ့ ကျားခြေရာတွေဟာ အများကြီးတွေ့ရပေမယ့် ခြေရာကျ တော့ တစ်ပုံစံတည်းဖြစ်တာဟာ လုပ်ကြံတဲ့လူတွေရဲ့လစ်ဟင်းညံ့ဖျင်း ချက်ပဲ၊ အဓိပ္ပာယ်ကကွာ . . . ကျားခြေရာနဲ့တူအောင် ပုံစံထွင်းပြီး၊ သားရေဖိနပ်ခုံထူထူမှာ တပ်ပြီးနင်းပြီး ရွာထဲဝင်တဲ့ခြေရာတွေ မင်းဒင်၊ ဒါကြောင့်လဲ ကျားခြေရာအဝိုင်းရဲ့ ရှေ့နဲ့နောက်မှာ သားရေအောက်ခံ ဘ ပျော့လာပြီး ဖိနပ်ဦးပိုင်းနဲ့ ပုံပိုင်းက မြေကိုခတ်ဖွဖွလာထောက်တဲ့ ဖိနပ်ရာကလေးတွေကို တွေ့လိုက်ရတာ သူငယ်ချင်း"

"ဟာ . . . သိပ်ယုတ်တဲ့အကောင်တွေပဲ ဖေအောင်၊ တွေ့ အောင်ရှာပြီး သတ်ရမယ်ဟေ့"

ဗိုလ်မင်းဒင်သည် ထောင်းခနဲဒေါသထွက်လာသော ဒေါသ ကြီးဖြင့်ပြောလိုက်ရာ ဗိုလ်ဖေအောင်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါ မင်းဒင်၊ တို့လုပ်ငန်းမစရသေးဘူး၊ ဒီအကောင်တွေလုပ်ပုံ ရည်ရွယ်ချက်ကောင်းတယ်၊ ရုပ်ဖျောက်မှုမပိုင်ဘူးကွ၊ ရွာထဲက ခွေးတွေကို ကျားနံ့ရတဲ့အခါ ဆူဆူပူပူဟောင်ကြဖို့ တမင်တကာကျားရေကိုခြုံလာတယ်၊ ခွေးတွေဟာ ညအခါ မြင်နိုင်စွမ်းရှိကြတော့ ဟိုကျားရေခြုံလာကြတဲ့ လူယုတ်မာတွေ မြင်ရပြီး၊ ကျားရေတွေက ကျားနံ့ရလာတော့ တစ်မျိုးတည်း ကျားကိုကြောက်တဲ့စိတ်နဲ့ ပြေးကြတာပေါ့ကွာ၊ ဒါပေမယ့် ဖိနပ်ရာနဲ့ ဆူးကိုင်းကြားမှာ ငြိပြီးပြတ်ကျန်ရစ်ခဲ့တဲ့ ကျားမွေးတွေက အစစ်အမှန်အဖြစ်ကို သက်သေခံနေခဲ့တယ်"

ပြောလိုက်ပြီး ဗိုလ်ဖေအောင်က ပလတ်စတစ်အိတ်ထဲမှ ကျားမွေးများကို ထုတ်၍ပြသလိုက်သည်။

"ကြည့်စမ်း . . . ခုမြင်ရတဲ့ကျားမွေးက တကယ့်ကျားမွေးဖြစ်ပေမယ့် အရောင်အဆင်း စိုစိုပြည်ပြည်မရှိဘူး၊ ခြောက်သွေ့နေတယ်၊ ကျားရဲ့အသက်ရှိတဲ့ကိုယ်က ပြတ်ကျန်ရစ်တဲ့ ကျားမွေးဆိုရင် အရင်းပိုင်းမှ လတ်လတ်ဆတ်ဆတ် အရေပိုင်းကလေးတွေ တွေ့နိုင်သလို၊ အမွေးအရောင်အဆင်းဟာ စိုနေတာတွေ့နိုင်တယ်၊ တို့လို မုဆိုးရင့်မကြီးတစ်ယောက်အနေနဲ့ ဒီလိုအသေးအဖွဲ့ကိစ္စတွေမှာ မြင်ရုံကြည့်ရုံနဲ့ အမိပ္ပာယ်ခွဲခြားလို့ရနိုင်တာကလားကွာ မင်းဒင်"

ဗိုလ်ဖေအောင်က သူလေ့လာခဲ့ရသမျှ အစစ်အမှန်အခြေအနေကို ပြောပြလိုက်ပြီး . . .

"တကယ်လို့ တောထဲက ကျားချီလာပြီး လူတွေလိုက်ရင်းရှန်းကန်တဲ့အရာ၊ ချီသွားတဲ့ဆွဲကြောင်းရာကြီးတွေ မုချကျန်ရစ်ခဲ့ရမယ်၊ နောက်ဆုံး အလောင်းတစ်ပိုင်းတစ်စကို တွေ့ရတယ်၊ ကျားစားထားတဲ့ အရိုးအရင်းတစ်ခုခုတော့ တွေ့ရမယ်၊ ခုတော့ ချီသွားတဲ့လူ ဘာမှအစအနမတွေ့ရဘူးဆိုတော့ တကယ့်ကျားမဟုတ်တာ အဖြေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တယ်၊ နောက်တစ်ချက်က ဒီနယ်မြေမျိုးမှာ ကျားဆိုး၊ ကျားသောင်းကျန်းတာကို နာမည်ပြုပြီး ခေါင်းစဉ်တပ်ပြီး လုပ်လို့ကြံလို့ရနိုင်တာကြောင့် သူတို့လူယုတ်မာတွေက 'ကျားသောင်းကျန်းတယ်' ဆင်လိုက်ကြတာပဲ၊ လုပ်ပုံကြံ့ရွယ်ပုံကဖြင့် သိပ်မသေးဘူး၊ လူပါပျောက်တယ်ဆိုတော့ ဒီနယ်သူနယ်သားတွေက တမန်သီနယ်မြေနဲ့နီးနေတော့ လူသားစား သမန်းကျားမျိုးထင်အောင် တမင်တကာစီစဉ်ချက်ပဲ မင်းဒင်"

ဗိုလ်ဖေအောင် ရှင်းလင်းပြောပြနေစဉ်တွင် ရွာတွင်းမှ နာဂလူကြီးများ ခရီးဦးကြိုပြုရန် သူတို့ဆီသို့ ထွက်၍လာကြသည်ကို ဗိုလ်ဖေအောင်တို့လူစုက တွေ့မြင်လိုက်သည်တွင် ဗိုလ်ဖေအောင်က လေသံဖြင့် . . .

"အခုလို လူစင်စစ်က လုပ်ကြံမှုတွေကို ဟောဒီလို အင်မတန်ရိုးသားတဲ့ နာဂတွေကို ဖွင့်ပြောလို့မကောင်းသေးဘူးကွ၊ ယုံမှာလဲမဟုတ်ဘူး၊ အဲဒီတော့ တကယ့်လူသားစားကျားအဖြစ်နဲ့ဆင်ပြီး လုပ်ဇာတ်ခင်းကြရအောင်၊ အကောင်အထည်အစစ်အမှန်ဖော်နိုင်မှ ဇာတ်သိမ်းပိုင်းရောက်မှ အစစ်အမှန်ကိုလဲ ရှင်းပြဖို့လိုမယ် မင်းဒင်၊ လိမ်လိမ်မာမာနဲ့တိုင်တွယ်သုံးသပ်ကြဖို့လိုမယ်ဟေ့"

ဗိုလ်ဖေအောင်က အရေးတကြီးဆက်၍ ဗိုလ်မင်းဒင်အားသတိပေးလိုက်ရပေ၏။

"ရွာထဲကိုကြွကြပါ ဗိုလ်မှူးကြီး"

ခပ်ဝဲဝဲလေသံဖြင့် အသက်အစိတ်ခန့် နာဂအမျိုးသားတစ်ဦးက ဦးဆောင်၍ ခပ်ဝေးဝေးကပင် နှုတ်ဆက်လိုက်ရာ ဗိုလ်မှူးမင်းဒင်သည် . . .

"ဟုတ်ကဲ့၊ ပေါပါပေါ်၊ ခွန်ဆလေနီး . . . နေကောင်းရဲ့လား"

ပြန်၍နှုတ်ဆက်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖေအောင်ရေ . . . အဲဒီလူငယ်ဟာ ကျားချိခံရတဲ့ရွာသူကြီးရဲ့ သားအကြီးပဲ၊ ဟုမ္မလင်းကျောင်းမှာ ခုနစ်တန်းအထိ ခေတ်ပညာသင်ဘူး တဲ့လူကွ၊ မြန်မာစကား ရေရေလည်လည်ပြောတတ်ပြီး ခေတ်အတော် မီတဲ့လူကွ"

ဗိုလ်မင်းဒင်က စွပ်ကျယ်တစ်ထည်ကိုဝတ်ပြီး ရှမ်းဘောင်းဘီပွ ဝတ်ထားသောလူရွယ်ကို ညွှန်ပြကာ ပြောလိုက်သည်။ ခွန်ဆလန်း၏ နောက်မှ နာဂအမျိုးသားများမှာ ဆံပင်နောက်တွဲနှင့်တစ်မျိုး၊ ခေါင်းတုံး နှင့်တစ်ဖုံ၊ ဆေးမင်များကို လက်မောင်းနှင့် အကျီချွတ်ထားသည့် အထက်ပိုင်းတွင် နေရာအနှံ့အပြားထိုးထားသော လုံကွတ်တီပိုင်းများနှင့် အနံ့တိုသောလုံချည်ပိုင်းများကို ဝတ်ဆင်ထားကြသည့် နဂလူကြီးပိုင်း များအဖြစ် တွေ့ရပေ၏။

"ကိုင်း . . . ရွာထဲ ခဏဝင်ကြည့်ရအောင်၊ သူကြီးအိမ်က အခြေအနေကို အကဲခတ်ကြည့်ချင်တယ် မင်းဒင်"

ဗိုလ်ဖေအောင်က ပြောကြားလိုက်ရာ ဗိုလ်မင်းဒင်က ဦးဆောင် ၍ ရွာလူကြီးများရှိရာသို့ ရောက်ခဲ့ကြပြီး၊ ရွာလူကြီးများနှင့် မိတ်ဆက် ပေးလိုက်ကြသည်။

"ဟော့ . . . ခွန်ဆလန်း၊ ဟောဒီကဗိုလ်ကြီးက မင်းတို့ကိုယ် တိုင် စာရေးပြီး အကူအညီတောင်းလို့ ရောက်လာတဲ့ ငါ့ရဲ့ကျောင်းနေ ဘက် သူငယ်ချင်း ဗိုလ်ဖေအောင်ဆိုတာပေါ့ကွာ၊ ဒူးဝါးဖေအောင်လို့လဲ ခေါ်တယ်၊ ဟောဒါက နမ့်ဟူးဒူးဝါးကြီးဖော်လ၊ ဟောဒီအမျိုးသမီးက ဒေါ်မြမြဝင်းတဲ့၊ တက္ကသိုလ်က မြေတိုင်းပညာကိုအောင်လာတဲ့ ဗိုလ် ဖေအောင်တို့ရဲ့အဖွဲ့ခေါင်းဆောင်တစ်ဦး ဖြစ်တယ်၊ နောက်ပါလာတဲ့ ရဲဘော်တွေက ဗိုလ်ဖေအောင်အဖွဲ့က မုဆိုးတွေကွ၊ သိပြီး သူရသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြတယ်၊ မြန်မာ၊ ကချင်၊ ရှမ်း၊ ဝ လူမျိုးအစုံပဲကွ ခွန်ဆလန်း၊ မင်းတို့အရေးမို့ ကိုယ်တိုင်ရောက်လာခဲ့ပြီ၊ ဘာမှအားမငယ်နဲ့"

အားပေးစကားပြောကြားလိုက်ရာ သူကြီးသား ခွန်ဆလန်းသည် . . .

"အမလေး . . . သိပ်ကျေးဇူးကြီးလှတယ် ဗိုလ်မှူးကြီးတွေ"

ဆွေ့ဆွေ့ခုန်ခမန်း မြန်မာလိုပြောလိုက်ပြီး သူ့နောက်မှလူကြီးပိုင်းကိုလှည့်၍ နာဂဘာသာဖြင့် သုံးလေးခွန်းပြောပြလိုက်ရာ လူကြီးပိုင်းသည် ဆူဆူညံညံဖြစ်သွားပြီး မျက်နှာတွေမှာ ရွှင်ပျအားတက်လာကြောင်း တွေ့ရပေ၏။

ဗိုလ်ဖေအောင်သည် . ၄၁၆ ရိုင်ဖယ်ကို ပခုံးတွင်ထမ်းလိုက်ပြီး . . .

"ခွန်ဆလန်း . . . မင်းတို့ရွာက လူကြီးတွေကို ပြောပြပါ၊ မင်းတို့ရွာကို လာပြီးနှိပ်စက်တဲ့ ကျားဆိုးတွေကို မကြာခင် ငါနဲ့အဖွဲ့ဝင်တွေ စုပြီးပစ်သတ်ပြီး လက်စားချေပေးမလို့ ငါကတိပေးတဲ့အကြောင်း ပြောလိုက်ပါ"

ထပ်မံအားပေးစကားပြောကြားရာ ခွန်ဆလန်းသည် နာဂလိုသူ့ည့်၍ပြောလိုက်ရာ . . .

"အား"ဟူသော ဝမ်းမြောက်ဝမ်းသာသော အသံကြီးများဖြင့် အထက်လူကြီးပိုင်းက ခေါင်းဆောင်ဖြစ်သော ဗိုလ်ဖေအောင်၏လက်ကို လာဆွဲ၍ ရွာတွင်းသို့ ခေါ်ဆောင်ခရီးဦးကြိုပြုကြပါသည်။

ဗိုလ်ဖေအောင်တို့လူစုသည် တစ်တန်းကြီးတန်းလျက် အိမ်ပိုင်းမှာ၍ သပ်သပ်စီမရှိကြသည့် သက်ကယ်မိုး၊ ဝါးထရံကို ပိတ်အောင်ကာရံထားသည့် အမိုးခပ်ကုတ်ကုတ်နှင့် ဆောက်လုပ်ထားကြသည့် ခေါင်ပေါင်နာဂရွာကြီးကို စတင်ကာတွေ့လိုက်ရပေ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်းဒင်ရေ . . . သူကြီးအိမ်အခြေအနေကို ငါတို့ကြည့်ချင်တယ်၊ အဲဒီမှာ သွားကြည့်ရအောင်"

ဗိုလ်ဖေအောင်က ပြောလိုက်ရာ ဗိုလ်မင်းဒင်က ခွန်ဆလန်းအား သူ၏ဖခင်နေအိမ်ကို ပထမဦးဆုံး ပြသရန် ပြောလိုက်ရာ . . .

"ကြည့်ရပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော်တို့အားလုံး အဖေနဲ့နှမအတွက် စိတ်မကောင်းလို့ အဖေ့အိမ်ကို ဒီအတိုင်း လူမနေကြဘဲ ပိတ်ထားခဲ့ပါတယ်"

ခွန်ဆလန်းသည် ရွာလယ်ရှိ သူ၏ဖခင် သူကြီးနေအိမ်စ်သို့ ခေါ်ဆောင်သွားပြီး ပိတ်ထားသည့် တံခါးပေါက်များကို ဖွင့်လိုက်ရာ ဗိုလ်ဖေအောင်သည် ရှေးဦးစွာ သူကြီးအိမ်အတွင်းသို့ နှစ်လှမ်းသုံးလှမ်း ဝင်ခဲ့ပြီး ဗိုလ်မင်းဒင်ကို ခေါ်ယူ၍ . . .

"ဘယ့်နှယ်လဲဟေ့ . . . မင်းဒင်၊ အနံ့တစ်မျိုး မရှူမိဘူးလား၊ စိမ်းရွှေရွှေအနံ့မျိုးပဲ"

စတင်ကာပြောလိုက်ရာ ဗိုလ်မင်းဒင်သည် နှာခေါင်းကို ရှုံ့ချီပွချီလုပ်ကာ . . .

"ဟုတ်တယ်ကွ . . . ဖေအောင်၊ ငါတောင် စိတ်တွေလေးလာတယ်"

ပြောလိုက်ရာ ဗိုလ်ဖေအောင်သည် ပြတင်းပေါက်မှန်သမျှကို အရေးတကြီးဖွင့်စေပြီး အိမ်အတွင်းအပြင်ကို စေ့စေ့စပ်စပ်ရှာဖွေစဉ် အိမ်၏ခေါင်းရင်းပိုင်း အမှိုက်သရိုက် အစအနများသွန်ပစ်ရာကြမ်းပြင်မှ သုံးလက်မခန့် အပေါက်တစ်ခုအနီး၌ အိမ်မြှောင်နှင့် ပိုးဟပ်များ တွေ တဝေးကြီး တုံးလုံးပက်လက် သေနေသည်ကို တွေ့ရသည်တွင် ဗိုလ်ဖေအောင်သည် ထိုအပေါက်ငယ်ကလေးမှ အောက်မြေပြင်သို့ ငုံ့၍ ကြည့်လိုက်ရာ ဝါးဆစ်ကျည်တောက်တစ်ထုထိပ်ပိုင်း မီးသွေးမည်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရပေ၏။ ထို့ကြောင့် ဗိုလ်ဖေအောင်သည် သူကိုယ်တိုင် ပြတင်းပေါက်မှ ခုန်ဆင်းပြီး ဝါးကျည်တောက်ကို ကောက်ခါ ယူ၍ကြည့် လိုက်သည်တွင် ဝါးကျည်တောက်ထိပ်ပိုင်း၌ မီးသင်းထားသောအခြေ အနေနှင့်တကွ ဝါးကျည်တောက်အတွင်း၌ တပိုင်းတစကျန်ရစ်ခဲ့သည့် မည်းမည်းပြောင်ပြောင်အစအနများကို တွေ့ရ၍ နှာခေါင်းနှင့် အနံ့ခံ ကြည့်လိုက်ပြီး ချက်ချင်းပင် သူ၏အိတ်ထဲမှ သံပရာသီးကို လက်ဖဝါး ဖြင့် ချေ၍၊ သူ၏နှာခေါင်းနှင့်မျက်လုံးများကို ပွတ်သပ်လိုက်ပြန်ပါသည်။ ဝါးကျည်တောက်ကို အပေါ်က စက္ကူထူထူနှင့်ပိတ်၍ သေချာစွာထည့် ပြီးနောက် သူ၏ရဲဘော်တစ်ဦးအား ပေးလိုက်ပြီးနောက်၊ ပတ်ဝန်းကျင် တစ်ဝိုက်ကို ကြည့်ရှုလိုက်ရာ ရွာအပြင်တွင် တွေ့ရှိရသည့် ကျားခြေရာ ပုံသဏ္ဌာန်မျိုး တော်တော်များများကို တွေ့လိုက်ရပေ၏။

ဗိုလ်မင်းဇင်သည် ဗိုလ်ဖေအောင်၏လုပ်ပုံကိုင်ပုံကို လိုက်၍ ကြည့်ရင်း ဗိုလ်ဖေအောင်ပေးအပ်သည့် သံပရာသီးကို လှီးမှ၍ သူ၏ နှာခေါင်းတွင် ရှူရှိုက်လိုက်မှ မူးနောက်နောက်ဝေဒနာတစ်မျိုး ခံစားမှု အန္တရာယ်မှ ကာကွယ်လိုက်လေ၏။

"တော်ပြီ . . . လုံလောက်ပါပြီ မင်းဇင်၊ ခွန်ဆလန်းတို့နေတဲ့ အိမ်ကိုသွားပြီး ခဏနားကြရအောင်"

ပြောလိုက်ပြီး သူတို့လူစုသည် သူကြီးသား ခွန်ဆလန်းနှင့် ခင်ကြီးနေထိုင်ရာအိမ်သို့ သွားရောက်၍ ခေတ္တအနားယူရင်း ဗိုလ် အောင်က စုံစမ်းမေးမြန်းလိုသော အချက်အလက်များကို မေးမြန်း လိုက်သည်။

"အဲဒီညက အိမ်သူအိမ်သားတွေ အိပ်ပျော်ကြသလား၊ ကျား တွေ ဝင်ဆွဲတာ မသိကြဘူးလား ခွန်ဆလန်း"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဇေအောင်၏မေးမြန်းချက်ကို ခွန်ဆလန်းသည် သွက်လက်စွာဖြင့် . . .

"ညဦးပိုင်းက ချမ်းတာနဲ့တံခါးတွေပိတ်ပြီး စောစောအိပ်ရာဝင်ပေမယ့် ရတ်တရက်အိပ်မပျော်ကြဘူး ဗိုလ်ကြီး၊ သန်းခေါင်ကျော်မှ ရုတ်တရက် ကျွန်တော်တို့အားလုံး အိပ်ပျော်သွားကြတယ်၊ မနက်လင်းတာတောင် အိမ်နီးချင်းတွေ လာပြီးမနည်းနှိုးမှ ကျွန်တော်တို့အားလုံး နိုးတယ်၊ အဖေနဲ့ နှမကလေး မရှိတာ သိရလို့ အိမ်အောက်ဆင်းကြည့်တော့ ကျားခြေရာတွေ တွေ့ရတော့တယ်"

မဆိုင်းမတွဖြေကြားလိုက်ရာ ဗိုလ်ဇေအောင်သည် . . .

"ကောင်းပြီလေ . . . မင်းတို့အိပ်ရာက နိုးလာတော့ လန်းလန်းဆန်းဆန်းပဲလား၊ လေးလေးထိုင်းထိုင်းဖြစ်နေကြသလား"

ဗိုလ်ဇေအောင်က ဒုတိယမေးခွန်းထုတ်လိုက်ရာ ခွန်ဆလန်းသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ . . .

"အား ! မှတ်မိပြီ ဗိုလ်ကြီး၊ ကျွန်တော်တို့အားလုံး ဘာကြောင့်မှန်းမသိဘူး၊ ခေါင်းတွေလေးပြီး မျက်လုံးတွေ ဖွင့်မရချင်ဘူးဗျ၊ အမေဆိုရင် သုံးလေးရက် အိပ်ရာထဲမှ အိပ်နေရတယ်၊ ကျွန်တော်တို့ ထုံးစံရှိတဲ့ နာဂနတ်ကြီးကို အချိန်မီ ပွဲမလုပ်လို့ထင်ပါတယ်၊ နတ်ကြီးဟာ အားကြီးစိတ်ဆိုးနေတဲ့ပုံပဲ ဗိုလ်ကြီး"

သူ၏ထင်မြင်ချက်ကိုပါ ထည့်သွင်းပြောပြလိုက်ရာ ဗိုလ်ဇေအောင်သည် အနည်းငယ်ပြုံး၍ ဗိုလ်မင်းဒင်ကို လှမ်း၍ကြည့်လိုက်သည်။

ခွန်ဆလန်း၏မိခင်ကြီးက နာဂဘာသာဖြင့် အရေးတကြီး သုံးလေးခွန်း ထပ်၍ပြောလိုက်ပြန်ပါသည်။ ခွန်ဆလန်းသည် စကားပြန်လုပ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အမေက ပြောတယ်၊ အချိန်မီပွဲမလုပ်လို့ နတ်ကြီးကို မပူဇော်လို့ နာဂနတ်ကြီးက စိတ်ဆိုးပြီး သမန်းကျားတွေနဲ့ ရွာထဲဝင်ပြီး ရွာလူကြီး အကြီးအကဲနဲ့ သမီးကို ကိုက်စားခိုင်းတာတဲ့၊ နတ်တင်လိုက်ရင်း ပျောက်သွားမှာပဲလို့ ပြောတယ်ခင်ဗျ"

ဘာသာပြန်လိုက်ရာ ဗိုလ်ဖေအောင်သည် မဖွံ့ဖြိုးသေးသော ပြည်ထောင်စုသားများ၏ အတွေးအခေါ် စွဲလမ်းမှုတို့၏ အရေးကြီးပုံကို ထိရောက်စွာ စဉ်းစားမှတ်သားမိပေတော့သည်။

ခွန်ဆလန်းသည် ဗိုလ်မင်းဒင်နှင့် ဗိုလ်ဖေအောင်တို့အား ယုံကြည်အားကိုးစွာဖြင့် . . .

"ဗိုလ်မှူးတို့ ဉာဏ်ရှိသလို ထင်သလို စီမံကာကွယ်ပေးကြပါ' လို့ တောင်းပန်ပါရစေ၊ ကျွန်တော့်အဖေနဲ့ နှမကို ကိုက်ချီသွားတဲ့ ကျားဆိုးတွေကို လက်စားချေနိုင်ရင် ကျေနပ်ပါပြီ၊ ကျွန်တော်တို့လဲ ယုံကြည်စိတ်ချစွာနဲ့ ဗိုလ်မှူးကြီးတို့ ခိုင်းစေချင်တဲ့နေရာကို ခိုင်းစေပါ၊ နာဂတွေဟာ ကတိသစ္စာနဲ့ ကျေးဇူးသိတတ်တဲ့နေရာမှာ ထိပ်ဆုံးက နာမည်ရတဲ့ လူမျိုးတွေပါ"

စသည်ဖြင့် မြန်မာလို လည်ပတ်စွာဖြင့် တောင်းပန်ရင်း သူ၏ ကိုယ်ကို ပုံ၍အပ်လိုက်ပါသည်။ ဗိုလ်ဖေအောင်သည် အနည်းငယ် စဉ်းစားနေရာမှ . . .

"ခွန်ဆလန်း . . . မင်းမှာ အိမ်ထောင်ရှိသလား၊ မင်းတို့ငါတို့ အနေနဲ့ အသုံးချဖို့ အများကြီးလိုနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်း မြန်မာစကားကို ကောင်းကောင်းပြောတတ်တဲ့ နာဂခေါင်းဆောင်တစ်ဦး ဖြစ်ပြီး၊ ခေတ်ပညာလဲ ကောင်းကောင်းတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်မို့ ခင်းရဲ့အကူအညီကို တို့လက်ခံရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စတင်ကာ ခွန်ဆလန်းကို ပြောလိုက်ရာ နာဂလူငယ်သည်-

"ခုလိုက်မယ် ဗိုလ်ကြီး၊ ကျွန်တော်ဟာ လူပျိုပါ၊ ကျွန်တော့် အမေကိုလဲ ဦးကြီး၊ ဦးလေးတွေက စောင့်ရှောက်ဖို့ တာဝန်ယူပါလိမ့်မယ်"

ပြောဆိုလိုက်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သူ၏ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်လိုက်တော့သည်။

ဗိုလ်မင်းဒင်နှင့် ဗိုလ်ဖေအောင်တို့နှစ်ဦးသည် နာဂခေါင်းဆောင်များကို အားပေးစကားပြောဆိုလိုက်ကြပြီး ဗိုလ်ဖေအောင်က -

"ကျွန်တော်တို့ ဒီရွာမှာလာပြီး ကျားဆိုးတွေကို ချောင်းမြောင်းမယ်၊ တောစပ်နဲ့ကပ်တဲ့နေရာမှာ နေချင်တယ်၊ ရွာအစွန်က လေးငါးအိမ်ကို လိုချင်တယ်"

စသည်ဖြင့် သီးသန့်နေရာတောင်းဆိုလိုက်ရာ နာဂခေါင်းဆောင်များက အသင့်စီမံပေးမည်ဖြစ်ကြောင်းကို ကတိပြုကြသည်။

"တစ်ဆိတ်ပြောလိုက်ပါ၊ ရွာနီးနားက မိတ်ဆွေနာဂတွေကိုလဲ ကျွန်တော်တို့မုဆိုးအဖွဲ့အစည်းအနေနဲ့ ဒီရွာမှာ ရွေးပြီး ကျားဆိုးတွေကို ပစ်ခတ်ပေးမယ်လို့ ပြောပြပေးပါ"

စသည်ဖြင့် ဗိုလ်ဖေအောင်က မှာကြားလိုက်ပြီး နတ်မှော်စခန်းသို့ ခေတ္တခရီးဆက်ကြရန် ဗိုလ်မင်းဒင်ကို ပြောကြားလိုက်သည်။ ဗိုလ်မင်းဒင်က ရှေ့ဆောင်၍ ရွာပြင်သို့ထွက်လာခဲ့သည်တွင် ဗိုလ်ဖေအောင်က အသာချဉ်းကပ်၍ . . .

"တောင်ပေါင်ရွာအနောက်ဘက်က နယ်ခြားဆီသို့သွားတဲ့လမ်း ဘယ်နှစ်လမ်းရှိသလဲ မင်းဒင်"

မေးမြန်းလိုက်ရာ ဗိုလ်မင်းဒင်က မြေပုံချပ်ကြီးကိုထုတ်၍ ခေတ္တရပ်ကာ ပြသလိုက်သည်တွင် နတ်မှော်စခန်းနှင့် တောင်ပေါင်ရွာ



www.burmeseclassic.com

www.burmeseclassic.com



တို့မှ အနောက်ဘက်အိန္ဒိယနယ်စပ်ဖြစ်သည့် မဏိပူရနှင့် နာဂနယ်များသို့ ရောက်စေနိုင်သည့် ခြေလှမ်းများ၊ တောလမ်းကြမ်းများ လေးလမ်းရှိနေသည်ကို တွေ့လိုက်ရသလို၊ တောင်ပေါင်ရွာ၏အနောက်ဘက်မှ စတင်၍ ခြေလျှင်လမ်းနှစ်လမ်းသုံးလမ်းကိုလည်း တွေ့လိုက်ရပေ၏။

ဗိုလ်ဖေအောင်တို့အဖွဲ့ဝင်များသည် မြစ်ဆိပ်သို့ပြန်အရောက်တွင် မြစ်ကွေ့အနီး၌ ငါးရှာသလိုလို၊ ပစ္စည်းတင်သလိုလို ပြုလုပ်နေသည့် မသင်္ကာဖွယ်ရာ လှေငယ်တစ်စီးကို တွေ့ရသည်ကြောင့် ဗိုလ်ဖေအောင်က သစ်ပင်ကွယ်မှကပ်၍ မှန်ပြောင်းနှင့်ချောင်းမြောင်းကြည့်လိုက်ရာ သူတို့လူစု ဟုမ္မလင်းမြစ်ဆိပ်အထက်တွက် လာရောက်ကြည့်ရှုကြသည့် ကုလားနှစ်ဦးနှင့် နာဂများအနက် ကုလားတစ်ဦးနှင့် နာဂနှစ်ဦးတို့ဖြစ်ကြောင်းကို မှန်ပြောင်းအကူအညီကြောင့် ဗိုလ်ဖေအောင်က ကောင်းစွာသိရှိလိုက်ရ၏။

ဗိုလ်ဖေအောင်က ဗိုလ်မင်းဒင်ကို တီးတိုးသတိပေးလိုက်ပြီး နတ်မျှော်စခန်းဆီသို့ ဆက်လက်၍ ရေလမ်းမှချီတက်ကြရန် အစီးရသင်္ဘောပေါ်သို့ ကားများကိုပါ တင်ဆောင်ခဲ့ကြပြီး ခရီးဆက်ခဲ့ကြလေသည်။

သင်္ဘောပေါ်တွင် ဗိုလ်ဖေအောင်က မြမြဝင်းအား လျှို့ဝှက်စွာယူဆောင်လာရသည့် သူကြီးအိမ်အောက်ထပ်တွင် တွေ့ရှိခဲ့ရသည့် အိပ်မွေ့ချသည့်ဆေးများကို တတ်နိုင်သမျှ ဓာတ်ခွဲ၍ကြည့်ရန် ပေးအပ်လိုက်သည်။

"ရန်သူ့အန္တရာယ်ဟာ သိပ်မသေးဘူး မင်းဒင်၊ အကြံအလွန်ကြီးတယ်၊ သူတို့မှာ နောက်ပိုင်းကနေပြီး လျှို့ဝှက်ကြိုးကိုင်တဲ့လူကြီးတစ်ယောက် ရှိလိမ့်မယ်ကွ"

ပြောကြားသတိပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကျားသောင်းကျန်းနှင့် ထောင်ချောက်

ဗိုလ်ဖေအောင်နှင့် ဗိုလ်မင်းဒင်တို့လူစုသည် နတ်မှော်စခန်းတွင် ကျားကိုက်ချီသွားခြင်းခံရသည့် သူနာပြုဆရာမနှင့် လူဝင်မှုအရာရှိတို့၏နေအိမ်အသီးသီးသို့ တောင်ပေါ်သူကြီးအိမ်ကို ရှာဖွေစုံစမ်းသည့်အတိုင်း တိတိကျကျစုံစမ်းရာတွင် အိမ်အောက်ထပ်တို့တွင် တောင်ပေါ်သူကြီးအိမ်အောက်တွင် တွေ့ရှိရသည့် အိပ်မွေ့ချသည့်ပစ္စည်းများလိုတထပ်တည်းတွေ့ရသလို၊ ထိုအိပ်မွေ့ကျည်တောက်များမှ ထွက်ပေါ်လာသည့် အနံ့များမှာလည်း တောင်ပေါ်သူကြီး၏အိမ်တွင် တွေ့ရှိခဲ့ရသည့် အိပ်မွေ့ဆေးအနံ့များအတိုင်း တွေ့ရှိခဲ့ရပေ၏။

ထို့ကြောင့် ဗိုလ်ဖေအောင်နှင့် ဇော်လတို့က ကျားဟန်ဆောင်၍ လုပ်ကြံသူများသည် တစ်ဖွဲ့တည်း တစ်ဂိုဏ်းတည်းဖြစ်ရမည်ဟူ၍ မှတ်ချက်ချလိုက်ရပေ၏။

တောင်ပေါ်ရွာသို့ ပြန်၍၊ သင်္ဘောနှင့်ထွက်ခဲ့သည့်အချိန်ပိုင်းအတွင်း သင်္ဘောပေါ်တွင် ဗိုလ်ဖေအောင်က ဗိုလ်မင်းဒင်အား သိလိုသော အချက်အလက်များကို မေးမြန်းလိုက်ပြန်သည်။

"မင်းဒင်ရေ . . . မင်းတို့နယ်မှာ မှော်ခိုသမားတွေ တော်တော်ရှိသလား၊ မှော်ခိုပစ္စည်းတွေရော တော်တော်များများမိခဲ့သလားကွာ"

ဗိုလ်ဖေအောင်၏မေးမြန်းချက်ကို မဆိုင်းမတွပင် . . .

"လွန်ခဲ့တဲ့သုံးလပိုင်းကစပြီး မှော်ခိုလုပ်ငန်းများကို အိန္ဒိယဘက် မဏိပူရဘက်တွေကတစ်ဆင့် မြန်မာပြည်ထဲကို တို့နယ်ကဖြတ်ပြီးဝင်လာတယ်ဆိုတာ အစိုးရပိုင်းက သတင်းရလို့ ကျပ်ကျပ်တည်းတည်းပိတ်ဆို့ခိုင်းထားတယ်၊ မိတဲ့လူတွေလဲရှိသလို၊ လမ်းတွေကသိပ်များနေ



www.burmeseclassic.com

www.burmeseclassic.com



မိတဲ့လူတွေလဲ ရှိတယ်၊ မြန်မာပြည်ဘက်က ကုန်တွေနဲ့ အိန္ဒိယဘက်
က ကုန်တွေဟာ အတော်ကလေး အဝင်အထွက်များတယ်ဆိုတာ
သိရတယ်၊ ဒါကြောင့် ဒီနယ်တစ်ဝိုက်နဲ့ မန္တလေးဘက်က တက်လာတဲ့
လားမှောင်ခိုသမားထိပ်သီးတွေကို ငါ့အနေနဲ့ ဖမ်းပြီး ထောင်ထဲပို့
တယ် ဖေအောင်"

ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"ဒီအကောင်တွေရဲ့အဆက်အသွယ်နဲ့ ကြိုးကိုင်တဲ့ မှောင်ခို
ဂိုဏ်းခေါင်းဆောင်တစ်စုနဲ့ မင်းတို့ငါတို့ ရင်ဆိုင်ကြရလိမ့်မယ်၊ ကျားဆိုး
ယောင်ဆောင်ပြီး သူတို့သိမ်းသွင်းလို့မရတဲ့ အစိုးရအမှုထမ်း၊ အရာထမ်း
တွေနဲ့ တို့မြန်မာအစိုးရဘက်က အရေးပါအရာရောက်တဲ့ တန်ဖိုးရှိတဲ့
ဗိုလ်တွေ၊ အစိုးရရဲ့ သစ္စာတော်ခံ နာဂသူကြီးတွေကို မှောင်ခိုဂိုဏ်း
ခေါင်းဆောင်တွေက ညအချိန် တိတ်တဆိတ် အိပ်မွေ့ချပြီး ဖမ်းသွား
တာပဲ မင်းဒင်၊ ဉာဏ်ချင်း၊ ပညာချင်း၊ သတ္တိချင်း ပြိုင်ကြရလိမ့်မယ်"

ပြောကြားလိုက်ပြီး ဗိုလ်ဖေအောင်သည် ဗိုလ်မှူးမင်းဒင်၊
ဘော်လ၊ မြမြဝင်း၊ ဗိုလ်တင်ငွေတို့ကို ခေါ်ယူ၍ လျှို့ဝှက်အစီအစဉ်
တစ်ခုကို ဖွင့်၍ပြောပြကာ အသေးစိတ် ပိပိရိရိလုပ်ကိုင်ကြရန် ညွှန်ကြား
လိုက်တော့သည်။

တောင်ပေါ်နာဂရွာတွင် ပြန်ရောက်ရှိလာကြသည့် ဗိုလ်
ဖေအောင်နှင့် ဗိုလ်မင်းဒင်တို့လူစုသည် ရွာအစွန် တောစပ်နှင့်တစ်ဆက်
တည်းလိုဖြစ်နေသည့် နာဂအိမ် လေးလုံးတွင်လည်းကောင်း၊ ရွာ၏အလယ်
နှင့် တောင်ပိုင်းတို့တွင် သူတို့ပါလာသည့် တပ်စုနှင့် ဗိုလ်ဖေအောင်၏
အဖော်များကို ခွဲ၍စခန်းချလိုက်ကြသည်။

တပ်စခန်းချခြင်းသဘောမျိုးမဟုတ်ဘဲ မေ့မေ့လျော့လျော့
နေထိုင်သည့်ပုံဖြင့် ကင်းတစ်စုံတစ်ရာမချဘဲ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ကြပြီး၊ မြမြဝင်းအား တောစပ်နှင့်အနီးကပ်ဆုံးအိမ်တွင် အထင်ခံ အမြင်ခံအဖြစ် နေထိုင်စေခဲ့သည်။ ဗိုလ်ဖေအောင်သည် ရိုင်ဖယ်တစ် လက်ကိုလွယ်ကာ သူ၏ရဲဘော်များဖြင့် မကြာခဏအနေနှင့်ပြောဆို သလို၊ တောတွင်းသို့ လှည့်လည်၍သားကောင်ချောင်းသလိုလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ အမှန်မှာ သူတို့စခန်းချရာအနီးသို့ တိတ်တဆိတ် လာရောက်ချောင်းမြောင်းကြည့်ရှုမည့် တစ်ဖက်ရန်သူ၏ခြေရာလက်ရာ ကို ရှာဖွေကင်းထောက်လိုက်ခြင်းသာ ဖြစ်ပါသည်။

တတိယညနေလောက်တွင် ဗိုလ်ဖေအောင်သည် ဗိုလ်မင်းဒင် တို့အား ခေါ်ယူ၍ တစ်စုံတစ်ရာ အချက်ပေးလိုက်၏။ မြမြဝင်းသည် အစွန်ဆုံးအိမ်တွင် လှပကျော့ရှင်းသောကိုယ်လုံးကိုပြလျက် ဝင်ချီထွက်ချီ မကြာခဏလုပ်နေသည်ကို နေမဝင်မီကာလတွင် ကောင်းစွာမြင်တွေ့ လိုက်ရပေ၏။

အေးမြသောဆောင်းရာသီ ကုန်လွန်သည့်အချိန်ကာလပင် ဖြစ်သော်လည်း နာဂနယ်မြေကား အတော်ချမ်းလျက်ရှိသည့် ညတစ်ည အဖြစ်ကို တွေ့ရပေ၏။ တောစပ်တစ်လျှောက်မှ ဒီးဒုတ်ကြီးများနှင့် ကုတ်ကလူးငှက်ကြီးများ၏ ကြောက်မက်ဖွယ်ရာ အော်မြည်သံများ သည် နာဂရွာကလေးအဖို့ ပိုမို၍စိုးရိမ်စရာအခြေအနေကို ဖန်တီးနေ သယောင်ပင် . . .

ဗိုလ်ဖေအောင်တို့လူစုသည် သီးသန့်နာဂအိမ် လေးလုံးပေါ်၌ စိတ်ချလက်ချ အိပ်မောကျနေကြပုံ တွေ့ရပေ၏။ ညဆယ့်နှစ်နာရီတိတိ ကာလ သို့မဟုတ် နှင်းများထူထပ်စွာကျဆင်းလာသည့် တိတ်ဆိတ်သည့် သမယ . . .

တောစပ်အတွင်းမှ တစ်လှမ်းချင်း သစ်ပင်တစ်ပင်မှတစ်ပင် သို့ ကပ်၍ အကာအကွယ်ယူလျက် တက်လာကြသည့် မသဲမကွဲသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုတစိုက်ကြည့်ရှုမှသာ တွေ့မြင်နိုင်လိမ့်မည်။ ထိုကုန်းကွကွ သင်္ချိုင်းကြီးများသည် တောစပ်သို့အရောက်တွင် ကုန်းကွကွသင်္ချိုင်း များက တစ်စုံတစ်ခုကို လေထဲ၌ဝှေ့ယမ်း၍ အန့်ပေးလိုက်ရာ၌ တစ်ချိန်လုံး ဆိတ်ငြိမ်သက်စွာ ချမ်းချမ်းစီးစီးကာလတွင် ချောင်ထိုးအိပ်နေခဲ့သော တောင်ပေါင်ရွာမှခွေးများက ကြောက်လန့်တကြား စူးစူးဝါးဝါး ဟောင်လိုက်ကြသည်။ ထိုကုန်းကုန်းကွကွသင်္ချိုင်းများအနက် သင်္ချိုင်းနှစ်ခုသည် မြမြဝင်းနေထိုင်ရာအိမ်အောက်ထပ်သို့ တစ်လှမ်းချင်း ညင်သာစွာဖြင့် ကပ်လိုက်ပြီး၊ မီးရဲခနဲ တစ်စုံတစ်ခုကိုတို့ကာ ကြမ်းပေါက်တွင်းသို့ ကပ်၍ထည့်လိုက်သည်။

မကြာမီ နောက်ထပ် သင်္ချိုင်းသုံးခုသည် ရဲတင်းစွာဖြင့် ဆက်လက်ရောက်ရှိလာပြီး၊ အိမ်များတစ်ဝိုက်တွင် ခပ်တင်းတင်းဖိ၍ အထိမ်းအမှတ်များ၊ လက်ရာခြေရာများကျန်ရစ်အောင် ဖိ၍ ခပ်သွက်သွက် နင်းလိုက်ကြပြီး၊ သုံးဦးစလုံးက မြမြဝင်းနှင့် ဗိုလ်ဖေအောင်တို့ အိပ်နေကြသည့် အစွန်ဆုံးထပ်သို့ ရဲတင်းစွာတက်လိုက်ကြသည်။ မကြာမီ ပျော့ခွေနေသောသင်္ချိုင်းနှစ်ခုကို ဒယိမ်းဒယိုင်နှင့်ထမ်းပိုးပြီး ပြန်ဆင်းလာကြသည်။ အိမ်အောက်ထပ်ရှိ မြေပြင်ပေါ်သို့ သုံးဦးနှင့် နောက်ထပ်အဖော်နှစ်ဦးတို့ကပါ ကူညီဝိုင်းဝန်းကာ ထမ်းပိုးပြီး လှည့်၍ ပြန်မည်အပြုတွင် တစ်ချိန်လုံးဆိတ်ငြိမ်စွာရှိခဲ့သည့် ချုံပုတ်များသည် ရုတ်တရက် လှုပ်ရှားလာပြီး လျှင်မြန်လှသောအရှိန်ဖြင့် လူအုပ်ကြီးက ရန်သူငါးဦးကို ဝိုင်းဝန်း၍ လူချင်းပူးကပ်ကာ ဖမ်းဆီးလိုက်ကြသည်။ ရန်သူငါးဦးအဖို့ အလစ်တွင်ဖမ်းခြင်းခံရ၍ အကြိတ်အနယ် ခုခံတွန်းလှန်လိုက်ကြပြီး၊ သူတို့၏ကိုယ်လုံးတွင် လိမ်းကျံထားသည့်အဆီများကြောင့် ဝိုင်းဝန်းဖမ်းဆီးသူများက ရုတ်တရက် မိမိရရမဖမ်းနိုင်ဘဲရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညို့သကြီးကို ရိုက်ချ . . . ရိုက်ချ၊ တစ်ယောက်မှမလွတ်စေနဲ့"

ဗိုလ်ဖေအောင်၏အော်ဟစ်အမိန့်ပေးသံနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်များအဖွေးသား ပေါ်ထွက်လာသလို၊ အင်မတန် တိုက်ပွဲအတွေ့အကြုံရှိသော ဗိုလ်ဖေအောင်၏ရဲဘော်များက ရန်သူများ၏ညို့သကြီးတွေကို တဘုံးဘုံးရိုက်ချလိုက်ကြသည်။ သို့ရာတွင် အရပ်ခပ်မြင့်မြင့်ရန်သူတစ်ယောက်က အတင်းရုန်းကန်ပြီး ထွက်အပြေးတွင် တစ်ကိုယ်လုံးခြုံထည်များရစ်ပတ်ထားသည့် ဗိုလ်ဖေအောင်၏ ခြောက်လုံးပြူးပြောင်းဝမှ ကျည်ဆန်သုံးချက်အသံ ဆက်တိုက်ထွက်ပေါ်လာပြီး အရပ်မြင့်မြင့်နှင့်ရန်သူသည် အင့်ခနဲအသံနှင့်အတူ မြေပေါ်သို့ ကျွမ်းပစ်ကာ ကျသွားတော့သည်။

BURMESE CLASSIC အတင်းခုခံလာကြသည့် ရန်သူလေးဦးအား ဗိုလ်ဖေအောင်၏ရဲဘော်များက လက်ဝါးစောင်းဖြင့် ဇက်ပိုးတို့ကို ခုတ်ချလိုက်ရာ ခေတ္တခဏ လောကကြီးကို မေ့ပျောက်သွားကြသော လူလေးဦးအဖြစ်သို့ ရောက်ရှိသွားကြတော့သည်။ ဗိုလ်ဖေအောင်သည် ရန်သူလေးဦးနှင့် ရန်သူအလောင်းတစ်လောင်းကို အမြန်ဆုံး သင်္ဘောဆိပ်ရှိ သင်္ဘောဆီသို့ သယ်ယူအသွားခိုင်းလိုက်ပြီး၊ ကျားတစ်ကောင်၏သဏ္ဌာန်ကို တွေ့မြင်ရ၍ ပစ်ခတ်သည့်အနေမျိုးရောက်အောင် တစ်မျိုးလှည့်၍ စီစဉ်လိုက်လေသည်။

ရန်သူများ၏အိပ်မွေ့မိ၍ သတိလစ်နေကြသည့် မြမြဝင်းနှင့် ဗိုလ်ဖေအောင်၏ပုံသဏ္ဌာန်ဆောင်ထားကြသည့် ကချင်ရဲဘော်နှစ်ဦးအား ဗိုလ်ဖေအောင်က ရေဆွတ်ထားသောပဝါဖြင့် မျက်နှာသစ်ပေးခြင်း၊ သံပရာသီးကို ထက်ခြမ်းခြမ်းကာ နှာခေါင်းဝတွင် တေ့၍ပေးခြင်းသည် မကြာမီ ပြန်လည်သတိရရှိလာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ရန်သူတွေကိုတော့ သတင်းအစအနရရှိနိုင်အောင် လေးဦးမိလိုက်ပြီ မင်းဒင်၊ သူတို့ပါးစပ်က တို့လိုချင်တဲ့သတင်းတွေထွက်လာအောင်စစ်ဖို့ အရေးကြီးတယ်၊ ခွန်ဆလန်းကိုလဲ ဒီအကောင်တွေကိုပြပြီး စကားပြန်လုပ်ခိုင်းရလိမ့်မယ်ဟေ့"

ပြောကြားလိုက်သည်။

"မှန်လိုက်လေ ဖေအောင်၊ မင်းစီစဉ်ပုံက အကွက်သိပ်မိတာကိုကွ၊ ကင်းစောင့်လဲ ဘာမှမချဘဲ မြမြဝင်းကို အစွန်ဆုံးအိမ်မှာ အမြဲတမ်း ခပ်ဝေးဝေးကနေ ကြည့်လို့မြင်ရအောင် ဘမ်းပြပြီး ထောင်ချောက်ဆင်ထားတဲ့ ပရိယာယ်ကဖြင့် တကယ်လိုက်ပါပေ့ကွာ . . . ဒီအကောင်တွေ သုံးညပြောက်တဲ့အချိန်မှာ ခါတိုင်း သူတို့လာပြီးဆွဲနေကျသူတွေအတိုင်း လာဆွဲတာပဲ"

လို့ ဗိုလ်မင်းဒင်က ပြောလိုက်ပြီး အိမ်တစ်ဝိုက်ကို ဓာတ်မီးနှင့်ထျှောက်၍ကြည့်လိုက်ရာ တွေ့နေကျ ကျားခြေရာအတုမျိုးတွေကိုအထပ်ကြီးတွေ့ရသလို၊ ရဲဘော်တစ်ဦးက လာရောက်ပေးအပ်သည့် ကျားရေနှစ်ချပ်ကိုလည်း တောစပ်တွင် တွေ့ရှိလိုက်ရပေ၏။

"ရန်သူတွေဟာ သိပ်ဉာဏ်ကြီးတယ် ဇော်လ၊ သူတို့ကိုယ်မှာ ထုတ်တရက် ဖမ်းလို့ကိုင်တွယ်လို့မရအောင် ကျားဆီနဲ့ ပဲဆီ ရောပြီး သုတ်လိမ်းထားကြတယ်၊ ပြီးတော့လဲ ဒီကျားဆီအနံ့နဲ့ ကျားရေက ကျားနံ့တွေကြောင့် ရွာထဲက ခွေးတွေကို ကျားနံ့ပေးဟောင်စေတယ်၊ ဘယ်လောက်အကြံများတယ်ဆိုတာ နက်ဖြန်မနက် တွေ့ကြရောပေါ့ကွာ"

ဗိုလ်ဖေအောင်က မီးကိုလှုံရင်း ကြိမ်းဝါးလိုက်ပါသည်။

အရှေ့ဆီမှ နေရောင်ခြည်သည် ချင်းတွင်းမြစ်ရေပြင်ကိုဖြတ်သန်းကာ အစိုးရသဘော်ပေါ်သို့ ကျရောက်နေပါသည်။ ဗိုလ်

www.burmeseclassic.com



ဖေအောင်၊ ဗိုလ်မင်းဒင်၊ ဗိုလ်တင်ဌွေ၊ ဇော်လနှင့် မြမြဝင်းတို့က ကုလားထိုင်ကိုယ်စီဖြင့် ဟန်ရပန်ရထိုင်ပြီး၊ သူတို့ရှေ့မှောက်တွင် လက်ပြန်ကြိုး၊ ခြေကြိုးများ တုပ်နှောင်ထားပြီး၊ ဘေးက ရိုင်ဖယ်နှင့် လှံစွပ်များတပ်ထားသည့် ရဲဘော်များက အသင့်ချိန်ရွယ်ထားကြသည့် နာဂလေးဦးတို့ကို တွေ့မြင်နိုင်ပေ၏။

"ခွန်ဆလန်းရောက်လာပြီ ဗိုလ်မှူး"

ရဲဘော်တစ်ဦးက သတင်းပို့လိုက်ရာ . . .

"လာဟေ့ . . . ခွန်ဆလန်း၊ ဒီဘက်ကို . . . "

ဗိုလ်မှူးမင်းဒင်က ခေါ်ယူကာ . . .

"ဒီလူလေးယောက်ကို မင်းသိသလား၊ မြင်ဘူးသလား . . . ခွန်ဆလန်း"

ဖမ်းမိထားသည့် မျက်စိမျက်နှာပျက်နေကြသည့် နာဂလေးဦးကို ညွှန်ပြကာ မေးမြန်းလိုက်ရာ ခွန်ဆလန်းသည် စေ့စေ့စပ်စပ်နှင့် နာဂယောကျ်ားလေးဦးကို ကြည့်လိုက်ပြီး . . .

"ဒီလူတွေ ကျွန်တော်တို့ဘက်က မဟုတ်ဘူး ဗိုလ်မှူး၊ လူစိမ်းတွေပဲခင်ဗျ"

ပြောလိုက်သည်။

"ကောင်းပြီ . . . မေးလိုက်စမ်း၊ သူတို့ခေါင်းဆောင် ဘယ်သူလဲလို့၊ သေသွားတဲ့ကုလားနာမည် ဘယ်သူလဲလို့"

ဗိုလ်မင်းဒင်က အမိန့်ပေးလိုက်ရာ ခွန်ဆလန်းက နာဂဘာသာဖြင့် မေးမြန်းလိုက်ရာ လေးဦးစလုံး ခပ်တင်းတင်းခေါင်းခါပြလိုက်ကြသည်။ ဗိုလ်ဖေအောင်သည် ထိုင်ရာမှထ၍ ရန်သူလေးဦးအား တစ်ချက်စိုက်၍ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းတို့ကို သနားလို့ ကောင်းကောင်းမေးနေကြတယ်၊ မင်းတို့က မဖြေချင်ဘူး၊ မင်းတို့ကို အစိုးရဥပဒေအရ အမိန့်တစ်စုံတစ်ရာ မရဘဲ မြန်မာပြည်ကို ကျူးကျော်လာမှု၊ နောက် အစိုးရဘက်က လူတွေကို ကျားတွေယောင်ဆောင်ပြီး ဖမ်းဆီးပြန်ပေးဆွဲမှု၊ လူသတ်မှု၊ ဒီအမှုတွေနဲ့ မင်းတို့ကိုသတ်ဖို့ တစ်လမ်းပဲရှိတော့တယ်၊ ခွန်ဆလန်း ပြန်ပြောလိုက်ကွာ"

အမိန့်ပေးလိုက်ရာ ခွန်ဆလန်းက နာဂဘာသာဖြင့် ရေရေလည်လည် ပြန်ပြောလိုက်ရာ လေးဦးစလုံး အကြီးအကျယ် တုန်လှုပ်သွားတော့၏။

BURMESE CLASSIC

"သေသွားတဲ့ကုလားအလောင်း ယူခဲ့စမ်း"

လှမ်း၍ ဗိုလ်ဖေအောင်က အမိန့်ပေးလိုက်သည်တွင် ကပ်တစ်ခုပေါ်တွင် သွေးသံရဲရဲနှင့် ကိုယ်တုံးလုံးတင်လာသည့် မုတ်ဆိတ်ဖားဖားနှင့် ကုလားတစ်ယောက်၏အလောင်းကြီးကို တွေ့လိုက်ရပေ၏။

"ကြည့်ကြစမ်း . . . မနေ့ညက မင်းတို့ကိုခေါင်းဆောင်ပြီး ခေါ်လာတဲ့ ရန်သူအလောင်း၊ ကျည်ဆန်ရာသုံးချက်ဟာ နောက်ကျောအလယ်မှာ လက်မဝက်အကွာမှာ မှန်ထားတယ်၊ မင်းတို့ကိုတော့ ဘယ်လိုသတ်ရမယ်ဆိုတာ တိုင်ပင်ရဦးမယ်"

ဗိုလ်ဖေအောင်က ပြောလိုက်ရာ ခွန်ဆလန်းက ဘာသာပြန်၍ ပြောလိုက်ရသည်။

"ငါမေးတာ ပြောကြစမ်း၊ ဟောဒီကုလားရယ်၊ နောက် အရပ်ပုပု၊ ဗလကောင်းကောင်းကုလားတစ်ယောက်ရယ်၊ ဟောဒီက မင်းရဲ့ညာဘက်က နာဂဟာ တို့ဟုမ္မလင်းဆိပ်ကမ်းကိုရောက်တဲ့အချိန်ကစပြီး တို့နောက်ကို လိုက်ချောင်းတယ်၊ မြန်မာစစ်တပ်စခန်းအထိ လိုက်ချောင်းကြတယ်၊ နောက်ပြီး လွန်ခဲ့တဲ့သုံးရက်နေ့က ဟောဒီမြစ်ဆိပ်နားမှာ တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသွားအလာကို လိုက်ကြည့်ကြတယ်၊ ဒါတွေကို တို့အကုန်သိတယ်၊ မင်းတို့ကို ငါတို့ သိပ်သနားမိတယ်၊ ကုလားတွေခိုင်းတိုင်း မင်းတို့ လိုက်လုပ်ရလို့ ခုအသတ်ခံရတော့မယ်၊ ခုလို သူတို့ခိုင်းတိုင်း မင်းတို့ လုပ်ရကိုင်ရလို့ မင်းတို့အတွက် ဘာအကျိုးရှိသလဲ၊ ရွာမှာကျန်ရစ်ခဲ့တဲ့ သားမယားနဲ့ ကလေးတွေကို ငါတို့မင်းတို့အတွက် သနားမိတယ်"

ဗိုလ်ဖေအောင်၏ပြောပြချက်ကို ခွန်ဆလန်းက နာဂဘာသာပြန်၍ပြောလိုက်ရာ အိန္ဒိယပြည်နယ် နာဂလေးဦးစလုံး သိသိသာသာကြီး မျက်နှာပျက်သွားကြသည်တွင် ဗိုလ်ဖေအောင်က . . .

"ငါတို့ မင်းတို့ကို သိပ်စကားပြောချိန်မရဘူး၊ မင်းတို့ ဘယ်ကလာတယ်၊ ခေါင်းဆောင်ဘယ်သူလဲ၊ ကျားချီတဲ့ပုံမှားရိုက်ပြီး ဖမ်းသွားတဲ့ တို့ဘက်က လူတွေ ဘယ်မှာထားတယ်ဆိုတာ ဖွင့်ပြောတဲ့လူကို တို့က သက်သက်ညှာညှာ စဉ်းစားခွင့်ပေးမယ်၊ ပြောကြစမ်း . . . မင်းတို့ သိသလောက်"

ဤတွင် နာဂလေးဦးအနက် နှစ်ဦးက ပါးစပ်ကဖွင့်၍ပြောရန် ပြင်ဆင်လိုက်ရာ ကျန်နှစ်ယောက်က မျက်စောင်းထိုး၍ ငေါက်ငန်းကာ တားဆီးလိုက်သည်နှင့် ဗိုလ်မင်းဒင်သည် ထိုနာဂနှစ်ဦးအား ထ၍ ကန်ကျောက်လိုက်ပြီး အစောင့်ရဲဘော်များက သေနတ်ဒင်များက ပြင်းထန်စွာဖြင့်တားဆီးသူ နာဂနှစ်ဦး၏ကျောပြင်ပေါ်သို့ ကျရောက်သွားတော့၏။

"ဒီအကောင်နှစ်ကောင်ကို ဆွဲထုတ်သွား"

ဗိုလ်မင်းဒင်က အမိန့်ပေးလိုက်ပြီး အချုပ်ခန်းထဲသို့ ပစ်၍ သွင်းလိုက်၏။ ဗိုလ်မင်းဒင်သည် ပရိယာယ်ဆင်ကာ . . .

"စကားမပြောအောင်တားဆီးတဲ့ ရန်သူနှစ်ယောက်ကို သတ်ပစ်လိုက်"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍အမိန့်ပေးလိုက်သည်။

မကြာမီ သံပြားကြီးတစ်ပြား ခြားနားထားသော အချုပ်ခန်းအတွင်းပိုင်းမှ စူးရှထက်မြက်လှသော ခုတ်သံထစ်သံများနှင့်အတူ ကြောက်မက်ဖွယ်ရာအော်သံများအဆုံးတွင် အနီရောင်သွေးများသည် ဗိုလ်မင်းဒင်တို့ထိုင်နေရာ အနိမ့်ပိုင်းဆီသို့ ဒလဟောစီးဆင်းလာတော့၏။

"မြင်ပြီမဟုတ်လား၊ မင်းတို့ကို စကားမပြောအောင်လုပ်တဲ့ အဖော်နှစ်ယောက်ကို တို့က ရန်သူ့ကို ရန်သူလိုသဘောထားပြီး သတ်လိုက်ပြီ၊ သူတို့လဲ မရှိတော့ဘူး၊ ဘာမှစိုးရိမ်စရာမလိုဘူး၊ မင်းတို့ပြောစရာရှိတာ ဖွင့်ပြောကြ၊ မင်းတို့ရဲ့အမှန်စကားတွေကို တို့လေ့လာပြီး မင်းတို့အပေါ် သဘောထားကြမယ်"

ဗိုလ်ဖေအောင်က စတင်ကာပြောကြားလိုက်ရာ မျက်စိမျက်နှာပျက်နေသော နာဂယောကျ်ားနှစ်ဦးသည် တုန်တုန်ရီရီအသံဖြင့် သူတို့အား မသတ်ရန် တောင်းပန်လိုက်ပြီး၊ သူတို့၏ကျားယောင်ဆောင်ပြီး မြန်မာပြည်နယ်တွင်းသို့ ဝင်ရောက်ခဲ့ရပုံများကို အစစ်ခံလိုက်ကြပါသည်။

"ကျွန်တော်တို့ဟာ အိန္ဒိယပြည်ဘက်က နာဂနယ်ကပါ၊ ကျွန်တော်တို့နာဂရွာကြီးမှာ အင်မတန်ရက်စက်ပြီး တန်ခိုးကြီးတဲ့ နာဂခေါင်းဆောင်ကြီး ဇာလာဟီးဆိုတာ ရှိပါတယ်၊ သူ့မှာ သိပ်လှပြီး စကားမပြောတတ်တဲ့ သမီးပျိုတစ်ယောက် ရှိပါတယ်၊ မကြာခင်က ကျွန်တော်တို့နာဂနယ်ထဲကို ကုလားတစ်ယောက်နဲ့ တပည့်တွေ ရောက်လာကြပြီး၊ ခေါင်းဆောင်ကြီး ဇာလာဟီးနဲ့ စကားပြောကြပါတယ်၊ ဇာလာဟီး သိပ်ချစ်တဲ့ သမီးလှလှကို စကားပြောအောင် ကုသပေးမယ်၊ သူခိုင်းတာတွေ ဇာလာဟီးက မဆိုင်းမတွ လုပ်ပေးရမယ်၊ ဒါမှမဟုတ်ရင် သူဟာ တန်ခိုးသတ္တိရှိသူပီပီ နာဂနတ်ကြီးကို ပို့ပြီးစိတ်ဆိုးအောင်လုပ်မယ်၊ ဇာလာဟီးသမီး စကားမပြောတာလဲ နာဂနတ်ကြီးက စိတ်ဆိုးနေလို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်လို့ ပြောတယ်၊ ပြီးတော့ ဇာလာဟီးတို့ ရွာကြီးတည်ထောင်ထားတဲ့ နာဂရွာကြီးအနီးမှာရှိနေတဲ့ ပူခါလေတောင်ကြီးထိပ်ကလဲ မီးခိုးတွေ တလူလူထွက်လာတာဟာ နာဂနတ်ကြီးက ဇာလာဟီးကို စိတ်ဆိုးနေလို့လို့ ပြောတယ်"

ခွန်ဆလန်းက စကားပြန်လုပ်၍ စတင်ကာပြောလိုက်ရာ . . ဗိုလ်ဖေအောင်၊ ဗိုလ်မင်းဒင်တို့သည် အရေးတကြီးနားထောင်လိုက်သလို၊ ဗိုလ်တင်ငွေနှင့် မြမြဝင်းတို့က လက်ရေးတိုနှင့် လိုက်၍ရေးမှတ်လိုက်ကြသည်။ ဆက်လက်၍ နာဂနှစ်ယောက် အစစ်ခံကြသည်မှာ-

"ဇာလာဟီးကလဲ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ဖြစ်နေတုန်းမှာ ပူခါလေတောင်ကြီးထိပ်က မီးခိုးတွေနဲ့ မီးခဲတွေ အများကြီးတက်လာတော့တယ်၊ နောက်ဆုံးမှာ ဇာလာဟီးက ကုလားတစ်ယောက်နဲ့ အဖွဲ့တိုက်တွန်းချက်ကို လက်ခံပြီး၊ သူ့သမီးပျိုနဲ့ ပူခါလေတောင်ကြီးပေါက်ကွဲပြီး၊ သူတို့နာဂရွာကြီး မပျက်စီးရလေအောင် ကုလားဘုန်းကြီးဆီမှာတပည့်ခံလိုက်ရတယ်၊ အဲဒီနောက်မှာ ကုလားဘုန်းကြီးက ခေါင်းဆောင်ကြီး ဇာလာဟီးကို မြန်မာပြည်ဘက်ကို တိတ်ဆိတ်တိတ်စေလွှတ်ဖို့ လမ်းကောင်းကောင်းပြတတ်တဲ့ နာဂတွေ ရွေးချယ်တဲ့အခါမှာ ငါတို့လူစုကို ရွေးပါတယ်၊ ကုလားဘုန်းကြီးက သူ့တပည့် ကုလားနှစ်ဦးနဲ့ ငါတို့ကို အထုပ်အပိုးပစ္စည်းတွေကို အထမ်းခိုင်းပြီး မြန်မာပြည်ဘက်ကို ဝင်ခိုင်းတယ်၊ မြစ်ဆိပ်ရောက်တော့ ကုလားနှစ်ဦးက အသင့်စောင့်နေကြတဲ့ လှေသုံးစီးထဲကို ပစ္စည်းတွေထည့်ပေးပြီး လှေပေါ်ကလူတွေနဲ့ တိုင်ပင်စကားပြောတယ်၊ နောက်ပြီး ကုလားဘုန်းကြီးဆီကို သူတို့ကုလားဘာသာနဲ့ ပြောတယ်၊ မကြာခင်မှာပဲ ငါတို့အထဲက နောက်ထပ်လက်ရွေးစင် နာဂတွေ ထပ်ခေါ်ပြီး၊ ဆေးဝါးအဖြစ်နဲ့ စုဆောင်းထားတဲ့ ဘျားရောဂါကျားဆီတွေနဲ့ အိပ်မွေ့ချတဲ့ဆေးတွေကို ဖော်စပ်လုပ်ကိုင်ပြီး မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ပြန်ဝင်လာတယ်၊ မြစ်ဆိပ်နားက မြန်မာရွာတစ်ရွာကို ဝင်ပြီး မိန်းမနှစ်ယောက်နဲ့ ယောက်ျားသုံးယောက်ကို အိပ်မွေ့ဆေးတွေခွဲ့ပြီး ဖမ်းခဲ့ရတယ်၊ ပြီးတော့ နာဂရွာလူကြီးတွေလဲ ဖမ်းခဲ့ရတယ်၊ တောင်ပေါင်ရွာ နာဂရွာလူကြီးနဲ့ သမီးကိုလဲ ငါတို့ဖမ်းယူသွားခဲ့တယ်"

စသည်ဖြင့် အစစ်ခံလိုက်ရာ ခွန်ဆလန်းသည် ဒေါသခြောင်းခြောင်းထွက်လာပြီး . . .

"ဗိုလ်မှူး . . . ကျွန်တော်ကို ဒီအကောင်တွေသတ်ဖို့ ခွင့်ပေးပါ၊ အဖေနဲ့နှမကို ဒင်းတို့ဖမ်းသွားတာ နာဂထုံးစံအရ ဒီအကောင်နှစ်ကောင်ဟာ ကျွန်တော့်ရန်သူ ဖြစ်နေပြီမို့ ကျွန်တော်ကိုယ်တိုင်သတ်ပါရစေ ဗိုလ်မှူး"

တောင်းဆိုလိုက်ရာ ဗိုလ်ဖေအောင်က လက်ကာ၍ပြလိုက်ရင်း-

"ခွန်ဆလန်း . . . မင်းအဖေနဲ့ နှမကို အသက်ရှင်လျက် ပြန်တွေ့ချင်ရင် အသာငြိမ်ငြိမ်နေ၊ ဒီအကောင်တွေဟာ တို့မြန်မာတစ်မျိုးလုံးရဲ့ရန်သူတွေ ဖြစ်နေပြီ၊ အဓိက အရေးအကြီးဆုံးက ကုလားဘုန်းကြီးနဲ့ နာဂခေါင်းဆောင် ဇာလာဟီးကွ၊ ဒင်းတို့နှစ်ကောင်ကို ဖမ်းမိဖို့ အရေးကြီးတယ်၊ မင်းက ဣန္ဒြေပျက်လောက်အောင် ဒေါသမထွက်နဲ့၊ သူတို့ဖမ်းယူသွားတဲ့ တို့ဘက်ကလူတွေ သူတို့လက်ထဲမှာ ရှိနေတယ်၊ ဘယ်နေရာမှာ ထားတယ်၊ ခရီးဘယ်လောက်ဝေးတယ်ဆိုတာ တို့သတင်းရဖို့ ဒီကောင်နှစ်ကောင်ကို ချော့မေးရမယ်၊ သူတို့ အမှန်အတိုင်း အစစ်ခံခဲ့ရင် သူတို့နှစ်ယောက်ကို အသက်ချမ်းသာခွင့်ပေးနိုင်ရမယ်၊ သူတို့ဟာ တကယ်တော့ ရန်သူအစစ်မဟုတ်ဘူး၊ သူတို့ကိုခိုင်းစေတဲ့ ကုလားဘုန်းကြီးနဲ့ ဇာလာဟီးဟာ အဓိကပဲ ခွန်ဆလန်း"

ဗိုလ်ဖေအောင်က ရှင်းလင်းပြောပြလိုက်ရာ ခွန်ဆလန်းသည် နားလည်မှုရရှိသွားပြီး . . .

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါပြီ ဗိုလ်ကြီး၊ ဒီအကောင်နှစ်ကောင်ကို ချော့ပြီး မေးမှ သတင်းတွေ အမှန်တွေရမှာမို့ ကျွန်တော် ကြိုးစားပြီးမေးပါ့မယ် ခင်ဗျာ"

ပြောကြားလိုက်သည်။ ဆက်လက်၍ ဗိုလ်ဖေအောင်က မေးခွန်းထုတ်လိုက်ပြန်သည်။

"နာဂခေါင်းဆောင် ဇာလာဟီးအပြင် ဒီပြင်နာဂခေါင်းဆောင်တွေ ရှိသေးသလားဟေ့"

နာဂနှစ်ဦးကလည်း မဆိုင်းမတွပင် . . .

"ဇာလာဟီးက မြန်မာပြည်နယ်စပ်နဲ့ကပ်နေတဲ့ ပူခါလေတောင်ကြီး အနောက်ဘက်ခြမ်းမှာရှိတဲ့ နာဂတွေရဲ့ခေါင်းဆောင်ပါ။ သူ့အပြင် သူ့နယ်ပယ်ဒေသနဲ့ ဆက်စပ်နေတဲ့ နာဂခေါင်းဆောင်တွေ ရှိကြပါတယ်၊ ဇာလာဟီးအောက်မှာ နာဂတိုင်းရင်းသား ယောကျ်ား၊ မိန်းမ ငါးထောင်လောက်ပဲ ရှိပါတယ်"

ပြောကြားလိုက်သည်။

"မြစ်ဆိပ်ကနေပြီး ဇာလာဟီးနေတဲ့ ရွာထိအောင် ခရီးပြင်း လျှောက်ရင် ဘယ်နှစ်ရက်ကြာမလဲ"

ဗိုလ်ဖေအောင်က မေးလိုက်ရာ၊ ခွန်ဆလန်းက ဘာသာပြန်၍ မေးလိုက်ရာ၊ နာဂနှစ်ဦးသည် ချက်ချင်းပင် . . .

"ခရီးပြင်း မနားမနေသွားရင် လမ်းမှာ တစ်ညအိပ်၊ နောက် တစ်နေ့မနက် ပူခါလေတောင်ခြေမှာရှိတဲ့ ဇာလာဟီးရွာကို ရောက်နိုင် ပါတယ်"

ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်က ခရီးစဉ်ကို မှတ်သား ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး . . . ဒီခရီးကို ကျွန်တော်ကိုယ်တိုင် လမ်းပြနိုင်ပါ တယ်၊ ကျွန်တော် ဆယ့်လေးနှစ်သားတုန်းက ကျွန်တော့်အမေ့မောင်ဟာ အဲဒီအိန္ဒိယဘက်မှာရှိတဲ့ နာဂရွာမှာ နေထိုင်လို့၊ အမေနဲ့ အလည် အပတ် တစ်ခေါက်ရောက်ဘူးတယ်၊ လမ်းတွေ မှတ်မိပါတယ်၊ ကျွန်တော် တာဝန်ယူပါ့မယ်"

ခွန်ဆလန်းက လမ်းပြရေးအတွက် ကတိပေးလိုက်ပြန်သည်။

"ဇာလာဟီးမှာ အရေးအကြောင်းရှိရင် ခံတိုက်နိုင်တဲ့ စစ်သား ဘယ်လောက်ရှိသလဲ၊ သေနတ်လက်နက်တွေ ဘယ်လောက်များသလဲ၊ စစ်တိုက်တတ်သလား"

ဗိုလ်မင်းဒင်က ခွန်ဆလန်းကို မေးခိုင်းလိုက်ရာ . . .

"ဇာလာဟီးမှာ . . . သန်သန်မာမာ နာဂတွေ စုလိုက်ရင် တစ်ထောင်လောက်တော့ ရှိမယ်၊ ဒါပေမယ့် တစ်နေရာနဲ့ တစ်နေရာ တစ်ညအိပ် နှစ်ညအိပ်ခရီးမှာ ခွဲနေကြတယ်၊ သူ့ဆီမှာ အမြဲတမ်း နာဂ စစ်သား သုံးရာလောက်တော့ ရှိမယ်၊ ဇာလာဟီးဟာ ရက်စက်တယ်၊ လူတစ်ယောက်ကိုသတ်ရဖို့ ပုရွက်ဆိတ်တစ်ကောင်သတ်ရသလောက် ဝန်မလေးဘူး၊ သူ့မှာ မိန်းမ လေးယောက်ရှိပြီး၊ အကြီးဆုံးမိန်းမရဲ့စကား ကို သိပ်နားထောင်တယ်၊ အဲဒီမိန်းမမှာ သိပ်ချောတဲ့လှတဲ့ သမီးတစ် ယောက် ရှိတယ်၊ ကြီးလာတော့ စကားလုံးဝမပြောတော့ဘူး၊ နာဂနတ် ကြီး ဖမ်းစားတယ်လို့ ဇာလာဟီးက ယုံကြည်တယ်၊ ဆရာသမားကောင်း တွေ လိုက်ရှာပြီး ယစ်နတ်ပူဇော်ပေမယ့် ကုမရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



## နာဂရွှေစင်၏ သတင်းဂယက်

ဗိုလ်ဖေအောင်က နာဂနှစ်ဦးကို စားသောက်စရာများနှင့် ရေကို ပေးအပ်တိုက်ကျွေးလိုက်ပြီး၊ ဆက်လက်၍ သိလိုသောကိစ္စများကို မေးခွန်းထုတ်လိုက်ပြန်ပါသည်။

“ကုလားနဲ့ သူ့တပည့်လက်သားများ ဘယ်နှစ်ယောက်ရှိသလဲ၊ ကုလားဘုန်းကြီးက ဘာဆေးတွေတိုက်သလဲ၊ ဇာလာဟီးသမီးကို ဒိပြင်နာဂအမျိုးသားတွေက ဘယ်လိုသဘောထားကြသလဲ”

မေးခွန်းများကို ဆက်လက်၍မေးမြန်းလိုက်ရာ ခွန်ဆလန်း၏ အာသာပြန်ချက်များအရ . . .

“ကုလားမှာ တပည့်လေးယောက် ရှိပါတယ်၊ မနေ့ညက သေဆုံးခဲ့တဲ့ ကုလားတစ်ဦးအပါအဝင် ဖြစ်ပါတယ်၊ ကျန်တစ်ဦးမှာ ကုလားဘုန်းကြီးထံ ပြန်၍ မြန်မာစစ်တပ်ရောက်ရှိနေကြောင်း သတင်းပို့ရန် ပူခါလေစခန်းသို့ ပြန်သွားကြကြောင်း၊ ကုလား၏ခြေရင်းတွင် အမြဲတမ်း တပည့်နှစ်ဦးကို ထားရှိကြောင်း၊ ကုလားဘုန်းကြီးသည် ပါးစပ်က အလိုအလျောက် မီးထ၍တောက်လောက်နိုင်သော အစွမ်းသတ္တိရှိပြီး၊ သေနတ်လက်နက်နှင့်ပစ်ခတ်၍မရကြောင်း၊ ကုလားသည် ဇာလာဟီး၏သမီးချောအား ပြန်လည်၍စကားပြောနိုင်အောင် ဆေးကုရန် တာဝန်ယူထားသလို၊ မကြာခဏ နာဂခေါင်းဆောင်၏သမီးချောကို ဆေးဝါးများတိုက်ကျွေး၍ တစ်ကြိမ်တစ်ခါမှပင် လက်ခံသည်ကိုမတွေ့ရကြောင်း၊ ဇာလာဟီး၏ ရွှေစင်အဆင်းကဲ့သို့ရှိပြီး ချောလှသော နာဂမင်းသမီးကို နာဂအားလုံးက နာဂနတ်ကြီး၏သက်တော်ပေးအပ်သည့် နတ်မင်းကြီး၏သမီးဖြစ်သည်ဟု ယူဆကာ ဇာလာဟီးအဖို့ တစ်မျိုးဂုဏ်တက်စေသလို၊ ဇာလာဟီး၏ ဩဇာအာဏာတန်ခိုးသည် ပိုမို



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်လာကြောင်း တွေ့ရသည်။ နာဂမင်းသမီးမှာ အင်မတန်လှပသော ရုပ်အဆင်းရှိသလို၊ သူများ၏အသွေးအသားမစားဘဲ နွားနို့၊ သစ်သီး၊ သစ်ဥများကို စားပြီး၊ တစ်ကိုယ်တည်း ဆိတ်ငြိမ်စွာနေထိုင်လေ့ရှိကြောင်း"

စသည်တို့ကို ပြောပြလိုက်သည်။

ဗိုလ်ဖေအောင်က ဆက်လက်၍ အရေးကြီးသည့်အတွက် သိလိုသောမေးခွန်းများကို ဆက်လက်၍မေးမြန်းလိုက်ပြန်ပါသည်။

"ဇာလာဟီးစစ်သားသုံးရာမှာ သေနတ် ဘယ်နှစ်ယောက်ရှိသလဲ၊ သူ့စစ်သားတွေ စစ်ကောင်းကောင်းတိုက်တတ်သလား၊ အိန္ဒိယအစိုးနဲ့ ဇာလာဟီး သင့်မြတ်ကြရဲ့လား"

မေးခွန်းများကို နာဂနှစ်ဦးက ပြောကြားလိုက်ကြသည်မှာ -

"ဇာလာဟီး၌ သေနတ်အလက် လေးငါးဆယ်ခန့်ရှိကြောင်း၊ ဘျည်ဆန်အင်အား သိပ်မရှိလှကြောင်း၊ စစ်သားသုံးရာ၏လက်နက်များမှာ ဓားနှင့် လှံရှည်များသာဖြစ်ကြောင်း၊ နာဂလူမျိုးများအနေနှင့် ဇာလာဟီး၏စစ်သားသုံးရာမှာ တိုက်ရည်ခိုက်ရည်မရှိသော စစ်သားများဖြစ်ကြကြောင်း၊ ခရီးလမ်းပန်း ကျွမ်းကျင်မှုရှိကြကြောင်း၊ ဇာလာဟီးခေါင်းဆောင်သော နာဂလူမျိုးများနှင့် အိန္ဒိယအစိုးရသည် နယ်မြေပြဿနာအကြောင်းပြု၍ မသင့်မြတ်ကြောင်း၊ မကြာခဏ တိုက်ပွဲများဖြစ်ခဲ့သည်ကြောင့် ဇာလာဟီးက ပူခါလေတောင်ကြီးခြေရင်းတွင် အောင်ကျကျနေရာကောင်းကို မှီခိုကာ စစ်ပြင်ဆင်နေခြင်းဖြစ်ကြောင်း"

ဖြေကြားလိုက်သည်။

ဗိုလ်ဖေအောင်သည် မှတ်စုစာအုပ်တွင် အရေးကြီးသည့်အချက်အလက်များ မှတ်သားလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်က ဖမ်းဆီးထားတဲ့လူတွေကို ဘယ်လိုသဘော ထားသလဲ၊ ဘယ်သူက အဖမ်းခိုင်းတာလဲ၊ အသက်ရှင်လျက် ဘယ်နှ ယောက်ရှိသေးသလဲ၊ သူတို့ကို ဘယ်အချုပ်မှာ ချုပ်ထားသလဲ၊ မင်းတို့ သိရသလောက် ပြောကြစမ်း . . ."

မေးမြန်းလိုက်သည်တွင် နာဂနှစ်ဦးသည် အနည်းငယ်စဉ်းစာ လိုက်ပြီး . . .

"ကုလားအမိန့်ကြောင့် မြန်မာပြည်ကလူတွေ လာရောက်ပြီ ဖမ်းဖို့ နာဂခေါင်းဆောင်ကြီး ဇာလာဟီးရဲ့လူတွေ လိုက်ဖမ်းရပါတယ် ခုအထိတော့ မသတ်ကြသေးပါဘူး၊ ပူခါလေတောင်ခြေမှာရှိတဲ့ စခ တစ်ခုမှာ ချုပ်ထားကြပါတယ်၊ ရာသီဥတုနဲ့ ပင်ပန်းမှုကြောင့် တခ လူတွေဟာ ဖျားနာနေကြပါတယ်၊ ကုလားက အမျိုးမျိုးပြောနေတယ ဖမ်းလာခဲ့တဲ့လူတွေထဲက နာဂအမျိုးသားတွေကို သူခိုင်းတာလုပ်မလာ လို့ မေးနေတာ၊ သူ့အမိန့်ကိုဖီဆန်ရင် နာဂရွှေမင်းသမီးကလေး စကာ ပြန်ပြောနိုင်လာအောင် ယစ်နတ်ပူဇော်ရာမှာ သတ်ပစ်မယ်လို့ ခြိမ်းခြော နေတာ တွေ့ခဲ့ရပါတယ်"

စသည်ဖြင့် များစွာအရေးပါသော စကားများ သတင်းများ ရရှိလေသည်။

ဗိုလ်ဖေအောင်၊ ဗိုလ်မင်းဒင်၊ ဇော်လနှင့် မြမြဝင်းအပါအဝ အရေးပါသောပုဂ္ဂိုလ်များသည် ထိုနောက်ကာလတွင် အစည်းအဝေ ထိုင်လိုက်ကြရပေ၏။ ဗိုလ်မှူးမင်းဒင်က ယခုကိစ္စသည် အိန္ဒိယအစိုး အရေးကိစ္စပါရှိလာသည်ကြောင့် မိမိအနေနှင့် တိုင်းမှူးထံသို့ အခေ သော ကိစ္စများကို အစီရင်ခံရန် လိုအပ်သည့်အတွက် မိမိနှင့် တ ဗိုလ်ကြီးတို့ တိုင်းမှူးများရုံးသို့ ခရီးထွက်ခွာရလိမ့်မည်ဖြစ်ကြော ပြောကြားလိုက်ရသည်။

## ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်သည် ခွန်ဆလန်းအား ယခုတွေ့ရှိရသည့် ကိစ္စရပ်များကို အပြင်သို့ လုံးဝပေါက်ကြားမှုမရှိစေရန် သတိပေးလိုက်ပြီး ခေါင်းမာနေသော နာဂနှစ်ဦးကို တပ်ရင်းအချုပ်သို့ ဗိုလ်မင်းဒင်တို့နှင့် အတူတည်းခေါ်ဆောင်သွားစေရန် မှာကြားလိုက်သည်။ ခေါင်းမာသော နာဂနှစ်ဦးကို ရက်ရက်စက်စက်သတ်လိုက်ပြီဟူသော အထင်မျိုး ပေါက်ရှိစေရန် ဗိုလ်ဖေအောင်၏စီစဉ်ချက်အရ ဗိုလ်ဖေအောင်၏ ရဲဘော်များက ဆေးနီရေများဖျော်၍ အလန့်တကြား အော်ဟစ်သူများက အော်ဟစ်စေကာ အစစ်ခံနေကြသည့် နာဂနှစ်ဦးရှိရာသို့ သွေးချောင်းစီးပြလိုက်သည်။ တစ်ဖက်ရန်သူအား မရိုက်မနှက်၊ မညှဉ်းပန်းဘဲ စိတ်ပညာနည်းအရ ယုံကြည်လက်ခံစေသောပရိယာယ်ပင် ဖြစ်ပါပေ၏။

ဗိုလ်မင်းဒင်သည် ဗိုလ်ဖေအောင်တို့အား တောင်ပေါ်နာဂရွာတွင် ဆက်လက်၍စခန်းချနေရန် မှာကြားခဲ့ပြီး၊ သူ့အနေနှင့် အမြန်ဆုံး ဗိုလ်မင်းဒင်တို့ဆီသို့ ပြန်လာနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး၊ အစိုးရသဘော်ဖြင့် နာဂအကျဉ်းသားနှစ်ဦးကို တင်ဆောင်ကာ အောက်ပိုင်းသို့ ပြန်စုံဆင်းသွားပါသည်။

ဗိုလ်ဖေအောင်နှင့် ရဲဘော်များသည် တောင်ပေါ်နာဂရွာတွင် ဆက်လက်၍စခန်းချကာ နေထိုင်ရင်း၊ သူတို့အား ယုံကြည်သည့်အတွက် ရင့်ဟ၍အစစ်ခံချက်များပေးအပ်သည့် နာဂနှစ်ဦးကို အကျယ်ချုပ်သဘောဖြင့် လွတ်လပ်ခွင့်ပေးကာ ပိုမို၍ယုံကြည်မှုရရှိအောင် စီစဉ်နေကြသည်။

တောင်ပေါ်နာဂရွာလူကြီးများအနေနှင့် အကြောင်းရင်းမှန်ကို တစ်စုံတစ်ရာ မသိကြရသည့်အလျောက် တောထဲမှ ကျွဲများကို ဆွဲ မဲတင်း၍အပြစ်ဖို့ကာ ကျွဲဆွဲမှုအန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ ခွန်ဆလန်းကိုလည်း ဗိုလ်ဖေအောင်သည် အားလပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရှိတိုင်း မိမိ၏လူယုံတစ်ဦးအဖြစ်ရရှိအောင် နည်းပရိယာယ်အမျိုးမျိုးဖြင့် သိမ်းသွင်းချဉ်းကပ်စေပြီး၊ ကျန်ရန်သူနယ်မှ နာဂနှစ်ဦးကိုလည်း ခွန်ဆလန်းကို ချဉ်းကပ်စေကာ သတင်းအမျိုးမျိုးရရှိလာအောင် သူတို့၏စိတ်ဓာတ်အတွင်းရေးများ အန်ထွက်လာနိုင်အောင် စီစဉ်လိုက်ပြန်ပါသည်။

နာဂအကြီးအကဲများက တောထဲတွင် ခိုအောင်းနေမည့်ကျားဆိုးများ၏အန္တရာယ်ကို နှိမ်နင်းပေးကြပါရန် ဗိုလ်ဖေအောင်ထံသို့ မကြာခဏ လာရောက်တိုက်တွန်းလိုက်ကြပြန်သည်တွင် ဗိုလ်ဖေအောင်သည် ခေတ္တအနားယူခိုက်မို့ ပိုင်နိုင်စွာအသုံးချရန် စီစဉ်လိုက်ရပေ၏။

နာဂရွာသားများနှင့် သူ၏ရဲဘော်များကို စုပေါင်းစေပြီး ကျားဆိုးများ ခိုအောင်းနိုင်မည်ထင်သည့် ကိုင်းတောများကို လူအင်အားနှင့် ဖိ၍ဖြို၍ တောခြောက်ပစ်နည်းအရ ကျားများကို အပျင်းပြေပစ်ခတ်ရေးကို စီစဉ်လိုက်ရပေ၏။

ဗိုလ်ဖေအောင်နှင့် ဇော်လတို့၏ တိုင်ပင်ရာမှ ရရှိသောအဖြေသွာမှာ အယူသီးနေကြသည့် နာဂရွာလူကြီးများ၏ ယုံမှားသံသယပျောက်စေရန်နှင့် ကျားများကို ပစ်ခတ်ရရှိခြင်းဖြင့် နာဂတစ်ရွာလုံးမှ ကျားသောင်းကျန်းအန္တရာယ်ကို စိုးရိမ်မှုများ ပြေပျောက်စေရန်အတွက် ကျားပစ်ခတ်ရေးအစီအစဉ်ကို ချမှတ်စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။

ဗိုလ်ဖေအောင်၊ ဒူးဝါးဇော်လ၊ ရဲဘော်လှမောင်၊ ခွန်ဆလန်း လမန်းနော်တို့က အမဲကြီးပစ် ရိုင်ဖယ်တစ်လက်စီ ကိုင်လျက် တောစပ် နေရာကောင်းများတွင် အကာအကွယ်ယူထားပြီး တောခြောက်သူများ စတင်တောခြောက်မောင်းမည့်အသံများကို နားစွင့်ကာထောင့်နေကြ သည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်နှင့်အတူ မြမြဝင်းသည် . ၃၇၅ မက်နမ်ရိုင်ဖယ်တို အသင့်ကိုင်ကာ . ၅၀၀ ဗို့ နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ခပ်ဖွေးဖွေးကိုင်ထားသည့် ဗိုလ်ဖေအောင်၏ ဘယ်ဘက်ဘေးမှ ကပ်လျှက် အသင့်အနေယူထားသည်ကို တွေ့မြင်လိုက်ရပေ၏။

မကြာမီ တဟေးဟေးနှင့် တော စတင်ကာမောင်းလာသည့်အသံများကို လေးဖာလုံခန့်ဆီမှ ကြားလိုက်ရပေ၏။ ဗိုလ်ဖေအောင်သည် . ၅၀၀ ဗို့ ရိုင်ဖယ်၏ တွပ်ပီပြားကလေးကို လက်မ,ထိပ်တွင် မှောင်ပြောင်းရှေ့ပိုင်းသို့ တွန်းတက်လိုက်ပြီး၊ သူ၏ဘယ်ဘက်လက်ချောင်းကြားတွင် ကျည်ဆန်ထိပ်ဖူး အပျော့စားတပ်ထားသည့် ကြေးခွံကျည်ဆန်နှစ်တောင့်ကိုလည်း တွေ့မြင်လိုက်ရသလို၊ မြမြဝင်း၏အစိမ်းရင့်ရောင်ဝတ်စုံနှင့်တကွ တောစီးဖိနပ်ရှည်ကို စီးနင်းထားသည်၊ မက်နမ်ရိုင်ဖယ်တစ်လက်ကို ခပ်တင်းတင်းမျက်နှာနှင့်ကိုင်ထားသည့် မြမြဝင်း၏အမူအရာမှာ တကယ်ပင် လှပတင့်တယ်လှပါပေ၏။

ဗိုလ်ဖေအောင်နှင့် မြမြဝင်းတို့နှစ်ဦးသည် ဝါးရုံပင်ကြားမှ ကာအကွယ်ယူထားကြပြီး၊ သူတို့ရှေ့ ကိုက်တစ်ရာအကွာရှိ တောင်ကျပ်ပျောပင်နှင့် သက်ကယ်ပင်များဆီသို့ မျက်စိနှင့်နားများကိုစွင့်ကာ ကျောက်ရုပ်ကြီးတွေလို မလှုပ်တမ်း အာရုံစိုက်ကာ ကြည့်ရှုနေကြပါသည်။

မကြာမီ မိနစ်ပိုင်းအတွင်း၌ တချွတ်ချွတ်ချိုးသံများကို ဗိုလ်ဖေအောင်တို့နှစ်ဦးစလုံး စတင်ကာကြားလိုက်ရပေ၏။ ဗိုလ်ဖေအောင်သည် တောငှက်ပျောရွက်များဆီသို့ တစ်ချက်စိုက်၍ကြည့်လိုက်ပြီး၊ သူ၏ရိုင်ဖယ်ပြောင်းနှစ်လုံးကို အသာအယာမ,၍ ကြိုတင်ပြင်ဆင်မှု ချိန်လိုက်တော့သည်။ မကြာမီ လျှောခနဲ ရဲခနဲ ကြီးမားသော ကြီးတစ်ကောင်၏ခေါင်းပိုင်းကို မြမြဝင်းကပါ စတင်၍တွေ့မြင်လိုက်ရသည်။ ခေါင်းနှင့်မလိုက်အောင် သေးငယ်ပြီး အဖျားပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အဖြူမွေးများဖြတ်ပြီးတော့ ခပ်ဝိုင်းဝိုင်းသေးသေး နားရွက်နှစ်ဘက်၊ ဝင်းဝင်းတောက်ကာနေသော မျက်လုံးကြီးနှစ်လုံး၏ပတ်ပတ်လည်မှာ မျက်ကွင်းဖြူအရစ်လိုက်အတန်းလိုက်ခြားထားသည့် အနက်တန်းများ၊ အနက်စင်းများက အဝါရင့်ရောင်အောက်ခံပေါ် ဝယ် လှပတင့်တယ်စွာ နေရာယူလျက်တွေ့ရပေ၏။

ကျားကြီးသည် ငှက်ပျောရွက်ကြားမှ တစ်ချက် ရှေ့နှင့်ဝဲယာသို့ ကြည့်လိုက်ပြီး ရှေ့သို့ တစ်ဆင့်တက်လိုက်ရာတွင် သူ၏ခါးအရှေ့ပိုင်းကို ထင်ရှားစွာ တွေ့မြင်လိုက်ရပါသည်။

ဗိုလ်ဖေအောင်၏ရိုင်ဖယ်သည် ငြိမ်သွားပြီးနောက် မျက်စိတစ်မှိတ်အတွင်း၌ မြည်ဟည်းလှသော ပေါက်ကွဲသံကြီးဖြင့် ဒိုင်းခနဲ မီးပွင့်၍ မြေတုန်ဟည်းရိုက်ခတ်သွားပါတော့သည်။

ကျားကြီးသည် ရှေ့သို့ခေါင်းစိုက်ကာ ချာချာလည်လျက် မြေပေါ်သို့ ဖြည်းညင်းသည့်လှုပ်ရှားမှုမျိုးဖြင့် ကျသွားတော့သည်။ ထိုအခိုက် သူတို့နှစ်ဦး မျက်နှာမူထားသည့် ညာဘက်အစွန် ဘယ်လက်ပြင်ကြားမှ လွှားခနဲ ခုန်လွှား၍ကျလာသည့် ကျားကြီးတစ်ကောင်၏ သဏ္ဌာန်သစ်တစ်ခုကို တွေ့လိုက်ရပေ၏။ မြမြဝင်း၏ . ၃၇၅ မက်နမ် ရိုင်ဖယ်သည် ဒိုင်းခနဲ မီးပွင့်တုန်ဟည်းသွားကာ ကျားကြီးသည် ဝေါခနဲ အသံဆိုးကြီးဖြင့် မြေပြင်၌ လူးလိမ့်ရုန်းကန်နေသည်ကို တွေ့လိုက်ရပြန်သည်။

"ဆက်ပစ် . . . မြမြဝင်း . . . မြန်မြန်ပစ် . . ."

ဗိုလ်ဖေအောင်၏အမိန့်ပေးသံနှင့်အတူ မြမြဝင်း၏ ရိုင်ဖယ်သံ တစ်ချက်သည် ဒုတိယအကြိမ် ပေါက်ကွဲထွက်ပေါ်လာသလို ကျားကြီးအဖို့ လည်တိုင်ကို ပစ်၍အချိုးခံရသည့်အတွက် မြေပေါ်မှ ရုန်းကန်ထရန် ကြိုးစားမှုမှာ ပြီးဆုံးသွားပါတော့သည်။

**ငါးမ်းရမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဝေါခနဲအသံကြီးဖြင့် မြေကို ရိုက်ခတ်တုန်ဟည်းစေသည့် အခြားကျားတစ်ကောင်၏အသံကြီးကြောင့် ဗိုလ်ဖေအောင်နှင့် မြမြဝင်းတို့ နှစ်ဦးစလုံး မိမိတို့ရှေ့မှောက်ရှိ ကိုက်ငါးဆယ်ခန့်သာရှိသည့် သက်ကယ်တောဆီသို့ ရိုင်ဖယ်ပြောင်းဝနှစ်ခုကို တန်း၍ချိန်လိုက်ပြီး အရေးတကြီး ပစ်ကွင်းကို ရှာဖွေလိုက်ရပေ၏။

ဗိုလ်ဖေအောင်သည် ပစ်ခတ်နိုင်ရေးအတွက် ပစ်ကွင်းကို ရှာဖွေရင်း မြမြဝင်းအား . . .

"ကောင်းကောင်းသတိထားပေတော့ . . . ကျားဟာ အရမ်းရှေ့ကိုမထွက်ဘဲ ပိုင်လောက်မှခုန်အုပ်လိမ့်မယ်၊ မလွတ်တမ်း ပစ်ခတ်ဖို့ အရေးကြီးတယ်"

ခပ်တိုးတိုးသတိပေးလိုက်ရပေ၏။

"ဝေါ"ဟူသော မြေတုန်ဟည်းထွက်လာသည့် ကျားဟိန်းသံကြီးနှင့်အတူ သူတို့နှစ်ဦး စုပြုံ၍ရပ်နေရာဆီသို့ လွှားခနဲ ခါးလျားရှည်ရှည်ကြီးနှင့် ကျားကြီးတစ်ကောင်၏ တစ်ဟုန်တည်း လေထဲမှပျံ၍ ဝဲလုံးထိုးလာသည့်သဏ္ဌာန်ကို ဗိုလ်ဖေအောင်သည် ဆတ်ခနဲ လိုက်၍ ချိန်လိုက်ပြီး ဒိုင်းခနဲ ညာဘက်ပြောင်းမှကျည်ဆန်ကို မောင်းဖြုတ်ချလိုက်သလို၊ မြမြဝင်း၏ရိုင်ဖယ်သည် ဒိုင်းခနဲ မီးပွင့်ထွက်သွားတော့သည်။ ကျားကြီးသည် လမ်းခုလတ်တွင် ထိမှန်ခံရခြင်းကြောင့် ပက်ခနဲ မြေပြင်ပေါ်သို့ ထိုးကျလာပါတော့၏။

ဗိုလ်ဖေအောင်သည် သူတို့နှစ်ဦးနှင့် ဝါးတစ်ရိုက်ခန့်နေရာတွင် တန်းကျလာသည့် ကျားကြီး၏ခေါင်းပိုင်းကို ထိုးချိန်ချိန်၍ ဘယ်ဘက်ပြောင်းတွင်းမှ ကျည်ဆန်နှင့်လှမ်း၍ပစ်ချလိုက်ရာ ကျားကြီးသည် မြေကြီးပေါ်သို့ ညွတ်အကျနှင့် မြမြဝင်း၏ရိုင်ဖယ်သည် ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်တိတိ ရှေ့ဆင့်နောက်ဆင့် အသံနှစ်သံ ထွက်ပေါ်လာပြီး၊ ဒယမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒယိုင်ဖြစ်နေသည့် ကျားကြီးသည် မြေကြီးပေါ်သို့ အပြီးထိုး၍ကျသွားတော့၏။

ကျည်ဆန်အသစ်နှစ်တောင့်ကို အမြန်ဆုံး စက္ကန့်ပိုင်းအတွင်း၌ အသင့်ထည့်ပြီး မောင်းတင်ပြီးသော ဗိုလ်ဖေအောင်သည် မြမြဝင်းဆီသို့ လှမ်း၍ . . .

"မြမြဝင်း . . . ကျည်ဆန်သုံးတောင့်ထပ်ထည့် . . . မြန်မြန်"

လှမ်း၍အမိန့်ပေးလိုက်ရာ မြမြဝင်းသည် သူမ၏တုန်လှုပ်ခြောက်ခြားနေသော တိုက်ပွဲအတွေ့အကြုံကြောင့် ကျည်ဆန်အသစ်များ ထပ်ထည့်ရန် သတိလစ်ဟင်းနေမှုကို ချက်ချင်းသတိရကာ သူမ၏ . ၃၇၅ မက်နမ်မဂ္ဂဇင်းရိုင်ဖယ်၏မောင်းတံကို နောက်သို့ဖွင့်၍ဆွဲလိုက်ပြီး၊ ကျည်ဆန်အသစ်သုံးတောင့်ကို အရေးတကြီးထည့်ကာ မောင်းတံကို ရှေ့သို့ဆောင့်၍တွန်းလိုက်ပြီး၊ သော့ပိတ်ကာ ရှေ့တိုက်ပွဲအတွက် ပြင်ဆင်လိုက်ရင်း သူမ၏ရွှေရင်ကလေးများသည် အသက်ပြင်းပြင်း ရှူရှိုက်လိုက်ရမှုကြောင့် နိမ့်တုံမြင့်တုံခုန်နေရှာပါတော့သည်။

ဒူးဝါးဇော်လနှင့် ရဲဘော်လှမောင်တို့ဆီကလည်း ရိုင်ဖယ်ကြီးများ၏ တဒိုင်းဒိုင်းပစ်ခတ်သံများကို တစ်တောလုံး ရိုက်ဟည်းသွားစေသည့် အသံကြီးများဖြင့် ကြားလိုက်ရပြန်ပါသည်။ တောခြောက်သူများဆီမှလည်း ရိုင်ဖယ်သံများ မြိုင်ဆိုင်စွာထွက်ပေါ်လာသည့်အတွက် တအားတက်ကာ ညာသံများ တစ်ခဲနက် ထပ်ဆင့်ကာပေါ်ထွက်လာတော့၏။ တောခြောက်သူများ၏အသံများသည် သေနတ်သမားများနှင့် ပိုမို၍နီးကပ်လာသည့်အခါ၌ ဗိုလ်ဖေအောင်က အချက်ပေးခရာတို ထုတ်၍ တောခြောက်မှု ရပ်ဆိုင်းကြရန် အသံရှည်ဆွဲ၍ သုံးကြိမ်တိတိ မှုတ်လိုက်ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ . . . တောခြောက်သမားများသည် အခြေအနေကို တစ်ချက်စုံစမ်းအကဲခတ်ရင်း ဗိုလ်ဖေအောင်တို့ဆီသို့ တစ်လှမ်းချင်း တက်လာကြသည်တွင် ဗိုလ်ဖေအောင်က . . .

"လာကြဟေ့ . . . တို့ဆီက သုံးကောင်ကွ၊ ဇော်လတို့ဆီကလဲ ပစ်သံတွေကြားရတယ်"

ပြောကြားလိုက်သည်။ နာဂအမျိုးသားများမှာ တစ်နေရာ တည်းတွင် ကြီးမားသောကျားကြီးသုံးကောင်တို့သည် စခန်းပတ်လည် တစ်ဝိုက်တွင် အတုံးအရုံး ကျဆုံးနေသည်ကို တွေ့မြင်လိုက်ရသည်နှင့် သူတို့ အမြတ်တမ်း အရှုံးပေးနေရသည့် ကျားဆိုးကြီးများ၏ သေဆုံးသွား သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကခုန်အော်ဟစ်နေကြ ပါသည်။

မကြာမီ ဇော်လနှင့် ရဲဘော်လှမောင်တို့ သေနတ်သမားနှစ်ဦး ဆီမှ ကျားတစ်ကောင်စီ၊ နာဂအမျိုးသားများနှင့် ဗိုလ်ဖေအောင်တို့ ရဲဘော်များက ထမ်းပိုးယူဆောင်လာကြသည်ကို ဗိုလ်ဖေအောင်တို့ လူသိုက်က တွေ့ရှိလိုက်ရပြန်ပါသည်။

ကျားကြီးငါးကောင်ကို လူစုလူဝေးနှင့် တပျော်တပါးကြီး ထမ်းလာကြသည့် နာဂအမျိုးသားများအား တောင်ပေါ်ရွာတွင် ကျန်ရစ် ခဲ့သည့် နာဂရွာသားများက အောင်ပွဲရယူခဲ့သည့် ဗိုလ်ဖေအောင်နှင့် အဖွဲ့ဝင်များကို ဂုဏ်ပြုသည့်အနေဖြင့် မောင်းကြီးများတီးခတ်ခြင်း၊ တုံးမောင်းကြီးများကို တဟည်းဟည်းရိုက်ခတ်ကာ ကောင်းချီးသြဘာ ပေးလိုက်ကြလေသည်။

ခွန်ဆလန်းဦးဆောင်သော နာဂလူကြီးပိုင်းမှ ဗိုလ်ဖေအောင် တို့ အသိအမှတ်ပြု၍ ခရီးဦးကြိုပြုကာ အသက်သခင် ကျေးဇူးရှင်ကြီး ဖြစ်ကြသလို၊ ရှေ့အဖို့ နာဂရွာသူရွာသား၏ အသက်စည်းစိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်သည့် လူသားစား ကျားသတ္တဝါများ ပြုန်းတီးသွားသည့်အတွက် စိတ်ချလက်ချ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း . . .

ကြေညာလိုက်ကြသည်။

အကျယ်ချုပ်ဖမ်းထားသည့် အိန္ဒိယနယ်မှ နာဂနှစ်ဦးနှင့် ကျားငါးကောင်ကို တစ်ချိန်တည်းတွင် မလွတ်တမ်းအရပစ်ခတ်သုတ်သင်နိုင်သည့် ဗိုလ်ဖေအောင်နှင့်အဖွဲ့ဝင်များအပေါ် အားကိုးစိတ်တွေတဖွားဖွားပေါ်ပေါက်လာနိုင်ကြသလို၊ ယုံကြည်မှုစိတ်တွေကလည်း ပိုမိုကြီးထွားလာကြတော့သည်။

ဗိုလ်ဖေအောင်၊ ဇော်လ၊ မြမြဝင်းနှင့် သေနတ်သမားများသည် မိမိတို့ပစ်ခတ်ခဲ့ရသည့် အဖိုးတန် အမဲကြီးပစ်ရိုင်ဖယ်များကို ခရီးရောက်မဆိုက်တွင် စနစ်တကျ တိုက်ချွတ်သုတ်သင်နေကြသလို၊ ကျန်ရဲဘော်များက ချက်ရေးပြုတ်ရေးလုပ်ငန်းစဉ်တို့ကို လုပ်ကိုင်နေကြသကဲ့သို့ ရဲဘော်အချို့နှင့် နာဂရွာသားများက ကျားသေကြီးငါးကောင်ကို စနစ်တကျ အရေခွံခွာ၍ ဖျက်နေကြပါသည်။

"ဗိုလ်ကြီး . . . ရွာသားတွေအားလုံး ခု- စိတ်တွေအားလုံးသိပ်အေးချမ်းလာကြပြီ၊ ကျားတွေကြောက်တဲ့စိတ်တွေ လုံးဝမရှိတော့ဘူးခင်ဗျ"

ခွန်ဆလန်းသည် ဗိုလ်ဖေအောင်၏အနီးသို့ ချဉ်းကပ်လာပြီး သူတို့၏ရွာသူရွာသားများအခြေအနေကို ပြောပြပါသည်။ ဆက်လက်၍

"ဗိုလ်ကြီး ကြိုတင်ပြောခဲ့သလိုပဲ ကျွန်တော်တို့ရွာသားတွေစိတ်က တကယ့်တောထဲက ကျားတွေအန္တရာယ်ကိုပဲ စိုးရိမ်နေကြတယ်၊ ဟိုကိစ္စအတွင်းရေးကို သူတို့ တစ်ယောက်မှမသိကြဘူး"

သတင်းပို့ အစီရင်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူ့နယ်မြေထဲက လူနှစ်ယောက်ကို သတိကောင်းကောင်း ထားပြီး ချုပ်ထား၊ အခြေအနေကို စောင့်ကြည့်ကြ၊ နည်းနည်းမှ ယုံကြည် စိတ်ချခွင့်မပေးနဲ့၊ ဒါပေမယ့်လို့ သူတို့အပေါ် ယုံကြည်ကင်းမဲ့တဲ့ အပြု အမူတွေကိုတော့ လုံးဝမပြနဲ့ ခွန်ဆလန်း"

ဗိုလ်ဖေအောင်က ထပ်မံသတိပေးလိုက်ရာ ခွန်ဆလန်းသည်-

"စိတ်ချပါဗိုလ်ကြီး . . . ဒီအကောင်နှစ်ယောက်ဟာ အသွင် ပြောင်းလာပါပြီ၊ ဗိုလ်ကြီးတို့လို တကယ်အားကိုးနိုင်မယ့်ခေါင်းဆောင် ဆီမှာ သူတို့ အမှုထမ်းချင်တယ်လို့ ကျားတွေယူလာတုန်းက ကျွန်တော့် ကို လှမ်းပြောနေပြီ ဗိုလ်ကြီး"

"ငါ့ဆီမှာ အမှုထမ်းချင်ရင် သစ္စာရှိရှိနဲ့ သူတို့နယ်မြေက သတင်းတွေကို အမှန်အတိုင်းအကုန်ဖွင့်ပြောပါစေ ခွန်ဆလန်း၊ သတင်း ပို့ဖို့ ပြန်သွားတဲ့ ကုလားတစ်ယောက်နဲ့ ရန်သူအဖွဲ့ဝင်တွေ ဘယ်တော့ မြန်မာပြည်ဘက်ကို ပြန်လာမလဲဆိုတာ တိတိကျကျ စုံစမ်းမေးမြန်း စမ်းပါ"

အမိန့်ပေးလိုက်ရာ ခွန်ဆလန်းသည် ခပ်သုတ်သုတ်ပြန်သွား ပါသည်။

"ဖေအောင်ရေ . . . ဒီတစ်ခါ ကျားပစ်ရတာ သိပ်အရသာ ရှိတယ်ကွာ၊ ကျားကလဲ တကယ့်ကျားကြီးတွေပါကလား၊ ရှစ်ပေထက် သေးတဲ့အကောင် တစ်ကောင်မှမပါဘူး၊ ကျားအမတောင် ရှစ်ပေ ငါးလက်မရှိနေတယ်၊ ကျားကြီးတွေဟာ ကျားဝါမျိုးတွေအနက်ထက် အဝါရောင်ပိုများတယ်"

ဒူးဝါးဇော်လက ရိုင်ဖယ်ကြီးတစ်လက်ကို စိတ်ရှည်လက်ရှည် တိုက်ချွတ်ရာမှ ပြောလိုက်သည်တွင် ဗိုလ်ဖေအောင်သည် . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒိယနယ်စပ် ဘင်္ဂလားနယ်မြေနှင့် သိပ်နီးကပ်နေသလို ဘင်္ဂလားကျွားဆိုတဲ့အတိုင်း သိပ်အကောင်ကြီးတာပေါ့ကွာ၊ တို့မြန်မာတွေ ခဏခဏပြောလေ့ရှိတဲ့ ကိုးတောင်ကျား ဆယ်တောင်ကျားကြီးမျိုးတွေဆိုတာ ဒီအကောင်ကြီးတွေကို ပြောတာဖြစ်လိမ့်မယ်"

ပြောကြားလိုက်သည်။

"အလို ! မြမြဝင်းသေနတ် ဘယ်လိုလဲ"

ချွေးတလုံးလုံးနှင့် မြမြဝင်းက သူ့မ ပစ်ခတ်သည့် . ၃၇၅ မက်နမ်ရိုင်ဖယ်ကို ထောင်၍ပြလိုက်ရာ ဗိုလ်ဇေအောင်က လှမ်း၍ဆွဲယူပြီး ဘယ်ဘက်သို့ ရိုင်ဖယ်ပြောင်းဝကို ထောင်၍ကြည့်လိုက်ပြီး-

"နည်းနည်းလိုသေးတယ်၊ ထပ်ပြီးလေးငါးချက် ဆွဲလိုက်ပါဦး မြမြဝင်း၊ အဝတ်ခြောက်ခြောက်နဲ့ ထည့်ဆွဲပါ"

အမိန့်ပေးလိုက်ပါသည်။

"ဇော်လရေ . . . တို့ဆီကဖမ်းသွားတဲ့လူတွေကို အမြန်ဆုံး မြန်မာပြည်ဘက်ကို ပြန်ပြီးရောက်အောင် ကယ်တင်နိုင်ဖို့ သိပ်အရေးကြီးတယ်၊ ကုလားဘုန်းကြီးက မြန်မာပြည်ဘက်က ဖမ်းသွားတဲ့လူတွေကို နည်းအမျိုးမျိုးနဲ့ အသုံးချဖို့ ရည်ရွယ်ချက်ရှိနေတာကို စဉ်းစားမိတယ်၊ တချို့ကို သူ့ဘက်ပါအောင် သစ္စာဆိုခိုင်းပြီး ဟောဒီဘက်သွားတဲ့ မှောင်ခိုလမ်းတစ်လျှောက်မှာ သူ့အတွက် အထောက်အကူတွေ လုပ်ခိုင်းနိုင်တယ်၊ အမျိုးသမီးတွေအတွက် ပိုပြီးစိတ်မချရတယ်၊ ပြန်ပေးဆွဲတဲ့ သဘောနဲ့ တို့မြန်မာအစိုးရဆီမှာ ငွေလှမ်းပြီးတောင်းချင်တောင်းလိမ့်မယ်၊ နာဂခေါင်းဆောင် ဇာလာဟီးကိုတော့ တစ်မျိုးလှည့်ပြီး သူ့သမီးချော စကားပြန်ပြောလာအောင် ယစ်နစ်ပူဇော်ဖို့ဆိုပြီး တစ်မျိုးလှည့်ပြီး နေတာ ဖြစ်နိုင်တယ်"

ဗိုလ်ဇေအောင်က သူ၏ထင်မြင်ချက်ကို ပြောပြလိုက်ပါသည်။

ဦးမိုးချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## သေရေးရှင်ရေးသတင်း

"အမှန်အတိုင်းပြောခြင်းဖြစ်ပါတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့ အသက် ဗိုလ်ကြီးကယ်ခဲ့တာကို ကျေးဇူးမမေ့ပါဘူး၊ ကုလားတစ်ယောက်နဲ့ ကျွန်တော်တို့ဘက်က နာဂတွေ နောက်သုံးရက်ကြာတဲ့ညမှာ မြန်မာပြည်ကို ပြန်ဝင်လာလိမ့်မယ်၊ ကျွန်တော်တို့ချင်း အချိန်းအချက်ရှိခဲ့ပါတယ်"

နာဂနှစ်ဦးကို ခွန်ဆလန်းက ဘာသာပြန်လုပ်၍ ရန်သူ၏ လှုပ်ရှားမှုအခြေအနေသတင်းကို ဗိုလ်ဖေအောင်ဆီသို့ အစီရင်ခံလိုက်လေသည်။

ဗိုလ်ဖေအောင်သည် ဇော်လနှင့်တိုင်ပင်လိုက်ပြီး နာဂအမျိုးသားနှစ်ဦးကို သူ့ရှေ့မှောက်သို့ ခွန်ဆလန်းနှင့်အတူ အမြန်ခေါ်ယူလိုက်သည်။ အိန္ဒိယဘက်မှ နာဂနှစ်ဦးသည် ဗိုလ်ဖေအောင်ကို မြင်လျှင်မြင်ချင်း ရိုသေလေးစားသောအမူအရာများဖြင့် . . .

"ကျွန်တော်တို့ကို ဗိုလ်ကြီးရဲ့တပည့်ရင်းအဖြစ်နဲ့ လက်ခံကြပါ၊ ကျွန်တော်တို့ ဗိုလ်ကြီးကို အားကိုးပါရစေ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ အသက်ကို ဗိုလ်ကြီးကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်အစစ် ဖြစ်ပါပေတယ်"

စတင်ကာ သူတို့နှစ်ဦးအား ဗိုလ်ဖေအောင်ထံသို့ အပ်နှံလိုက်ပါသည်။ ဗိုလ်ဖေအောင်သည် နာဂနှစ်ဦးအား ဆေးပြင်းလိပ်နှင့် အစားအသောက်များကို ကျွေးမွေးလိုက်ပြီးနောက် . . .

"မင်းတို့အဖော်တွေ သုံးရက်မြောက်မှာ အိန္ဒိယဘက်က ပြန်လာမယ်ဆိုတာ အမှန်ပဲလား"

စတင်ကာမေးမြန်းလိုက်ရာ . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဗိုလ်ကြီး၊ ကုလားတစ်ယောက်နဲ့ အဖော်လေးယောက် တကယ်ပြန်ဝင်လာလိမ့်မယ်၊ သူတို့ကို အရှင်မိအောင်ဖမ်းပါ။ သတင်းထူးတွေနဲ့ အရေးကြီးတဲ့သတင်းတွေကိုရအောင် မေးမြန်းယူပါ ဗိုလ်ကြီး"

နာဂနှစ်ဦးစလုံးက သတင်းကို အနှုးအညွှတ် အစစ်ခံလိုက်ကြသည်။

"ကောင်းပြီ၊ ဘယ်လမ်းက သူတို့ပြန်ဝင်မယ်ဆိုတာ မင်းတို့သိသလား"

ဗိုလ်ဖေအောင်က မေးမြန်းလိုက်သည်တွင် နာဂနှစ်ဦးစလုံးက

"ကောင်းကောင်းသိပါတယ် ဗိုလ်ကြီး၊ သူတို့ပြန်လာရင် မလွှဲနိုင်တဲ့နေရာက စောင့်ဖို့အရေးကြီးပါတယ်၊ ညှုခါတောင်ကြားလမ်းထိပ်က ပိတ်စောင့်ပါ။ သူတို့ အစောဆုံး ညနေ နေမဝင်မီ နောက်အကျဆုံး မနက်ကြက်တွန်ချိန်မှာ ရောက်လာကြပါလိမ့်မယ်"

စသည်ဖြင့် ပိုင်ပိုင်နိုင်နိုင် သတင်းပို့လိုက်ကြသည်။

ဗိုလ်ဖေအောင်နှင့် ဒူးဝါးဇော်လတို့ လူကြီးပိုင်းသည် မြေပုံကြီးတစ်ချပ်ကိုချကာ နေရာထိုင်ခင်းများကို မှတ်သားလိုက်ကြသည်။ ဗိုလ်ဖေအောင်သည် သူ၏ရဲဘော်များနှင့် ဗိုလ်မှူးမင်းဒင် ထားပစ်ခဲ့သည့် တပ်စုနှစ်စုမှ တစ်စုကိုရွေးထုတ်ပြီး ညှုခါတောင်ကြားကိစ္စကို ကြိုတင်၍ လေ့ကျင့်ခန်းပေးနေပါသည်။

"ကျုပ်နဲ့ ကျုပ်တို့ရဲဘော်တွေက ရန်သူတွေကို တောင်ထိပ်ဝက စောင့်ပြီး အလစ်မှာ အရှင်မိအောင်ဖမ်းမယ်၊ ဗိုလ်တင်ငွေနဲ့တပ်စုက နာဂတွေ အိန္ဒိယဘက် ပြန်လမ်းဟူသရွေ့ကို ပိတ်ပြီးစောင့်၊ အဓိက အရေးအကြီးဆုံးက ကုလားတစ်ယောက် ခေါင်းဆောင်လာတဲ့ နာဂတွေ တစ်ယောက်မှ ပြန်မလွတ်စေဖို့ပဲ၊ မတတ်သာတဲ့အခါမှာ ရန်သူကို



www.burmeseclassic.com

www.burmeseclassic.com



ခစ်သတ်လိုက်၊ ဒါမှ ဟိုဘက်နယ်ကို ရန်သူတွေ သတင်းပြန်ပြီးမပို့နိုင်အောင် ပိတ်လိုက်ရမယ်"

မှာကြားလိုက်သည်။ သူ၏ရဲဘော်များကိုလည်း . . .

"ရန်သူတွေထွက်မပြေးနိုင်အောင် အရှင်ဖမ်းမိဖို့ အရေးကြီးတယ်၊ အထူးသဖြင့် ခေါင်းဆောင်ကုလားကို အဓိကထားပြီး မိအောင်ဖမ်းကြ၊ လွတ်ပြေးမယ်ထင်ရင် ပထမဦးဆုံး ခြေသလုံးကို ရိုက်ချိုး၊ အပြင်းအထန်ခုခံရင် မင်းတို့က လက်နက်အား၊ လူအား သိပ်သာနေပြီမို့ဒိချ၊ အတင်းဝင်ပူးပြီး တိုက်ခိုက်ကြ"

သတိပေးလိုက်လေသည်။

တောင်ပေါင်နာဂရွာနှင့် မိုင်နှစ်ဆယ်ကျော်မျှကွာဝေးသောညှာခါတောင်ကြားလမ်းသို့ ဗိုလ်ဖေအောင်တို့လူစုသည် တစ်ရက်ကြိုတင်ရောက်ရှိစေရန် ရိက္ခာအပြည့်အစုံနှင့် လျှို့ဝှက်သည့်လမ်းမှ နံနက်လေးနာရီအချိန်တွင် မည်သူမျှမသိရှိစေရန် တိတ်တဆိတ် ချီတက်ခဲ့ကြသည်။

ညနေလေးနာရီအချိန်တွင် ညှာခါတောင်ကြားထိပ်သို့ ဆိုက်ရောက်ခဲ့ကြပြီး ဗိုလ်ဖေအောင်သည် သူ၏တပ်ဖွဲ့ကို တောင်ကြားလမ်းထိပ်နှင့် တစ်မိုင်ခန့်ကွာဝေးသော ချောင်ကျကျနေရာတွင် တပ်ပုန်းသဘောမျိုးဖြင့် စခန်းချစေပြီး ပတ်ဝန်းကျင်တစ်ဝိုက်ကို ဂရုတစိုက်စောင့်ရှောက်စေရန် ကင်းပုန်းများချထားလိုက်သည်။ ဗိုလ်ဖေအောင်၊ ဆော်လ၊ မြမြဝင်းနှင့် ရဲဘော်သုံးဦးတို့ကို ခေါ်ယူကာ ညှာခါတောင်ကြားထိပ်မှတက်၍ အနောက်ဘက် အိန္ဒိယပြည်နယ်အပါအဝင် နာဂနယ်မြေဆီသို့ ဂရုတစိုက် မှန်ပြောင်းကိုယ်စီနှင့် ကင်းထောက်ကြည့်ရှုကြသည်။ မြူခိုးတွေဆိုင်းနေသော တောင်အထပ်ထပ်နှင့်တကွ နက်မှောင်စိမ်းရင့်နေသော တောကြီး၊ တောင်တန်းကြီးများကို တွေ့လိုက်ရပေ၏။ ညှာခါ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြား၏အနောက်ဘက်ထိပ်တွင် လူသွားလမ်းများ လေးငါးခု ဖြတ်လျက်၊ အိန္ဒိယနယ်မြေ နာဂပြည်နယ်အတွင်းသို့ ရှေ့ရှုနေသည်ကိုပါ တွေ့မြင်လိုက်ရပေ၏။

တောင်ကြားလမ်း၏ဘေးတစ်ဖက်တစ်ချက်ရှိ လျှို့နှစ်ခုအတွင်းသို့ အနည်းငယ်ဆင်း၍ ခြေစခြေနများကို ကင်းထောက်ကြည့်လိုက်ရာ တောဆင်အုပ်၊ ပြောင်အုပ်၊ ကြံ့အုပ်ကြီးများ၏ ခြေရာအသစ်ကြပ်ချွတ်များကို တွေ့ရပြီး၊ လူခြေရာအသစ် မတွေ့ရသည်ကို ဗိုလ်ဖေအောင်တို့ တွေ့မြင်ခဲ့ရပေ၏။ ပလတ်စတစ်မိုးကာတဲငယ်များ မီးဖို၍ တစ်ညတာ အိပ်စက်အနားယူခဲ့ကြပြီးနောက် တစ်ညတာအတွက် ပြင်ဆင်လိုက်ကြရလေသည်။

နှင်းမှုန်မှုန်ကျနေသော ညနေခင်းကာလမှစ၍ ဗိုလ်ဖေအောင်နှင့် ရဲဘော်များသည် အနွေးထည်များဝတ်ဆင်ကာ သစ်ရွက်သစ်ခက်များနှင့် ဦးထုပ်မှစ၍ တစ်ကိုယ်လုံးထိုးပတ်ထားပြီး ရုပ်ဖျက်ထားကြကာ စတင်၍ တောင်ကြားထိပ်တစ်ဖက်တစ်ချက်တွင် အစောင့်နေရာယူလိုက်ကြသည်။ ဗိုလ်တင်ဌေးနှင့် တပ်စုမှရဲဘော်များကလည်း ဖြတ်လမ်းအနောက်ဘက်လမ်း လေးလမ်းဆုံရာ၏တစ်ဖက်တစ်ချက်ရှိ အဆင်သင့်ပြုလုပ်ထားသည့် ချုံတွင်းနေရာကောင်းများမှနေ၍ ပုန်းကွယ်နေကြလေသည်။ နေမဝင်မီကာလမှစ၍ တစ်တောလုံး၊ တစ်တောင်လုံး ကျားဟိန်းသံ၊ တောဆင်များ၏အော်သံများ၊ သစ်ဆင်ကြီးများ၏အသံရှည်ကြီးများ ဆူညံစွာကြားလိုက်ရပေ၏။

မကြာမီ အမှောင်ထုသည် ညချိန်တောင်ကြားလမ်းကို စနစ်တကျ ဝါးမျိုသွားပါတော့သည်။ ဗိုလ်ဖေအောင်သည် ညကြည့်မှန်ပြောင်းကို ငုံ့၍ကြည့်လိုက်ရင်း တောင်ကြားလမ်း၏အရှေ့ဘက်ထိပ် ...မြင့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှ မှုန်မွှားမွှားတောင်ကြားလမ်းတစ်လျှောက်အတိုင်း အနောက်ဘက်ထိပ်သို့ မျှော်ကြည့်လိုက်ပါသည်။

အနောက်ဘက် မိုင်နှစ်ဆယ်ကျော်ရှိ နိမ့်၍ဆင်းသွားသောတောင်တန်းတောင်ထွတ်များအဆုံး၌ရှိနေသည့် အိန္ဒိယပြည်ဆိုင်ရာနာဂနယ်မြေကို မှုန်မှုန်ဝါးဝါး မြင်တွေ့နေရပေ၏။

ညကိုးနာရီအချိန်တွင် ဝါးချောင်းထိပ်တွင် မီးစာများအပ်ကာထွန်းညှိထားသည့် ခရီးသည်တစ်စုကို ခပ်ဝေးဝေးမှပင် ဗိုလ်ဖေအောင်တို့မြင်တွေ့လိုက်ရသည်ကြောင့် မှန်ပြောင်းကိုအသုံးပြု၍ ကြည့်ရှုလိုက်ကြသည်။

ရှေ့ဆုံးမှ လုံ့ရှည်ကိုင် နာဂယောကျ်ားနှစ်ဦးကို တွေ့လိုက်ရသလို၊ ဒုတိယအုပ်စုတွင် အမွေးထည်ဝတ်ထားသည့် သေနတ်တစ်လက်ကို လွယ်သိုင်းလာသည့် ကုလားလူမျိုးတစ်ဦးနှင့် သူ့နောက်ကြိုးတုပ်များဖြင့် ခေါ်ဆောင်လာသည့် နာဂတစ်စု၊ သူတို့နောက်ပိုင်းမှ လုံ့ရှည်ကိုင် နာဂရှစ်ယောက်တို့ကို တွေ့လိုက်ရပေ၏။ ဗိုလ်ဖေအောင်၏အချက်ပေးလိုက်သည်ကြောင့် ဗိုလ်ဖေအောင်၏ ရဲဘော်များသည်လှုပ်လှုပ်ရွရွဖြစ်သွားကြပြီး၊ အသင့်နေရာယူလိုက်ကြသည်။ ခရီးသည်တစ်စုသည် စကားတပြောပြောနှင့် သီချင်းတကြော်ကြော်ဆိုရင်းခပ်မှန်မှန် လျှောက်လာကြသည်။ စကားပြောသံများကို ပိုမိုကျယ်လောင်စွာ ကြားလိုက်ရပြီးနောက် ခွန်ဆလန်းသည် နာဂဘာသာကို ကောင်းစွာတတ်ကျွမ်းသူပီပီ ရန်သူနာဂများ၏ပြောဆိုသည့်စကားများကို အားလုံးကြားသိကာ မှတ်သားထားလိုက်ပါသည်။ ခရီးသည်များ တောင်ကြားလမ်းအလယ်သို့ ဆိုက်ရောက်လာကြသလို၊ ခရီးသည်များ၏ဝတ်စားဆင်ယင်လာပုံ သဏ္ဍာန်စုံကိုပါ သူတို့၏ရေနံချေးမီးစာများမှ ထွန်းညှိ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် မီးရောင်များကြောင့် ထင်ရှားစွာလာနေကြသည်ကို တွေ့မြင်ရပေ၏။

ရှေ့ဆုံးမှ နာဂနှစ်ဦး၏ကိုယ်ပေါ်၌ ဝါဝွမ်းဖြင့်ယက်လုပ်ထားသည့် စောင်ပိုင်းများခြုံလွှမ်းထားပြီး အောက်ချင်းငှက်တောင်များကို ခေါင်းတွင်စိုက်ထိုးထားပြီး လက်မောင်းရင်းနှစ်ဘက်တွင် ဆင်စွယ်ချောင်းကို အကွင်းလိုက်ဖြတ်ပိုင်းထားသည့် အစွယ်များ အဆင့်ဆင့်ဝတ်ကာ နွားနောက်အမြီးပိုင်းနှင့် နွားနောက်သားရေများ စွပ်ထားသည့် အရောင်ဖွေးဖွေးနှင့် လှံရှည်ကြီးများကို ပခုံးတွင်ထမ်းထားပြီး ခါးပိုက်တွင် သစ်သားအိမ်များနှင့်ထည့်၍ ခါးပတ်တစ်မျိုးဖြင့် ချိတ်ဆွဲထားသော လက်ကိုင်ဓားရှည်များကို တွေ့မြင်လိုက်ရပေ၏။

ကုလားခေါင်းဆောင်မှာ အတော်ကလေးအူရှင်ကာ သူတတ်သမျှ နာဂဘာသာနှင့် ရယ်စရာပျက်လုံးများကို ထုတ်နေပြီး၊ ပါးစပ်တွင် စီးကရက် တလင်းလင်း ဖွာထုတ်နေတော့သည်။ သူ၏နောက်မှ ကြိုးတုပ်များနှင့် နာဂယောက်ျားသုံးဦးကို ညှိုးငယ်သောမျက်နှာများဖြင့် တွေ့ရပေ၏။ ခွန်ဆလန်းက ကြိုးတုပ်ကိုယ်စီနှင့် နာဂသုံးဦးကို မြင်လိုက်သည့်တစ်ခဏ၌ ဗိုလ်ဖေအောင်ကို လက်တို့ကာ . . .

"ဗိုလ်ကြီး . . . အလယ်ကလူဟာ ကျွန်တော့်အဖေပါ၊ အမြန်ကယ်တင်ပါ"

တီးတိုးတိုင်ပင်လိုက်ရှာသည်။ ကုလားခေါင်းဆောင်သည် အားရပါးရ ရယ်စရာပြောလိုက်ပြီး ခေါင်းကိုမော့၍ ဟန်ရပန်ရ ခြေကို ရှေ့သို့လှမ်းလိုက်ရာ ခလုတ်တိုက်ပြီး ရှေ့သို့ပစ်ကျသွားလေသည်။ ချက်ချင်း လူးလဲ၍ထလိုက်သည်။ ကျန်နာဂများက ဝိုင်း၍ရယ်မောလိုက်ကြပြီး၊ ကုလားခေါင်းဆောင်သည် သူ၏ကိုယ်တွင် ပေကျံသွားသည့်ဖုန်မှုန့်များကို ပုတ်ခါရင်း တောင်ကြားလမ်းထိပ်ဘက်သို့ တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်အတွင်း၌ . . .

"ဖမ်းကြဟေ့ . . ." ဟူသော အသံကြီးနှင့်တကွ ခြောက်လုံးပြူးတစ်လက်ကို ကိုင်ထားသော ဗိုလ်ဖေအောင်၏ လွှားခနဲအသံကြီးသည် တိတ်ဆိတ်နေသော ညဉ့်ဦးယံကို ဖောက်ထွင်းထွက်ပေါ်လာသည့် တစ်ခဏ၌ ကျားကျားလျားလျားရှိသော ဗိုလ်ဖေအောင်၏ရဲဘော်များသည် ရန်သူနာဂများ သွားလာနေသော တောင်ကြားတစ်ဖက်တစ်ချက် ထိပ်များမှ လျောခနဲကျလာပြီး စက္ကန့်ပိုင်းအတွင်း၌ နာဂရန်သူများနှင့် ရောထွေးသွားကြပါသည်။

ဗိုလ်ဖေအောင်သည် အငိုက်မိခဲ့သည့် ကုလားခေါင်းဆောင်၏ ဇက်ပိုးကို ဘယ်လက်ဝါးစောင်းဖြင့် ပြင်းပြင်းခုတ်ချကာ ဖျတ်ခနဲ ရှေ့သို့ သတိလစ်ကာ ထိုးစိုက်ကျစေပြီးနောက်၊ ကြိုးတုပ်နှင့်နာဂသုံးဦးနောက်မှ လက်နက်ကိုင်နာဂတစ်ခုဆီသို့ ရဲဘော်လှမောင်တို့လူစုအား သွားပြီး ဖမ်းချုပ်ရန် အမိန့်ပေးလိုက်သည်။

ရှေ့ပိုင်းမှ နာဂနှစ်ဦးကို ဇော်လနှင့် ကချင်ရဲဘော်လေးဦးက လူချင်းပူးကပ်ကာ အမဲလိုက်ဓားမြှောင်များဖြင့် ရင်ဝနှင့်နောက်ကျောကို တော့ပြီး၊ အတင်းလက်နက်ချခိုင်းလိုက်သည်။ နောက်ပိုင်းမှ နာဂခြောက်ဦးကို ရဲဘော်လှမောင်နှင့် ဗိုလ်ဖေအောင်၏ရဲဘော်များတညှပ်ပူးညှပ်ပိတ် ဝိုင်း၍ဖမ်းလိုက်ကြသည်နှင့် နာဂလက်နက်ကိုင်တစ်ဦးက ဓားရှည်ကိုထုတ်၍ ရဲဘော်လှမောင်ကို လှမ်း၍ခုတ်လိုက်ရာ ရဲဘော်လှမောင်က ညာဘက်သို့ တစ်ကွက်ခုန်၍ရှောင်လိုက်ပြီး ဓားကိုင်နာဂ၏ လည်ပင်းကို ပေါက်ဆိန်အနှောင့်နှင့်ထုချလိုက်ရာ ဓားကိုင်နာဂသည် ရှေ့သို့ တစ်ပတ်ကျွမ်းစိုက်ကျသွားတော့၏။ ကျန်နာဂတစ်ဦးက ဓားမြှောင်တစ်လက်ကိုထုတ်၍ ကချင်ရဲဘော်များဆီသို့ လက်အမြှောက်လိုက်တွင် ဗိုလ်ဖေအောင်၏ .၃၈ စပါယ်ရှယ်ခြောက်လုံးပြူးသည် ဖောင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြည်ထွက်သွားပြီး၊ မားမြှောင်ကိုင်နာဂသည် ပက်လက်ပစ်၍ကျသွားတော့၏။

"မင်းတို့မသေချင်ရင် လက်မြှောက်ကြ၊ လက်နက်ချလိုက်ကြ"

ခွန်ဆလန်းက နာဂဘာသာနှင့် အော်ဟစ်၍ပြောလိုက်မှ လက်နက်ကိုင်နာဂများသည် ဗိုလ်ဖေအောင်၏ပြတ်သားသောသဘောထားကို လက်တွေ့ တွေ့မြင်ကြပြီး၊ လက်နက်ချ အညံ့ခံလိုက်ကြသည်။ ရှေ့ဆုံးမှ လမ်းပြလုပ်လာသည့် လက်နက်ကိုင်နာဂနှစ်ဦးသည် တစ်ဦးက အတင်းရုန်းကန်ပြီး ခုခံနေသည်တွင် ဇော်လ၏ . ၃၀၃ စစ်သုံးရိုင်ဖယ် ဒင်ပိုင်းသည် နာဂ၏နားထင်ကို ဖြောင်းခနဲ ပြင်းထန်စွာရိုက်ခတ်ချလိုက်ပြီး ခုခံနေသောနာဂသည် မြေပြင်သို့ပစ်ကျကာ ငြိမ်သက်သွားတော့၏။

ခေါင်းဆောင်ကုလားကို လက်ပြန်ကြိုးများ၊ ခြေကြိုးများ တုပ်နှောင်လိုက်ကြသလို၊ ကျန်နာဂများကိုလည်း ရဲဘော်အသီးသီးက ကြိုးများနှင့် မလွှတ်တမ်းတုပ်နှောင်လိုက်ကြသည်။

နာဂလက်နက်ကိုင်များဖမ်းဆီးထားသော ခွန်ဆလန်း၏အဖေနှင့် လူကြီးနှစ်ဦးကိုလည်း ဗိုလ်ဖေအောင်က ကြိုးများကို အမဲလိုက်မားမြှောင်ကြီးနှင့် ဖြတ်တောက်ဖြေရှင်းပေးလိုက်သည်။

"အဖေ . . . အဖေ . . . ဘာမှမကြောက်နဲ့၊ အစိုးရဘက်က ဗိုလ်ကြီးတွေပါ အဖေ"

သားလုပ်သူ ခွန်ဆလန်းက သူ၏ဖခင်ကြီးရှိရာသို့ ပြေးဝင်လာပြီး အရေးတကြီးပြောကြားလိုက်ရာ တောင်ပေါ်နာဂခေါင်းဆောင်ကြီးသည် သူ၏သားကို ပွေ့ဖက်ကာ မျက်ရည်စက်လက်ဖြင့် ငိုကြွေးရင်း သူ၏သမီးကလေးအတွက် စိတ်ထိခိုက်နေကြောင်းကို တိုင်တန်းပြောပြလိုက်သည်။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါင်နာဂလူကြီးက သူတို့နှင့်အတူ အချုပ်အနှောင်ခံရသော နာဂကြီးနှစ်ဦးကို ညွှန်ပြကာ ဗိုလ်ဖေအောင်တို့အား . . .

"ဟောဒီလူကြီးက စီမာလောင်းနာဂရွာသူကြီး ဆန်လေးဟီး ဖြစ်ပါတယ်၊ ဟောဒီကလူကြီးက အစိုးရလူဝင်လူထွက်ဌာနက ဖမ်းသွားခြင်းခံရတဲ့ စကားပြန်လူကြီး ဖြစ်ပါတယ်"

အကျိုးအကြောင်းပြောပြလိုက်ပါသည်။

"သူတို့က ကျွန်တော်တို့ကို မြန်မာပြည်ဘက် ပြန်ခေါ် လာပြီး မြန်မာအစိုးရကို သစ္စာရှိတဲ့အတွက် ရက်ရက်စက်စက်သတ်ပြဖို့ ပြန်ပြီး ကျွန်တော်တို့ကို ခေါ်ဆောင်လာခြင်း ဖြစ်ပါတယ်၊ ကျွန်တော်တို့အသက်ကို အချိန်မီကယ်တင်တဲ့အတွက် ကျွန်တော်တို့ အသက်ရှင်သရွေ့ မြန်မာအစိုးရကို ကျေးဇူးပြန်ပြီးဆပ်ပါ့မယ်"

ခွန်ဆလန်းက စကားပြန်လုပ်၍ပြောပြလိုက်သည်။

မကြာမီ ဗိုလ်တင်ငွေနှင့်တပ်စုဆီကလည်း အထုပ်အပိုးကိုယ်စီနှင့် နာဂရှစ်ယောက်ကို ကြိုးတုပ်တွေနှင့် ဖမ်းဆီးခေါ်ဆောင်လာတော့သည်။ သူတို့ရှစ်ဦးသည် ကုလားခေါင်းဆောင်သော နာဂအဖွဲ့မှ မှောင်ခိုကုန်များနှင့် စားနပ်ရိက္ခာများကို ထမ်းဆောင်ရန် တာဝန်ယူရသည့် အဖွဲ့ဝင်များဖြစ်ကြောင်းကို ခွန်ဆလန်းက တစ်ဆင့်ပြောပြပါသည်။

ဗိုလ်ဖေအောင်သည် ရန်သူအကျဉ်းသားများကို ရိုင်ဖယ်ထိပ်တွင် လှံစွပ်တပ်ထားသည့် ရဲဘော်များ၊ အစောင့်အရှောက်ထူထပ်စွာ ချအပ်ကာ၊ တောင်ပေါင်ရွာဘက်သို့ စတင်ဆုတ်ခွာနိုင်ရန်အတွက် စခန်းရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

သတိရရှိလာသည့် ကုလားခေါင်းဆောင်ကို ဗိုလ်ဖေအောင်နှင့် ဒူးဝါးဇော်လတို့က စတင်၍ သိလိုသမျှ သတင်းအခြေအနေကို စစ်ဆေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်က ကုလားစကားဖြင့် . . .

"မင်းနာမည် ဘယ်သူလဲ၊ မင်းဆရာ ဘယ်သူလဲ"

စတင်ကာမေးမြန်းလိုက်ရာ ကုလားသည် ခပ်တင်းတင်း ခေါင်းရမ်းပြလိုက်ပြီး . . .

"ကျုပ်တို့ စကားပြောစေချင်ရင် သံရုံးဆိုင်ရာ အရာရှိတစ်ဦးကို ခေါ်ခဲ့ပါ၊ သူ့ရှေ့မှာကျမှ ကျုပ်ပြောချင်ရာ ပြောနိုင်မယ်"

မာမာတင်းတင်းပြောလိုက်ရာ ဗိုလ်ဖေအောင်သည် ထိုင်ရာမှ ထလာပြီး အမဲလိုက်ဓားမြှောင်ကိုထုတ်၍ ကုလား၏လည်မျိုကို ဓားသွားနှင့် ခပ်ဆတ်ဆတ်ထိတွေ့လိုက်ပြီး . . .

"ခွေးသား . . . မြန်မာမြေထဲကိုလဲ ကျူးကျော်ပြီးရမ်းချင်ရာရမ်း၊ ဖမ်းချင်တဲ့လူတွေ ဖမ်းသေးတယ်၊ မင်းကိုလဲ တရားဥပဒေနဲ့ ရင်ဆိုင်ရအောင် ငါက ခေါ်ပေးမယ်၊ ဒါဟာ သံရုံးအရာရှိအစား ငါ့ရဲ့ တရားမျှတမှုပဲဟေ့ . . ."

အတင်းဖိ၍ ကုလား၏လည်ပင်းကို အသွားထက်ထက် ဓားမြှောင်နှင့် ဖိ၍ကပ်လိုက်ရာ ကုလားသည် . . .

"အဘား . . . အဘား . . ."နှင့် ကြောက်လန့်ကာ အော်ဟစ်နေတော့သည်။

ထက်မြက်သော ဗိုလ်ဖေအောင်၏အမဲလိုက်ဓားမြှောင်သွား၏ အနည်းငယ် ထိတွေ့မိသည့်အတွက် သောင်းကျန်းသူခေါင်းဆောင် ကုလား၏လည်ပင်းမှ သွေးအနည်းငယ် ယိုစီးကျလာပါတော့သည်။

"ဘယ်လိုလဲကွ . . . ခုမှကြောက်နေပြီလား၊ မင်းကို ငါနဲ့ ငါ့ရဲဘော်တွေက ရက်ရက်စက်စက်သတ်ပစ်ဖို့ ဆုံးဖြတ်ထားတယ်၊ မင်းဟာ တို့ပြည်ထောင်စုသားတွေရဲ့ အမိကရန်သူကောပဲ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာဖြစ်ဖြစ် သတ်ပစ်ဖို့သိပ်လွယ်တယ်၊ ကဲ . . . ပြောစမ်း၊ မင်းမသေချင်ရင် မင်းနာမည် ဘယ်သူလဲ"

ဗိုလ်ဖေအောင်က ခက်ထန်လှသောအသံကြီးဖြင့် မေးမြန်းလိုက်ရာ သောင်းကျန်းသူကုလားသည် တုန်ယင်သောအသံဖြင့် . . .

"မူဆာဂရင်"

ပြောကြားလိုက်ပြီးသည်နှင့် . . .

"မင်းဆရာကုလားလူဆိုးကြီး . . . ဘုန်းကြီးယောင်ဆောင်တဲ့ အကောင်ကြီး၊ ဘယ်သူလဲ . . . ပြောစမ်း၊ မြန်မြန် . . ."

ဆက်လက်၍မေးမြန်းလိုက်သည်တွင် . . .

"ဟူစိန်ချုပ်တရီး ဖြစ်ပါတယ်"

တုန်တုန်ယင်ယင်နှင့် အစစ်ခံတော့သည်။

ဗိုလ်ဖေအောင်က စစ်မေးနေသလို၊ မြမြဝင်းနှင့် ဗိုလ်တင်ငွေတို့က အစစ်ခံချက်များကို ဘေးမှနေ၍ ရေးမှတ်နေကြရသည်။

အချုပ်သားများကို စခန်း၏အလယ်တွင် အစောင့်အကြပ်များ အထပ်ထပ်ချကာ မီးဖိုကြီးများဝိုင်းရံကာထားလိုက်ကြပြီး ဗိုလ်ဖေအောင်တို့လူစုသည် တစ်ညတာလွန်မြောက်ရေးအတွက် မီးအငွေ့ကို အဖော်ပြုကာ သက္ကလတ်စောင်တစ်ထည်စီ ခြုံလွှမ်း၍ အိပ်စက်အနားယူလိုက်ကြသည်။

နံနက် သုံးနာရီခန့်အချိန်တွင် ဗိုလ်ဖေအောင်တို့စခန်းဘေးမှ ဒုံးဒုံးဒိုင်းဒိုင်းနှင့် သစ်ပင်ချိုးသံ၊ ဝါးချိုးသံများကြောင့် ဗိုလ်ဖေအောင်သည် အိပ်ရာမှ အရေးတကြီးထ၍ ကာဘိုင်သေနတ်ကိုဆွဲကာ အသံများထွက်ပေါ်ရာဆီသို့ လက်နှိပ်ဓာတ်မီးနှင့်ထိုးကာ ကြည့်ရှုလိုက်ကြသည့်တွင် ကြီးမားသော တောဆင်ကြီးတစ်ကောင်၏ ဦးကင်းပိုင်းကို သစ်ပင်များကြား၌ စတင်ကာတွေ့လိုက်ရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်သည် သူ့လက်တွင်းမှ ကာဘိုင်သေနတ်ကို ရဲဘော်လှမောင်ကိုထိုးပေးလိုက်ပြီး၊ ရဲဘော်လှမောင်၏လက်တွင်းမှ ကျည်ဆန်အသင့်ထိုးပြီးသား .၅၀၀ ဗို့ နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ဆွဲယူလိုက်ပြီး မီးရောင်များလင်းနေရာဘက်သို့ မာန်သွင်းလျက် မုန်တိုင်းဆင်ရန် စတင်ကာတက်လာသည့် အစွယ်ကြီးတဖွေးဖွေးနှင့် တောဆင်ကြီး၏ ဦးကင်းဆီသို့ ရိုင်ဖယ်ကြီးနှင့် လှမ်း၍ ချိန်ရွယ်လိုက်တော့သည်။

နားရွက်ကြီးများ၊ နှာမောင်းကြီးများကို ခေါင်းထက်သို့မြှောက်ကာ တကျစ်ကျစ်သွားကြိတ်သံပေးလျက် ကဆုန်ပြေးတက်လာသည့် တောဆင်ကြီး၏ရှေ့တည့်တည့် နှာမောင်းအထက်က မို့မို့မောက်မောက် ညာဖမိုးနေရာသို့ ဗိုလ်ဖေအောင်က လျှင်မြန်စွာဖြင့် ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်တိတိ ပစ်ခတ်ချလိုက်ရာ ဆင်ကြီးသည် ရှေ့သို့မတိုးနိုင်ဘဲ ရှေ့လက်နှစ်ချောင်း ညွတ်ခွေကာ ယိုင်လျက်ကျသွားတော့သည်။

သို့ရာတွင် ဆင်ကြီးသည် တုန်တုန်ချည့်ချည့်နှင့် အတင်းအားယူ၍ထရန် ကြိုးစားလိုက်သည်တွင် ဒူးဝါးဇော်လ၏ .၈၄၁၆ မက်နမ်ရိုင်ဖယ်ကြီးမှ သုံးချက်တိတိ မီးပွင့်ကာ ဆင်ကြီး၏ခေါင်းပိုင်းတွင် သွေးသံရဲရဲနှင့် ကိစ္စတုံးသွားစေတော့သည်။

"ကိုင်း . . . မှတ်ကရော . . . အရေးထဲမှာ လာပြီးရှုပ်တဲ့ ဒုက္ခပေးချင်တဲ့ ဆင်ကြီး"

ဗိုလ်ဖေအောင်သည် နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ပခုံးတွင်ထမ်းထားရာမှ သူတို့စခန်းနှင့် ကိုက်ငါးဆယ်အတွင်း သစ်ပင်များအလွန်တွင် သေပွဲဝင်နေသည့် တောဆင်ကြီးကိုကြည့်ကာ မှတ်ချက်ချလိုက်လေသည်။

စခန်းမှရဲဘော်များလည်း မီးတုတ်ကိုယ်စီထုပ်ကာ တောဆင်ကြီး ကျဆုံးရာအနီးသို့ မီးပုံကြီးများ စီစဉ်ပြုလုပ်လိုက်ကြပြီး တောဆင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လူအင်အား တောင့်တင်းစွာဖြင့် ဝိုင်း၍ဖျက်လိုက်ကြသည်။ ကြီးမားဖြူဖွေးသော အစွယ်ကြီးနှစ်ချောင်းကိုလည်း ဗိုလ်ဖေအောင်၏ ရဲဘော်များက အမြန်ဆုံး အစွယ်ရင်းမှ ပေါက်ဆိန်များနှင့်ပေါက်ကာ ထုတ်ယူရရှိစေသည်။

ဗိုလ်ဖေအောင်၏ရဲဘော်များက ဆင်ကြီးကို ဖျက်နေကြသည်။ တောင်ပေါင်နာဂသူကြီးနှင့် စီမာလောင်းနာဂလူကြီးတို့ကို ခွန်ဆလန်းက ခေါင်းဆောင်လာပြီး ဗိုလ်ဖေအောင်တို့အား အရေးကြီးသောသတင်းကို အစီရင်ခံလိုက်ကြသည်။

"ကျွန်တော့်အဖေနဲ့ စီမာလောင်းသူကြီးက သူတို့ရန်သူ နယ်မြေမှ တွေ့ကြုံသိမြင်ခဲ့ရတဲ့ သတင်းစုံအခြေအနေတွေကို ပြောပြ အစီရင်ခံချင်လွန်းလို့ပါ ဗိုလ်ကြီး"

ခွန်ဆလန်းက ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်သည် ကော်ဖီပူပူတစ်ခွက်စီကို သူကြီးနှစ်ဦးနှင့် ခွန်ဆလန်းကို တိုက်ကျွေး လိုက်ကြပြီး သူတို့လူကြီးပိုင်းက သူကြီးနှစ်ဦး၏ပြောပြချက်များကို စိတ်ပါဝင်စားစွာဖြင့် နားထောင်လိုက်ကြသည်။

ကုလားဟာ ပူခါလေနာဂတွေနဲ့ ဇာလာဟီးနာဂသူကြီးကို နည်းပရိယာယ်အမျိုးမျိုးနဲ့ သိမ်းသွင်းပြီး မကောင်းမှုတွေ ကြံစည်နေ ကြတယ်၊ ဒါပေမယ့် ဇာလာဟီးရဲ့သမီးချော ရွှေအဆင်းနဲ့တူတဲ့ နာဂမ ကလေးကတော့ ဒီလိုလူသတ်တဲ့ကိစ္စတွေကို နည်းနည်းမှမလိုလားရှာ ပါဘူး၊ တိတ်ဆိတ်တိတ် ကျုပ်တို့နှစ်ဦးကိုထားတဲ့နေရာကို သူမကိုယ်တိုင် လာရောက်ပြီး အားပေးစကားပြောရှာပါတယ်၊ စားသောက်စရာတွေလဲ လာပို့ရှာပါတယ်၊ ကျုပ်တို့မြန်မာမိတ်ဆွေတွေကို အင်မတန် ခင်မင် ချစ်ကြည်ကြစေလိုတယ်ဆိုတာ ပြောသွားရှာတယ်၊ ကုလားဘုန်းကြီးဟာ ဇာလာဟီးတို့ ယုံကြည်လာအောင် မျက်လှည့်ပညာအတတ်တွေ ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်တယ်၊ သူ့ကို ဆရာအမြဲတမ်းတင်ထားစေတယ်။ ဇာလာဟီး တို့နာဂနဲ့ သူတို့အနောက်ဘက်က နာဂတွေလဲ သိပ်မသင့်မြတ်ကြဘူး အိန္ဒိယအစိုးရနဲ့ စစ်တပ်တွေ လာတိုက်မှာကို ဇာလာဟီးက သိပ်ကြောက် နေသလို၊ ကုလားကလဲ အိန္ဒိယအစိုးရကို အမြဲတမ်းစိန်ခေါ်ဖို့ တရား ဟောနေတယ်၊ ခံတိုက်ဖို့စီစဉ်ပေးနေတယ်"

စသည်ဖြင့် စီမာလောင်းရွာသူကြီးက စတင်၍ သူသိသမျှ ရန်သူ့သတင်းတွေကို တိုင်တန်းအစစ်ခံလိုက်သည်။

## စကားလက်ဆောင်မွန်

"သူတို့ဘက်က အမြဲတမ်းစစ်ရေးသာအောင်ဆိုပြီး ဇာလာဟီး ဟာ စခန်းမှာကျန်ရစ်ခဲ့တဲ့ ဖမ်းထားတဲ့ဆရာမနဲ့ ကျုပ်သမီးကို နာဂ နတ်ကြီးကို ယစ်ပူဇော်ဖို့ ကုလားနဲ့တိုင်ပင်နေတာ ကျုပ် သိခဲ့ရတယ်၊ ကျုပ်တို့သုံးယောက်ကို မြန်မာအစိုးရကို သတင်းပေးတဲ့အနေနဲ့ မြန်မာ နယ်ထဲရောက်မှ မြန်မာအစိုးရရုံးနားမှာ တိတ်တဆိတ်ခေါ်ပြီး နမူနာပြ အဖြစ်နဲ့ သတ်ဖို့ပြန်ခေါ်လာခဲ့ခြင်း ဖြစ်ပါတယ်"

တောင်ပေါ်နာဂသူကြီးသည် အင်မတန်အရေးကြီးသည့် သတင်းများကို ဗိုလ်ဖေအောင်အား ပြောကြားတိုင်တန်းလိုက်ပြန်သည်။ ဗိုလ်ဖေအောင်သည် တိုင်တမ်းချက်များကို မှတ်စုစာအုပ်တွင် မှတ်သား ထားလိုက်ပြီး . . .

"ဒီသတင်းကို ဘယ်ကရသလဲ၊ သူနာပြုဆရာမနဲ့ သူကြီးသမီး ကို ဘယ်နေရာမှာ ဘယ်နေ့ရက်မှာ သတ်မယ်ဆိုတာ သတင်းအတိ



www.burmeseclassic.com

www.burmeseclassic.com



အကျရရင် ပိုကောင်းမယ်၊ ကျွန်တော်တို့လူစု ကြိုးစားပြီး အသက်စွန့်ပြီး သွားကယ်တင်ပေးမယ်၊ ကျွန်တော်တို့ကို ယုံကြည်စိတ်ချကြပါ”

ပြန်၍မေးခွန်းထုတ်လိုက်သည်တွင် တောင်ပေါင်ရွာသူကြီး သည် ချက်ချင်းပင် ပြန်၍ဖြေကြားလိုက်ပြန်တော့၏။

“ဒီလိုယစ်နတ်ပူဇော်မယ့်သတင်းကို ကျွန်တော်တို့ဆီကို အလာဟီးသမီးကိုယ်တိုင် တိတ်တဆိတ်လာပြီးပြောသွားတယ်၊ ဒီလို အယုအဆကို သူမက လုံးဝမလိုလား၊ မယုံကြည်ကြောင်း၊ လက်မခံ ကြောင်းကိုလဲ ပြောသွားတယ်၊ သူမအနေနဲ့ မြန်မာအစိုးရနဲ့ ထာဝစဉ် မိတ်ဆွေဖြစ်နေချင်သလို၊ မြန်မာပြည်ဘက်က နာဂတွေနဲ့လဲ ထာဝစဉ် ချစ်ချစ်ခင်ခင်နေလိုကြောင်းကိုလဲ ကျကျနနမှာကြားခဲ့ပါတယ်၊ သူ့ အဖေဟာ လမ်းမှားလိုက်နေသော်လဲ သူမအနေနှင့် စဉ်းစားတတ်တဲ့ သူပီပီ သူ့အဖေ့လုပ်ငန်းစဉ်ကို မထောက်ခံကြောင်းကို ဖွင့်ပြောသွား ပါတယ်၊ နာဂအချင်းချင်း ချစ်ကြည်ရေးကိစ္စနဲ့ ကျွန်တော်တို့ အဖမ်းခံ ရတဲ့လူတွေ လွတ်မြောက်ရေးအတွက် သူမအနေနဲ့ ဘယ်လိုအကူအညီ မျိုး ပေးရပေးရ လုပ်ဆောင်ပေးပါ့မယ်လို့လဲ မှာခဲ့တယ်”

ဗိုလ်ဖေအောင်သည် စဉ်းစားနေသောမျက်နှာဖြင့် တောင်ပေါင် သူကြီးပြောသမျှကို မှတ်သားကာနေပြန်ပါသည်။ အတန်ကြာမှ ဗိုလ် ဖေအောင်က တောင်ပေါင်သူကြီးအား . . .

“တကယ်လို့ ကျွန်တော်တို့က နာဂမင်းသမီးဆီကို ကျွန်တော် တို့နယ်ပယ်ထဲက ပြန်ပြီး တိတ်တဆိတ်ဆက်သွယ်သတင်းပို့နိုင်တဲ့၊ ယုံကြည်စိတ်ချရတဲ့ နာဂအမျိုးသား နှစ်ယောက်သုံးယောက်ရှိရင် ပိုကောင်းမယ်၊ နောက်ပိုင်းကိုပြန်လွှတ်ပြီး နာဂမင်းသမီးနဲ့ အဆက် အသွယ်ရအောင်လုပ်ပြီး ယစ်ပူဇော်မယ့် နေ့ရက်နဲ့ နေရာကို ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



သိရှိခဲ့ရင် ကျွန်တော်တို့ လုပ်စရာကိုင်စရာတွေ လက်ဦးမှုရရှိအောင် ပြင်ဆင်နိုင်ကြမယ်"

အခြေအနေကို ဝေဖန်ကာပြောပြလိုက်ရာ နာဂလူကြီးနှစ်ဦးသည် အရေးတကြီး နာဂဘာသာဖြင့် တိုင်ပင်လိုက်ကြပြန်ပါသည်။ အတန်ကြာသည့်ကာလ၌ စီမာလောင်းရွာသူကြီးက နာဂဘာသာနှင့် ခွန်ဆလန်းမှတစ်ဆင့် ပြောပြလိုက်သည်မှာ . . .

"ဖမ်းမိထားတဲ့ နောက်ပိုင်းကရိက္ခာနဲ့ ကုန်ပစ္စည်းတွေ ထမ်းပိုးလာတဲ့ နာဂလူစုထဲမှာ ကျုပ်အမျိုးအရင်းနှစ်ယောက် ပါလာတယ်၊ သူတို့လဲ ဇာလာဟီးနာဂခေါင်းဆောင်ရဲ့အမိန့်ကို ကြောက်ရွံ့လို့ဇွတ်မှိတ်ပြီး ကျုပ်တို့လူစုနောက်ကို လိုက်လာခဲ့ရတဲ့ ကျုပ်ညီအစ်ကိုတွေပါ၊ သူတို့နှစ်ယောက်ကို တိတ်တဆိတ် လူရှင်းတဲ့အခါမှာ ကျုပ်တို့လူကြီးနှစ်ယောက်က ချဉ်းကပ်ပြီး ဆွေးနွေးတိုင်ပင်ကြည့်ပါရစေ၊ ဖြစ်နိုင်စရာနည်းလမ်းတွေ ရှိပါသေးတယ်"

အကြံပေးလိုက်သည်တွင် ဗိုလ်ဖေအောင်တို့လူကြီးပိုင်းက လက်ခံကာ နာဂခေါင်းဆောင်ကြီးနှစ်ဦးကို အနားယူခိုင်းလိုက်ရပေ၏။

ဆင်စွယ်ကြီးနှစ်ချောင်းကို အမြန်ဆုံးရအောင် အစွယ်၏အရင်း ဖြတ်တောက်ခုတ်ထွင်းယူလိုက်ကြသလို၊ ဆင်သားများကိုလည်း မီးအားကောင်းကောင်းနှင့် ကျပ်တင်ကာ ဆင်သားနံ့သင်းသင်း ထွက်ပေါ်လာအောင် ခွေးတလုံးလုံးနှင့်လုပ်ကိုင်နေကြသည့် ဗိုလ်ဖေအောင်၏ရဲဘော်များကို ဗိုလ်ဖေအောင်နှင့် ဇော်လတို့က မီးလှုံရင်းကြည့်ရှုကာ တစ်ညတာလွန်မြောက်ရေးကိစ္စကို ရှေ့ရှုနေလိုက်ကြသည်။

နံနက်လင်းလျှင်လင်းချင်း ဗိုလ်ဖေအောင်သည် စနစ်တကျတပ်ခေါက်ကာ တောင်ပေါ်ရွာသို့ ပြန်လည်ချီတက်ရေးကို စီစဉ်ကွပ်ကဲလိုက်ပါသည်။ ရှေ့တပ် နောက်တပ်ရံလျက် အလယ်တွင် ဖျတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



သော သူ၏ရဲဘော်များကိုယ်တိုင် မောင်းပြန်သေနတ်များနှင့် လှံစွပ်တပ်ရိုင်ဖယ်များကို ကိုင်ဆွဲစေလျက် အရေးအင်မတန်ကြီးသော တရားခံများကို လက်ပြန်ကြိုးတုပ်နှောင်စေပြီး စတင်ကာထွက်ခွာခဲ့ကြသည်။ ခရီးပန်းလာကြခြင်းအပြင် ဆင်သားခြောက်များကို ဝါးခြင်းတောင်းများတွင် ထည့်ကာ၊ ထမ်းပိုးယူဆောင်လာခဲ့ရသည့် ပင်ပန်းမှုဒဏ်ကြောင့် ဗိုလ်ဖေအောင်တို့လူစုသည် တောင်ပေါင်ရွာကြီးသို့ ညရှစ်နာရီအချိန်မှ ဆိုက်ရောက်လာကြလေသည်။

တောင်ပေါင်ရွာတစ်ရွာလုံးတွင် သူတို့၏ခေါင်းဆောင်လူကြီးနှင့် စီမာလောင်းနာဂလူကြီးတို့ကို အသက်ရှင်လျက်နှင့် ပြန်လည်တွေ့မြင်ရသည်ကြောင့် တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြရုံမက ရန်သူအစစ်အမှန်ကို သိရှိသွားတော့သည်တွင် အိန္ဒိယဘက်ရှိ အလာဟီးနာဂတေကို လက်စားချေတိုက်ပွဲဆင်ရန်အတွက် ဒေါသခြောင်းခြောင်းထွက်နေကြသည်။ ဗိုလ်ဖေအောင်သည် ခွန်ဆလန်းကို ခေါ်ယူကာ လက်လွတ်စပယ်မလုပ်ကြရန်နှင့် မိမိတို့က တောင်ပေါင်နာဂရွာသားများကိုယ်စား တစ်ဖက်ရန်သူကို မကြာခင်ကာလတွင် လှလှပပ လက်စားချေ သုတ်သင်ပေးပါမည်ဟူ၍ ကတိစကားပြောကြားလိုက်ရပေ၏။

နောက်တစ်နေ့နံနက် ဆယ်နာရီအချိန်တွင် ချင်းတွင်းမြစ်တောင်ပိုင်းဆီမှ သင်္ဘောဥဩ အရှည်ဆွဲသံများ ဆင့်ကာဆင့်ကာ ကြားလိုက်ရသည်တွင် ဗိုလ်တင်ငွေက ဥဩရှည်ဆွဲ၍ အချက်ပေးမှုကို နားလည်ထားသူပီပီ . . .

"ဗိုလ်ကြီး . . . ကျွန်တော်တို့ဗိုလ်မှူး ပြန်လာကြပြီ၊ အခန့်သင့်ဆိုက်လေတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရစွာဖြင့်ပြောကြားကာ သင်္ဘောဆိပ်ဆီသို့ တစုတဝေးကြီး သွားရောက်စောင့်ကြိုလိုက်ကြသည်။ မြစ်တစ်ကွေ့အလွန်ဆီမှ ဥဩသံတည်ည် ဆွဲ၍မှုတ်ရင်း ခေါင်းတိုင် သုံးတိုင်ဆီမှ မီးခိုးတလူလူထုတ်ကာ အထက်သို့ဆန်တက်လာသည့် ဗိုလ်မှူးမင်းဒင်တို့လိုက်ပါလာသည့် သင်္ဘောဦးပိုင်းကို ဗိုလ်ဖေအောင်တို့က စတင်ကာတွေ့မြင်လိုက်ကြသည်။

"ဟော့ . . . ဖေအောင်၊ ဘာသတင်းထူးသလဲဟေ့"

ဗိုလ်မှူးမင်းဒင်၏အသံသြကြီးကို ရှေးဦးစွာကြားလိုက်ရသလိုဗိုလ်မှူးမင်းဒင်နှင့်အတူ တပ်ခွဲနှစ်ခွဲစာ စစ်အင်အားပါရှိလာသည်ကိုဗိုလ်ဖေအောင်တို့လူစုက တွေ့မြင်လိုက်ရပေ၏။

ဗိုလ်ဖေအောင်တို့လူစုက ဦးထုပ်များကိုချွတ်၍ ဝှေ့ယမ်းနှုတ်ဆက်ကြရင်း . . .

"သတင်းထူးပါတယ် မင်းဒင်ရေ၊ တို့ဖို့လဲ စားစရာတွေပါရဲ့မဟုတ်လားကွ"

သူငယ်ချင်းဖြစ်သူကို လှမ်း၍အော်ဟစ်မေးမြန်းလိုက်သည်။ မကြာမီ 'မုဆိုးကြီးသင်္ဘော'သည် ဆိပ်ကမ်းသို့ ညင်သာစွာ ဆိုက်ကပ်လိုက်သလို၊ သင်္ဘောပေါ်မှ ဗိုလ်မှူးမင်းဒင်နှင့် တပ်ခွဲမှူးများ ဆင်းလာတော့သည်။ ဗိုလ်ဖေအောင်က တောင်ကြားလမ်းတိုက်ပွဲအကြောင်းကိုပြောလိုက်ပြီး တောင်ပေါင်သူကြီးနှင့် စီမာလောင်းသူကြီးတို့ အသက်ရှင်လျက် ရန်သူလက်တွင်းက ကယ်တင်ရရှိလိုက်ပုံကို ပြောပြလိုက်ရာဗိုလ်မှူးမင်းဒင်သည် ဗိုလ်ဖေအောင်၏ပခုံးကို လှမ်း၍ဖက်လိုက်ပြီး . .

"အမယ်လေး . . . ဟန်လိုက်လေကွာ ဖေအောင်၊ ဒါကြောင့်တကယ်အရေးရှိရင် မင်းကိုတန်းပြီး ငါသတိရခဲ့တာ' မဟန်ပေဘူးလားဖေအောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြွေးကြော်လိုက်သည်။ တောင်ပေါင်ရွာသူကြီးနှင့် စီမာလောင်းသူကြီးတို့ကလည်း ခွန်ဆလန်းဦးဆောင်ကာ ဗိုလ်မှူးမင်းဒင်ကို လာရောက်၍ နှုတ်ဆက်အရိုအသေပြုရှာကြသည်။

"ဖေအောင်ရေ . . . စားစရာတွေတော့ နင့်နေအောင် ငါသယ်ယူခဲ့တယ်၊ နှစ်လစာ ရိက္ခာအစိုအခြောက် စုံလို့ပဲ၊ ကြိုက်သလိုစားကြကွာ၊ ဒါထက် တိုင်းမှူးနဲ့ ငါ ပထမတွေ့ပြီး လေယာဉ်ပျံနဲ့ စစ်ဌာနချုပ်ကို ဆက်သွားရတယ်၊ အိန္ဒိယအစိုးရနဲ့ စကားနည်းနည်းပါးပါးပြောခွင့်ရခဲ့တယ်၊ အိန္ဒိယဘက်က နာဂတွေကို အိန္ဒိယအစိုးရအနေနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတယ်ဆိုတာ သိရသလို၊ တို့မြန်မာတပ်အနေနဲ့ နာဂတွေကို နယ်စပ်ဖြတ်လာရင် လက်နက်ချအဖမ်းခံဖို့ ပထမပြောကြားပြီး၊ မနာခံရင် လက်နက်နဲ့တိုက်ခိုက်ဖို့တစ်လမ်းပဲရှိတော့တယ် ဖေအောင်၊ တကယ်တော့ ပြန်ပေးလာဆွဲတဲ့ နာဂတွေဟာ အိန္ဒိယဘက်က တိတိကျကျမဟုတ်ကြဘူးကွ၊ စစ်ရုံးချုပ်က မြေပုံကြီးတွေကို ပြန်ကြည့်ကြမှ တို့မြန်မာပြည်ဘက်မှာ အများကြီးပါနေတဲ့ နာဂနယ်တွေကို တွေ့ရတယ်၊ ပူခါလေတောင်တန်းကြီးဟာ တို့မြန်မာပြည်မှာ အများကြီးပါပြီး၊ အိန္ဒိယနာဂနယ်ထဲမှာ ငါးပုံတစ်ပုံလောက်သာ ပါနေတာ တွေ့ခဲ့ရတယ်၊ ဒါကြောင့် စစ်ဦးစီးမှူးကတစ်ဆင့် တိုင်းမှူးကို ငါတို့နယ်ထဲဖြတ်ကျော်လာတဲ့နာဂတွေကို ကိုယ်တိုင်ကိုယ်ကျ ကြိုတင်ကင်းထောက်စေဖို့ ငါ့ကို တာဝန်ပေးလိုက်တယ်၊ အင်အား တပ်ခွဲ သုံးခွဲစာပါတဲ့ တိုက်ကင်းတပ်ဖွဲ့အနေနဲ့ မင်းတို့ငါတို့ဟာ ပူခါလေတောင်ကြီးတစ်ပတ်ကို ရောက်အောက် တိတ်တဆိတ်ချီတက်ဖို့အစီအစဉ်လဲ ပါလာတယ် ဖေအောင်"

စစ်ရေးစီစဉ်ချက်များကို ပြောပြလိုက်သည်တွင် ဗိုလ်ဖေအောင်သည် ဗိုလ်မှူးမင်းဒင်အား အရေးအကြီးဆုံးကိစ္စကို ပြောကြားလိုက်ရှာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါင်သူကြီးသမီးနဲ့ ရန်သူတွေဖမ်းသွားတဲ့ သူနာပြု ဆရာမကို မကြာခင်ရက်ပိုင်းအတွင်းမှာ ကုလားရဲ့စီစဉ်ချက်အရ နာဂ နတ်ကြီးကို ယစ်ပူဇော်ပွဲလုပ်ဖို့ အစီအစဉ်ရှိတယ်ဆိုတာ တောင်ပေါင် သူကြီးကို ရန်သူ နာဂခေါင်းဆောင်ရဲ့သမီးက အရေးတကြီး သတင်း လာပို့တယ် မင်းဒင်ရေ . . . အဲဒီ အပြစ်မဲ့တဲ့ တို့ပြည်ထောင်စုအမျိုး သမီးနှစ်ဦးနဲ့ ဖမ်းထားတဲ့အမျိုးသားတွေကို အမြန်ဆုံးကယ်တင်ဖို့ သိပ်အရေးကြီးတယ် သူငယ်ချင်း၊ ဒီကိစ္စ မင်းနဲ့ ငါနဲ့ စနစ်တကျ တိုင်ပင် ဖို့လိုပြီ"

ပြောကြားလိုက်ရာ ဗိုလ်မှူးမင်းဒင်သည် . . .

"သိပ်အရေးကြီးပြီကလား ဖေအောင်၊ တိုင်ပင်ကြရအောင် မင်း ဘယ်လိုကြိုတင်ပြင်ဆင်မှုများ ရှိသလဲကွာ"

မေးမြန်းလိုက်သည်တွင် ဗိုလ်ဖေအောင်သည် သူ၏မျက်နှာမှ ချွေးပေါက်ကြီးများကို လက်ကိုင်ပဝါနှင့်သုတ်လိုက်ရင်း . . .

"တောင်ပေါင်နာဂသူကြီးတွေနဲ့တော့ စပြီးတိုင်ပင်ထားတဲ့ အချက်အလက်တစ်ခုရှိတယ် မင်းဒင်၊ စခန်းရောက်မှ ပြောကြရအောင် ဖြစ်နိုင်စရာအကြောင်းရှိပါတယ်၊ တိုက်ကင်းချီတက်ရင်း သတ်မယ့် လူတွေကို အချိန်မီဝင်ကယ်ဖို့ စီစဉ်ကြရလိမ့်မယ်"

ပြောကြားလိုက်ပါသည်။

မီးခိုးများသည် ရစ်ကာခွေကာ တောင်ပေါင်နာဂရွာကြီး အတွင်းမှ အပြင်သို့လည်းကောင်း၊ အထက်အာကာဝေဟင်သို့လည်း ကောင်း တဖြည်းဖြည်းချင်း တက်နေတော့သည်။ ခွေးဟောင်သံများ ဟိုမှဒီမှ ထွက်ပေါ်လာကြသည်။ လမ်းလယ်တွင် ကိုယ်တုံးလုံးနှင့်နာဂ ကလေးသူငယ်များ ဆူညံစွာပြေးလွှားကစားနေကြသည်။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်တို့၏ သီးသန့်စခန်းအတွင်း၌မူကား နာဂ လူကြီးနှစ်ဦး၊ ခွန်ဆလန်းနှင့်အတူ မှောင်ခိုပစ္စည်းများ ထမ်းပိုးယူဆောင် လာသည့် နာဂလေးဦးတို့ကိုလည်း ဗိုလ်ဖေအောင်၊ ဗိုလ်မင်းဒင်တို့ ရှေ့မှောက်တွင် ထိုင်လျက်ပွေ့နိုင်ပေ၏။

ခွန်ဆလန်းက ရှေးဦးစွာ ထ၍ရပ်လိုက်ပြီး . . .

"ဗိုလ်မှူးတို့ကို ဟောဒီက နာဂလေးဦး ကတိသစ္စာပြုကြပါ တယ်၊ ဗိုလ်မှူးတို့ခိုင်းစေတာကို သစ္စာရှိရှိနဲ့ လုပ်ဆောင်ပေးကြပါလိမ့် မယ်၊ ဇာလာဟီးနာဂခေါင်းဆောင်အပေါ် ကိုလဲ သူတို့ အစကတည်းက မကျေနပ်ကြပါဘူး၊ သူတို့သားနဲ့ယူဖို့ စေ့စပ်ထားတဲ့ မိန်းမတွေကိုပါ ဇာလာဟီးက အနိုင်ကျင့်ယူထားတာကိုလဲ သိရတယ်၊ ဇာလာဟီး မြန်မြန် သေရင် သူတို့ သိပ်ကျေးဇူးတင်ကြတယ်လို့ ပြောနေကြတယ်၊ ပြီးတော့ ဒီလူလေးယောက်ဟာ ကျွန်တော်တို့နဲ့ အမျိုးတော်သလို၊ စီမာလောင်း နာဂလူကြီးနဲ့လဲ ဆွေမျိုးမကင်းကြပါဘူး"

စတင်ကာ ခွန်ဆလန်းက ဖမ်းဆီးလာသည့် နာဂလေးဦးအား သူလျှိုကင်းထောက်အဖြစ် ပြန်လွှတ်ရေးအတွက် အစီအစဉ်ကို ပြော ကြားလိုက်ရာ ဗိုလ်ဖေအောင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး . . .

"တို့ကိုယုံကြည်လောက်အောင် ဘယ်လိုသက်သေခံအထောက် အထားတွေ ပြနိုင်ပေးနိုင်မလဲ ခွန်ဆလန်း"

ပြန်၍မေးမြန်းလိုက်ရာ ခွန်ဆလန်းက ဘာသာပြန်၍ ပြောပြ လိုက်ရာ ထိုနာဂလေးဦးသည် အရေးတကြီး ပြန်၍ပြောလိုက်ကြသည်။

"ကျွန်တော်တို့နာဂတွေရဲ့သစ္စာကို ဆိုပြပါ့မယ်တဲ့၊ ပြီးတော့ သူတို့သစ္စာဖောက်ခဲ့ရင် ကျုပ်နဲ့ သူတို့နဲ့ သွေးသားမကင်းတဲ့လူနှစ် ယောက်ကို သတ်ပစ်ဖို့ပြောတယ်"

ဖြေကြားလိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . နာဂသစ္စာဆိုကြပါ"

ဗိုလ်ဖေအောင်က အမိန့်ပေးလိုက်ရာ နာဂနှစ်ဦးသည် ခွ ဆလန်း ဆွဲကိုင်ထားသော လှံရှည်ကြီး၏အသွားကို နှာခေါင်းနှင့်ထိက စွာ နမ်းရှုံ့လိုက်ကြပြီး၊ လှံရိုးကို ညာလက်ချောင်းများဖြင့် ဆုပ်ကိုင်က နာဂဘာသာဖြင့် သစ္စာဆိုနေကြပါသည်။

ခွန်ဆလန်းက တက်ရောက်၍ ဘာသာပြန်ကာ မြန်မာ ပြောလိုက်ပြန်သည်။

"သူတို့ မြန်မာအစိုးရနဲ့ ဗိုလ်မှူးတို့သစ္စာကို အသက်နဲ့လဲပြီ စောင့်ထိန်းကြမယ်၊ တကယ်လို့ သစ္စာဖောက်မိခဲ့သော် လှံသွားလှံ များစွာသည် သူတို့၏သွားရာ၊ ပုန်းကွယ်ရာနောက်သို့ ထက်ချပ်မ လိုက်ပါပြီး သူတို့ရဲ့အသက်ကို ဆုံးရှုံးစီရင်ပါစေ . . . နာဂနတ်ကြီး သက်သေပြုပါတယ်၊ သူတို့သစ္စာဆိုတာ မှန်ရင် ဇာလာဟီးဟာ သူ ယုတ်မာချက်တွေ အကြောင်းပြပြီး နာဂနတ်ကြီးက ဒဏ်ခတ်က သေချင်းဆိုးနဲ့ သေကျေပျက်စီးပါစေတဲ့ . . ခင်ဗျား"

"ကောင်းပြီ . . . ခွန်ဆလန်း၊ သူတို့ကို လက်တစ်ဖက်ဆီ တုပ်နှောင်ထားတဲ့ကြိုးတွေ ဖြေပေးလိုက်ပါ၊ ခုအချိန်ကစပြီး ငါ မိတ်ဆွေ၊ ငါတို့အစိုးရရဲ့မိတ်ဆွေကောင်းတွေ သူတို့ဖြစ်လာကြ လွတ်လွတ်လပ်လပ် နေထိုင်ကြပါလို့ ပြောပြလိုက်ပါ"

ဗိုလ်ဖေအောင်က မှာကြားလိုက်ပြီး နာဂလေးဦး၏အနှော အဖွဲ့ကို လွတ်လပ်ခွင့်ပေးလိုက်ကြသည်။ သစ္စာဆိုပြီးကြသော နာ လေးဦးသည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

"မင်းတို့လေးဦးကို တို့အနေနဲ့ နာဂမင်းသမီးဆီကို တင်န နည်းနှင့်ရောက်အောင် ပရိယာယ်ဆင်ပြီး ပြန်လွှတ်ချင်တ ပြီး ငါမှာလိုက်တာတွေကို ပြန်ပြောပြီး၊ ယစ်ပူဇော်မယ့်နေ့ကို အတိအ



www.burmeseclassic.com

www.burmeseclassic.com



ဦးရအောင်မေးမြန်းပြီး နေရာကိုပါ ကျကျနနမှတ်သားပြီး၊ တို့ဆီကို အမြန်ဆုံးရောက်အောင် ပြန်ပြောလာခဲ့ရမယ်”

ဗိုလ်ဖေအောင်က ခွန်ဆလန်းကို ဘာသာပြန်၍ပြောပြခိုင်း လိုက်ရာ ခွန်ဆလန်းက ဗိုလ်ဖေအောင်၏အစီအစဉ်ကို ပြောလိုက်သည် တွင် နာဂလေးဦးစလုံး ခေါင်းညိတ်၍ ခံကြပြီး တစ်ဦးက ပြန်၍အကြံပေး လိုက်ပါသည်။

“ကျွန်တော်တို့ကို မြန်မာပြည်က ထွက်ခဲ့တာနဲ့ အင်္ဂလိပ် ဆေးဝါးအနည်းငယ် အဝတ်အထည်အနည်းငယ်ကို ရှာပေးပါ။ ကျွန်တော် တို့အနေနဲ့ မြန်မာပြည်ဘက်က ကုန်တွေကို ကျွန်တော်တို့နဲ့ လိုက်ပါ သာတဲ့ ကုလားခေါင်းဆောင်က ပြန်ပို့ခိုင်းလိုက်တဲ့ပုံမျိုး ဟန်ဆောင်ပြီး ခပ်တင်းတင်းပြန်ရရင် ဗိုလ်မှူးတို့ခိုင်းစေတဲ့လုပ်ငန်းအတွက်ကို ပိုပြီး အဆင်ပြေလာပါလိမ့်မယ်၊ နာဂမင်းသမီး ယုံကြည်အောင် ဗိုလ်မှူး သက်သေခံပစ္စည်းတစ်ခုခု ဆက်ဆက်ပေးလိုက်ပါ”

ခွန်ဆလန်းက ဘာသာပြန်၍ပြောပြလိုက်ရာ . . .

ဗိုလ်ဖေအောင်တို့က ကျေနပ်စွာလက်ခံလိုက်ကြသည်။

“ဖမ်းမိထားတဲ့ ကျန်တဲ့သူတွေထဲက တစ်ယောက်မှ ထွက် ပြေးအောင်လဲ ဂရုစိုက်ကြပေါ့၊ သူတို့သာ ဇလာဟီးဆီ လွတ်မြောက် ပြီး ရောက်သွားရင် ကျွန်တော်တို့လေးဦး အသက်ရှင်ဖို့မမြင်တော့ဘူး”

ထပ်မံမှာကြားလိုက်ကြသည်။

ဗိုလ်ဖေအောင်တို့ကလည်း မိထားတဲ့ရန်သူများ မလွတ်စေရန် ခိုင်ခံ့စွာ တာဝန်ယူလိုက်ကြသည်။ ထို့နောက် ဗိုလ်ဖေအောင်သည် သူ အမြဲခရီးထွက်တိုင်း ဆောင်ယူနေကျ မှန်ကလေးတစ်ချပ်ကို ထုတ်ပေး လိုက်၏။ ကြည်လင်သောမှန်ကလေး၏နောက်တစ်ဖက်မျက်နှာ၌ သူ၏ ဓာတ်ပုံလိုက်သောအဝတ်အစားဝတ်ကာ ရိုင်ဖယ်တစ်လက်ကို လွယ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့်လွယ်ထားသည့် ခန့်ချော ချောလှသော ဗိုလ်ဖေအောင်၏ဓာတ်ပုံကို ထင်ရှားစွာတွေ့၍နေပေ၏။ မြမြဝင်းကလည်း ရေမွှေးပုလင်းသေးသေး တစ်လုံးကို နာဂမင်းသမီးအတွက် အမှတ်တရလက်ဆောင်ပေးအပ် လိုက်သလို၊ ဗိုလ်မှူးမင်းဒင်ကလည်း သက်သေခံပစ္စည်းအဖြစ် အိပ် ဆောင်လက်နှိပ်ဓာတ်မီးကလေးတစ်လက်ကို ပေးအပ်လိုက်ကြပါသည်။ ထို့နောက် ဗိုလ်တင်ငွေနှင့် ရဲဘော်လှမောင်တို့ပါဝင်သော တပ်စုတစ်စု ကို အစောင့်အရှောက်အဖြစ် လိုက်ပို့စေရန် အသင့်ပြင်ခိုင်းလိုက်ကြ သည်။

ဗိုလ်ဖေအောင်နှင့် ဗိုလ်မင်းဒင်တို့က နာဂလေးဦးအား မှာကြား လိုက်သောကိစ္စများကို အသေးစိတ်မှာကြားလိုက်ကြပြီး အချိန်းအချက် များ ပေးအပ်စီစဉ်လိုက်ကြသည်။ နာဂရိက္ခာအပြည့်အစုံပေးအပ်ပြီး နောက်၊ ချက်ချင်းပင် နာဂပြည်နယ်ဘက်သို့ စတင်ကာခရီးထွက်ခိုင်း လိုက်ကြသည်။

ဗိုလ်ဖေအောင်က ဗိုလ်မင်းဒင်ကို ကြည့်၍ . . .

"ပထမ ဒီနည်းနဲ့ စမ်းသပ်ကြည့်ကြတာပေါ့ မင်းဒင်၊ ပူခါလေ တောင်တန်းဟာ တို့မြန်မာပြည်မထဲကို ပါနေပေမယ့် ဒီလိုစုစုဝေးဝေးနဲ့ နေနိုင်ကြတဲ့ နာဂတိုင်းရင်းသားတွေကို ပြည်ထောင်စုစိတ်ဓာတ်သွင်းပေး ဖို့ရာ အင်မတန်အရေးကြီးနေတယ်မဟုတ်လား၊ ဇာလာဟီးဟာ တကယ် ဆိုးသွမ်းနေလို့ သူတို့ ပြတ်ပြတ်သားသား သဘောထားသင့်ပေမယ်လို့ ကျန်တဲ့သူရဲ့အမိန့်အာဏာနဲ့ ရက်စက်မှုကို ကြောက်ရွံ့ပြီး မျက်လုံး စုံမှိတ်ပြီး ခံနေရရှာတဲ့ အပြစ်မဲ့တဲ့ နာဂတွေကို တို့ သဘောထားကြီး ကြီးနဲ့ သိမ်းသွင်းဖမ်းချုပ်ဖို့လိုတယ်၊ တကယ်တော့လဲ တို့က အလွှန် မရှိစေဖို့ အရေးကြီးသလို၊ သူတို့ဘက်က ပြုဆင်းလာတဲ့ နာဂလူထုကို သိမ်းသွင်းလက်ခံဖို့လဲ လိုနေကြတယ်မဟုတ်လား မင်းဒင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်ကာပရိယာယ်ရှိလှသော သူ၏သဘောထားများကို ပြောပြလိုက်ပါသည်။ ဗိုလ်မင်းဒင်သည် ခေါင်းညိတ်ပြီး . . .

"ကောင်းသလိုကြည့်လုပ်ကြရမယ် ဖေအောင်၊ နာဂမင်းသမီးဟာ တို့ဘက်ပါလာတာ မင်းတို့ငါတို့ အရေးကိစ္စမှာ တပန်းသာနေတာပဲ၊ ငါ့အနေနဲ့တော့ ဇာလာဟီးနဲ့ ကုလားဆိုးရာဇဝင်လူဆိုးကြီး မူဆာချုပ်တရီးနဲ့ ဂိုဏ်းဝင်တွေကို အရှင်မိအောင်ဖမ်းနိုင်ဖို့ သိပ်အရေးကြီးတယ်၊ ဒင်းတို့လူစုကိုမိမှ နာဂကိစ္စတွေဟာ အလိုအလျောက် ကျေအေးသွားလိမ့်မယ်၊ ဇာလာဟီးကိုလဲ အမိဖမ်းနိုင်ဖို့လိုတယ်၊ ဒီအကောင်ကြီးဟာ နာဂတွေကို သွေးထိုးသွေးမြှောက်လုပ်ပေးနေတဲ့ အာဏာရှူးခေါင်းဆောင်ကြီးပဲ"

စသည်ဖြင့် အလိုရှိသော အမိကရန်သူများအကြောင်းကို ဆွေးနွေးတိုင်ပင်လိုက်ကြသည်။

ဆယ်ရက်မြောက်သောအချိန်ကာလ၊ သို့မဟုတ် ဆောင်းဟေမန်၏ သက်တမ်းကုန်ဆုံးရန် နီးကပ်လာသော တပို့တွဲလ၏ နေ့တစ်နေ့ ဖြစ်ပါသည်။

တစ်ရစ်ပြီးတစ်ရစ် ထပ်ဆင့်နေသော တောင်ကြီးတောင်ငယ်များဖြင့်ပြီးသော မြန်မာပြည်၏အနောက်ဘက်အစွန်ဆုံးဒေသဖြစ်သည့် ပူခါလေတောင်တန်း၏အခြေအနေမှာ နှင်းမှုန်နှင်းမြူတွေကြားဝယ် ယိမ်းနွဲ့လွင့်ပါးနေသကဲ့သို့ ပေါ်ချီတစ်ခါ မြုပ်ချီတစ်လှည့်နှင့် တစ်မျိုးအကြည့်တွင်ကောင်းလှသည့် သဘာဝပန်းချီကားတစ်ချပ်အသွင်ကို ပေါ်နေစေ၏။ အနီးကပ်တွင် ဂရုတစိုက်လေ့လာကြည့်ရှုလိုက်သည့်အခါ၌ ပြာမှိုင်းနေသော သစ်တောများ ဖုံးလွှမ်းတန်ဆာဆင်ထားသည့် တောင်တန်းတောင်ဆင့်များကိုလည်းကောင်း၊ ချိုင့်ဝှမ်းမြေနိမ့်ပိုင်းများ၌ ဘွာဝေါဝေါကျဆင်းနေသော ရေတံခွန်ကြီးများ၏ သဘာဝရှုခင်းသာများ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း မြင်တွေ့နိုင်လေ၏။ မျောက်ညို၊ မျောက်နီအုပ်များ၊ မျောက်လွှဲကျော်အုပ်ကြီးများကိုလည်း သစ်ပင်၊ သစ်ကိုင်း၊ နွယ်တန်းများ တစ်လျှောက် ခိုကပ်ခုန်လွှား ကူးသန်းနေသည့်အဖြစ်နှင့်လည်းကောင်း၊ အုပ်လိုက်လှုပ်ရှားသွားလာနေကြသည့် တောဆင်အုပ်ကြီး၊ ပြောင်အုပ်ကြီး၊ အုန်းငှက်အုပ်ကြီးများ၏ ပေါများပြည့်စုံစွာဖြင့် သွားလာကျက်စားနေကြသည့် အခြေအနေများကိုလည်း ဆက်လက်၍မြင်တွေ့လိုက်ရပါသည်။

တောင်ကြားများအတွင်း အင်မတန်သေးငယ်သော ကတ်သီးကတ်သတ် ကောက်ကာပတ်ကာ ဖောက်လုပ်သွားလာကြသည့် လူတစ်ကိုယ်စာ လူသွားလမ်းကလေး ရေးရေးမှုန်မှုန်တို့လည်း တောင်ကြားလမ်း၊ တောင်ခါးပန်း၊ ချိုင့်ဝှမ်း၊ လျှိုမြောင်များအတွင်း၌ ဖောက်ကာဖြတ်သန်းခရီးညွှန်နေသည်ကိုလည်း တွေ့မြင်နိုင်ပေ၏။

ထို့ကြောင့် တောတောင်ထူထပ်သလောက် အန္တရာယ်များကြီးလှသော ပူခါလေတောင်ကြောကြီး မြင့်မြင့်မားမားကြီးတို့၏အနောက်ဘက်ကို ဆက်လက်၍လေ့လာကြည့်ရှုလိုက်သည့်အခါ၌ . . .

တစ်ထပ်ပြီးတစ်ထပ် နိမ့်၍ဆင်းသွားသည့် တောင်ငယ်တောင်ထွတ်များကို ကျော်ဖြတ်ပြီးနောက် မြစိမ်းရောင်သန်းနေသော တောင်ယာခင်းငယ်များ တစ်ပိုင်းတစ်စကို စတင်ကာ၊ သစ်တောဝါးတောကြီးများအလယ်မှ သုံးလေးအိမ်စုဝေးကာ ဆောက်လုပ်ထားသည့် စခန်းတဲများ၊ ရွာငယ်ကလေးများကို စတင်ကာတွေ့မြင်ရပေလိမ့်မည်။ ထိုမှတစ်ဆင့် နိမ့်၍နိမ့်၍ဆင်းသွားသည့် တောင်ကြောခရီးစဉ်အတိုင်း ဆက်လက်၍လိုက်ပါခဲ့သည့်အခါ၌ လူနေအိမ်ခြေ အတော်များပြားလှသည့် နာဂရွာငယ်များနှင့် လုပ်ခင်းကိုင်ခင်း တောင်ယာကွက်များအလယ်တွင် တဲငယ်များကို တော်တော်များများ မြင်တွေ့လိုက်ရပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပူခါလေတောင်ကြီး၏အနောက်ဘက်ခြမ်းအမြင့်၏ ပထမအရစ် မြမျက်နှာပြင်ကြီး သို့မဟုတ် အရှေ့မှအနောက် မိုင်ငါးဆယ်ခန့် ဂျယ်ဝန်းသလောက်၊ တောင်နှင့်မြောက် မိုင်ရှစ်ဆယ်ခန့် ကျယ်ဝန်း သော မြေကွက်လက်ကြီး၌မူ လူနေအိမ်ခြေများစွာရှိနေသည့် နာဂရွာ ကြီးများကို ဟိုတစ်စု ဒီတစ်စု လယ်ကွင်းနှင့် စိမ်းစိုနေသော သစ်တော ကြီးများအလယ်ကွက်လပ်တွင် ခိုင်ခံ့သောခြံစည်းရိုးများ ကာရံထားသည့် နာဂရွာကြီး ထီးထီးမားမားများကို မြင်တွေ့လိုက်ရပေသည်။

ထိုကွက်လပ်ကြီး၏ မြေပြင်ညီညီ လယ်ကွင်းဖွေးဖွေးကြီး၏ အလယ်၌ သာမန်ရွာများထက် သုံးလေးဆကြီးမားသော များပြားသော အိမ်ခြေယာခြေရှိသည့် နာဂရွာကြီးကား ကုလားဘုန်းကြီးတို့ကို ဆရာ တင်၍ထားသည့် မြန်မာနယ်မြေအစွန်တွင် နေထိုင်လျက်ရှိသည့် နာဂ ခေါင်းဆောင်ကြီး ဇာလာဟီး၏အခြေစိုက်ရာ ကျေးရွာကြီးပင် ဖြစ်ပါ တော့သည်။

## နဂါးပွက်တောင်စခန်း

သားမွေးသားရေချပ်များကို ခန်းလုံးပြည့်အောင် ခင်းကျင်း ထားသည့် အိမ်ဦးခန်းတွင် နေရာယူထားသည့် အဝတ်ဝါကျင့်ကျင့် အရောင်ကို ဝတ်ကာ၊ ကတုံးကို ပြောင်၍နေအောင်ရိပ်ထားသော အသားမည်းမည်း၊ အရပ်ပုပုဝဝနှင့် လည်ပင်းတွင် အလုံးကြီးသော ဘီးနက်တစ်ကုံးကိုဆွဲထားသည့် ပုဂ္ဂိုလ်တစ်ဦး၏အနီး၌ ခက်ထန်သော မျက်နှာနှင့် နာဂလူကြီးတစ်ဦးကို တွေ့မြင်လိုက်ရပေ၏။ ထိုနာဂကြီး၏ ခေါင်း၌ အောက်ချင်းငှက်ကြီးတောင်များထိုးထားပြီး၊ ဝက်စွယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချောင်းကိုလည်း နဖူးလောက်တွင် ချိတ်ဆွဲထားသလို၊ သူ၏ကိုယ်ပေါ်၌ နူးညံ့လှသော ဝါဂွမ်းဖြင့်ရက်လုပ်ထားသည့် အဖြူရောင်ချပ်ခုပ်ကောင်းကောင်းတစ်ထည်ကို ပတ်ခြုံထားသည်ကို တွေ့ရပေ၏။ သူတို့၏အနီးတစ်ဝိုက်တွင်မူကား လှံရှည်နှင့် နှစ်လုံးပြူးသေနတ်၊ ရိုင်ဖယ်သေနတ်အကောင်းများကို ဆွဲကိုင်ထားသည့် သားမွေးများ၊ ငှက်မွေးရောင် ဝေဝေဆာနှင့် ဆံပင်ရှည်များတွင် စိုက်ထိုးထားကြပြီး၊ ခပ်ညစ်ညစ်ချပ်ခုတ်စောင်များကို ခြုံလွှမ်းထားသည့် နာဂလက်နက်ကိုင်တစ်စုက မီးဖိုကြီးဘေးတွင်ကပ်၍ မီးလှုံနေကြသည်ကို တွေ့မြင်ရပေ၏။

"ဟော့ . . . ဇာလာဟီး၊ မင်းတို့စစ်ပွဲဟာ မုချအောင်မြင်ရမယ်၊ ကုလားစစ်သားတွေရဲ့သွေးဟာ ဟောဒီ ပူခါလေတောင်ပေါ်က ရေတံခွန်ကြီးတွေလို မြေပြင်ဆီသို့ ဒလဟောကျဆင်းရမယ်၊ ငါ အတတ်ပြောလိုက်မယ်၊ စစ်ပွဲအောင်မြင်ဖို့အရေးနဲ့ မင်းရဲ့သမီးချောကို မြန်မြန်စကားပြောပြီး၊ မင်းတို့လင်မယားရဲ့စကားကို လေးစားရိုသေဖို့အတွက် ဟိုကိုစ္စကို ပိုပြီးမြန်မြန်စီစဉ်ကြ၊ အချိန်သိပ်မရှိဘူး၊ သိရဲ့လား . . . နာဂနတ်ကြီးကလဲ သူ့ကို တင်မြှောက်ပ,သဖို့ ပူဆာနေကြပြီ"

သားရေပြားများပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် ကုလားဘုန်းကြီးက နာဂဘာသာဖြင့် ရေရေလည်လည် ပြောကြားအမိန့်ပေးလိုက်သည်။

နာဂခေါင်းဆောင်ကြီးသည် မျက်နှာတစ်ချက်ပျက်သွားပြီး ခေါင်းငိုက်စိုက်ကျသွားပါသည်။ ချိတုံ့ချတုံ့ဖြစ်နေသောမျက်နှာကြီးကို မနည်းတင်း၍ထားလိုက်ပြီး . . .

"ဟုတ်ပါတယ် ဆရာကြီး၊ နတ်ကြီးကိုပူဇော်ဖို့ရာ ပြီးစီစဉ်နေပါတယ်၊ ခက်တာက ကျွန်တော့်သမီး မာယင့်သူ့ကို သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



အောင် သူ့အဖေကိုယ်တိုင် နားချနေရလို့ မကြ၊သင့်ဘဲ ကြာသွားတာပါ ဆရာကြီး၊ သည်းခံပါ၊ အမြန်ပြီးစီးအောင် စီစဉ်ဆောင်ရွက်ပါ့မယ်"

အရေးတကြီးတောင်းပန်လိုက်သည်တွင် ကုလားဘုန်းကြီးသည် . . .

"ဒါထက် မြန်မာပြည်ဘက်ကိုလွှတ်လိုက်တဲ့ မူဆာဆီက ဘာသတင်းကြားရသလဲ"

မေးမြန်းလိုက်ရာ . . .

"ဟုတ်ကဲ့၊ ပြောမလို့ပါပဲ၊ မနေ့က မူဆာကရင်းဆီက လူလေးဦး ပစ္စည်းတွေနဲ့ ပြန်ရောက်လာကြပါတယ်၊ မူဆာက နောက်ထပ်ပို့စရာပစ္စည်းတွေကို ပေးဖို့ မြန်မာပြည်ဘက်က ပစ္စည်းတွေကို ထည့်ပေးလိုက်လို့ သူတို့လေးဦး ပြန်လာကြပါတယ်"

"ကောင်းပြီ . . . ကောင်းပြီဟေ့ . . . အဇစ်ခံ . . . မြန်မြန်လာစမ်း"

သီးသန့်အခန်းထဲတွင် ဘိန်းမှူးနေသော တပည့်ကျော်ကို ခေါ်ယူကာ . . .

"နောက်ထပ်အရေးကြီးတဲ့ပစ္စည်းတွေ မြန်မာပြည်ဘက်ကို ပို့ဖို့စီစဉ်လိုက်"

အမိန့်ပေးလိုက်သည်။ သူတို့ စကားစုဝေးပြောဆိုနေရာတည်တည့် လေးမိုင်ခန့်ဝေးသော တောင်တန်းကြီး၏အစွန်းထိပ်မှ သီးသန့်သဘောမျိုးဖြစ်နေသော တောင်မို့မို့မြင့်မြင့်ဆီမှ ဒုန်းခနဲ မြည်ဟည်းသံကြီးနှင့်အတူ မီးခိုးလုံးမည်းမည်းများနှင့်အတူ ရွှံ့နှစ်များ၊ ကျောက်ခဲကြီးများသည် ပြင်းထန်လှသောလှုပ်ရှားမှုအရှိန်ဖြင့် တောင်ထွတ်နတ်ခန်းဝမှ ဝုန်းဝုန်းဒိုင်းဒိုင်း ပေါ်ထွက်လာတော့သည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကုလားသည် အမွေးတိုင်တစ်စည်းကို အရန်သင့်စီစဉ်ထားသည့် ကျောက်တုံးကြီးအတွင်းသို့ မီးရှို့ထည့်လိုက်ပြီး တောင်ကြီးရှိရာသို့ လေးဘက်ဝပ်သွားကာ ပြားပြားဝပ်သဏ္ဌာန်ပြုလုပ်၍ ပါးစပ်က တတွတ်တွတ် တောင်းပန်တိုင်ကြားနေပါတော့သည်။

ဇာလာဟီးနှင့် ပရိသတ်များအဖို့ နေစရာထိုင်စရာမရှိစတမ်းကြောက်ရွံ့တုန်လှုပ်တော့၏။

"ကိုင်း . . . မပြောဘူးလား၊ နတ်ကြီးက သိပ်စိတ်ဆိုးနေပြီ၊ သူကျေနပ်အောင် တောင်းပန်တိုးလျှိုး ယစ်ပူဇော်ဖို့လိုနေပြီ၊ ဇာလာဟီးသမီးအတွက် နတ်ကြီးက ငါ့ကို ဒဏ်ခတ်မှာစိုးရိမ်ရတယ်၊ မြန်မြန်လုပ်စရာရှိသမျှ မြန်မြန်စီစဉ်လုပ်ကိုင်ပါ ဇာလာဟီး"

ကုလားက အမိန့်ပေးလိုက်ရာ ဇာလာဟီးသည် နဖူးပြင်မှချွေးပေါက်ကြီးများကို ကိုယ်ခြုံလွှာနှင့်ပွတ်တိုက်သုတ်သင်ရင်း . . .

"ဖြစ်ပါစေမယ် ဆရာကြီး၊ နတ်ကြီး စိတ်မဆိုးအောင်သာအမြန်တောင်းပန်ပေးပါ"

တုန်ယင်သောအသံကြီးဖြင့် ဖြေကြားလိုက်သည်။ မကြာမီဆူဆူညံညံပေါက်ကွဲနေသော တောင်ကြီးသည် တစ်မုဟုတ်ချင်း ပြန်၍ငြိမ်သက်သွားပြန်ပါသည်။ ကုလားဘုန်းကြီးသည် တောင်ကြီးရှိရာသို့ကြည့်လိုက်ပြီး ပါးစပ်က တတွတ်တွတ်ပြော၍ တောင်းပန်နေဟန်ဆောင်လိုက်ပြန်သည်။

အေးမြသော စမ်းရေများ စီးဆင်းသံများက အံ့ဆိုင်းဝေဆာလျက်ရှိသလို ညီညာပြီး လျော်ကန်လှသည့် နေရာဒေသတစ်ဝိုက်ကို ပိုမိုသာယာစိုပြေစေတဲ့ နာဂအမျိုးသမီးတစ်သိုက်တို့ ပြုလုပ်ဖွယ်ရာကိစ္စများကို သွက်လက်စွာဖြင့် သယ်ယူပို့ဆောင်နေကြပါသည်။ သားရေများဖြင့်ပြီးသော အိပ်ရာပေါ်တွင် ဖြူဆွတ်သောအခင်းသဏ္ဌာန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာလဲလျောင်းနေသော သဏ္ဌာန်တစ်ခုကို နာဂအမျိုးသမီးလေးဦး၏ရှေ့မှောက်တွင် တွေ့မြင်လိုက်ရပေ၏။ နက်မှောင်သွယ်လျသော ဆံပင်ရှည်များက အပြာရောင်သားမွေးအခင်းပေါ်ဝယ် ကန့်ကလျနှင့် ပြန့်ကျဲနေပါသည်။ ထက်မြက်သောမျက်လုံးကြီးများကို စိုက်ကာ အကဲခတ်ဖို့ တစ်ချက်ခန့်စိုက်၍ကြည့်ရင်း လေးလေးနက်နက် စဉ်းစား၍နေရှာသည့် အသက်နှစ်ဆယ်ခန့်အရွယ်ရှိ လှပကြော့ရှင်းသော ကိုယ်ခန္ဓာပိုင်ရှင် နာဂအမျိုးသမီးတစ်ဦး၏အမူအရာမှာလည်း အဓိပ္ပာယ်ပိုမိုထူးခြားလှပါပေ၏။ ညီညာပြေပြစ်သလောက် မကျဉ်းလွန်း မကျယ်လွန်းသော နဖူးပြင်ပေါ်ဝယ် အမွေးနု့တသင်းသင်းထွက်နေသည့် ပန်းစည်းတစ်စည်းက နာဂသူဇာမယ်၏အလှဂုဏ်ကို တစ်မျိုးတင့်တယ်ကြွယ်ဝနေစေတော့၏။

နက်မှောင်သောမျက်ခုံးအောက်မှ တဖျတ်ဖျတ်အရောင်ထွက်နေသည့် မျက်လုံးကြီးများ၊ ဖြောင့်တန်းသောနှာတံ၊ နှုတ်ခမ်းဆိုးဆေးမပါဘဲ သဘာဝနီမြန်းနေသော စေ့စပ်လှပလှသည့် နှုတ်ခမ်းများကလည်း ခပ်ဝိုင်းဝိုင်းနှင့် ဆင်စွယ်ရောင်မပြေးနေသည့် နာဂမင်းသမီး၏မျက်နှာပြင်ကို ကျက်သရေတိုးနေစေတော့သည်။

သေးသွယ်သော လည်တိုင်ကြော့ကြော့အောက်မှ ဝါဂွမ်းဖြူဖြင့် ယက်လုပ်ထားသည့် မထူမပါးသော ကိုယ်ရုံလွှာအောက်မှ နိမ့်ချီမြင့်ချီဖြစ်နေသည့် ရွှေရင်လွှာတစ်စုံကလည်း ပူခါလေတောင်တန်းတစ်ခွင်မှ မို့မောက်လှပသော တောင်ပူစာနှစ်လုံးကဲ့သို့ တစ်မျိုးကြည်နူးရွှင်မြူးစရာသဏ္ဌာန် ဖန်တီးလုပ်ဆောင်နေတော့သည်။

တစ်တစ်ရစ်ရစ် သေးသွယ်လှပသော ခါးတန်လေးအောက်ပိုင်းမှ တစ်မုဟုတ်ချင်း ကားတက်ကာ၊ ဖွံ့ဖြိုးလှပနေစေသည့် တင်ပါးကြီးများနှင့် တစ်တစ်ရစ်ရစ် ဖြောင့်စင်းဖြူနေသော နာဂမင်းသမီး၏



www.burmeseclassic.com

www.burmeseclassic.com



မြွေသလုံးများကလည်း နာဂမင်းသမီး၏သတင်းကြီးလှသော အလှဂုဏ်ကို ဖော်ထုတ်သက်သေခံနေစေတော့သည်။

နာဂရွှေမင်းသမီးသည် သူမ၏ညာလက်ကိုမြှောက်ကာ သူမ၏ အထိန်းတော်များကို ခပ်ဝေးဝေးနေရာသို့ ရှောင်ဖယ်သွားစေရန် အချက်ပေးလိုက်သည်နှင့် နာဂအမျိုးသမီးကြီးလေးဦးသည် ကျိုးနွံရိုသေစွာဖြင့် နောက်ပိုင်းသို့ အသာအယာ ဆုတ်ခွာဖယ်ရှောင်လိုက်ရပေ၏။

အနည်းငယ်ပြင်းပြသော အသက်ရှူသံကလေးများအဆုံးတွင် နာဂရွှေမင်းသမီးသည် အထိန်းတော်ကြီးလေးဦး၏အခြေအနေကို တစ်ချက်စောင်းငဲ့ကာ အကဲခတ်လိုက်ပြီးနောက်၊ အပြာနုရောင် ဇာခြင်ထောင်ကို ဆွဲချကာ သူမ၏လှုပ်ရှားမှုများကို ခပ်ဝေးဝေးနေရာတွင် ဝပ်တွားခစားနေသော နာဂအမျိုးသမီးကြီးလေးဦး၏ကြည့်ရှုအကဲခတ်မှုများကို ဖုံးကွယ်ဟန့်တားလိုက်ပါသည်။

နာဂရွှေစင်မယ်သည် သက်ပြင်းကြီး တစ်ချက်ချလိုက်ပြီး၊ သူမ၏လက်တစ်ဖက်က သူ၏အိပ်ရာအောက်သို့ တစ်စုံတစ်ရာကို ညင်သာစွာဆွဲနိုက်ကာ ယူငင်လိုက်ပါသည်။ ဖြူဖွေးသောလက်ချောင်းကလေးများအတွင်း၌ မှန်ငယ်တစ်ချပ်ကို တွေ့လိုက်ရသလို၊ နာဂမယ်သည် မှန်ချပ်ကိုထောင်လိုက်ကာ မှန်ချပ်၏နောက်တွင်ရှိသည့် ယောကျ်ားပီသလှသော လူငယ်တစ်ဦး၏ဓာတ်ပုံကို ငေးစိုက်ကာ အသက်မရှူနိုင်စတမ်း၊ မျက်တောင်မခတ်တမ်း ကြည့်ရှုငေးမောနေရှာပါသည်။ ထို့နောက် ဓာတ်ပုံကို သူမ၏ရင်ဘတ်တွင် မြတ်နိုးယုယစွာ ဆွဲ၍ကပ်ကာ လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ပွေ့ဖက်ထားလိုက်ပြီး၊ သူမ၏မျက်လုံးကလေးနှစ်လုံးကို စုံမှိတ်လျက် အတွေးနယ်ကျော်သို့ နစ်မျောနေရှာပါသည်။

အတန်ကြာမှပင် သူမသည် ပြုံးရွှင်သောမျက်နှာကလေးဖြင့် သူမ၏ နီတျာတျာနှုတ်ခမ်းကလေးမှ နာဂဘာသာဖြင့် . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရမယ် . . . မုချတွေ့မြင်ရမယ်ကွယ်"

တီးတိုးကြွေးကြော်လိုက်ရှာပါသည်။

ထို့နောက် သူမသည် လက်တစ်ဖက်ဖြင့် အိပ်ရာအောက်သို့ အသာအယာဆွဲနှုတ်ကာ ထုတ်ယူလိုက်ရာ၌ ရေမွှေးတစ်ပုလင်းနှင့် ဓာတ်ခဲနှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်ခုကို တွေ့လိုက်ရပေ၏။

သူမသည် ရေမွှေးပုလင်းဘူးဖုံးကို အနည်းငယ်ဖွင့်၍ မွှေးကြိုင်သောအနံ့ကို ရှူရှိုက်ကာ ပြန်၍ပိတ်လိုက်ပြီး၊ လက်နှိပ်ဓာတ်မီးနှင့် ရေမွှေးပုလင်းတို့ကို အိပ်ရာအောက်သို့ ပြန်၍သွတ်သွင်းလိုက်ပြီး၊ ဓာတ်ပုံနှင့်မှန်ကို တယုတယ သူမ၏မျက်နှာပြင်သို့ ကပ်၍ထားလိုက်ပြီး ရှင်မြူးကျေနပ်သော မျက်လုံးကြီးများဖြင့် ဓာတ်ပုံဆီသို့ အားရပါးရ စိုက်၍ကြည့်ရှုလိုက်ရှာပြန်ပါသည်။

ဓာတ်ပုံထဲတွင် ယောကျ်ားပီသလှသော ကိုယ်လုံးကိုယ်ပေါက်နှင့် ခန့်ချော ချောလှသော ဗိုလ်ဖေအောင်၏ ရိုင်ဖယ်တစ်လက်ကို ပခုံးတွင်လွယ်ထားသော ခါးတစ်ပိုင်းဓာတ်ပုံပင် ဖြစ်ပါသည်။

နာဂသူဇာသည် ညင်သာစွာဖြင့် ဓာတ်ပုံကို ငေးစိုက်ကာ ကြည့်ရှုလိုက်ပြီးနောက် သူမ၏နီထွေးပူနွေးသော နှုတ်ခမ်းနှင့် အသာအယာ ကပ်ကာထားလိုက်ပြန်တော့သည်။

လေပြည်ကလည်း တသွင်သွင် သုတ်ဆော်လျက်ရှိသလို၊ စမ်းချောင်းဘေးရှိ တောပန်းနှင့် ခွာညိုပန်းနံ့တို့ကလည်း ကြိုင်လှိုင်သွေးကာ နာဂရွှေမင်းသမီး၏ အတွေးစိတ်ကူးကို ပိုမိုကြည်နူးလွန်မြောက်စေရန် ဖန်တီးလျက်ရှိနေပြန်ပါသည်။

နာဂရွှေမင်းသမီးသည် ငွေဆည်းလည်းသံကလေးဖြင့် တစ်စုံတစ်ယောက်ကို လှမ်း၍ခေါ်ယူလိုက်သည်။ မကြာမီ နာဂမင်းသမီး၏



www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင် လူယုံတော်အမျိုးသမီးသုံးဦးအနက် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသည့် နာဂအမျိုးသမီးကလေးသည် အရေးတကြီးခြေလှမ်းများဖြင့် သူမ၏သခင်မဆီသို့ ခပ်သွက်သွက်ချဉ်းကပ်ကာ ဦးခေါင်းကိုညွတ်ကာ အလေးပြု၍ခစားလိုက်ပါသည်။

"အခြေအနေကို အကဲခတ်ပြီး မြန်မာပြည်က ပြန်လာတဲ့ လူလေးယောက်ထဲက အကြီးအကဲဖြစ်တဲ့ 'စံပူတောင်'ကို သွားခေါ်စမ်း သခင်မ ခေါ်ခိုင်းတယ်လို့ ပြောခေါ်ခဲ့၊ ဒီပြင် ဘယ်သူမှမသိစေနဲ့ အထိန်းတော်ကြီးတွေကိုလဲ သူတို့အိမ်တွေကို ခေတ္တပြန်ပြီး အနားယူဖို့ ပထမဦးဆုံး စေလွှတ်ပြီးမှ သွားခေါ်ခဲ့စေကွယ်"

လျှို့ဝှက်သောညွှန်ကြားချက်ကို ချမှတ်စေခိုင်းလိုက်ပါသည်။ နာဂရဲရွေဘော်ကလေးသည် ကျိုးနွံရိုသေစွာဖြင့် ဦးညွတ်အလေးပြုလိုက်ပြီး၊ သူမ၏အသက်ကို ပေးအပ်ကာထားသည့် ချစ်မြတ်နိုးလှသော သခင်မ၏ထံပါးမှ အသာဆုတ်ခွာခဲ့ပြီးနောက် အခြေအနေကို တစ်ချက် အကဲခတ်ကာ ကြည့်ရှုလိုက်ရှာပါသည်။ ထို့နောက် စိတ်ချရသော အခြေအနေကို တွေ့မြင်ရမှ အထိန်းတော်ကြီးလေးဦးအား မိမိတို့နေအိမ်သို့ ပြန်ပြီး ခေတ္တခဏ အနားယူကြရန် သခင်မ အမိန့်တော်ချမှတ်ကြောင်းကို ပြောပြလိုက်ပြီး၊ ပြန်၍လွှတ်လိုက်သည်။ ထို့နောက် ကျန် ရဲရွေတော်နှစ်ဦးနှင့်တိုင်ပင်ပြီး သူမတစ်ဦးတည်း အစိမ်းရောင်ခြုံထည်ကို ခြုံလွှမ်းကာ နာဂလူကြီးတို့၏နေပြည်တော်တည်ရှိရာ ခပ်ဝေးဝေး အဆောက်အဦများဆီသို့ ထွက်ခွာသွားလေသည်။

နာဂရွေစင်သခင်မကလေး၏ လူယုံတော်အစောင့်အရှောက်များက သူမ၏ပင်တိုင်နန်းရိပ်သာတစ်ဝိုက်တွင် မယောင်မလည်နှင့် အသင့်နေရာယူထားပြီးဖြစ်ပါသည်။ သခင်မ၏အဆောင်တော်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ် နာဂသခင်မကလေးနှင့် ရှုံ့ရွှေတော်တစ်ဦးအပြင် နာဂယောက်ျား တစ်ဦးကို တွေ့မြင်နိုင်ပါသည်။

"မှန်ပါတယ် သခင်မ . . . ဓာတ်ပုံပါယောက်ျားဟာ အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်သလို သူရသတ္တိနဲ့ဆောင်ရွက်မှုမှာ လက်ဖျားခါလောက် ပါတယ်၊ အရက်သေစာသောက်စားခြင်း၊ မိန်းမတွေနဲ့ ရောထွေးယှက်တင် ပြုလုပ်ခြင်းလဲ မတွေ့ခဲ့ရပါ သခင်မ၊ ကာယဗလတောင့်တင်းခိုင်မာ သလို၊ ဓားလှံလက်နက်နဲ့ တိုက်ခိုက်ရေးဘက်မှာလဲ သူမတူအောင် နိုင်စွမ်းကြောင်းကို ကျွန်တော်မျိုးညီရင်း ခွန်ဆလန်းဆီက ကြားသိခဲ့ရ ပါတယ်"

နာဂရွှေစင်သခင်မကလေးသည် စဉ်းစားနေရာမှ . . .

"ကောင်းပြီ၊ အဲဒီခေါင်းဆောင်ကြီးနဲ့ သခင်မ တစ်နေရာရာ မှာ ချိန်းပြီးတွေ့ချင်တယ်၊ အင်မတန်အရေးကြီးတဲ့ ပြဿနာတွေကို ဆွေးနွေးတိုင်ပင်စရာတွေရှိတယ်၊ ဒီလိုအတွင်းရေးကိစ္စကို ကောင်းမင်း အနေနဲ့ ကတိသစ္စာရှိရှိ လျှို့ဝှက်လုံခြုံစွာနဲ့ ထိန်းသိမ်းနိုင်ပါ့မလား"

သာယာသောအသံကလေးတို့ဖြင့် စတင်ကာမေးမြန်းလိုက်ရာ နာဂလုလင်သည် မဆိုင်းမတွ ထ၍ရပ်လိုက်ပြီး သူ၏ဆောင်ဓားရှည် ကို ဆွဲထုတ်၍ ဓားဦးကို သူ၏ပါးစပ်တွင် ကပ်လိုက်ပြီး . . .

"ကျွန်ုပ်သည် သခင်မ၏သစ္စာစကားကို အသက်ထက်ဆုံး စောင့်သိရိုသေပါမည်၊ သခင်မ ခိုင်းစေသမျှကို အသက်ထက်ဆုံး ကျေပွန်စေပါမည်၊ တစ်စုံတစ်ရာလွဲမှားသစ္စာဖောက်မိခဲ့သော် ကုန်းသွား တုန်းဘေး၊ ရေသွားရေဘေး၊ ပြေးမလွတ်တမ်း၊ ရှောင်ဖယ်မရတမ်း၊ ဓားလှံလက်နက်များဘေးဖြင့် သေချင်းဆိုးဘေးအန္တရာယ်များဖြင့် သေဆုံးပျက်စီးပါစေသတည်း။ အကယ်၍ ကျွန်ုပ်၏သစ္စာမှန်ကန်ကြောင်း သုပ်ဝန်းဆောင်တာဖြင့် ပြသနိုင်ရာတွင် နာဂလူမျိုးတို့အပေါ်၌ မငွ



www.burmeseclassic.com

www.burmeseclassic.com



မရှောင်သာ ကျရောက်နေသော မတရားသော ဘေးအန္တရာယ်ကြီးသည် ကျွန်ုပ်၏ရှေ့မှောက်၌ လွတ်မြောက်ချမ်းသာရာ ရရှိစေသတည်း"

ရဲဝံ့စွာသစ္စာဆိုလိုက်ရာ နာဂမင်းသမီးသည် ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး၊ သူမ၏အိပ်ရာထောင့်တစ်နေရာမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်ကာ သူမ၏လူယုံတော်ဖြစ်လာသည့် နာဂလုလင်အား ဆုလာဘ်အဖြစ် ဆုချီးမြှင့်ပေးအပ်လိုက်ပါသည်။ ထိုပစ္စည်းမှာ ရွှေစင်နှစ်ကျပ်သားစီးသည့် ရွှေပြားတစ်ချပ်ပင် ဖြစ်ပါသည်။

"မြန်မြန်အရေးကိစ္စပြီးအောင် ဆောင်ရွက်စေချင်တယ် . . . မောင်မင်း။ ဖမ်းဆီးခံရရှာတဲ့ ဒုက္ခသည်တွေရဲ့ လွတ်မြောက်ရေးဟာလဲ အရေးကြီးလှပြီကွဲ့"

နာဂသခင်မကလေးက ခပ်တိုးတိုးအမိန့်ရှိလိုက်ရာ နာဂလုလင်သည် . . .

"မြန်မြန်စီစဉ်ပေးပါမယ် သခင်မ၊ ဘယ်နေရာမှာ ချိန်းဆိုချင်ပါသလဲ၊ အမိန့်တော်ရှိပါ သခင်မ"

တွေ့ဆုံရန်နေရာကောင်းကို မေးမြန်းလျှောက်တင်လိုက်ရာ နာဂသူဇာသည် အနည်းငယ်စဉ်းစားလိုက်ပြီး . . .

"ဘေးအကင်းဆုံးဖြစ်တဲ့ နဂါးပွက်တောင်ကြီးအရှေ့ဘက် တောစပ်မှာ ဆုံစည်းကြရအောင်၊ မ,ဘုရားက ဟောဒီမှန်ကလေးနဲ့ အချက်ပြပေးမယ်နော် . . . မှတ်မိရဲ့လား . . . ဒီကနေ့ကစပြီး ကိုးရက်မြောက်နေ့ နံနက်နေထွက်ထွက်ချင်းအချိန်မှာ တွေ့ဖြစ်အောင်တွေ့ကြစို့ . . . မောင်မင်း . . . မပျက်မကွက် စီစဉ်ပေးကြပါကွယ်တို့"

သေချာစွာ နေရာနှင့်တကွ နေ့ရက်အချိန်ကာလတို့ကိုပါ မှာကြားလိုက်ရာ နာဂလုလင်သည် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါစေမယ် သခင်မ၊ သခင်မရဲ့လုံခြုံမှုကိုသာ ဂရုစိုက်တော်မူပါ၊ ကျွန်တော်မျိုးတို့ဘုရင်ကြီးရဲ့ဘက်က လူတွေကိုလဲ ကြပ်ကြပ်သတိပြုတော်မူပါ"

လျှောက်တင်လိုက်ပြီး ဦးညွှတ်အရိုအသေပြုကာ ခေါင်းကိုမြေကြီးနှင့် သုံးကြိမ်ထိတွေ့ဦးတိုက်ပြီးနောက် ထွက်ခွာသွားပါသည်။

ဟာရီကိန်းမှန်အိမ်ကြီးတစ်လုံးကို တဲစခန်းအတွင်း၌ ထွန်းညှိထားသည်ကြောင့် ဗိုလ်ဖေအောင်တို့ တပ်စခန်းရုံး အတွင်းပိုင်းကိုထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

ဗိုလ်ဖေအောင်၊ ဗိုလ်မင်းဒင်၊ ဒူးဝါးဇော်လ၊ မြမြဝင်း၊ ဗိုလ်တင်ငွေနှင့် ရဲဘော်လှမောင်၊ လမန်းနော် အစရှိသည့် အရေးပါသောပုဂ္ဂိုလ်များ ဆွေးနွေးနေသည့်အရေးအခင်းမှာ နာဂမင်းသမီးဆီမှအကြောင်းပြန်ကြားချက်နှင့် နာဂရွှေစင် သခင်မတို့ တွေ့ဆုံကြရန်ဖြစ်ပါသည်။ ဗိုလ်ဖေအောင်သည် မြေပုံကြီးပေါ်၌ ခဲတံနီဖြင့်ဝိုင်းထားသည့် နဂါးပွက်တောင်ကြီး၏အနေအထားကို လေ့လာပြီးနောက် . . .

"တို့သွားတွေ့ကြရမယ် မင်းဒင်၊ သူနဲ့တွေ့လို့ တို့မှာ ဆုံးရှုံးစရာတွေ တစ်ချက်မှမမြင်မိဘူး၊ ပြည်ထောင်စုအစိုးရရဲ့ အိန္ဒိယနဲ့ မြန်မာပြည်ဘက်က နာဂအမျိုးသားတွေရဲ့ကောင်းကျိုးတွေ ရရှိဖို့လဲ မြင်တယ်ဆက်ဆက်သွားတွေ့ကြရမယ် မင်းဒင်"

သူ၏ထင်မြင်ချက်ကို ဖော်ထုတ်လိုက်ရာ ဗိုလ်မှူးမင်းဒင်သည် . . .

"ကောင်းပြီ၊ သွားတွေ့ကြရအောင်၊ တပ်စုနှစ်စု ခေါ်သွားရင်လုံလောက်ပြီထင်တယ်"

"တပ်ခွဲနှစ်ခွဲနဲ့ ငါ့ရဲဘော်တွေအားလုံး လက်နက်အစုံအလင်နဲ့ချီတက်သွားကြရမယ်၊ ပြီးတော့ တို့နောက်က တပ်ခွဲနှစ်ခွဲကိုလဲ အသင့်



www.burmeseclassic.com

www.burmeseclassic.com



ဘင့် ခေါ်သွားရမယ်၊ ဘယ်နေရာဖြစ်ဖြစ် ရန်သူ့နယ်မြေဖြစ်နေလို့ တိုက်ဖို့ အရေးရှိရင် ထုနဲ့ထယ်နဲ့ ပြန်လှန်တိုက်ခိုက်ဖို့ အဆင်သင့် အမြဲတမ်းရှိရမယ် မင်းဒင်၊ ရန်သူနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေကို ဘယ်တော့မှ အယုံပေးလို့မဖြစ်ဘူး"

ပြောကြားလိုက်ရာ ဒူးဝါးဇော်လကလည်း . . .

"နယ်မြေမကျွမ်းကျင်တော့ ချုံခိုပြီးတိုက်ခိုက်မှာ စိုးရိမ်ရတယ်"

အကြံပေးလိုက်ရာ ဗိုလ်ဖေအောင်သည် . . .

"တပ်ခွဲလိုက် ဖြန့်ပြီးခွဲပြီး ချီတက်မယ် ဇော်လ . . . တိုက်တဲ့ နယ်မြေကို အသေးစိတ်လေ့လာလိုက်၊ ကင်းထောက်လိုက် သဘောမျိုးနဲ့ ချီတက်ရမှာပဲလေ၊ ကိုင်း . . . ပြင်ကြဆင်ကြ၊ ရိက္ခာကိုလဲ ဆယ့်ငါးရက်စာ ယူခဲ့ဖို့လိုတယ်၊ လိုလိုမယ်မယ်သဘောလဲ ပါတယ်၊ သုံးလက်မ မော်တာတွေနဲ့ စက်သေနတ်ကြီးတွေကိုလဲ အဆင်သင့်စီမံပြီး ယူခဲ့ပေတော့ မင်းဒင်၊ နက်ဖြန်မနက်ကစပြီး ငါပြောတဲ့အစီအစဉ်အတိုင်း ချီတက်ကြရအောင်၊ နယ်မြေဒေသကိုလဲ ကင်းထောက်လေ့လာခွင့်လဲ ရတာပေါ့ကွာ"

အစီအစဉ်များကို တိုင်ပင်ပြောကြားလိုက်ကြသည်။ တပ်ခွဲမှ ရဲဘော်များသည် ဆရာများ၊ ဗိုလ်များ၏ အမိန့်ပေးသံ နာခံရင်း တလှုပ်လှုပ် တရွရွ ခရီးထွက်ကြရန် ပြင်ဆင်နေကြလေပြီတကား။

ရှိခနဲ ရှိခနဲ လေမှုတ်ထုတ်သံကြီးနှင့်အတူ ရွံ့မီးတောင်ကြီး ထိပ်ဆီမှ ရွံ့နှင့်ခဲလုံးများကို မီးတောင်ဝမှ စုပ်ပြုံ၍ထွက်ပေါ်လာပါတော့သည်။ နံနက်ဆည်းဆာချိန်ကာလဖြစ်၍ အိပ်တန်းထခါစ ကျေးငှက်အပေါင်းတို့၏ ခပ်လှမ်းလှမ်းတောစပ်ဆီက တွန်ကျူးသံများသည် စတင်ထွက်ပေါ်လာသလို၊ နှင်းငွေ့နှင့် မြူဝန်းများက သာယာသည့် ပုခါလဲ တောင်တန်းကြီးတစ်လျှောက်မှ ရှုခင်းများအဖို့ ဝေးမောအုံ့ညှိဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစေသော ထူးခြားသာယာလှသည့်ရှုခင်းကို ဖန်တီးနေစေတော့သည်။ အရှေ့ဘက် အမြင့်ဆုံးတောင်ထွတ်၏ အလယ်ဗဟိုဆီမှ အလင်းရောင် ရေးရေးဖွေးဖွေးကို စတင်ကာတွေ့ရှိနေရပေ၏။

တဘုံးဘုံးနှင့်ဆူပွက်နေသော ရွှံ့မီးတောင်ကြီးရှိရာသို့ တရွေ့ရွေ့ တက်ရောက်လာကြသည့် ခရီးသည်တစ်စုကို မှုန်မှုန်မွှားမွှား ညဉ့်ကာလဝယ် အမှတ်မထင် တွေ့မြင်လိုက်ပေ၏။ ရှေ့ဆုံးမှ လမ်းပြအမျိုးသမီးနှစ်ဦးနှင့် နာဂအမျိုးသားနှစ်ဦး၊ နောက်မှ နာဂရွှေစင်မင်းသမီးနှင့် အတွင်းရေးလူယုံတော်အမျိုးသမီးသုံးဦးနှင့် နာဂရွှေစင်မင်းသမီး၏ ကျွန်ယုံတော် သက်တော်စောင့်ဆယ်ဦးသည် လှံရှည်ကြီးများထမ်းလျက် တစ်လှမ်းချင်း နဂါးပွက်တောင်ကြီးပေါ်သို့ တက်ရောက်လာကြသည်။ သူတို့သည် တောင်ထိပ်သို့ရောက်ခါနီး၌ တပွက်ပွက်ဆူနေသော နဂါးပွက်တောင်ကြီး အရှေ့ဘက်ခြမ်း၌မူကား ဝါးရုံပင်ငယ်များ၊ ကြိမ်နွယ်ပင်များဖြစ်ပြီး တောတန်းတစ်တန်းကို တွေ့မြင်နိုင်သလို၊ နဂါးပွက်တောင်ကြီးတစ်ဝိုက်၌ ကြီးမားသောကျောက်တုံးများ၊ ရွှံ့လုံးများဖြင့် ဖြန့်ကျဲနေတော့သည်။ နွားမတန်းရေဖြင့် ပြုလုပ်ထားသည့် ခြေညှပ်ကြိုးသိုင်း ဖိနပ်ပါးကလေးကိုစီးလျက် ဣန္ဒြေရရခြေလှမ်းကလေးများဖြင့် ခပ်ထူထူသိုးမွေးဖြူ ဝတ်ဆင်ထားသည့် နာဂရွှေစင်မင်းသမီးကလေး၏ ဟန်အမူအရာမှာ အဝေးကပင် ချစ်စဖွယ်ကိုယ်ဟန်သဏ္ဌာန်၏လှုပ်ရှားမှုများကို တွေ့မြင်နိုင်ခဲ့ပေ၏။

သူမ၏ရှည်လျားသောဆံပင်များသည် နှင်းမှုန်ထဲ၌ လွင့်ပါးပျံ့ဝဲနေသလို၊ သူမ၏ဖြူဆွတ်သော ဆင်စွယ်ရောင်မျက်နှာကလေးကလည်း တရိပ်ရိပ်ပေါ်ထွက်လာသည့် နေရောင်ခြည်တွင် အင်မတန်မှပင် ဝဏ္ဏာရှိပါပေ၏။ ဖြူဆွတ်သောမျက်နှာပြင်အထက်မှ ပန်းနုရောင်ပြေးနေသော ပါးပြင်နုနုကလေးတွေကလည်း အထင်းသားတွေ့နေရပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ညာဘက်လက်တွင်မှ နက်မှောင်သော တောင်ဝှေးတစ်ချောင်းကို တွေ့မြင်ရသလို၊ တောင်ဝှေး၏ထိပ်ပိုင်းတွင်လည်း လှပကြော့ရှင်းသော ယမင်းပျိုရုပ်ကလေးတစ်ရုပ်ကို ဆင်စွယ်ဖြင့်ထုလုပ်ကာ တန်ဆာဆင်ထားသည်ကို တွေ့မြင်ရပေ၏။ နာဂရွှေစင်မင်းသမီးနှင့်အဖွဲ့ဝင်များသည် နဂါးပွက်တောင်ထိပ်သို့ ချောမောစွာဆိုက်ရောက်ခဲ့သည့်ကာလတွင် ခေတ္တခဏ အမောအပန်းပြေစေရန် နာဂမင်းသမီးကလေးက အမိန့်ပေးလိုက်ပြီးနောက်၊ သူမအတွက် ရံရွေတော်များ အသင့်ယူဆောင်လာသည့် အဖျော်ယမကာတို့ကို ရံရွေတော်များက ဆက်သလိုက်ရာ မင်းသမီးကလေးသည် ပြုံးရွှင်စွာဖြင့် လက်ခံကာ စားသောက်လိုက်ရှာပါသည်။ ရယ်လားမောလားနှင့် ရံရွေတော်များနှင့် စုစုဝေးဝေး စကားပြောဆိုလိုက်ကြပြီး၊ သူမထိုင်နေရာ ကျောက်တုံးများပေါ်သို့ တောက်ပသော နေရောင်ခြည်များ စတင်ကာရောက်လာသည်ကို နာဂရွှေစင်မင်းသမီးကလေးက ကောင်းစွာသိရှိမှတ်သားလိုက်ပါသည်။

"ကိုင်း . . . တို့အချက်ပြဖို့အချိန်ရောက်ပြီမို့ မင်းတို့လူစုငြိမ်ငြိမ်သက်သက်နေထိုင်ကြ၊ လက်နက်ကိုင်လူတွေပေါ်လာရင်လဲ ဣန္ဒြေမပျက်စေနဲ့၊ ဘာမှကြောက်စရာမလိုဘူး၊ တို့မိတ်ဆွေတွေဖြစ်ကြတယ်"

နားလည်အောင်ကြိုတင်ပြောပြလိုက်ပြီး သူမ၏အင်္ကျီအတွင်း၌ ဝှက်ယူလာသည့် မှန်ကလေးကိုထုတ်ကာ အရှေ့စူးစူးဆီသို့ မှန်းဆ၍ တစ်ချက် မှန်နှင့်နေရောင်ဟတ်ကာ အချက်ပေးလိုက်သည်။ ဒုတိယအကြိမ် နာဂသူဇာဆီက အချက်ပေးသည့်အဆုံးတွင် တောင်ထိပ်မြင့်မြင့်ဆီကလည်း အလားတူမှန်ကြီးကြီးတစ်ချပ်နှင့် တလျှပ်လျှပ်ထိုး၍ ပြန်လှန်ကာ အချက်ပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နာဂရွှေမင်းသမီးကလေးသည် မှန်ကလေးကို ညာလက်မှ ကိုင်တွယ်မတ်တတ်ရပ်ကာ အရှေ့ဆီသို့ မျှော်၍ကြည့်နေရှာပါသည်။

နာဂမင်းသမီးကလေးတို့အဖွဲ့ စုဝေး၍ရပ်နေရာ၏ ရှေ့ကိုက်နှစ်ရာခန့်အကွာရှိ ချုံပုတ်နှင့် ဝါးပင်များသည် ဆိတ်ငြိမ်စွာရှိနေရာမှ တစ်ခဏအတွင်း တစ်နေရာမှ လှုပ်ရှားလာပြီး ယောကျ်ားတစ်ဦး၏ သဏ္ဌာန်ကို တဖြည်းဖြည်းချင်း တွေ့မြင်လိုက်ရပေ၏။

ထိုသူသည် သက္ကလတ်ဦးထုပ် အစိမ်းရင့်ရောင်ကို ဆောင်းထားကာ၊ စပို့ရှပ်အပြာရင့်ရောင်နှင့် အစိမ်းရင့်ရောင် ခေါ်လိုက်ဘောင်းဘီရှည်ကို ဝတ်ထားပြီး ညာဘက်ပခုံးတွင် မဂ္ဂဇင်းရိုင်ဖယ်တစ်လက်ကို လွယ်ကြိုးနှင့်လွယ်သိုင်းထားသည့် အရပ်မြင့်မြင့်၊ ကြီးမားသော ကာယဗလပိုင်ရှင် ယောကျ်ားပီသသောသူတစ်ဦး၏သဏ္ဌာန်ကို နာဂသူဇာနှင့်အဖွဲ့က စတင်ကာမြင်တွေ့လိုက်ရပေ၏။

## အလှချင်းဆိုင် သဒ္ဒါလှိုင်ခဲ့

နာဂသူဇာ သခင်မကလေးသည် သူမ၏တစ်သက်တာတွင် မမြင်ဘူး၊ မတွေ့ဘူးခဲ့သော မ,သတ္တဝါတို့ကား မြင်လျှင်မြင်ချင်း နှစ်သက်ပီတိ မေတ္တာရှိစေသည်။ လူချောဂုဏ်လှကြီး ဗိုလ်ဖေအောင်၏ခပ်ပြုံးပြုံးမျက်နှာကို မှင်သက်မိကာ ငေးစိုက်လျက် ပင့်သက်ပင်မရှူနိုင်စတမ်း ငေးစိုက်၍ကြည့်နေရှာမိသည်။ ဣန္ဒြေရလောက်သော ခြေလှမ်းများဖြင့် တစ်လှမ်းချင်းပင် ဗိုလ်ဖေအောင်သည် နာဂသူဇာဆီသို့ တက်လှမ်း၍ လာနေပါတော့သည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် နာဂသူဇာသခင်မ၏သက်တော်စောင့် လှံရှည်ကိုင် နာဂစစ်သားရှစ်ဦးသည် အံ့အားသင့်နေရာမှ ချက်ချင်းသတိရကာ လှံရှည်ကြီးများ ကိုင်မြှောက်ကာ ဗိုလ်ဖေအောင်ဆီသို့ တိုက်ခိုက်ရန် တစ်ဟုန်တည်း ရှေ့သို့အတက်လိုက်တွင် . . .

"ရပ်လိုက်ကြ . . . မောင်မင်းတို့၊ ငါတို့ရန်သူမဟုတ်ဘူး၊ ငါတို့မိတ်ဆွေသစ်ဖြစ်တယ်"

နာဂသူဇာသခင်မ၏ ရှင်းလင်းပြတ်သားလှသော အမိန့်သံကလေးသည် တစ်မုဟုတ်ချင်း ထွက်ပေါ်လာသည်ကြောင့် ခြေလှမ်းပြင်လိုက်ကြသည်။ နာဂလှံကိုင်နှစ်ဦးသည် တန့်ခနဲရပ်သွားပြီး အလွန်အမင်း အံ့အားသင့်စွာဖြင့် ရဲတင်းလှသလောက် ခြေလှမ်းအနည်းငယ်မျှပင် မပျက်တမ်း သူတို့၏သခင်မကလေးဆီသို့ တက်လာသည့် ဗိုလ်ဖေအောင်ကို ကြောက်ရွံ့လေးစားသောမျက်လုံးကြီးများဖြင့် လှမ်း၍ကြည့်နေမိကြသည်။

"ကျေးဇူးတင်ပါတယ် သခင်မလေး"

နာဂဘာသာဖြင့် ဗိုလ်ဖေအောင်က သူ၏ဦးထုပ်ကို အသာချွတ်၍ ဦးခေါင်းကို အနည်းငယ် ရှေ့သို့ငုံ့ကာ လေးလေးစားစား နာဂဘာသာဖြင့် နှုတ်ဆက်လိုက်ရာ နာဂသူဇာသခင်မကလေးသည် ရွှေရင်ထဲ၌ တစ်ခဲနက် အေးမြရွှင်လန်းသွားရှာသလို၊ အနည်းငယ် တုန်ယင်နေသော စိတ်လှုပ်ရှားမှုအသံကလေးဖြင့် . . .

"ကျန်းခံ့သာလို့ မာတော်မူပါရဲ့လား၊ ထင်ရှားကျော်ကြားတဲ့ခေါင်းဆောင်ကြီး"

နာဂဘာသာဖြင့် ရည်မွန်စွာ ပြန်၍နှုတ်ဆက်လိုက်ပြီး သူမနှင့် မျက်နှာချင်းဆိုင် လေးလှမ်းကွာသို့ ဆိုက်ရောက်လာသော ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဖေအောင်၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ရှုလော့လာလိုက်ရှာပါသည်။

ချစ်စရာကောင်းလှသော အရပ်အမောင်း၊ လှပဖွံ့ဖြိုးလှသည့် ကိုယ်လုံးပိုင်ရှင်၊ ဖြူဆွတ်သော အသားအရေပေါ်တွင် ဆွတ်ဆွတ်ဖြူသည့် ခြုံလွှာကို ခြုံလွှမ်းတန်ဆာဆင်ထားအပ်သည့် နာဂသူဇာ သခင်မကလေး၏ တင့်ရွှန်းကျက်သရေဖြာနေသည့် မျက်နှာကလေးကို ဗိုလ်ဖေအောင်သည် တစ်ချက်စိုက်၍ ခပ်ပြုံးပြုံးကြည့်ရှုလိုက်သည့်တစ်ခဏ၌ နာဂသူဇာ၏ ကိုယ်လုံးကလေးဆီမှ နံ့သာဆီအနံ့ကလေးများ၊ ကတိုးအနံ့များသည် တဖျတ်ဖျတ်လေပြည်ဝယ် ကြိုင်လျှမ်းကာ လှပတင့်တယ်ကာ၊ တောတောင်သာယာခြင်းနှင့် ယှဉ်ပြိုင်ကြည်နူးစေနေပါသည်။

"သခင်မကလေးရဲ့ ပို့သသောမေတ္တာစေတနာကြောင့် ကျွန်တော်နဲ့ ရဲဘော်အားလုံး ကျန်းမာပကတိ ချမ်းသာစွာရှိသလို၊ ဘေးဥပဒ်အန္တရာယ်အပေါင်းက အေးချမ်းသာယာစွာရှိနေပါကြောင်း"

ဗိုလ်ဖေအောင်သည် တစ်လုံးချင်း တည်ငြိမ်လှသော အသံကြီးဖြင့် ပြန်၍ပြောကြားနှုတ်ဆက်လိုက်သည်နှင့် နာဂမင်းသမီးသည် ဗိုလ်ဖေအောင်ရှိရာသို့ ဦးခေါင်းကလေးညွတ်ကာ သူမ၏ညာဘက်လက်ကလေးကို ဆန့်တန်း၍ သူမ၏ညာဘက်အမြင့်ရှိ ကျားရေတစ်ချပ်ခင်းကျင်းထားသည့် ကျောက်တုံးခုတင်တစ်နေရာကို နေရာယူရန် တောင်းပန်လိုက်ရှာပါသည်။

ဗိုလ်ဖေအောင်သည် အနည်းငယ် ပတ်ဝန်းကျင်ကို လှော့လာလိုက်ပြီး သူ၏မောင်းပြန် . ၃၀-၀၆ ရိုင်ဖယ်ကို ပခုံးမှဖြုတ်၍ သူ၏ညာဘက်လက်နှင့် တယုတယပွေ့လိုက်ကာ ကြီးမားသော သားရေချပ်ကြီးပေါ်တွင် တက်ရောက်၍နေရာယူလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လဲ သူရသတ္တိရှိသလို ယောက်ျားပီသပါပေတယ် ခေါင်းဆောင်ကြီး၊ အန္တရာယ်များပြားလှတဲ့ ဇာလာဟီးရဲ့ရန်သူနယ်မြေမှာ ခေါင်းဆောင်ကြီးတစ်ယောက်တည်း ဝင်ရောက်လာခဲ့ခြင်းဟာ သူရသတ္တိအရင်းခံပေမယ့် စစ်ရေးစစ်ရာအရ တစ်ယောက်နဲ့တစ်ရာဆိုသလို၊ သတ္တိအားကိုးမှုအရင်းခံပြီး မှားများမနေဘူးလား သိပါရစေ ခေါင်းဆောင်ကြီးရယ်"

အကဲစမ်းသပ်ပုံဖြင့် နာဂသူဇာကလေးက ပြုံးရွှင်သောမျက်နှာကလေးဖြင့် မေးမြန်းလိုက်ပြီး လတ်ဆတ်သောနွားနို့တစ်ဖန်ခွက်ကို သူမ၏လက်နှစ်ဘက်ဖြင့် ရိုသေလေးစားစွာ တိုက်ကျွေးလိုက်ရာ ဗိုလ်ဖေအောင်သည် ခေါင်းမော့လိုက်ကာ အားရပါးရ ပြုံးရယ်လိုက်ရင်း နာဂမင်းသမီးကလေး၏ ဖြူဖွေးသန့်ရှင်းသော နွားနို့ဖန်ခွက်ကို လက်ခံယူငင်လိုက်ပြီး . . .

"သခင်မလေးရဲ့မေတ္တာနဲ့ သစ္စာကို ယုံကြည်မှုအရင်းခံပြီး စွန့်စားလာခဲ့တယ်ဆိုရင်လဲ မမှားပါဘူးလေ၊ ဒါပေမယ်လို့ အန္တရာယ်များပြားလှတဲ့ ဇာလာဟီးရဲ့နယ်မြေမှာ ကျွန်တော်ဟာ အမိုက်ခံပြီး မစဉ်းစားမသတ်မှတ်စတမ်း တစ်ယောက်တည်းလာခဲ့ခြင်းမဟုတ်ပါ၊ ကျွန်တော့်ရဲ့စကားကို မှန် မမှန်ကို ခုချက်ချင်း သက်သေပြပါ့မယ်၊ သခင်မလေး . . . ရွှေစိတ်တော်ကင်းရှင်းစွာထားပါ"

ဗိုလ်ဖေအောင်က ပြောကြားလိုက်ပြီး လက်ခုပ်သုံးချက်တီး၍ အချက်ပေးလိုက်သည့်တစ်ခဏ၌ ဗိုလ်ဖေအောင် တစ်လှမ်းချင်းတက်လာခဲ့သည့် တောင်တန်းနှင့် ကျောက်တုံးကျောက်ဆစ်များနောက်ကွယ် ရိပ်ခနဲ မည်းခနဲ တစ်ပြိုင်နက်တည်းလိုလိုပင် မောင်းပြန်လက်နက်ကိုယ်စီ ကိုင်ဆွဲလာကြသည့် ဗိုလ်ဖေအောင်၏လူများ၊ မြန်မာ့တပ်မတော်သားများ၏ ကျားကျားလျားလျားသဏ္ဌာန်များစွာကို နာဂသူဇာသခင်မ



www.burmeseclassic.com

www.burmeseclassic.com



တလေးနှင့် ရုံရွှေဘော်များ၊ သက်တော်စောင့်များ စတင်ကာတွေ့ရှိလိုက်ရပေ၏။ တောင်တန်းတစ်လျှောက်လုံး၌ ခပ်တင်းတင်းမျက်နှာအမူအရာများဖြင့် ရိုင်ဖယ်၊ ဘရင်း၊ စတင်း၊ ကာဘိုင်သေနတ်များ ဆွဲကိုင်လာသည့် ဦးရေ ငါးရာကျော်ရှိနိုင်သည့် ဗိုလ်ဖေအောင်၏ရဲဘော်များကို နာဂသခင်မကလေးက လှမ်း၍ တမျှော်တခေါ်ကြီး ကြည့်လိုက်ပြီးနောက် ခေါင်းတစ်ချက်ညိတ်ကာ . . .

"ကျေနပ်ပါပြီ ခေါင်းဆောင်ကြီး . . . တကယ်သတိဝီရိယနဲ့ ပြည့်စုံပါပေတယ်၊ သခင်မကလေးရဲ့ရုံရွှေတော်တွေ ကြောက်စိတ်တွေ မကြီးထွားလေရအောင် ခေါင်းဆောင်ကြီးရဲ့ ရဲဘော်တွေကို မူလအတိုင်း အေးဆေးစွာ နေရာပြန်ယူခိုင်းပါ၊ တောင်းပန်ပါရစေ"

ခပ်သွက်သွက်ကလေး တောင်းပန်လိုက်သည်တွင် ဗိုလ်ဖေအောင်သည် လက်ခုပ်တစ်ချက် ခပ်ပြင်းပြင်းတီး၍ အချက်ပေးလိုက်သည့်တစ်ခဏ၌ သူ၏ရဲဘော်များသည် တစ်မုဟုတ်ချင်း မူလနေရာများတွင် စက္ကန့်ပိုင်းအတွင်း၌ ကွယ်ပျောက်သွားပြန်တော့သည်။

ဗိုလ်ဖေအောင်သည် နာဂသူဇာ၏မျက်နှာကလေးကို လှမ်း၍ ကြည့်လိုက်ပြီး . . .

"လုပ်ငန်းစကား စပြီးဆွေးနွေးကြပါစို့ . . . သခင်မကလေး ကျွန်တော်တို့မြန်မာပြည်ဘက်ကလာတဲ့လူတွေ လွတ်မြောက်ရေးအတွက် သခင်မကလေးက ကျေးဇူးပြုပြီး လွတ်မြောက်မှုလုပ်ငန်းစဉ်ကို လမ်းပြခရီးညွှန်ပါ"

စတင်ကာဖမ်းဆီးသွားခြင်းခံရသူများ၏ လွတ်မြောက်ရေးကို စတင်ကာဆွေးနွေးလိုက်သည်တွင် နာဂသခင်မကလေးသည် အနည်းငယ် စဉ်းစားလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအရေးကိစ္စကို ခေါင်းဆောင်ကြီးနဲ့တိုင်ပင်ဖို့ ဒီလို အန္တရာယ်များပြားလှတဲ့နေရာကို တမင်တကာ အရေးတကြီး ဖိတ်ခေါ်ခြင်း ဖြစ်ပါတယ် ခေါင်းဆောင်ကြီး၊ သခင်မရဲ့ဖခင်ဖြစ်တဲ့ ဇာလာဟီး ဟာ သခင်မကို မကြာခဏလာပြီး ဖမ်းထားတဲ့လူတွေအနက် အချို့ကို ဒီနေရာမှ နာဂနတ်ကြီးကို ယစ်ပူဇော်ဖို့ အချိန်အခါပေးဖို့ တောင်းဆိုနေပါတယ်၊ သခင်မအနေနဲ့ ဖမ်းထားတဲ့လူတွေကို ဖခင် ဇာလာဟီးက ဘယ်နေရာမှာ ချုပ်နှောင်ထားတယ်ဆိုတာ သတင်းအတိအကျ မသိရတော့ ခေါင်းဆောင်ကြီးကို ကူညီယူဖို့ ခက်နေပါတယ်"

ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်သည် ချက်ချင်းပင် . . .

"ကျွန်တော့်အစီအစဉ်ကို တင်ပြပါရစေ၊ ယစ်ပူဇော်တဲ့အခါမှာ ဖမ်းထားတဲ့လူတွေအားလုံးကို ဒီနေရာကို တပါတည်းခေါ်ဆောင်ခဲ့ဖို့ သခင်မကလေး စီစဉ်ပါ၊ ယစ်ပူဇော်မယ့်နေ့ရက်ကို သခင်မကလေးနဲ့ ကျွန်တော် တိုင်ပင်ပြီး အတိအကျ ရက်တစ်ရက်ကို သတ်မှတ်လိုက်ကြရအောင်၊ သခင်မကလေးအနေနဲ့ သတ်မှတ်တဲ့နေ့နဲ့ ဟောဒီနေရာကို ယစ်ပူဇော်ပွဲ မဖြစ်ဖြစ်အောင်ဘဲ တာဝန်ယူစီစဉ်ပါ၊ ဇာလာဟီးကို မရရအောင် တိုက်တွန်းပေးပါ"

မှာကြားလိုက်ရာ နာဂမင်းသမီးသည် ညင်သာစွာ ခေါင်းညိတ်ဝန်ခံလိုက်ပြီး၊ ယစ်ပူဇော်မည့်ရက်ပိုင်းကို သေချာစွာပြောကြားလိုက်သည်။

ဗိုလ်ဖေအောင်သည် နွားနို့ကို အနည်းငယ်သောက်ချလိုက်ပြီးနောက် . . .

"ဘယ့်နှယ့်လဲ သခင်မကလေး၊ ဖခင်အရင်းဖြစ်တဲ့ ဇာလာဟီးကို ရက်ရက်စက်စက်ဖြစ်စေတဲ့အလုပ်ကို သခင်မကလေး ပြုလုပ်ရလို့ စိတ်ထဲမှာ သံသယကင်းရှင်းရဲ့လား"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စတင်ကာအကဲစမ်းသည့်မေးခွန်းကို မေးမြန်းလိုက်ရာ . . .

"မေးတာကို မလွဲမရှောင်သာစတမ်း ဖြေကြားလိုက်တော့မယ်၊ ဇာလာဟီးသည် သခင်မ၏မွေးသဖခင် အရင်းမဟုတ်ပါ၊ သခင်မ၏ မွေးဖခင်ရင်းကို ဇာလာဟီးသည် ပုန်ကန်သစ္စာဖောက်ပြီး သတ်ဖြတ်ကာ သခင်မ၏မိခင်ကြီးကို အတင်းသိမ်းပိုက်ခဲ့သောသူတစ်ဦးသာ ဖြစ်ပါတယ်၊ ဒီကိစ္စကို သခင်မ၏ကျေးဇူးရှင် မိခင်ကြီးမှတစ်ပါး အခြားပုဂ္ဂိုလ်များ တစ်ယောက်တလေမှ သိကြမည်မဟုတ်ပါ၊ သခင်မကလေး၏ဖခင်သည် အင်မတန်ထင်ရှားသလောက်၊ အိန္ဒိယနှင့် မြန်မာအစိုးရတို့၏ ဂုဏ်ယူအသိအမှတ်ပြုထားခြင်းခံရသော ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်များစွာ ရရှိခဲ့တဲ့ နာဂခေါင်းဆောင်အကြီးဆုံး ဖြစ်လာတယ်၊ ဇာလာဟီးသည် သခင်မကလေး၏ဖခင် သက်တော်စောင့်တစ်ဦးသာ ဖြစ်ခဲ့သလို၊ သခင်မ တလေးနှင့် ဖခင်၏ကျေးဇူးသစ္စာကို မစောင့်သည့် လောဘရမ္မက် သဘောနဲ့ ပုန်ကန်လုပ်ကြံခဲ့သော သစ္စာဖောက်တစ်ဦး ဖြစ်ခဲ့သလို၊ အေးချမ်းစွာနေထိုင်လိုကြတဲ့ နာဂလူထုရဲ့ အကြီးဆုံးရန်သူကြီးတစ်ယောက်လဲ ဖြစ်ခဲ့ပါတယ်"

"ဒီအရေးကိစ္စကို အစစ်အမှန်သိရှိပြီး၊ နာဂတိုင်းရင်းသားတွေနဲ့ မြန်မာလူမျိုးအားလုံး ထာဝစဉ် မိတ်ဆွေဖြစ်ရေးကို ရှေးရှုပြီး သခင်မက ခေါင်းဆောင်ကြီးကို ကြိုတင်ဆွေးနွေးလိုသဖြင့် ယခုကဲ့သို့ သို့ဝှက်သောနေရာတွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်၊ သခင်မ အနေနဲ့ ခေါင်းဆောင်ကြီးဟာ အမှန်တရားနဲ့ သစ္စာကိစ္စမှန်သမျှကို ဆိုင်းမတွ ကူညီနေသော ကောင်းမြတ်သော မင်္ဂလာသတင်းစကားကို ကြားသိရသည့်အတွက် မေတ္တာရပ်ခံခြင်းသာ ဖြစ်ပါတယ်၊ သခင်မရဲ့ အစ်သက်လုံး ကြိုတင်ချက်ကို ခေါင်းဆောင်ကြီး၏လက်ဝယ်အပ်ပြီး၊ အစ်ဦးနှင့် ယုံကြည်မှု ကတိသစ္စာကို လဲလှယ်ယူပါရစေ"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် သူမ၏ အနှစ်နှစ်အလလက ကြံစည်ချက်ကို ဖွင့်ဟပြောကြားလိုက်သည်တွင် ဗိုလ်ဖေအောင်သည် အနည်းငယ် စဉ်းစားလိုက်ပြီး . . .

"ကျွန်တော်တို့ရဲဘော်ရဲဘက်တွေကို သခင်မကလေးအား ယုံကြည်သလို၊ ကျွန်တော်တို့အနေနဲ့ သခင်မကလေးရဲ့ဆန္ဒကို ပြည့်ဝ အောင်မြင်ရေးအတွက် အစွမ်းကုန်ကူညီကြိုးစားပါ့မယ်၊ ကျွန်တော် ရဲရင့်စွာ ကတိသစ္စာပြုပါတယ်"

ရဲရဲတင်းတင်းပင် အာမခံချက်ကို ပေးအပ်လိုက်ရှာပါသည်၊ နာဂသူဇာသည် ဗိုလ်ဖေအောင်အား သူမ၏လည်ပင်းမှ ဖြုတ်ဖွေးလှပ သော ပုလဲပုတီးကုံးတစ်ကုံးကို လက်ကလေးနှစ်ဘက်ဖြင့် တယုတယ ဖြုတ်ယူလိုက်ပြီး၊ ဗိုလ်ဖေအောင်၏လည်ပင်းသို့ သူမကိုယ်တိုင် ဆွဲ၍ ချည်နှောင်ပေးလိုက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး သစ္စာကတိထား၍ သူ၏ အောင်မြင်ကြောင်း သက်သေတည်လိုက်ရှာပါသည်။

ဗိုလ်ဖေအောင်သည် နာဂမင်းသမီးကလေးကို လေးစားစွာဖြင့် သူ၏ဘောင်းဘီအိတ်ထဲမှ ပစ္စည်းတစ်ခုကို ပေးအပ်လိုက်ပြန်ပါသည်၊ ထိုပစ္စည်းမှာ . ၂၅ ဗို့ ပစ်စတိုသေနတ်ကလေးပင် ဖြစ်ပါသည်။

"သခင်မကလေး တကယ်အရေးရှိတဲ့အခါမှာ ကာကွယ်အသုံး ပြုနိုင်ဖို့ ဒီလက်နက်ကို လျှို့ဝှက်စွာကိုင်ဆောင်ပါ၊ ကျည်ဆန်အစိတ်ပါ ပေးလိုက်ပါတယ်၊ တကယ်လို့ သခင်မလေးရဲ့ရှေ့ရေးကို စိတ်မချရခဲ့ရင် တစ်ခါတည်း ကျွန်တော်တို့လူစုနဲ့ မြန်မာပြည်ကို လိုက်ခဲ့ပါ၊ ဇာလာဟီး ဖမ်းဆီးထားတဲ့ ကျွန်တော်တို့လူစုကို နောက်က ထပ်ပြီးလိုက်လာကြတဲ့ မြန်မာ့စစ်တပ်ကြီးနဲ့ စစ်ကြောင်းကြီးတွေ ဖြန့်တက်ပြီး ဇာလာဟီး တပ်တွေကို မျိုးပြုတ်အောင်တိုက်ခိုက်ပြီး ကျွန်တော်တို့လူတွေကို ကယ်တင်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် မြန်မာနယ်မြေသို့ သူတို့ရဲဘော်များနှင့် တပ်ဘည်း လိုက်ခဲ့စေရန် ဖိတ်ခေါ်လိုက်ရာ နာဂသူဇာသည် ခေါင်းကလေးကို ခါယမ်းလိုက်ရင်း . . .

"မဖြစ်သေးဘူး ခေါင်းဆောင်ကြီး၊ သခင်မတို့နယ်မြေထဲမှာ ကယ်တင်ရမယ့် တကယ့်အရေးကြီးတဲ့လူတွေ ကျန်နေပါသေးတယ်၊ သခင်မရဲ့မယ်တော်နဲ့ နောက်လိုက်နောက်ပါတွေအတွက် စိုးရိမ်ရသလို မြန်မာပြည်ဘက်က ဖမ်းဆီးလာတဲ့ အမျိုးသမီးတွေကိုလဲ ကယ်တင်ဖို့ သိပ်အရေးကြီးပါတယ်"

အကြောင်းခိုင်လုံစွာ ဖြေရှင်းပြောပြလိုက်ရာ ဗိုလ်ဖေအောင် သည် . . .

"ကျွန်တော်တို့ အသက်စွန့်ပြီး နာဂ-မြန်မာ ချစ်ကြည်ရေး အတွက် ချီတက်လာတဲ့ ခေါင်းဆောင်များကို သခင်မကလေးနဲ့ မိတ်ဆွဲ ပေးပါရစေ"

ခွင့်တောင်းလိုက်ပြီးနောက် သူ၏ဦးထုပ်ကို ဦးခေါင်းမှချွတ် ကာ အထက်သို့ ဝှေ့ယမ်းပြသလိုက်သည့်တစ်ခဏ၌ ဗိုလ်မှူးမင်းခင်၊ ဒူးဝါးဇော်လ၊ မြမြဝင်း၊ ခွန်ဆလန်း အစရှိသည့် တာဝန်ခံများက ဗိုလ် ဖေအောင်တို့ ဆွေးနွေးရာသို့ တက်ရောက်လာပါသည်။

ဗိုလ်ဖေအောင်သည် သူ၏ဘက်မှ တာဝန်ခံများ၏ အမည်၊ ရာထူးအဆင့်အတန်းနှင့် ပညာအဆင့်အတန်းများကို ဖော်ပြ၍ နာဂ သူဇာနှင့် တစ်ဦးချင်းစီ မိတ်ဆက်ပေးလိုက်လေသည်။

မြမြဝင်းအလှည့်သို့ မိတ်ဆက်ရန်အလှည့် ဆိုက်ရောက်သော အခါ နာဂသူဇာသည် ဗိုလ်ဖေအောင်တို့အဖွဲ့အစည်းထဲ၌ ထူးထူး ခြားခြား အမျိုးသမီးတစ်ဦး ပါရှိလာရုံမက မြမြဝင်း၏ လှပကြော့ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာနှင့် ကိုယ်လုံးကိုယ်ထည်ကို တွေ့မြင်ရသည်ကြောင့် အလွန်အမင်း အံ့အားသင့်သွားပါတော့သည်။

"ဟောဒါက မြမြဝင်း၊ ဘီအက်စီ-ဂုဏ်ထူး၊ ကျွန်တော်တို့အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ် သခင်မကလေး"

ဗိုလ်ဖေအောင်က မိတ်ဆက်ပေးလိုက်ရာ မြမြဝင်း၏ညာဘက်လက်ကို နာဂသူဇာက လှမ်း၍ လေးလေးစားစားဆွဲယူကာ အနောက်နိုင်ငံဘာသာဖြင့် နှုတ်ဆက်လိုက်ပြီး . . .

"ထူးခြားတဲ့သတ္တိပိုင်ရှင် မြန်မာအမျိုးသမီးတစ်ဦးကို ခုလို အန္တရာယ်ထူပြောတဲ့နယ်မြေမှာ တွေ့ဆုံမိတ်ဆက်ခွင့်ရတဲ့အတွက် အင်မတန် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်၊ သခင်မကလေးကိုယ်တိုင် ငယ်စဉ်က ဒါဂျီလင်မြို့မှာ ခေတ်ပညာ ကိုးတန်းအထိ သင်ကြားခဲ့ရတာမို့ နိုင်ငံကြီးငယ်တို့ရဲ့ယဉ်ကျေးမှုကို နားလည်သဘောပေါက်ခဲ့ပါတယ်"

စသည်ဖြင့် ရင်းရင်းနှီးနှီးပြောကြားလိုက်ပြီး . . .

"ခေါင်းဆောင်ကြီးနဲ့ ဒီကအမျိုးသမီး ဘယ်လိုတော်စပ်ပါသလဲ"

ကြားဖြတ်မေးခွန်းကိုမေးလိုက်ရာ ဗိုလ်ဖေအောင်က . . .

"မြမြဝင်းနဲ့ ကျွန်တော် ဘယ်လိုမှမတော်စပ်ပါဘူး၊ ဒါပေမယ့် အသက်ပေးပြီး ခင်မင်ရင်းနှီးတဲ့ ရဲဘော်ရဲဘက်တစ်ဦးအဖြစ်နဲ့ ဆက်ဆံကြပါတယ်"

ဖြေကြားလိုက်ရာ နာဂသူဇာသခင်မကလေး၏မျက်နှာ၌ ထက်သန်သောဆန္ဒတစ်ခု ပေါ်ထွက်လာလေတော့၏။ ထိုဆန္ဒမှာ သူမကိုယ်တိုင် မြမြဝင်းကဲ့သို့ နာမည်ကြီးလှသော ဗိုလ်ဖေအောင်၏အနီး၌ မနုဿသတ္တဝါများ၏ကောင်းကျိုးအတွက် တရားမျှတမှုအတွက်၊ တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



သားများ ချစ်ကြည်ရေးကို ကြိုးစားဆောင်ရွက်ရင်း စွန့်စားခန်းအမျိုးမျိုးကို ပခုံးချင်းယှဉ်၍ ယှဉ်တွဲရေးဆန္ဒများပင် ဖြစ်ပါသည်။ သို့ရာတွင် ယခုလောလောဆယ် သူမ၏မလွတ်လပ်သောအခြေအနေကို စဉ်းစားမိသည့်အတွက် တစ်ချက်ပင့်သက်ကလေးဖြာလိုက်ပြီး . . .

"တစ်နေ့မှာ ခေါင်းဆောင်ကြီးနဲ့အတူ သခင်မကလေးလဲ ဟောဒီက သတ္တိပြောင်မြောက်တဲ့အမျိုးသမီးလို လုပ်ဆောင်စွန့်စားဖို့ ဆန္ဒတွေ ပေါ်နေပါတယ်"

ပြောကြားလိုက်ရာ ဗိုလ်ဖေအောင်သည် ကျေနပ်စွာခေါင်းညိတ်လိုက်ပြီး . . .

"စိတ်ချပါ သခင်မ၊ မကြာခင်ကာလမှာ ကျွန်တော်တို့ရဲဘော်တစ်စုနဲ့ ပခုံးချင်းယှဉ်တွဲပြီး စွန့်စားခန်းတွေ လုပ်နိုင်ပါလိမ့်မယ်၊ ကျွန်တော်လဲ ဒီလိုအဓိဋ္ဌာန်အောင်မြင်ရေးအတွက် မဖြစ်မနေ ကြိုးစားလုပ်ဆောင်ပါမယ်၊ ကတိသစ္စာပြုပါတယ်"

ရဲဝံ့စွာပြောကြားလိုက်သည်။

လှပကြော့ရှင်းသော သက်တူရွယ်တူ အမျိုးသမီးနှစ်ဦး၏ အလှအပများသည် အပြိုင်အဆိုင် ဝင့်ကြွားနေသည့်ပမာ တောင်တန်းတစ်ခွင်ဝယ် တင့်တယ်ဂုဏ်ပွင့်နေသည်တို့ပင်။ ဗိုလ်ဖေအောင်၊ ဗိုလ်မင်းဒင်၊ ဒူးဝါးဇော်လတို့မှစ၍ ရဲဘက်အားလုံးသည် နာဂသခင်မကလေးနှင့် မြမြဝင်းတို့နှစ်ယောက်၏ အပြုံးချင်းဖလှယ်နေကြပုံ၊ ညီမျှသော အရပ်အမောင်း၊ ဖွံ့ဖြိုးသောကိုယ်လုံးကိုယ်ပေါက်၊ ယဉ်စစအမူအရာများကို ဘေးက အကဲခတ်ကာ နှစ်သိမ့်ကြည်နူးနေမိကြလေသည်။

ဗိုလ်ဖေအောင်သည် နာဂသခင်မကလေးအား . ၂၅ ဗို့ ဝစ်စတိုကလေးကို မည်သို့မည်ပုံ မောင်းတင်ပုံ၊ ကျည်ဆန်ထုတ်ပုံ၊ မောင်းခိတ်ပုံများကို တတ်မြောက်သည်အထိ ပြသသင်ကြားပေးလိုက်ပြီးနောက်

www.burmeseclassic.com



သူ၏ရဲဘော်များကို နောက်ပိုင်းသို့ဆုတ်ခွာကြရမည့်အကြောင်းကို ကြေညာလိုက်သည်။

ဗိုလ်ဖေအောင်သည် နာဂရွှေမင်းသမီးကလေး၏ ညာဘက်လက်ကို ဆွဲယူကာ အားရပါးရနူတ်ဆက်လိုက်ပြီး ချိန်းရက်ကို မမေ့စေရန် မှာကြားလိုက်သည်တွင် နာဂမင်းသမီးကလေးသည် သူမ၏ပါးပြင်နုနုဖွေးဖွေးပေါ်၌ တလိမ့်လိမ့်စီးကျနေသည့် ပုလဲမျက်ရည်ဥကလေးများဖြင့် ဗိုလ်ဖေအောင်၏မျက်နှာကို ငေးစိုက်ကာ သက်ပြင်းချရင်း ကြည့်ရှုငေးမောကာနေပါတော့သည်။

ဗိုလ်ဖေအောင်တို့လူစုသည် တစ်လှမ်းချင်း မိမိတို့ရဲဘော်များရှိရာသို့ ဆုတ်ခွာခဲ့သလို၊ နာဂရွှေမင်းသမီးကလေးသည် သူမ၏ရံရွှေတော်များအလယ်မှာ မလှုပ်မယှက်တမ်း၊ ရွှေရုပ်အသွင်ဖြင့်ရပ်ကာ ဗိုလ်ဖေအောင်တို့လူစုကို တဖြည်းဖြည်းချင်း ဝေး၍သွားသည်အထိ မမှိတ်မသုန်သောမျက်လုံးကြီးများဖြင့် ကြည့်ရှုကျန်ရစ်ခဲ့ပါသည်။

"ခုတွေ့မြင်ခဲ့ရတဲ့ ကိစ္စအဝဝမှန်သမျှကို မင်းတို့အသက်နဲ့လဲလှယ်ပြီး စောင့်သိသစ္စာရှိကြရလိမ့်မယ်"

နာဂသူဇာက သူ၏ရံရွှေတော်များနှင့် သက်တော်စောင့်ရှစ်ဦးတို့ကို အမိန့်ပေးလိုက်ရာဝယ် . . .

နောက်ပါပရိသတ်အားလုံးလည်း နဖူးကို မြေသို့ ညွှတ်ချလိုက်ရင်း . . .

"သခင်မကလေးရဲ့အမိန့်အာဏာကို အသက်နဲ့လဲလှယ်ပြီး စောင့်သိပါမယ်၊ သစ္စာကတိပြုပါတယ်"

တစ်ခဲနက် ကတိဝန်ခံချက်များကို ပေးအပ်ဝန်ခံလိုက်ကြသည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နာဂသူဇာသခင်မကလေးသည် သူတို့နေထိုင်ရာ ပတ်ဝန်းကျင် တစ်ဝိုက်မှ ခြေရာခြေကြောင်းများနှင့် ဗိုလ်ဖေအောင်တို့၏ဖိနပ်ရာ အားလုံးကို သစ်ရွက်သစ်ကိုင်းကို အသုံးပြုစေကာ ခြေရာလက်ရာ အစဖျောက်လိုက်ကြပြီး၊ ဗိုလ်ဖေအောင်ပေးအပ်ခဲ့သည့် . ၂၅ ဗို့ ပစ်စတို နှင့် ကျည်ကတ်သုံးကတ်ကို သူမ၏အတွင်းအိတ်ကပ်အတွင်းသို့ ထည့် ထိုးလိုက်ပြီးနောက် စခန်းကြီးသို့ ပြန်လည်ဆုတ်ခွာကြရန် အမိန့်ပေး လိုက်ပါသည်။

တရွေ့ရွေ့ တလှုပ်လှုပ် ဣန္ဒြေရရခြေလှမ်းများဖြင့် ပြန်လာ ကြသည့် နာဂသူဇာတို့ပရိသတ်ကို ခြုံကွယ်တစ်ခုမှ ခိုကပ်ချောင်းမြောင်း ကြည့်ရှုနေသည့် နာဂနှစ်ဦးကို မည်သူမျှပင် ဂရုစိုက်မြင်တွေ့ကြဟန် မတူချေ။

ထိုနာဂနှစ်ဦးကား ဇာလာဟီး၏သားကြီးဖြစ်သူ ထနော်ဟီ၏ အတွင်းလူယုံနှစ်ဦးပင် ဖြစ်ပါသည်။ ထနော်ဟီသည် ဇာလာဟီး ကွယ် လွန်ခဲ့လျှင် ဇာလာဟီး၏ခေါင်းဆောင်မှု အရိုက်အရာကို ဆက်ခံစိုးအုပ် ရန် ရည်ရွယ်ထားသော နာဂရွှေမင်းသမီးကို တစ်ဖက်သတ်မုန်းတီး အပြစ်ရှာနေသော လက်နက်ကိုင်တပ်မှူးတစ်ဦး ဖြစ်ပါသည်။

သူလျှိုနှစ်ဦးသည် ခြုံကွယ်မှာနေ၍ နာဂရွှေမင်းသမီး၏ အသွားအလာမှန်သမျှကို ထောက်လှမ်းနေကြသူများ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## နေရောင်အထွက်မှ သေနတ်သံတစ်ချက်

ပူခါလေတောင်တန်းကြီး၏ ထီးထီးမားမား မင်းမူနေသော မြန်မာပြည်၏အနောက်ဘက်စွန်းဒေသ သို့မဟုတ် ဇာလာဟီးနာဂ ခေါင်းဆောင်ကြီးမင်းပြုရာ သောင်းကျန်းမှုနယ်မြေ . . .

စစ်မောင်းသံများနှင့် နာဂလူမျိုးတို့၏ရိုးရာ တုံးခေါင်းကြီးများ ခေါက်သံများက တစ်ခဲနက် ဆူညံစွာထွက်ပေါ်နေပါသည်။

ဇာလာဟီး၏ အားကိုးအားထားဖြစ်သော ကုလားဘုန်းကြီး ယောင်ဆောင်နေသော လူဆိုးဂိုဏ်းခေါင်းဆောင် ဟူစိန်ချုပ်တရီးသည် ဝမ်းမြောက်ဝမ်းသာလွန်း၍ စိမ်ရေနှင့် ဆန်အရက်ဖြူများကို တစ်ဖန်ခွက် ပြီး တစ်ဖန်ခွက် ထည့်ကာ၊ မနားတမ်းသောက်သုံးနေတော့၏။

"ကောင်းတယ် . . . ကောင်းတယ် . . . ဇာလာဟီး၊ သင်ဟာ ဒီနယ်မြေမှာရှိတဲ့ နာဂတိုင်းရင်းသားအားလုံးရဲ့ အသက်ဦးဆံပိုင်နှင့် ဘုရင်တစ်ဆူဖြစ်ပြီး၊ ဘာမှမှုစရာမရှိတဲ့ အိန္ဒိယအစိုးရနှင့် မြန်မာအစိုးရ တပ်တွေကို ရက်ပိုင်းအတွင်းမှာ မုချမလွဲမသွေ အောင်ပွဲကြီးခံယူရ တော့မယ်။

သင့်ရဲ့လှပကြော့ရှင်းတဲ့ နာဂရွှေစင်မင်းသမီးရဲ့ နာဂနေတ်ကြီး ကို လူသွေးနှင့် ယစ်ပူဇော်ခြင်း သဘောတူညီခွင့်ရရုံကပဲ မကြာခင် ပြည့်တော့မယ်၊ လပြည့်နေ့ နံနက်နေထွက်ချိန်ကို ယဇ်ပူဇော်ပွဲကြီး ကျင်းပဖို့ နေ့ရက်သတ်မှတ်လိုက်တဲ့အတွက် သင်နှင့် နာဂစစ်သားတွေ မုချအောင်မြင်ရတော့မယ်"

ခပ်တင်းတင်းလေသံဖြင့် ကြုံးဝါးကြွေးကြော်လိုက်သည်။

"မှန်ပါ့ . . . ဘုန်းတော်ကြီးအနေနဲ့ ယဇ်ပူဇော်ဖို့အတွက် အစီ အစဉ်တွေကို အသေးစိတ်စီစဉ်ဦးဆောင်တော်မူပါ၊ ယဇ်ပူဇော်ခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်က မိန်းမတွေနဲ့ ယောကျ်ားတွေကိုလဲ ဘုန်းတော်ကြီးရှေ့မှောက်မှာ လွှဲအပ်ပေးဆောင်ဖို့ အသင့်ရှိနေပါပြီ"

အာမဝန်ခံချက်ကို လျှောက်တင်လိုက်သည်။

"အေး . . . အေး . . . ငါ့ရှေ့မှောက်ကို ယဇ်ကောင်တွေကို အမြန်အပ်နှင်းဖို့ အရေးကြီးပြီ၊ နာဂနတ်ကြီး ပိုမိုကြိုက်နှစ်သက်ရအောင် ငါ ဂါထာမန္တန်တွေ မနားမနေရွတ်ဆိုပြီး ယဇ်ကောင်တွေရဲ့ဝိညာဉ်ကို သန့်ရှင်းအောင်ပြုလုပ်ရဦးမယ်"

ထပ်မံ၍ သူ့ရှေ့မှောက်သို့ ဖမ်းမိထားသည့် မြန်မာပြည်က ဒုက္ခသည်များကို အတွင်သာတောင်းဆိုလိုက်ပါတော့သည်။

ထိုနေ့ ညနေစောင်းအတွင်း ကြိုးတုပ်ကြီးများဖြင့် မြန်မာပြည်တွင်းမှ ဖမ်းဆီးခြင်းခံရသူများကို ဇာလာဟီးက အစောင့်အရှောက်များစွာခြံရံလျက် ဘုန်းတော်ကြီးဟူစိန်ရှေ့မှောက်သို့ ပို့အပ်လာတော့သည်။

ဇာလာဟီး၏တဲနန်းအစွန်တစ်နေရာတွင်မူကား ဆန်အရက်ဖြူများနှင့် သောက်စားနေသည့် ဇာလာဟီး၏ညာလက်ရုံး သားကြီးထနော်ဟီသည် နောက်ပါတပည့်ကျော်များနှင့် သောက်စားမူးယစ်နေခိုက် ဖြစ်ပါသည်။

ထိုအခိုက်တွင် ထနော်ဟီ လျှို့ဝှက်စေလွှတ်ထားခဲ့သည့် သူလျှိုနှစ်ဦးက ရေးကြီးသုတ်ပျာနှင့် ဝင်ရောက်လာပြီး၊ ထနော်ဟီအနီးသို့ ချဉ်းကပ်ကာ အရေးကြီးသောသတင်းများကို လျှောက်ထားလိုက်လေသည်။

ဤတွင် ထနော်ဟီသည် ချက်ချင်းပင် သူ၏လက်သုံးတော်စစ်သားတစ်စုကို အရေးတကြီးခေါ်ယူကာ သူလျှိုနှစ်ဦးနောက်သို့ တစ်စုံတစ်ရာ လုပ်ဆောင်စေရန် အမိန့်ပေးအပ် စေခိုင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်အချိန်မတိုင်မီ ထနော်ဟီ၏စစ်သားများက ခက်ခက်ခဲခဲနှင့် နာဂတိုင်းရင်းသားတစ်ယောက်ကို ကြိုးတုပ်နှောင်ကာ အတင်းအကျပ် ခေါ်ဆောင်လာတော့သည်။ ထိုအချုပ်အနှောင်ခံနေရသော နာဂလုလင်မှာ နာဂရွှေစင်မင်းသမီး၏သက်တော်စောင့်ရှစ်ဦးအနက် တစ်ဦးအပါအဝင်ဖြစ်လေသည်။

ဖမ်းဆီးခြင်းခံရသော နာဂလုလင်သည် အနည်းငယ်မူးယစ်နေသော်လည်း သတိကောင်းစွာရှိနေပုံဖြင့် ခပ်တင်းတင်းမျက်နှာဖြင့် ထနော်ဟီရှေ့မှောက်သို့ ရောက်ရှိခဲ့ပေသည်။ ထိုနာဂလုလင်ကို သူလျှိုနှစ်ဦးက နောက်ကျောဘက်မှနေ၍ ရက်ရက်စက်စက် ခြေဖြင့် တအားကန်ထုတ်ကာ ထနော်ဟီခြေရင်းသို့ ပစ်၍ကျသွားစေ၏။

"ဘယ့်နှဲ့လဲ . . . ဟေ့အကောင် . . . မင်းမှန်မှန်ပြောရင် မင်းအသက်ရှင်ပြီး ဆုတွေလာဘ်တွေ၊ မိန်းမချောတွေ လိုချင်သလောက်ရမယ်၊ တို့မေးတာမပြောခဲ့ရင် ကျောက်ခွဲပြီး မင်းအူအသည်းကိုတော့ ခွေးတွေကျွေးရလိမ့်မယ်"

ထနော်ဟီက ရက်စက်သောအသံကြီးဖြင့် မေးလိုက်ရာ နာဂလုလင်သည် . . .

"ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော့်သခင်မဆီကို ပြန်ပို့ပါ၊ ကျွန်တော့်သခင်မ ဒီလိုမတရားလုပ်တာကို သိသွားရင် ခင်ဗျားတို့မသက်သာဘူး"

ခပ်ပြတ်ပြတ်ဖြေကြားလိုက်ရာ ထနော်ဟီသည် ရှူးခနဲ ဒေါသထွက်လာပြီး၊ သူ၏အနီး၌ ကြွေရေဖြင့်ပြုလုပ်ထားသည့် ကျာပွတ်ကြီးကို ဆွဲယူကာ နာဂလုလင်ကို ဘယ်ပြန်ညာပြန် ရိုက်နှက်ချလိုက်သည်။

"ကိုင်းဟေ့ . . ကြာတယ်၊ ဒီအကောင်ကို သူ့အလိုအလျောက် စကားပြောလာအောင် မင်းတို့ ကြည့်ပြီး စစ်ဆေးလိုက်ကြစမ်း . . . ငါ့လူတွေ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်သုံးတော်များလက်သို့ သူတို့လိုသမျှ စစ်ဆေးရန် လွှဲအပ်လိုက်လေသည်။ ထနော်ဟီ၏လူများသည် မူးယစ်နေသူများပီပီ နာဂလုလင်ကို ဝိုင်းအုံ၍ ဒရွတ်တိုက်ကာ တစ်နေရာသို့ ဆွဲခေါ်သွားကြလေသည်။

ထို့နောက် ထနော်ဟီသည် ရေးကြီးသုတ်ပျာနှင့် သူ၏ဖခင် ဇာလာဟီးဆီသို့ ခပ်သုတ်သုတ်ဝင်ရောက်ကာ သူရရှိခဲ့သည့် အရေးကြီးသည့်သတင်းကို အစီရင်ခံလိုက်လေသည်။

ဇာလာဟီးသည် သူ၏သားကြီး စစ်သူကြီးဖြစ်သူ၏ တိုင်တမ်းချက်ကို အရေးယူနားထောင်ပြီးအဆုံးတွင် နာဂရွှေစင်မင်းသမီးကလေးကို သူ၏ရှေ့မှောက်သို့ ဆင့်ခေါ်လိုက်သည်။

မီးရှူးတိုင်ကြီးများ လင်းထိန်နေသော ဇာလာဟီး လဲလျောင်းသော တဲကြီးရှေ့ပိုင်းတွင် ဇာလာဟီးသည် သူ၏သားကြီးကတစ်ဖက်၊ နာဂရွှေစင်မင်းသမီးကလေးက တစ်ဖက် ခွဲခြားနေရာယူစေပြီး၊ စစ်သူကြီး ထနော်ဟီ၏တိုင်တမ်းချက်ကို စတင်ကာမေးမြန်းလိုက်လေသည်။

"သမီးတော် . . နတ်ကွမ်းတော်ကြီးရှိရာ ဒီနေ့မနက် သွားတယ်ဆိုတာ မှန်သလား"

ဇာလာဟီးက မေးမြန်းလိုက်ရာ နာဂရွှေစင်မင်းသမီးက ဟုတ်မှန်ကြောင်း မဆိုင်းမတွ ဖြေကြားလိုက်သည်။

ထနော်ဟီသည် အချက်ရပြီဟူသောမျက်နှာဖြင့် . . .

"နဂါးပွက်တောင်ကြီးကို အကြောင်းမဲ့ ဘာကြောင့်သွားရသလဲ၊ နတ်ကြီးသည်ကို သင်မသိသလော၊ သင့်၌ လျှို့ဝှက်ချက်တစ်ခု ရှိနေသည်ကို မှန်မှန်ထုတ်ဖော်၍ပြောလော့ သို့မဟုတ် သင် လှလှပပ ဒုက္ခရပေလိမ့်မည်"



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာမျက်နှာကြီးဖြင့် ကြိမ်းဝါးကာ ကျယ်လောင်သော အသံကြီးဖြင့် စစ်မေးလိုက်ရာ နာဂသူဇာသည် တည်ကြည်ရဲရင့်သော မျက်နှာကလေးကို အပြုံးစွက်လိုက်ပြီး . . .

"အစ်ကိုတော် ထနော်ဟီ . . . သင်သာလျှင် အချိန်အခါမရွေး မူးယစ်ခြင်း၊ ညည်းပန်းခြင်း၊ မိန်းမများနှင့်ပျော်ပါးခြင်းတို့ဖြင့် အချိန်ကုန်လွန်နေခဲ့သူဖြစ်သည်၊ နှမတော်မှာမူ နာဂနတ်ကြီး စိတ်ဆိုးနေသည်ကို မကြာခဏ စိတ်ဆိုးမှုပြေပျောက်ရန် တောင်းပန်တိုးလျှိုနေရသူဖြစ်သည်၊ ဖခင်ကြီး ဇာလာဟီး၏ ဘုန်းအာနုဘော်ကြီးမားရေးနှင့် စစ်ပွဲတကာတို့ကို အောင်မြင်နိုင်မှုနှင့် နာဂနတ်မင်းကြီး၏ လူသွေးလူသားတို့ကို ယဇ်ပူဇော်ရန် တောင်းဆိုခြင်းအတွက် ဖြေရှင်း၍ ရက်ချိန်းတိတိကျကျ ပေးနိုင်ရန်အလို့ငှာ ဤသို့ နတ်ကြီးလှသော နဂါးပွက်တောင်ကြီးနေပါသို့ ခဲခဲယဉ်းယဉ်း စွန့်စွန့်စားစား တက်ရောက်၍ နာဂနတ်မင်းကြီးကို တောင်းပန်တိုးလျှိုးရင်း ယဇ်ပူဇော်ရေးရက်ချိန်းကို နတ်မင်းကြီးနှင့် ညှိနှိုင်းသဘောတူညီချက်ရရှိခဲ့ပြီး၊ ဖခင်ကြီးနှင့် ဘုန်းတော်ကြီးတို့အား အတိအကျပေးအပ်ခဲ့ရသည်မဟုတ်ပါလော"

အချက်ပိုင်ပိုင် ဉာဏ်ခိုင်ခိုင်နှင့် ပရိယာယ်မှုသားမပါစတမ်း ဖြေကြားလိုက်ရာ ဇာလာဟီးသည် နာဂသူဇာ၏အဖြေလွှာကို နှစ်သက်သဘောကျလျက် ပြုံးရွှင်သောမျက်နှာကြီးဖြင့် ထနော်ဟီအား . . .

"နောင်ကို ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မစွက်နဲ့၊ ဒုက္ခတွေ့သွားမယ် ထနော်ဟီ၊ ယဇ်ပူဇော်ရေးမှာ ကြန့်ကြာပျက်စီးသွားရင် ထနော်ဟီကို နတ်မင်းကြီးက ဒဏ်ခတ်လိမ့်မယ်၊ ဒီနေရာက မြန်မြန်ထွက်သွား"

ငေါက်ငန်းကာလွှတ်လိုက်လေသည်။

ထနော်ဟီသည် မကျေမနပ်နှင့် သူ၏တပည့် ဘက်တော်သားများအား တစ်စုံတစ်ရာ အမိန့်ပေးလိုက်သည်တွင် နာဂသူဇာ၏ သက်



www.burmeseclassic.com

www.burmeseclassic.com



တော်စောင့်ကို ဝိုင်း၍ဆွဲထုတ်လာတော့၏။ တစ်ကိုယ်လုံးတွင် သွေးချင်းချင်းနီနေသော သက်တော်စောင့်ကို ထနော်ဟီက သူ၏ဖခင်ရှေ့မှောက်သို့ခေါ်သွားပြီး . . .

"ဟေ့ကောင် . . . အမှန်အတိုင်းပြောလိုက်၊ ဒီထက် မင်းနာချင်ရင် ပါးစပ်ပိတ်နေ"

အမိန့်ပေးကာ နာဂသူဇာ၏လျှို့ဝှက်ချက်ကို ဖော်ထုတ်အစစ်ခံစေ၏။ နာဂသူဇာအဖို့ အသက်ရှူပင်မှားခမန်း တုန်လှုပ်သွားစေ၏။ သူမ၏လူယုံတော် သက်တော်စောင့်၏ပါးစပ်၌ သူမ၏အသက်ကို တည်ရှိနေကြောင်း ရိပ်မိလာတော့သည်။

ဇာလာဟီးက . . .

"ဟေ့ . . . မြန်မြန်ပြောစမ်း၊ မင်းတို့သခင်မ နဂါးပွက်တောင်မှာ ဘာလုပ်ခဲ့သလဲ"

ပြင်းထန်သောအသံကြီးဖြင့် မေးမြန်းလိုက်ရာ မျက်နှာပြင်တွင် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် တစ်မျက်နှာလုံး ရောင်ကိုင်းပြီး မျက်လုံးပင်ဖွင့်၍မရနိုင်သော ဒုက္ခဝေဒနာကို ခံစားနေရသော သက်တော်စောင့်သည် မနည်းစိတ်ကိုတင်း၍ ရှိသမျှအားကို ညှစ်ထုတ်ကာ မတ်တတ်ထ၍ရပ်လိုက်ပြီး . . .

"သခင်ကြီး . . . သခင်မဟာ နတ်ကွန်းဘက်သွားပြီး နာဂနတ်မင်းကို သခင်ကြီးစစ်အောင်ပွဲအတွက် ဆုတောင်းတာ တွေ့ခဲ့ရပါတယ်"

တစ်ခွန်းတည်းပြောကြားလိုက်ပြီး အရုပ်ကြိုးပြတ် မြေပေါ်သို့ ပစ်ကျသွားတော့၏။ နာဂသူဇာသည် ဝုန်းခနဲ ဒေါသထွက်လာသော မျက်နှာကလေးဖြင့် . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်သက်တော်စောင့်ကို ထနော်ဟီနဲ့ သူ့စစ်သား တွေက ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းလိုက်လို့ အသက်ဆုံးရပြီ၊ မတရားနှိပ်စက်တဲ့ ထနော်ဟီကို သမီးတော်နဲ့ ဓားချင်းယှဉ်ခုတ်ခွင့်ပြုပါ ခမည်းတော်ဖခင်ကြီး"

ရဲဝံ့စွာတောင်းဆိုလိုက်ရာ ဇာလာဟီးသည် ဒေါသအမျက် ပြင်းစွာထွက်၍ . . .

"နေရာတကာမှာ ရှုပ်ချင်တဲ့အကောင် . . . ကိုယ့်လူသူ့လူ ခွဲခြားချင်တဲ့ နွားကောင်၊ မှတ်ကရော့ . . ."

ဆဲဆိုကြိမ်းဝါးရင်း ထနော်ဟီ၏ပါးပြင်ကို ဘယ်ပြန်ညာပြန် ရိုက်နှက်ကာ စစ်ဗိုလ်ရာထူးမှ ချက်ချင်းရုပ်သိမ်း ပယ်ရှားလိုက်ပြီး၊ အချုပ်အနှောင်နှင့် ထောင်အတွင်း အကျဉ်းချထားရန် သူ၏လက်ရွေးစင် တပ်ဖွဲ့ကို အပ်နှင်းလိုက်လေသည်။ နာဂသူဇာကိုလည်း စိတ်မဆိုးရန် ချော့မော့ကာ သူ၏စစ်သားများဖြင့် ယဉ်ပူဇော်ရေးကိစ္စကို ဆောင်ရွက်ရန် ထွက်ခွာသွားပါသည်။ နာဂသူဇာသည် မြေပေါ်တွင် တုံးလုံးပစ်ကျ လဲကျငြိမ်သက်နေသော သူ၏ သစ္စာရှိသက်တော်စောင့်ဆီသို့ သွား ရောက်၍ အသက် ကုန် မကုန် စမ်းသပ်ကြည့်လိုက်ရာတွင် အသက် ငွေ့ငွေ့ရှိနေသည်ကို သိရသည်တွင် သူမ၏ လက်သုံးတော်များကို အရေးတကြီးခေါ်ငင်ကာ သူမ၏တဲနန်းဆီသို့ အမြန်သယ်ယူသွားခိုင်း လိုက်သည်။

ည၏အမှောင်က ပုံခါလေတောင်တန်းကြီးကို ဝါးမျိုလွှမ်းခြုံ နေပါသည်။ ကုလား၏တဲကြီးတစ်ဝိုက်တွင် အပြင်တစ်ဝိုက်က နာဂ လက်နက်ကိုင်များ အထပ်ထပ်ချထားသည်ကို တွေ့မြင်နိုင်ပါလို၊ တဲအတွင်းပိုင်း၌ မလင်းတလင်း လက်ဆွဲမှန်အိမ်တစ်လုံးကိုလည်း တွေ့မြင်နိုင်ပေ၏။ တရှုံ့ရှုံ့ငိုကြွေးနေသော သူနာပြုဆရာမကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဖော်များမှာ သူမတို့၏ကံကြမ္မာဆိုးကို ကောင်းစွာသိရှိကြသူများပီပီ နံနက်လင်းသည့်ကာလ၌ ခေါင်းဖြတ်၍အသတ်ခံရမည့်အရေးကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ ယောကျ်ားအုပ်စုထဲမှ လူဝင်မှုအရာရှိ တစ်ဦးနှင့် နာဂတစ်ဦးသာလျှင် သတ္တိရှိရှိနှင့် အဖမ်းခံရသူများကို အားပေးစကားပြောဆိုသူနှစ်ဦးအဖြစ် တွေ့ရှိရပေ၏။

ကုလားသည် မချိုမချဉ်မျက်နှာဖြင့် သူနာပြုဆရာမကလေး အနီးသို့ ချဉ်းကပ်လာပြီး ပိုင်စိုးပိုင်နင်းမျက်နှာကြီးဖြင့် . . .

"ဟေ့ . . . မိန်းမ၊ ငါ့စကားနားထောင်ရင် နင့်အသက်ကို ငါ ချမ်းသာခွင့်ပေးမယ်၊ အမြန်စဉ်းစားပြီး အဖြေပေးပါ၊ အမြန် . . ."

ရာဇသံပေးလိုက်ရာ အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းသည့် ကုလားအား သူနာပြုဆရာမကလေးက . . .

"ဘာလဲ . . . နင်လိုချင်တဲ့ကိစ္စ"

ပြန်၍မေးလိုက်ရာ ကုလားသည် . . .

"တခြားမဟုတ်ဘူး၊ နင် ဒီနေ့ညကစပြီး ငါနဲ့အတူတူအိပ်မယ် ဆိုတဲ့ကတိပဲ၊ နင့်အသက်ကိုနှမြောရင် အမြန်ဖြေစမ်း"

ခပ်ပြုံးပြုံးအမိန့်ပေးလိုက်ရာ သူနာပြုဆရာမကလေး၏ လက် တစ်ဖက်က မုတ်ဆိတ်ရှည်နှင့် ကုလား၏ပါးပြင်ကို ဖြောင်းခနဲ ကျ ရောက်ပြီး . . .

"ခွေးတိရစ္ဆာန် . . . ခွေးစကားပြောတယ်၊ သေရမှာမကြောက် ဘူးဟေ့ . . ."

အဖြေထွက်ပေါ်လာတော့၏။ လူဝင်မှုအရာရှိ၏ . . .

"ခွေးကုလား . . . မင်းမကြာခင်သေရမယ်၊ မင်းအကြောင်း မသိဘူးမှတ်လို့လား၊ ဝရမ်းပြေးလူဆိုး ဟူစိန်"

လှမ်း၍ဆဲဆိုကြိမ်းဝါးလိုက်ရာ . . .

www.burmeseclassic.com



ကုလားလူဆိုးဟူစိန်သည် ကုလားလို . . .

"ခွေးသား . . . စော်စော်ကားကားပြောတယ်၊ နက်ဖြန် နင့်ကို ပထမဦးဆုံး လည်လှီးမယ်ဟေ့ . . . ဟိုကောင်မနဲ့တွဲကြိုး တစ်ကြိုးတည်း ချည်ပြီး လည်လှီးသတ်မယ်၊ ထမင်းဝအောင် စားထားကြ"

ကြိမ်းဝါးကာ ဖမ်းဆီးထားသူများကို တံတွေးနှင့် အားရပါးရ ပစ်၍ထွေးထုတ်လိုက်သည်။

နံနက်အရုဏ်ဦးအချိန်မှာပင် နဂါးပွက်တောင်ကြီး တောင်ခုလတ်၌ ယဇ်ပူဇော်ရေးအဖွဲ့ဝင်များသည် နတ်စင်ကြီးနှင့် ယဇ်ပူဇော်ရန်နေရာများကို လုပ်ဆောင်လုပ်ကိုင်သည့်အသံများသည် ဆူညံနေတော့သည်။ မီးတုတ်၊ မီးစည်းများ ထွန်းညှိကာ လုပ်ကိုင်နေကြသော ဇလာဟီနာဂကြီး၏ရဲမက်များ၏ လှုပ်ရှားလုပ်ကိုင်ပုံများမှာ အင်မတန်သွက်လက်လှပါပေ၏။ အောက်ခြေတဲစခန်းများဆီမှ မောင်းသံ၊ တုံးခေါက်သံ၊ လင်းကွင်းသံ၊ အမင်္ဂလာသံကြီးများမှာလည်း အလျှိုအလျှို ပေါ်ထွက်လာပြန်ပါသည်။

နဂါးပွက်တောင်ကြီးတစ်တောင်လုံး မြေပြင်မှ တီးသံမှုတ်သံများကြောင့် ပဲ့တင်ရိုက်ခတ်သလို၊ တောင်တန်းတစ်လျှောက်လုံး၌ ဆီးနှင်းနှင့် ညအမှောင်ကြားဝယ် ထူးထူးခြားခြား ဆိတ်ငြိမ်ချက်သားကောင်းလှပါပေ၏။ ဇလာဟီး နာဂရွာသူရွာသားများ၊ လက်နက်ကိုင်များအားလုံးအဖို့ အင်မတန်မင်္ဂလာရှိလှသော ပွဲကြီးပွဲကောင်းဖြစ်၍ အစွမ်းကုန် ဆင်ယင်ထုံးဖွဲ့ ခြယ်လှယ်တန်ဆာဆင်နေကြပါသည်။

ခေါင်းဆောင်လူကြီး ဇလာဟီးအဖို့ သူ၏သျှောင်တုံးကြီးတွင် အောက်ချင်းတောင်များ၊ လည်ပင်းနှင့် နဖူးပြင်တွင် ဝက်စွယ်အချောင်းကြီးများကို တင့်တယ်စွာတပ်ဆင်လျက် ကျားသစ်ရေကို ခြုံလွှမ်းကာ သွေးအကြွဆုံးအခြေအနေကို သရုပ်ဖော်နေတော့၏။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com



နာဂသူဇာအဖို့ အနည်းငယ်မျှသာ မျက်နှာပြင်တွင် နံ့သာဖြူ လိမ်းခြယ်ကာ ဝတ်ရုံအဖြူအသစ်ကလေးကို လွှမ်းခြုံရင်း နဂါးပွက်တောင်၏အောက်ပိုင်းဆီသို့ မကြာခဏ မျှော်ကြည့်နေရှာသည်။

အချုပ်နှောင်ခံနေရသော စစ်သူကြီးထနော်ဟီအဖို့ အစောင့်အကြပ်၊ ဓားရှည်လှံရှည်ကိုင်များအကြားမှာ အံတကြိတ်ကြိတ်ဖြစ်ရင်း အပြင်ဘက်ရှိ သူ့ဆီသို့ မယောင်မလည်ကြည့်ရှုနေကြသည့် တပည့်ကျော်များကို မကြာခဏလှမ်း၍ . . .

"သတိမလစ်စေနဲ့နော်၊ တစ်ခုခု မုချဖြစ်ရလိမ့်မယ်၊ တစ်ခုခုဖြစ်လာရင် လက်မနှေးနဲ့၊ မင်းတို့တာဝန်ကွနော်"

မကြာခဏ သတိလှမ်း၍ပေးနေပါသည်။

ဇာလာဟီးသည် သူ၏လက်အောက်ခံခေါင်းဆောင်ကြီးငယ်တို့ကို ဘေးတစ်ဖက်တစ်ချက်မှခြံရံလျက် သူ၏ရှေ့နှင့်နောက်တည့်တည့်တွင် ရိုင်ဖယ်နှင့် တူမီးသေနတ်ကိုင်၊ လှံရှည်ကိုင်၊ ဓားလွတ်ကိုင်နာဂစစ်သည်များကို နေရာချထားပြီး သူ၏မိဖုရားကြီးလေးဦး၏ရှေ့တွင် ခန့်ညားတင့်တယ်စွာဖြင့် နဂါးပွက်တောင်ကြီးဆီသို့ စတင်ကာ ယဇ်ပူဇော်ပွဲအစီအစဉ်အရ ချီတက်ခဲ့ပေပြီ။ သူ၏လက်အောက်ခံ နာဂခေါင်းဆောင်ကြီးများ၊ ကျွဲရေ၊ ဒိုင်းဖြူများ၊ သားမြီးရပ်များ ကိုင်ဆွဲသူများဖြင့်လည်းကောင်း၊ ဝက်ဝံရေအနက်များ ခြုံလွှမ်း၍လည်းကောင်း၊ ဓားလှံလက်နက် တပြောင်ပြောင်ထမ်းဆောင်သော တပည့်လက်သားများဖြင့် ဝိုင်းရံခစားရင်း ချီတက်နေရပေ၏။

ဇာလာဟီး နောက်ခပ်လှမ်းလှမ်းမှ ဝတ်ရုံဖြူများ ဝတ်ဆင်ထားပြီး၊ ပန်းပေါင်းနံ့သာများ လိမ်းခြယ်ထားသော နာဂသူဇာသခင်မတလေး အတိုင်ပင်ခံအဖွဲ့ အမျိုးသမီးများနှင့် ဝတ်ရုံဝတ်ဆင်ထားပြီး လှံရှည်ကြီးများ၊ ဓားရှည်ကြီးများ ခါးတွင်ချိတ်ဆွဲထားသော သက်တော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင့်တပ်ဖွဲ့ကို အလယ်၌ ဣန္ဒြေကြီးစွာဖြင့် တည်ကြည်သောမျက်နှာနှင့် အလှကေရီ နာဂသူဇာသခင်မကလေးကို တွေ့မြင်နိုင်ပေ၏။ ထနေဘ်ဟီ၏ သတိပေးချက်အရ ဇာလာဟီးသည် သူ၏လက်ရွေးစင် နာဂစစ်တပ်နှစ်ထောင်ကျော်အင်အားကို အရေးရှိ အသုံးပြုနိုင်ရန် နဂါးပွက်တောင်ခြေရင်း မြေပြင်တစ်လျှောက်တွင် လက်နက်အစုံအညီ ကိုင်ဆွဲစေပြီး၊ အရန်သင့် တပ်ချထားလေသည်။ ဘုန်းကြီးတုအယောင်ဆောင်လူဆိုးကြီး ဟူစိန်ချုပ်ထရီးသည် သူ၏ဝါဝါဝတ်တပည့်ကျော်ကုလားတစ်စုနှင့် နဂါးပွက်တောင်ခုလတ် ယဇ်ပူဇော်ရာနေရာတွင် အဆင်သင့်ရောက်ရှိနေသော ယဇ်ပူဇော်ရာတွင် ပိုင်နိုင်စွာ အသုံးပြုမည့် ဓားကြီးများကို တဝင့်ဝင့်လုပ်ရင်း မကြာခဏ ခေါင်ရေနှင့် အရက်ဖြူများကို မော့ရင်း၊ ကချင်ဆရာမလေးနှင့် မြန်မာတစ်စုကိုလည်း ဆဲဆိုကြိမ်းမောင်းနေတော့သည်။ မကြာမီ ဟူစိန်၏ အမိန့်ပေးချက်အရ ကချင်သူ သူနာပြုဆရာမကလေးနှင့် လူဝင်မှုအရာရှိတို့ကို ရှေးဦးစွာ ယှဉ်တွဲ၍ ယဇ်ပလ္လင်၏ရှေ့တည့်တည့်ရှိ ကားစင်နှစ်စင်ဝယ် ရက်ရက်စက်စက် တုပ်နှောင်ထားလိုက်စေသည်။ မောင်းသံများ၊ လင်ကွင်းသံများ၊ တီးမှုတ်သံများ ဆူညံစွာထွက်ပေါ်လာခြင်းဖြင့် နာဂသူပုန်တို့ခေါင်းဆောင် ဇာလာဟီးသည် ယဇ်ပလ္လင်ရှေ့သို့ ရောက်ရှိလာကြောင်း အထိမ်းအမှတ်အဖြစ် ကြေညာဂုဏ်ပြုလိုက်သည်။

"အချိန်ကျပြီလော . . . အချိန်ရောက်ပြီလော . . . ဘုန်းတော်ကြီးသခင်၊ အရှေ့ကလဲ နေထွက်ရန်မဝေးတော့ပါပြီ"

ဇာလာဟီးက ရောက်မဆိုက် မေးမြန်းလိုက်ရာ ဟူစိန်သည် နဂါးပွက်တောင်ကြီးဆီသို့ လက်နှစ်ဘက် ဆန့်တန်းအရိုအသေပြုသည့်ဟန်ဖြင့် ပြုလုပ်ပြီး . . .

"နေထွက်အောင် ခေတ္တစောင့်ပါ ဇာလာဟီး"

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ရာတွင် လည်ချောင်းသွေးခံယူမည့် ကြေးခွက်ကြေးအိုးများကို အဆင်သင့်ပြင်ဆင်ကာ ကားစင်များရှေ့တွင် အဆင်သင့်နေရာယူလိုက်ကြသည်။ ထိုအခိုက်တွင် အရှေ့တောင်စွယ်မှ နေမင်းလည်း ထင်လင်းစွာပေါ်ထွက်၍ ရောင်ခြည်များပက်ကာ စံမြန်းကြွချီလာတော့သည်။

ကုလားက အချက်ပေးလိုက်ရာ မောင်းကြီးမောင်းငယ်များ၊ တံပိုးများ၊ လင်းကွင်းများ၊ တုံးမောင်းကြီးများကို ကုလားဘုန်းကြီး၏ တပည့်များနှင့် ဇာလာဟီးတို့က ဆက်၍တစ်ခဲနက်တီးမှုတ်ကြပါသည်။

ဟူစိန်သည် ယဇ်ပူဇော်မည့်သူနှစ်ဦး၏ရှေ့တွင် မားမားမတ်မတ်ကြီးရပ်ကာ အဝါရောင်သင်္ကန်းကို ဘေးသို့ပစ်၍ဖယ်ချလိုက်ပြီး သူ၏ညာဘက်မှ အရောင်တပြောင်ပြောင်ထွက်နေသည့် ဓားရှည်ကြီးကို ငင့်ကာဝင့်ကာ ယဇ်ပူဇော်ရေးအခမ်းအနားကို ဖွင့်လိုက်ပြီး . . .

"နာဂခေါင်းဆောင်ကြီး ဇာလာဟီး၏ဘုန်းတော် တန်ခိုးတော်ကြီးမားအဓွန့်ရှည်ပါစေ၊ စစ်ပွဲတွေ အောင်နိုင်ပါစေ၊ ရန်သူတွေမှန်သမျှ တစ်ယောက်မကျန် ချေမှုန်းသုတ်သင်နိုင်ပါစေ"

တစ်ခဲနက် အသံဆိုးကြီး ကြွေးကြော်ဆုတောင်းလိုက်သည်တွင် နာဂသူဇာအဖို့ ပင့်သက်ရှူမှားသွားခမန်း အပြစ်မဲ့သော သူနာပြုဆရာမနှင့် လူဝင်မှုအရာရှိအတွက် စိုးရိမ်တကြီးဖြစ်သွားရှာသလို၊ တစ်စုံတစ်ရာကို အရေးတကြီး တောင့်တမျှော်လင့်လိုက်ပါသည်။ ထိုအချိန်တွင် တစ်ချိန်လုံး ဆိတ်ငြိမ်အေးချမ်းစွာရှိနေခဲ့သော နဂါးပွက်တောင်ကြီးသည် ရုတ်တရက် စက္ကန့်ပိုင်းအတွင်း၌ ကြောက်မက်ဖွယ်ရာ အသံကြီးများ မြည်ဟည်းကာ၊ ရွှံ့ခဲမီးခဲများ၊ ကျောက်တုံးများကို တအားလွှတ်ကာ အရပ်လေးမျက်နှာသို့ ကျရောက်စေ၏။ အသတ်ခံရမည့် ပုဂ္ဂိုလ်နှစ်ဦးမှာမူ ကားစင်နှစ်စင်ပေါ်တွင် မျက်လုံးကိုမှိတ်၍ မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးယုံကြည်ချက်အရ ဆုမွန်များကို ကြိုတ်၍ဆုတောင်းတိုင်တည်နေရှာသည်။

"မြန်မြန်ယဇ်ပူဇော်ပါ၊ နတ်မင်းကြီး သိပ်သွေးဆာနေပြီ"

ဇာလာဟီးက တုန်လှုပ်သောမျက်နှာကြီးဖြင့် နဂါးပွက်တောင်ကြီး၏ လှုပ်ရှားပေါက်ကွဲမှုကို ကြည့်လိုက်ပြီး အရေးတကြီးပြောကြားလိုက်ရာ၊ ကုလားသည် သူ၏ထက်မြက်အောက်သွေးထားသည့် ဓားကြီးကို မြှောက်ကာ . . .

"နာဂနတ်မင်း တောင်းဆုကို အမြန်ဆုံးပေးတော်မူပါ၊ စစ်ပွဲတို့၏အထွတ် တောင်းဆုကိုဖော်ထုတ်ချီးမြှင့်ပါစေ"

BURMESE CLASSIC ဟု ကြွေးကြော်လိုက်ပြီး ရှေးဦးစွာ သူနာပြုဆရာမကလေး၏ လည်ပင်းကို ခုတ်ဖြတ်ရန် တအားချိန်ရွယ်လိုက်တော့သည်။

နဂါးပွက်တောင်၏တောင်ခုလတ်အထက် ကျောက်တုံးများတွင် တောင်တန်းကာထားရာဆီမှ 'ဒိုင်းခနဲ' ရိုင်ဖယ်သေနတ်သံတစ်ချက်၏ ရုတ်တရက်မြည်ဟည်းသံနှင့်အတူ ယဇ်ဆရာကုလားဘုန်းကြီး၏ ရင်ဝဝယ် • ၃၀၃ ရိုင်ဖယ်ကျည်ဆန်တစ်ဆန်က ဖောက်ထွက်သွားပြီး . . .

"အင်း" ဟူသော ညည်းတွားသံကြီးနှင့်အတူ ကျောပြင်၌ လက်သီးဆုပ်ခန့် ပွင့်ထွက်သွားကာ ကျည်ဆန်ရာကြီးမှ သွေးစိမ်းတွေ တပွက်ပွက်ပန်းထွက်ကာ ကုလားဘုန်းကြီး လူဆိုးဟူစိန်ချုပ်တရီးအဖို့ အမိုက်ဇာတ်သိမ်းကာ သူ့ကိုယ်သူ ယဇ်ပူဇော်ပြီးဖြစ်သွားစေတော့၏။ ဟူစိန်၏တပည့်များနှင့် ဇာလာဟီးကိုယ်တိုင် အရေးတကြီး အလန့်တကြားဖြစ်ပြီး ထ၍အရပ်လိုက်တွင် မှန်ပြောင်းများကိုယ်စီတပ်ထားသော ရိုင်ဖယ်ကိုင် ဗိုလ်ဖေအောင်၊ ဒူးဝါးဇော်လ၊ မြမြဝင်း၊ ဗိုလ်မင်းဒင်၊ ရဲဘော်လှမောင်တို့ သေနတ်သမား၏ အချိန်အရွယ် အင်မတန်ကောင်းလှသော အဝေးပစ်မဂ္ဂဇင်းရိုင်ဖယ်များ တဒိုင်းဒိုင်းနှင့်မပြတ်ထိုး ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဇာလာဟီးမှစ၍ ဟူစိန်၏တပည့်လက်သားတို့ကို အတုံးအရုံး အရုပ်ကြိုးပြတ် ကျဆုံးစေတော့သည်။ ဇာလာဟီး၏သက်တော်စောင့်များက တောင်အခြေရှိ နာဂတပ်ကြီးဆီသို့ လှမ်း၍ တောင်ခုလတ်ပေါ် သို့ အမြန်တက်ခဲ့ရန် အကူအညီခေါ် လိုက်ရာ အောက်ခြေရှိ နာဂတပ်ကြီးက မြေပြင်မှ တောင်ခြေသို့ အပြေးအလွှားတက်အလာတွင် တောင်ထိပ်ပေါ် ရှိ ကြီးမားသောကျောက်တုံးကြီး၊ ကျောက်လွှာကြီးများ၏ တဝေါဝေါ ပြိုကျလာသည့်သဏ္ဌာန်များ တွေ့လိုက်ရပြီး တစ်ခဏ၌ တောင်ခြေမှ ထပ်ရောက်ရန် တာစူနေသော သူပုန်တပ်များသည် ဒလိမ့်ခေါက်ကွေး ကျောက်တုံးကြီးများပိကာ သေကျေပျက်စီးသွားတော့သည်။ ကျန်သော နာဂစစ်သားများအနေနှင့် ဆိုင်ရာအကြီးအကဲများက ကွပ်ကဲပြီး တောင်ပေါ် သို့တက်ရန် စုဝေးခိုက်တွင် သုံးလက်မ မော်တာကျည်ဆန်များသည် ကြောက်မက်ဖွယ်ရာ တောင်ကြောတစ်ကြောဆီမှ ကျရောက်ကာ ကမ္ဘာပျက်ခမန်း အသံဆိုးကြီးများဖြင့် ပေါက်ကွဲကာ သူပုန်များကို ပစ်သတ်ကွဲဖောက်ကာ ကျဆုံးစေတော့သည်။ မကြာမီအတွင်း ဘယ်တောင်ပံ၊ ညာတောင်ပံ စစ်ကြောင်းကြီးများမှ မြန်မာ့တပ်မတော် စစ်ကြောင်းများသည် တပ်ဖြန့်ကာ ဘရင်း၊ ကာဘိုင်၊ တော်မီဂန်းများဖြင့် တောင်ခြေရှိ ကစဥ့်ကလျားဖြစ်နေသည့် နာဂရန်သူများကို အပြုတ်တိုက်လိုက်ကြပါသည်။

ဇာလာဟီး၏ကျန်ရစ်သော သက်တော်စောင့်တပ်များက နာဂသူဇာကို ကြိုတင်၍သတ်မည်ဖြစ်နေသည့်အတွက် စောင့်ကြပ်ခဲ့သည်။ ယခုကဲ့သို့ သူတို့ခေါင်းဆောင်ကြီး ဇာလာဟီး ကျဆုံးလိုက်ရသည့်အတွက် ချက်ချင်း တစ်ပြိုင်တည်း နာဂသူဇာကို လိုက်၍ဖမ်းလိုက်သည်တွင် နာဂသူဇာသက်တော်စောင့်များနှင့် အနီးကပ်တိုက်ပွဲဖြစ်ပွားနေပါတော့သည်။ ဇာလာဟီးဘက်က လူအင်အားသာသည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နာဂသူဇာ၏သက်တော်စောင့်များ အတုံးအရုံးကျဆုံးခဲ့သည်တွင် ဇာလာဟီး၏အတိုင်ပင်ခံ နာဂခေါင်းဆောင်ကြီးတစ်ဦးက နာဂသူဇာ၏ ရှေ့မှရပ်၍ နာဂသူဇာ၏အသက်ကို ကာကွယ်ခုခံလိုက်ပြီး နာဂသူဇာကို မြေပြင်ဘေးလွတ်ရာသို့ အသာတကြည် ဣန္ဒြေမပျက်တမ်း ခေါ်ဆောင်သွားသည်တွင် ဗိုလ်ဖေအောင်သည် သူ၏မှန်ပြောင်းတပ်ရိုင်ဖယ်ကို ချိန်၍ မောင်းခလုတ်ပေါ်၌ လက်ညှိုးတင်ကာ ပစ်ရကောင်းနိုးနိုး၊ မပစ်ရကောင်းနိုးနိုး ချီတုံချတုံဖြစ်ကာ နာဂသူဇာကို အင်အားကြီးမားလှသည့် ရိုင်ဖယ်ကျည်ဆန်က ဖောက်မှန်မည်စိုးရိမ်သည်ကြောင့် အသာလက်လျှော့နေရပါသည်။

တောင်ခြေမှ နာဂစစ်သားများသည် အကျအဆုံးများစွာနှင့် အရေးတကြီးဆုတ်ခွာနေသလို၊ ဇာလာဟီး၏ကျန်ရစ်ခဲ့သည့် တဲနန်းဒေသကလည်း မီးတောက်မီးလျှံများတက်လာပြီး မော်တာသံ၊ စက်သေနတ်သံများကို ထင်ရှားစွာကြားလိုက်ရပေ၏။

“အိန္ဒိယတပ်မတော်ကလဲ တို့ကိုစောင့်ပြီး စစ်ကြောင်းတွေ ဖွင့်တိုက်နေပြီ ဖေအောင်”

ဗိုလ်မှူးမင်းဒင်က ရှေ့အပြေးတက်လာကြရာမှ လှမ်း၍ပြောလိုက်လေသည်။

ဒူးဝါးဇော်လနှင့် ရဲဘော်များသည် ယဇ်ပူဇော်ရန် ကားစင်တွင် တုပ်နှောင်ထားသည့် ဒုက္ခသည်နှစ်ဦးနှင့် ဖမ်းဆီးထားသည့် မြန်မာပြည်ဘက်မှ နာဂခေါင်းဆောင်များနှင့် မြန်မာဒုက္ခသည်များကို အနှောင်အဖွဲ့မှ ချက်ချင်းကယ်တင်ကာ လွတ်မြောက်ခွင့်ကို ပေးလိုက်သည်။

နဂါးပွက်တောင်ကြီးသည် ကြီးမားသောပေါက်ကွဲမှုများနှင့် ဆက်လက်ပေါက်ကွဲတုန်လှုပ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဖေအောင်သည် မြန်မာတပ်မတော်သားများနှင့်အတူ သူ၏ရဲဘော်များပါဝင်သော တပ်စုနှစ်စုနှင့်အတူ နေရာအနှံ့အပြား နာဂသူဇာကို လိုက်လံ၍ အရေးတကြီးရှာဖွေလိုက်ကြသည်။

သို့ရာတွင် ရှာဖွေ၍မတွေ့သည်ကြောင့် ကုလားနေသောတဲနှင့် ဇာလာဟီး၏နန်းဆောင်ကို မီးပုံတိုက်ပြီး ဆုတ်ခွာပြေးနေသော နာဂတပ်များနောက်သို့ ဆက်လက်၍လိုက်လံတိုက်ခိုက်ရင်း နာဂသူဇာကို လိုက်ရှာဖွေရန် ပြင်ဆင်နေစဉ်တွင် အလံဖြူတစ်လက်ကို ကိုင်ကာ ဒယိမ်းဒယိုင်နှင့်ဝင်ရောက်လာသော ဒဏ်ရာဒဏ်ချက်တွေနှင့် လက်နက်မပါသော နာဂလုလင်တစ်ဦးကို တွေ့လိုက်ရပေ၏။ ခွန်ဆလန်းနှင့် ဗိုလ်ဖေအောင်တို့က နာဂဘာသာနှင့် အရေးတကြီးမေးမြန်းလိုက်ရာ ထိုနာဂလုလင်က . . .

BURMESE CLASSIC

"ကျွန်တော် နာဂသူဇာရဲ့သက်တော်စောင့်တစ်ဦးပါပဲ၊ ဇာလာဟီးသား ထမနော်ဟီရဲ့နှိပ်စက်ပြီး အစစ်ခံခဲ့ရလို့ ယဇ်ပူဇော်ပွဲကို မတက်ရောက်နိုင်ဘဲ သခင်မတဲနန်းမှာ နေရစ်ခဲ့ရပါတယ်၊ ခု သတ်မလို့ ဇာလာဟီးရဲ့လက်ရုံး ထနော်ဟီးနှင့် သက်တော်ရှည်အမတ်ကြီးတို့က သခင်မ နာဂသူဇာကို ဖမ်းဆီးခေါ်ဆောင်ပြေးကြပါပြီ၊ ထနော်ဟီကို ဇာလာဟီးက ချုပ်နှောင်ထားခဲ့ရာက အိန္ဒိယစစ်တပ်တွေဝင်အတိုက်မှာ အစောင့်တွေနှင့်အတူ လွတ်ပြေးခဲ့ခြင်း ဖြစ်ပါတယ်"

အရေးတကြီးသတင်းပို့လိုက်ပြီး အမောဆို့ကာ မေ့လဲကျသွားပါသည်။

ဗိုလ်ဖေအောင်သည် ဒူးဝါးဇော်လနှင့် ဗိုလ်မှူးမင်းဒင်တို့ကို ကြည့်လိုက်ပြီး . . .

"နာဂသူဇာကို သူတို့ဖမ်းဆီးသွားကြပြီ၊ ရုတ်တရက် လိုက်ရှာဖို့ခက်နေပြီ၊ တို့က တပ်အင်အားနဲ့ဖိရှာရင် လွတ်ပုံမပေါ်ရင် နာဂသူဇာကို သူတို့လူစုက သတ်ပစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက်ကိုပြောလိုက်ရာ . . .

မျက်ရည်ဝိုင်းနေသော မြမြဝင်းသည် ကာဘိုင်ကိုဆွဲကိုင်ထားရာမှ . . .

"ကြိုးစားပြီးရှာဖွေကြပါဦး အစ်ကို . . . နာဂသူဇာလို ပြည်ထောင်စုအပေါ် မေတ္တာနဲ့သစ္စာရှိတဲ့ ခေါင်းဆောင်မျိုး မရှိပါဘူး၊ မြန်မြန်ကယ်ကြပါရှင်"

လို့ပြောရင်း တောင်းပန်လိုက်ပါသည်။

ပစ်သံခတ်သံများသည် မြိုင်ဆိုင်ဆူညံနေကြသလို၊ အိန္ဒိယတပ်မတော်နှင့် မြန်မာတပ်မတော် စစ်ကြောင်းချင်း ဆုံမှတွေ့ကာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် စစ်ကြောင်းချင်း ပေါင်းမိကြသလို၊ ပြေးလွှားနေသော သောင်းကျန်းသူများနောက်သို့ တစ်ဟုန်တည်းလိုက်တိုက်စဉ်တပ်များက မနားမနေတမ်း လိုက်၍တိုက်ခိုက်နေကြသည့် လှုပ်ရှားမှုများသည် ဇာလာဟီး၏ရပ်တည်မှုများကို လောကဓံတရားက ဒဏ်ခတ်နေခြင်းအဖြစ် ပြသနေပါတော့သတည်း။

ဗိုလ်တာရာ
(ရဲဘော်သုံးကျိပ်)



www.burmeseclassic.com